
www.burmeseclassic.com

NEW IDEA

စိတ်ကူးသစ်စာပေ

# မခင်မြွေ

မောင်ညိုမှိုင်း (သန်လျင်)



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ။ ။ ၅၀၀၉၆၆ဖြင့်၀၅၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ။ ၅၀၁၁၈၈၀၅၁၀

စီစဉ်သူ ။ ကိုတင်ထွန်း

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ ။ (၂၀၀၅၊ ဒီဇင်ဘာလ)
အုပ်ရေ ။ (၅၀၀)
မျက်နှာဖုံး ။ စိုးအောင်
ကွန်ပျူတာစာစီ ။ *Quality*
အတွင်းဖလင် ။ *Quality*

ပုံနှိပ်သူ
ဦးမန်းနော်တင်(ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ် ၁၂၀၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ
ဦးသန်းဆွေ (စစ်သည်တော်စာပေ)၊
၁၁၃၀(က)၊ ဥယျာဉ်လမ်း၊ ၁၉ ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်)၊ ရန်ကုန်မြို့။

တန်ဖိုး ။ ။ ၉၀၀ - ကျပ်

BURMESE CLASSIC .com

"မြွေဝင်စား မခင်မြွေ"

သူမလောက်လှသူ . . . ဒီရွာ . . .ဒီနယ်တစ်ရိုးမှာ မရှိ။

စာဖွဲ့လို့ မနိုင်သည့်အလှရှိပါလျှက် . . .ချစ်ရဲသူတစ်ယောက်မှ မရှိခဲ့ . . .။

သူမကို မြွေဝင်စားဟု . . .လည်းကောင်း၊ မြွေအလမ္ပါယ်မဟု လည်းကောင်း၊ တစ်ရွာလုံးက ယုံကြည်လက်ခံထားကြ၏။

သူမသည် မြွေဆိုးများကို ဖမ်းရဲ၏။ မြွေနှင့် ကစားရတာကို နှစ်ခြိုက်ပျော်ရွှင်၏။ သူမရဲ့ သွားဆိပ်သည့် မြွေအဆိပ်ကဲ့သို့ ပြင်းထန်၏။

သူမကို ရွာသူတို့က မြွေဟောက်မ၊ မြွေကဝေမ၊ စုန်းမဟု . . အမျိုးမျိုး စွပ်စွဲခဲ့ကြ၏။ အပုတ်ချ ကဲ့ရဲ့ခဲ့ကြသည်။

သူမ လောကဓံရဲ့ ရက်စက်မှု၊ သံသရာရဲ့ နှိပ်စက်မှုကို ခါးသီးလှစွာ ရက်ရက်စက်စက် ခံစားခဲ့ရသည်။

ရွာပြင်သို့ . . .နှင်ထုတ်ခံခဲ့ရသည်။

အမျိုးမျိုး . . .အရှက်ခွဲခံခဲ့ရသည်။

နောက်ဆုံး . . .သူမရဲ့အရှက်ကို ခွဲခဲ့သော ဘဝကို သုံးမရအောင် ပြုစားရက်စက်ခဲ့သော ရန်သူကို မျက်နှာချင်းဆိုင် ပြန်ဆုံရသောအခါ . .။

ခင်မြွေကို မုန်းခဲ့သူများ . . .။

ကြောက်ရွံ့စက်ဆုပ်ခဲ့သူများ . . .။

အလှကို အပုတ်ချခဲ့သူများ အားလုံးသည် . . .။

ခင်မြွေရဲ့ သွေးနဲ့မျက်ရည်ကိုကြည့်ပြီး နောင်တရခဲ့ကြတော့သည်။ သို့နှင့် . . . မြွေဝင်စား မခင်မြွေရဲ့ အဖတ်ဆယ်မရခဲ့သော အမည်နာမ ဝိသေသများသည် . . .။

www.burmeseclassic.com

www.burmeseclassic.com

# ၁

"ဟိတ်"

"အယ် . . ."

မိမိနောက်ဘက်ဆီမှ ကျားဟိန်းသကဲ့သို့ ထွက်လာသည့် အော်လိုက်သံကြောင့် လန့်ဖျန့်ကြက်သီးထပြီး လှည့်ကြည့်လိုက်သောအခါ အလွန်ရက်စက်ကြမ်းကြုတ်ဟန်ပေါ်နေသည့် အမုဆိုးသမား လူရမ်းကား တစ်ဦးကို ခင်မြေ့ မမျှော်လင့်ပဲ တွေ့လိုက်ရသည်။

လူရမ်းကားမျက်နှာပေါ်မှာလည်း ဘယ်မျက်ခုံးမှသည် နှာခေါင်းနှင့် ညာဘက်ပါးပေါ်သို့ ကန့်လန့်ဖြတ်ပြီး ကျနေသည်။ အက်ကွဲဖုထစ်သည့်မည်သာ ဓါးခုတ်ရာကဲ့သို့သော အမာရွတ်ကြီးက သူ့ရဲ့ရက်စက်ကြမ်းကြုတ်ဟန်ကို အထင်ကရ သက်သေခံနေသလို။ ရှည်လျားလှသော ဆံပင်ရှည်များသည် အမုဆိုးသမားလူရမ်းကား၏ ဂုတ်ပေါ်ကျောပေါ်မှာ ဖွဲသိုင်းနှင့်ကျဲကျဲနေသည်။

လူပုံက မည်းမည်းတုတ်တုတ်ဂင်တိုတို။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူသည် ခင်မြွေရဲ့ ဖွံ့ဖြိုးမှုထစ်တစ်ရစ်နေသည့် ခန္ဓာကိုယ်အလှကို အာသာငမ်းငမ်းစိုက်ကြည့်ရင်း ပါးစပ်မှ တဟီးဟီး တဟာစ်ဟာစ် အော်ဟစ်ခါ လက်နှစ်ဘက်ကို ဆန့်တန်း၍ တရွေ့ရွေ့တိုးကပ်လာနေသည်။

သူ့ခန္ဓာကိုယ်မှ ညှီစို့စို့ကိုယ်နံ့နှင့် ချွဲစုပ်စုပ်အရက်နံ့များက အော်ဂလီဆန်စွာ နှာခေါင်းထဲဝင်လာသည်။

ခင်မြွေကြောက်လန့်ကြီးစွာဖြင့် ပါးစပ်မှအသံထွက်ရင်း နောက်သို့ တဖြည်းဖြည်းဆုတ်လိုက်သည်။ နောက်မှ ကင်းပွန်းခြုံနေပြန်သဖြင့် ဘေးသို့ ကွေ့ရှောင်လိုက်သောအခါ ကွေ့သည့်ဘက်မှ လူရမ်းကားက ဝိတ်ထားရင်း ခင်မြွေလက်ကို သူ့လက်ကြမ်းကြီးဖြင့် ဆောင့်ဆွဲလိုက်ပြီး ခင်မြွေ့ခန္ဓာကိုယ်ကို သူ့ရင်ခွင်ကြမ်းကြီးအတွင်းသို့ အလိုရမ္မက်ကြီးစွာ ဆွဲသွင်းလိုက်သည်။

လက်ထဲမှာ ကိုင်ထားသည့် ကင်းပွန်းရွက်များ လွင့်ကျသွားသည်။

ခင်မြွေ စူးစူးဝါးဝါး အော်ဟစ်ရုန်းကန်ရင်း ရှိသမျှခွန်အားနှင့် သူ့မျက်နှာကို ပြန်လည် ကုတ်ခြစ်ခုခံ တိုက်ခိုက်လိုက်သည်။

တောထဲမှာ လူကလည်းပြတ်နေသည်။ သူမ ထိတ်လန့်ကြောက်ရွံ့စွာ အော်ဟစ်ရုန်းကန်ရင်း နံဘေးနံဘီကို အားကိုးကြီးစွာ မျက်လုံးဝေ့ကစား၍ ကြည့်လိုက်သော်လည်း အချည်းနှီး။

လူရမ်းကားသည် သန်မာသော လက်အစုံဖြင့် သူမကို မြေပြင်ပေါ်သို့ လှဲချလိုက်သည်။ သည်မှာ လူရမ်းကားက သူမရဲ့ အားနည်းချက်တစ်ခုကို ရိပ်မိသွားကာ ခပ်ကြမ်းကြမ်း ခပ်ရဲရဲ လှုပ်ရှားလိုက်သည်။

ဤတွင် မခင်မြွေရဲ့ နဂိုငယ်ဗီဇ မွေးရာပါစိတ်က ထောင်းကနဲဖြစ်လာပြီး ရုတ်ခြည်း အသားအရေများ ညိုမည်းလာသည်။ သည့်နောက် သူမရဲ့ထာဝရ အားကိုးရာ သွားများနှင့် ထိုသူ့ကို ကိုက်ရန်လှုပ်ရှားလိုက်စဉ် လူရမ်းကားရဲ့ ကြီးမားပြင်းထန်သော ဝိုက်လက်သီးတစ်လုံးက ခင်မြွေ့ပါးချိတ်ကို ခွမ်းကနဲလာထိရာ မျက်လုံးများမီးပွင့်ပြီး မူးပြာဝေရီ ဖြစ်သွားခဲ့ရတော့သည်။

သူမရဲ့ ကိုယ်ခန္ဓာပေါ်မှ အပေါ်အင်္ကျီသည် လူရမ်းကားလူဆိုးရဲ့ လက်ချက်ကြောင့် စုတ်ပြဲကာ. . . ရင်စေ့ကြယ်သီးများ ပြုတ်ထွက်သွား





ပြီး ဖွေးလုစ်နုမွသည့် အသားစိုင်များ ဘွားကနဲပေါ်ထွက်သွားခဲ့တော့သည်။

လူရမ်းကားသည် အာသာရမ္မက်ပြင်းထန်သော လှုပ်ရှားမှုများဖြင့် သူမခန္ဓာကိုယ်ပေါ်မှ ခွစီးကာ . . .သူမ၏ တစ်ကိုယ်လုံးကို . . .

သူမ အသနားကြီးစွာခံသောမျက်လုံးအစုံ . . .ပူနွေးသော မျက်ရည်စက်များဖြင့် လူရမ်းကားကို အသနားခံရင်း ရှိခိုးတောင်းပန်ကြည့်သည်။

လူရမ်းကားမှာကား မူးယစ်မိုက်ရိုင်းဖောထန်နေသည်မို့ လူ့စိတ်သုံးဝပျောက်နေသည်။

သူသည် ဖါးလျားကျလာသည့် ဆံပင်ရှည်ရှိုင်းရှိုင်းများကို ခေါင်းနမ်းတင်လိုက်ပြီး ပါးမြိုင်းမွေးထူကြမ်းကြမ်းမျက်နှာကြီးဖြင့် ခင်မြွေရဲ့ မုန့်နှစ်လိုဖြူဖွေးနုညက်နေသည့် ပါးပေါ်သို့မှောက်ချပြီး . . .ကြမ်းတမ်းစွာ . . .

ခင်မြွေ . . .အကြောက်အကန်ရုန်းသည်။ ဘဝအတွက် အသည်းအသန်ရုန်းကန်သည်။

တဏှာလောဘသားသည် အကြင်နာတရားလုံးဝမရှိ။ ကြီးမားသောခွန်အားဖြင့် လွှမ်းမိုးအနိုင်ကျင့်နေသည်။ နောက်ဆုံး နုငယ်ပျိုမြစ်သည့် မိန်းမသားနှင့် သံတွေသံခဲလို မာကျောကြမ်းကြုတ်သည့် လူရမ်းကားတို့၏ အားပြိုင်ပွဲမှာ မိန်းမသားခင်မြွေ အားလျော့လက်မြှောက် အရှုံးပေးခဲ့ရသည်။

လူရမ်းကားသည် . . .

သူမအား နမချင်းမစာနာခဲ့။ သားသမီးချင်း မစာနာခဲ့။

ကြမ်းကြုတ်စွာ၊ အလိုရမ္မက်ကြီးစွာ . . . အကြင်နာကင်းမဲ့စွာ ပြုမူခဲ့သည်။ ခုတော့ . . .ယင်ဖိုတောင် မသန်းခဲ့ဖူးသည့် တောရိုင်းပန်းပွင့်တစ်ပွင့်သည် တဏှာလူ့ဘီလူးရဲ့ ခြေဖွမျက်ဆီးမှုကြောင့် . . . ပွင့်ဖပ်ဘတ်ဆံ ဝတ်မှုံများ တစ်စစီကြွေမွကာ . . .မျက်ရည်မြစ်ကဲ့သို့ နစ်မျောမြှုပ်ကြဲခံခဲ့ရလေပြီ. . .

ခုတော့. . .အပြစ်မဲ့ မိန်းမသားတစ်ယောက်၏ သမိုင်းသည် စွန်းထင်းညစ်ပေခဲ့ပြီ။ သာမန် စွန်းထင်းညစ်ပေခဲ့သည်မဟုတ်။ ကြေကွဲမျက်ရည်များနှင့် ဘဝဝန်းကျင်ကို အကြီးအကျယ်လှိုင်းဂယက်များ ရိုက်ခတ်စေ၊ ဘဝမှန်တိုင်းကြီးကို ခါးသီးကြီးလှစွာဖြစ်တည်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအရုပ်ဆိုး အကျည်းတန်လွန်းလှသော ပစ္စကျွသမိုင်းကို ခင်မြွေနေအင်ဘာဝရောက်သည့်တိုင် မေ့နိုင်လိမ့်မည်မဟုတ်တော့ပေ။

♛♛♛♛♛

BURMESE CLASSIC .com

## ၂

ဒေါ်ချွေးမတစ်ယောက် ဟောဇီဆေးအုန်းသီးကျေးရွာမှာ ကိုငှက်ရိုးနှင့် အိမ်ထောင်ကျခဲ့သော နှစ်ပေါင်းကိုရေတွက်လျှင် (၁၅)နှစ် ခန့်ရှိခဲ့သော်လည်း သားသမီးတစ်ဦးတစ်ယောက်မှ မထွန်းကားခဲ့။

ကိုငှက်ရိုးက လယ်ပိုင်ရှင်ဦးသာဟန်ရဲ့လယ်မှ သူရင်းငှား။ မိုးဦးကျလယ်လုပ်ငန်းစသည့် အချိန်မှစ၍ ဆောင်းကာလ စပါးရိတ်သိမ်းချိန်အထိ လယ်သူရင်းငှားဘဝနှင့် ဝမ်းစာရှာဖွေလုပ်ကိုင်ခဲ့ရသည်၊ သူတစ်ယောက်တည်း လယ်ဆယ်ဧကကို နွားတစ်ရှဉ်းနှင့် ရှန်းကန်လုပ်ကိုင်ပေးခဲ့၏။

ကိုငှက်ရိုးသည် ကျန်းမာသန်စွမ်းသည် ရိုးသားသည် အရာရာစိတ်ချယုံကြည်ရအောင် ကြိုးစားသည်။ သူကြိုးစားမှုလုံ့လများကြောင့် ဦးသာဟန်တို့လယ်သည် နှစ်စဉ်စပါးအထွက်ကောင်းသည်ဖြစ်၍ ဦးသာဟန်ကလည်း ကိုငှက်ရိုးမှလွဲလျှင် မည်သည့်သူရင်းငှားမှ မပြောင်းလဲခဲ့။

ဆယ်နှစ်ဆယ်မိုးမက ပူးတွဲလုပ်ကိုင်ခဲ့ရ၍ သွေးရင်းသားရင်းသို့လည်း ဖြစ်နေပြီး အစစမျက်နှာလွဲခံခဲ့ရသည်။

ကိုငှက်ရိုးမိန်းမ မချွေးမသည်အသက်(၃၀)ကျော်၍ (၄၀)နားပိန်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်ရောက်လာသည့်တိုင် ကလေးတစ်ဦးတစ်ယောက်မှ မမွေးရသေးသမို့ အပျိုများအတိုင်း ကိုယ်လုံးကိုယ်ပေါက်က လှနေဆဲဖြစ်၏။ နှုတ်အလှကလည်း ရှိပြီး အချိုးအဆစ်ကျကျနှင့် တင့်တယ်၏။

စပါးပျိုးနုတ်ချိန် ပျိုးနုတ်၊ ကောက်စိုက်ချိန် ကောက်စိုက် စပါးရိတ်ချိန် စပါးရိတ်၍ ပဲချိန် ပဲ၊ ထင်းခုတ်ချိန် ထင်းရှာ၊ တောသူတောင်သားဘဝ လောကခံကို ခပ်ကြွမ်းကြမ်း ရင်ဆိုင်ခဲ့ကြသူများဖို့ ပကတိကျန်းမာသန် စွမ်းကြသည်။

နှစ်ဦးစလုံး ကျန်းမာသန်စွမ်းကြပါသော်လည်း ဘဝကံနှုန်းနည်းလို့၍ လားမသိ သားသမီးတစ်ယောက်မှ မထွန်းကားခဲ့ ကျေးလက်တောသူ တောင်သားများမို့ ဘာဇဟုသုတမှလည်း ကုံလုံကြွယ်ဝစွာမရှိကြ။ ဒီကိစ္စမျိုးမှာ ဘာအားနည်းချက်ရှိ၍လည်း ဆိုသည်ကို သူတို့ဇနီးမောင်နှံသာမက အနီးဝန်းကျင်ရှိ ရွာသူရွာသားများလည်း မသိကြ၊ နားမလည်ကြ။

ခေတ်က လွတ်လပ်ရေးခေတ်ဦးအစ . . .

မိမိတို့နေရသည့် အရပ်က . . . မြို့နှင့် ခရီးအတော်ကိုဝေးသည် ရေတစ်တန် ကုန်းကြောင်းတစ်တန် ကားတစ်တန်စီး၍ အချိန်အကြာကြီးသွား မှ မြို့ဆိုသည့်အရပ်ကို ရောက်ရသည်။ သူတို့အရပ်သည် ပစ္စန္တရာဇ်အရပ် တည်း။ မီးဖွားရေးကိစ္စရှိလျှင် ရွာအရပ်လက်သည်ကြီး ဒေါ်ချစ်မြကို အားကိုး ရသည်။

နေမကောင်း ထိုင်မကောင်း ဖျားနာကိစ္စရှိလျှင် ရွာတောင်ပိုင်း မှ ဗိန္ဓောဆရာကြီး ဦးရွှေတင်တို့ ပယောဂဆရာကြီး ဦးစိုးတို့၊ ရွာဦးကျောင်းမှ ဖိုးသူတော်ကြီးအဘစိမ်းတို့ဆီကိုပြေး ဒီလို အမှီပြုအားကိုး ရှာနေရသည့် မဖွံ့ဖြိုးသော . . .ရှေးရိုးရာဓလေ့ကို အစဉ်တစိုက် ယုံကြည်အားကိုးကြရသော သမရိုးကျ ရွာဖြစ်သည်။ အိမ်ခြေတစ်ရာနီးပါးခန့်တော့ ရှိသည်။

သည်ရွာမှာ ခုနေကျန်းမာရေးကောင်းနေတုန်းတော့ ဘဝက ဘာမှ မဖြစ်။ တနေ့နေ့ကျန်းမာရေးချို့ငဲ့၍ အခက်အခဲများကြုံလာခဲ့သည်ရှိသော်၊ မိသားစုဘဝမှာ အဖော်ပြုအားကိုးရမည့် . . .တောင်ဝှေးကစ်ချောင်း အပိုလေး အရံလေးတော့ ရှိဖို့ကောင်းသည်ဟု ယုံကြည်သည်။





အဲဒါက. . .သားသမီး ရင်သွေး . .

သူတို့ သားသော်လည်းကောင်း၊ သမီးသော်လည်းကောင်း၊ အနည်းဆုံးတစ်ယောက်မျှတော့ လိုချင်သည်။ လူပိုလူလျှံမရှိ၍ သူတို့ လင်မယားမှာ စုမိဆောင်းမိတာလေး အတော်အတန်ရှိသည်။ ရွာထဲမှာ လည်းကိုယ်ပိုင်အိမ်ခြံလည်းရှိသည်။

တစ်ခါတစ်ရံ လင်မယားနှစ်ယောက် အလုပ်အား၍ နားနားနေနေ ရှိသည့်အခါ ဆိုညည်းမိကြသည်။ ကိုငှက်ရိုးက ရိုးသားစွာညည်းရှာသည်။

'ခုနေ. . .သားသမီးလေးတစ်ယောက်လောက်ရှိရင် သိပ်ကောင်း မှာပဲနော်'

'ကျုပ်လည်း . .လိုချင်တာပေါ့တော်. . .အဲ. . .ဟိုဒင်း. . .ဟို'

'ဘာလဲဟ. . .နင်ကလည်း အရင်းမရှိ. . .အဖျားမရှိနဲ့'

'အရပ်ထဲရွာထဲက မအေးစိန်တို့ . . .မယ်မြဝိုးကတော့ . . . တော့မှာ ချို့ယွင်းချက်ရှိနေရင်လဲ. . .'

'အံမယ်. . .ဒင်းတို့က ငါ့များချို့ယွင်းချက်ရှိသလေး ဘာလေးနဲ့ ငါချို့ယွင်းသလား မချို့ယွင်းဘူးလား. . .နင်ညတိုင်း. . .သိ. . .အဲလေ. . . တော်ကွာ ချေးမရ. . .ဟင်း'

'ဟီး. . .ဟီး'

'နှင်ရော မချို့ယွင်းဘူးလား'

'ဒါတော့ ကျုပ်ဘယ်သိမလဲတော်၊ ဓါတ်ဆရာဝန်မှ မဟုတ်တာ၊ လက်သည် ဒေါ်ချစ်မြကတော့ . . .အချိန်မတန်သေး. . .အံမကိုက်သေး လို့ပါတဲ့. . .'

'ဒီလို လုပ်ပါလားဟာ ချေးမရ . .'

'ဘာတုံးတော့. . .'

'ဗေဒင်လေး ဘာလေးထပ်မေးကြည့်ရင် ကောင်းမလားဟ'

'ဗေဒင်ကလည်း ခဏခဏ မေးရလွန်းလို့ ရွာထဲကဗေဒင်ဆရာ တွေလည်းစုံပြီ စစ်ပင်ကွင်းက ဆရာလည်းစုံပြီ. . .တော်ပြီ. . .ကြာလေ၊ ကိုယ့်အကြောင်းလူသိလေပဲဟွန်း. . .နေအုံးတော့. . .ကိုငှက်ရိုးရဲ့. . .ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



သတိရပြီ. . .

'ဘာကို သတိရပြန်ပြီတုံး. . .

'မဂွက်ထော်တို့အိမ်မှာ မြို့ကနတ်ကတော်တစ်ဦး ရောက်နေတယ်တဲ့ မှန်တယ်လို့ပြောကြတယ်တော့. . .အဲဒါ. . .ကျုပ်သွားမေးကြည့်ရင် ကောင်းမလားလို့တော့. . .

'သူက ဘာလုပ်ပေးနိုင်မှာလဲဟာ. . .'

'အိုတော်. . .သားသမီး ရနိုင်ခြေရှိမရှိ အတိတ်ပစ္စုပ္ပန် အနာဂါတ်'

'အောင်မာ ဒင်းကကြီးကျယ်လို့ အတိတ်ပစ္စုပ္ပန် အနာဂါတ်တဲ့ ထို့'

'အဟီး. . .ရှင်ကလည်းတော် ကျုပ်ကို အထင်သေးလိုက်တာ အနှိုးအားက ဘကြီးကိုကျော်ဒွေးတို့ တရားဝိုင်းက နားစွန်နားဖျားကြားရ ရှင်ဟုတ်မှုတနေအောင် ညှပ်ပြောရတာပါ အဟီး ဟီး ဒီလိုတော့ ကိုငှက်ရိုး ရဲ့ နတ်ကတော်ဆိုဘာမျိုးကလည်း၊ မနေ့အကြားအမြင် သမားတစ်ဦးပဲ ဥစ္စာ အကာယ်ဌ်မျှား ရနိုင်မယ်ဆိုရင် ရှင်ဝမ်းမသာဘူးလားတော် ဟင်'

'နင့် နတ်ကတော်က. . .ပိုက်ထဲကလေး အလိုလိုရောက်အောင် လုပ်ပေးနိုင်မတဲ့လား. . .ငါ. . .ဟိုဒင်းပြု. . .'

'အို. . .ကိုငှက်ရိုး. . .ရှင်တော်တော်ကို အယုတ္တအနုတ္တပြောပါလား. . .ဒါကတော့. . .အဲ. . .အဲ. . .တော်. . .နားရှက်စရာကောင်းလှတယ် ရှင်ဘာမှ မပြောနဲ့၊ နက်ဖန် ကျုပ်ဂွက်ထော်တို့အိမ်သွားပြီး. . .နတ်ကတော် မေးကြည့်မယ်. . .ဘာကုန်တာမှတ်လို့တော်. . .'

'နတ်ကတော်မေးပြီး ကလေးရမယ်ဆိုရင်. . .နင်ငါနဲ့ လာမအိပ်နဲ့ ဒါပဲ. . .'

'ဟင်. . .ကိုငှက်ရိုး. . .ကဲ. . .ကဲ. . .ကဲ မှတ်ထား၊ အယုတ်တမာကောင်ကြီး ကဲ. . .ကဲ. . .'

မချွေးမက သူ့လင်ရဲ့ကျောကိုထုသည်။ ပေါင်တွင်းကျောကို ဆွဲလိမ်သည်။ ကိုငှက်ရိုးလည်း တဟားဟားအော်ဟစ်ရယ်မောရင်း မိန်းမ လုပ်သူကို ဖက်လိုက်ရာ နှစ်ဦးသားကြမ်းပြင်ပေါ်လဲကျသွားကြသည်။ လဲကျ





သွားသည်နှင့် ကိုငှက်ရိုးနှာခေါင်းက မချွေးမပါးကို အမှတ်တစ်မှတ် ရှုတ်ချည်း ပေးလိုက်ရာ. . .မချွေးမ ငြီးငြူရင်း. . .မိန်းမောရှိသွားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

၃

'သမီးတော်ကြီးက . . .ဘာနေ့သမီးလဲဟဲ့. . .'

'တနင်္လာသမီးပါ. . .အမေ'

'အသက်ကရော. . .ဟဲ့'

'ရှာတောင်ဖျားက. . .လှခင်နဲ့အတူတူပါပဲ အမေ. . .'

မချွေးမအပြောကြောင့် နတ်ကတော်ဒေါ်ကြာညို မျက်လုံးကျယ်သွားသည်။

'ရှာတောင်ဖျားက လှခင်ဆိုတာဘယ်သူတုံး. . .သူ့အသက်ကရော. . .'

'အဲ. . .အဲ. . .ဒီမိန်းမ. . .ဟော. . .ဟိုကလာနေတာ လှခင်ပဲ အမေ. . .ဟဲ့ လှခင် ညီးအသက်ဘယ်လောက်ရှိသွားပြီလဲဟင်. . .'

သည်မှာ လှခင်ဆိုသည့် အသားမည်းမည်းနှင့် အမျိုးသမီးက

'ဒီနှစ် ဆလုံဘုရားပွဲကျင်းပတဲ့ လပြည့်နေ့ရောက်ရင် (၃၅)နှစ်ပဲ အေ့. . .ဘာဖြစ်လို့လဲ. . .'

'အော်. . .အေးအေး ရပြီ. . .အမေ. . .သမီးတော်ကြီး အသက်





အဲဒီနေ့ရောက်ရင် သုံးဆယ့်ငါးနှစ်ပဲ အမေ. . .'

'ဟူး . .ညီးတို့ကလည်း တယ်ရှည်သကိုးအေ. . .ကိုယ့်အသက်ကို မှတ်ထားမှပေါ့. . .(၃၅)နှစ် တနင်္လာသမီးဟုတ်လား. . .'

'ဟုတ်ကဲ့. . .အမေ'

'ကိုင်း. . .ဒါဆို အမေ. . .ဆိုင်ရာပိုင်ရာဖြစ်တဲ့. . .မယ်တော်ကြီးကို ပင့်မေးလိုက်မယ်ကွဲ့ မယ်တော်ကြီးက အမျိုးသမီးများကို စောင့်ရှောက်လေ့ရှိတယ်. . .'

သို့ကလိုပြောရင်း . .အသက် (၅၀)ခန့်ရှိ ပိန်ပိန်မည်းမည်း. . .သွားခေါခေါ . .အရပ် ရှည်ရှည် နားရွက်ကားကားနှင့် နတ်ကတော်ဒေါ်ကြာညိုသည် . . .ပုဝါလေးရင်ပတ်ပေါ်တင်ကာ. . .နဖူးပေါ်လက်ယှက်ပြီး နတ်များမှ နတ်ပင့်အလကာတစ်ပုဒ်ကိုရွတ်လိုက်သည်။ မကြာခင် သူ့တစ်ကိုယ်လုံးသည် ကတုန်ကရီဖြစ်လာကာ ဘယ်ညာယိမ်းလာပြီး . .နှုတ်မှလည်း အသံကြောင်နှင့် စကားများကို မေးရိုက်သံထည့်၍ ဆိုတော့သည်

'တနင်္လာသမီးလားဟေ့. . .'

'ဟုတ်. . .ဟုတ်. . .ကဲ့. . .ရှင်'

'ဟင်း . . .ဟင်း. . .ဟင်း . . .နင်တို့ အခု. . .ငါ့အကြောင်းသိပြီမို့လားဟဲ့. . .ဟင်. . .အဲဒါ. . .ငါ. . .လုပ်တာ. . .ငါ ဟန့်တားတာ။ နင်တို့. . .ဟိုဘဝတုန်းက သူများမိန်းမတွေ ကလေးမွေးရင်. . .မွေးလွှန်းတဲ့ကောင်မ. . .ရှင်မွေးလွှန်းမ. . .အဲဒီလို ကဲ့ရဲ့ခဲ့တာကိုးဟဲ့။ ငါကိုတော့ ဘယ်တော့မှ ကလေးမယူဘူးလို့ ပြောခဲ့တာ ညီးအေ. . .ညီး. . .အဲဒီ ဝဋ်ကြွေး နင်. . . ခုဘဝမှာ ခံစားရတာပဲ။ ညီးဒီတစ်သက် လုံးဝသားသမီးရဘူး။ လုံးဝမရဘူး။ မရဘူး . .ဟူး. . .ဟူး. . .ဟူး. . .ဟင်း. . .ဟင်း. . .ဟင်း. . .ဟင်း. . .အဲ. . .အဲ. . .အ. . .အ. . .အ. . .'

ဒေါ်ကြာညို သူ့နဖူးကို သူလက်အုပ်ချီလက်ချောင်းများဖြင့် အသန်ကြာ တဖျောင်းဖျောင်းရိုက်ရင်း ဘယ်ညာယိမ်းနွဲ့ပြောဆိုပြီး မကြာခင် ငြိမ်ကျသွားလေသည်။

'ဘယ်နဲ့လဲ. . .ဘာတွေပြောသွားတုံးဟဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



'ဒီတစ်သက်. . .ကလေး. . .မရနိုင်ဘူးတဲ့. . .အမေရယ်. . .'

မချွေးမက အားငယ်သောမျက်နှာနှင့် နုတ်ကတော်ကြီးကို ကြည့်ကာ ကြားရသမျှကို ပြန်ပြောပြလိုက်၏။

'ဩြော်. . .ဒီလိုတဲ့လား. . .အင်း. . .ဝစီဗေဒ ထိတိုင်းရှခဲ့တဲ့ ဝဋ်ကြွေးပဲပေါ့. . .သမီးရယ်. . .၊ ကိုယ်ပိုင်မွေးလို့ မရလည်း. . .ကိတ္တိမ သားသမီး တစ်ဦးဦး ကောက်ယူမွေးစားပေါ့. . .'

သို့နှင့် ဆန်တစ်ပြည်နှင့် ငွေငါးမတ်ထုတ်၍ နုတ်ကတော် ဒေါ်ကြာညိုလက်သို့ ဝကွက်အပ်နှံကာ. . .အိမ်သို့ပြန်လာခဲ့လိုက်သည်။ အိမ်ရောက်တော့. . .အိမ်ပေါ်မှာ ကိုငှက်ရိုးနှင့် ဘုရားဒါယကာ ဦးကျောက်လုံး တို့ စကားပြောနေကြသည်ကို တွေ့ရ၏။

'ချွေးမ နှင် ဘယ်သွားနေတာတုံးဟ'

'နုတ်ကတော်ကြီးဆီ ဟိုကိစ္စသွားမေးတာပါတော်'

'ဘာပြောတုံး. . .'

သို့နှင့်. . .မချွေးမက. . .မျက်နှာ ညှိုးနွမ်းစွာဖြင့် နုတ်ကတော် ဒေါ်ကြာညိုပြောဟောလိုက်သည့် အကြောင်းများကို အစမှအဆုံးပြန်ပြော ပြလိုက်သည်။ ထိုစဉ် နားထောင်နေသည့် ဘုရားဒါယကာကြီး ဦးကျောက်လုံး က

'အဲဒါ. . .မြို့နုတ်ကတော်. . .ပြောတာတဲ့လား. . .ချွေးမ'

'ဟုတ်တယ်. . .ဘကြီးကျောက်လုံး. . .'

'ထွီ. . .မဟုတ်ကဟုတ်ကတွေ. . .နေပါအုံး. . .သူက အတိတ် အကြောင်း အနာဂါတ်အကြောင်း ပစ္စုပ္ပန်အကြောင်း အတပ်သိနေရအောင် ရဟန္တာလား၊ ရဟန္တာမလား. . .'

'ဘာဖြစ်လို့လဲ. . .ဘကြီးရဲ့'

'ဒီ မိန်းမကြီးက. . .မိန်းမလည် မိန်းမညာကြီးဟ. . .ဘာမှ မသိ နားမလည်တဲ့ သူတွေကို နုတ်ဝင်သည်ယောင်ဆောင်ပြီး. . .ဟို နုတ်ချင်း ရွတ်၊ ဒီနုတ်ပင့်ရွတ်ပြီး. . .နုတ်တင်ကြေး သူလုပ်စားနေတာ ကြာပြီဟ. . . ဒင်းက မြို့ပေါ်က။ ငါလည်း. . .ငါ့အသိတွေပြောပြလို့ အကြောင်းစုံ သိရတာပါ





ဒီမှာ မောင်ငှက်ရိုးနဲ့ မချွေးမတို့ရဲ့ လူဆိုတာ ကံ၊ စိတ်၊ ဥတု၊ အာဟာရကို အခြေခံပြီးမှ လူဖြစ်ရတာဟဲ့။ အဲဒါတွေ မညီညွတ်ရင် မပြည့်စုံရင် လူဖြစ်တာတောင် အချို့ကိုယ်အင်္ဂါချို့ယွင်းပြီး. . .ခြေလက်အင်္ဂါ မစုံလင် တာတွေ မွေးတာမျိုးရှိသကွဲ့။ ဒါဆေးကျမ်းအလိုပြောတာ။ အရေးကြီးတာက ရတနာသုံးပါးဆည်းကပ်ကိုးကွယ်ပြီး သဗ္ဗာဒေဝနတ်မြတ် နတ်ကောင်းများ ထံမှာ အလှူဒါနပြုဆုတောင်းကွဲ့။ အစားအသောက်ကိုလည်း ရွေးချယ် စားသောက်ကွဲ့။ သွေးအားချို့ယွင်းရင်လည်း သားသမီးက ရချင်မှရတာရယ်၊ အေး သွေးအားပုံမှန်ရောက်သွားရင်လည်း ဒီကိစ္စက သူ့ဟာနဲ့သူ အဆင်ပြေသွားတာမျိုးရှိတယ်လို့ ဗိုဒ်ဆရာကြီးက ပြောဆိုဆုံးမညွှန်ကြားတာ ကြားဖူးတယ်. . .။ နုတ်ကတော်ပြောတိုင်းလည်း မယုံနဲ့. . .ငွေကုန်သပြာခံနဲ့ စိတ်ညစ်ရောပဲ ကျန်မယ်. . .ကြားရဲ့လား. . .'

'ဟုတ်ကဲ့. . .အဘ. . .ဟုတ်ကဲ့. . .'

မချွေးမက ဟုတ်ကဲ့ဟုဆိုရင်း လင်တော်မောင့်မျက်နှာကို လှမ်း ကြည့်လိုက်သည်။ သည်မှာ ကိုငှက်ရိုးက ဘယ်နှယ့်လဲဟ. . .မေးငေါ့ရင်းမှ ငါသာ အစကပါကွာ ဆိုသည့်သဘောနှင့် သူ့ရင်သူပုတ်၍ ပြလိုက်ရာ မချွေးမက အဘကျောက်လုံး မမြင်အောင် အသံမထွက်တဲ့တပ်ပစ် လိုက်လေ သည်။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

# ၄

ကိုငှက်ရိုးတို့ သားသမီး ရှုးရှူးနေသည့်သတင်းသည် ပြောရလျှင် ရွာထဲမှာ လူသိများလှပြီဖြစ်သည်။ သူတို့ မသွားရဲ မမေးရဲသည်မှာ ရွာဦးကျောင်းမှ ဘသူတော်ဦးမြစိမ်းပဲဖြစ်သည်။

ဘသူတော်က. . .ဒီကိစ္စမျိုးတော့ ပြောခဲသည်။ ဘာကြောင့်မှု ဝဏ္ဏာပေမနှင့် နှယ်သောကြောင့် သိပ်မပြောချင်။ သူသည် ဗေဒင်၊ နက္ခတ်၊ အင်းအိုင်၊ ခါးလှည့် အင်္ဂရတ် ကျွမ်းကျင်၏။ အနေလည်း တည်၏။ တကာပဲ့ နှင်လား ငါလား ရေးကြီးခွင်ကျယ်အကြောင်းကိစ္စရှိတော့ ဘသူတော်က အတတ်နိုင်ဆုံး ကူညီပေးတတ်သည်။

တစ်နေ့. . .

'ချွေးမရေ. . .ဟေ့. . .ချွေးမ. . .'

'အေ. . .ဘယ်သူတုံးဟေ့. . .လုရှင်လားဟဲ့'

'အေးဟေ့. . .'

'လာဟေ့. . .ယောင်းမရေ ခဏလေး ဟင်းအိုးနွှေးနေလို့'





ဟင်းအိုး နွှေးနေသည်မှာ အတန်ကြာပြီဖြစ်၍ ခွင်ပေါ်မှ ချလိုက်ပြီး ဝင်လာသည့် လုရှင်ဘက်လှည့်လိုက်သည်။

'ဘယ်က လှည့်လာတာလဲ . . .လုရှင်'

'ညည်းဆီပဲ ယောင်းမရဲ့ ညည်းအတွက် ပြောစရာရှိလို့'

'ငါ့အတွက် ဘာများတုံး မိန်းမရယ်. . .လန့်များ လန့်ပါရဲ့ တော်'

'မလန့်နဲ့အေ. . .ဒီလို. . .ဒီလို၊ ညည်းတို့လင်မယား ကလေးရှူးရှူးနေကြမို့လား. . .ဒီမှာ ချွေးမရဲ့. . .လွန်ခဲ့တဲ့နှစ်က. . .စစ်ပင်ကွင်းက မဖုံကြီးတစ်ယောက်လဲ. . .ညည်းလိုပဲ သားသမီးလိုချင်လွန်းလို့. . .ဗေဒင်မေး နတ်မေး. . .ယတြာချေ. . .ဟိုလုပ်. . .ဒီလုပ်နဲ့ စုံရောဟဲ့. . . အဲတော့ သင့်မြတ်ချင်တော့ . . .ဘယ်သူနဲ့ သင့်မြတ်သွားတယ်သိလား. . .'

'ပြောမှ သိမှာပေါ့ ယောင်းမရယ်. . .'

'အေး. . .တို့ရွာထိပ်လှေဆိပ်က ညောင်ပင်ကြီးသိလား. . .'

'ဟို. . .ရွှေညောင်ပင်ရုက္ခစိုး နတ်ကွန်းဆိုတာလား. . .ဟဲ့'

'အေးပေါ့. . .အဲဒီ ရွှေညောင်ပင် ရုက္ခစိုးကြီးထံမှာ ကန်တော့ပွဲနဲ့ သားဆုပန်လိုက်တာ. . . ဘာကြာလဲအေ. . .။ မဖုံကြီးကလေးရရောဟေ့. . .အံ့သြစရာဟဲ့. . .ကလေးတောင်ကြီးလှပဟဲ့. . .။ အဲဒါ မဖုံကြီး ကပြောပြလို့. . .ညည်းကို လာအကြံပေးတာ၊ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ညည်းလည်း သားဆုသွားတောင်းကြည့်လိုက်ပါလားအေ. . .'

'အဲဒါ. . .တကယ်ပဲလားဟင်. . .လုရှင်'

'ဒါတော့ ငါမြင်တာမှ မဟုတ်တာ ချွေးမရယ်၊ မဖုံကြီးပြောတာ ငါကပြောပြရတာ။ အကြောင်းတိုက်ဆိုင်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ညည်း စိတ်ဝင်စားရင် လုပ်ကြည့်ပေါ့. . .'

'ဒီနေ့ ဘာနေ့လဲဟဲ့. . .လုရှင်'

'ဒီနေ့ ဗုဒ္ဓဟူးနေ့ဟဲ့. . .'

'နေအုံးအေ. . .နက်ဖန် ကြာသာပတေး။ ငါ. . .ကုန်းတန်းသွားစရာရှိတယ်။ သန်ဘက်ခါ သောကြာနေ့ အဲ. . .အဲ. . .သောကြာနေ့ မနက်မိုင်းသွားမယ်။ ညည်းရော လိုက်ခဲ့ပါလားဟင်'



www.burmeseclassic.com

www.burmeseclassic.com



'အိုး အေ. . .ချွေးမရယ်. . .သားသမီးအလိုရှိတာ ညည်းတို့လင်မယားဥစ္စာ ညည်းတို့ပဲသွားကြပေါ့. . .ပွဲကလေး မန်းကလေးတော့ လှူဒါန်းဒါနပြုဖို့ ယူသွားပေါ့ သူငယ်ချင်းရယ်. . .ငါပြန်မယ်. . .'

'ထမင်းစား သွားပါအုံးလား လှရင်. . .'

'မစားတော့ဘူး. . .ဝင်စရာလေးရှိလို့ သွားပြီတော့. . .'

လှရင်ပြန်သွားတော့ ချွေးမစိတ်ကူးယဉ်နေမိသည်။ သူ ကလေးတစ်ယောက် အရမ်းလိုချင်နေသည်။ သူတို့ ဘဝသည် ပျင်းစရာကောင်းနေ၏။ ကိုငှက်ရိုး အလုပ်သွားသောအခါ သူမမှာ တစ်ယောက်တည်း အိမ်မှာ အထီးကျန်စွာ ကျန်ရစ်ခဲ့ရသည်။ ပျိုးနုတ်၊ ကောက်စိုက်၊ စပါးရိတ်ချိန်ဆို ကိစ္စမရှိ။ အပေါင်းအဖော်များနှင့် အချိန်ကုန်နေရသည်မို့ အပျင်းကပြေသည်။ အတင်းပြောရင်း ပေါးလားဝါးလား အချိန်ကုန်လို့ရသည်။

သူများ မိခင်များ သားသမီးများနှင့် နို့ချိုတိုက်ရင်း သားချော့တေးဆိုရင်း အော်ရင်းငေါက်ရင်း. . .ငိုရင်း. . .ရယ်ရင်း. . .နေကြသည့်ဘဝများကို အားကျသည်။ သားသမီးများနှင့် ချစ်ခြင်းဖွဲ့နေသည်ကို မြင်ရသောအခါ ရင်ထဲမှာ အရသာတစ်မျိုး ကူးစက်၍ ပီတိများ ဖြစ်ရသည်။ အဲဒီလို ပလီနှဲ့ရှိဖွဲ့မည့် သားသမီးများရှိရင် သူတို့လိုယုယချင်သည်။

ဖအေအလုပ်သွားနေလျှင် သားအမိနှစ်ဦး အိမ်မှာ ရယ်ကာမောကာ စားကာနှင့် အပျင်းပြေမည်။ ငိုလျှင် သီချင်းတွေ အကျယ်ကြီးအော်ဆို၍ ချော့ချင်သည်။ ကိုငှက်ရိုးလယ်တောမှ မောမောနှင့် ပြန်လာလျှင် ကလေးကပြေး၍ အဖေဆိုပြီး ဆီးကြိုလျှင် ကိုငှက်ရိုး ပီတိနှင့် အမောပြေလိမ့်မည်. . .။

ချွေးမ ရင်ထဲအတွေးထဲမှာ သားသမီးနှင့် မိဘတို့ရဲ့ အချစ်ဖွဲ့ပုံအခွင်နှင့် ဖန်ဆင်းထားသော စိမ်ကိန်းသည် ဝေထဲတိုက်အိမ်ဆောက်ကာ အစဉ်ကြည်နူးလျက်ရှိသည်။

သို့နှင့်. . .ကြာသာပတေးနေ့သို့ရောက်သောအခါ . . .ကိုငှက်ရိုးအတွက် ထမင်းထုပ် ထုပ်ပေးလိုက်ပြီး. . .လှည်းကြုံဖြင့် ကုန်းတန်းသို့ ထွက်ခဲ့လိုက်သည်။ အဲဒီမှာ ငွေတိုးကလေး အပွားရအောင် လှည့်ပေး





အားတော်ရှိသည်။ သူမ ရစရာရှိသည့် အိမ်နှစ်အိမ်မှ အတိုးအရင်းကလေးပြန်တောင်းပြီး. . .အိမ်ရှေ့တစ်ခုမှာ ခင်းချရောင်းနေသည့် ဖီးကြမ်းငှက်ပျောသုံးဖီးကို အဆင်းကြုံ၍ ဝယ်လာခဲ့လိုက်သည်။ အုန်းသီးက ကိစ္စမရှိ။ အိမ်မှာရှိသည်။ လိုရမယ်ရ ကုန်စုံဆိုင် တစ်ဆိုင်မှ ဆေးခေါက်နှင့် လက်ဖက်နမ်း၊ ကြက်သွန်ကြော်များ ဝယ်၍ လှည်းကြုံနှင့် ရွာသို့ပြန်လာခဲ့သည်။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

# ၅

လှေဆိပ်၏ အရှေ့နားဆီ၌ ရွှေညောင်ပင်ဟု အမည်ရသော ...ပင်အိုပင်ကြီး တစ်ပင်ရှိ၏။ ကျိုးပဲ့ယိုင်ရွဲ့နေသော နတ်ကွန်းနှင့် သော ...င်ဖေးထောက်ရပ်နေသည့် အဘိုးအိုရုပ်ထုတစ်ခုလည်းရှိ၏။ ဤနေရာ အဲဒီ သည် ..လှေဦးတိုက် လှည်းဦးတိုက်လည်း ဖြစ်နေသည်မို့ လှေသမား များကလည်း ...လှေထွက်ခါနီး သပြေပန်းလေး၊ ရေချမ်းလေး ..ရုက္ခစိုး ကြီးကို ရည်မှန်း၍ ဒါနပြုကြ၏။ ရေလမ်းခရီးမှာ အန္တရာယ်ကင်းရေး ကူညီ မှိုင်းမဖို့ ဆုတောင်းကြ၏။

လှည်းသမားခရီးသွားများကလည်း လမ်းခရီးအန္တရာယ်ကင်းဖို့ ပန်းကလေးဆက်ပြီး ဆုတောင်း ခရီးသွားတာမျိုးရှိကြ၏။ တောရုက္ခစိုး ရွှေညောင်ပင်ဖြစ်၍ ...သစ်သီးဝလံ ဖွယ်ဖွယ်ရာရာတော့မရှိ၊ တောပန်း မျိုးစုံနှင့် ဖယောင်းတိုင်တို့ပဲရှိသည်။ ပန်းများက လတ်လတ်ဆတ်ဆတ်။

ကိုငှက်ရိုးနှင့် မချေးမတို့သည် ရွက်လာသည့် ငှက်ပျောပွဲကို ရွှေညောင်ပင် ရုက္ခစိုးရုပ်ထုရှေ့ရှိ ..ဂုံကျောက်ခုံပေါ်မှာ ရှိသေစွာတင်လိုက် သည်။





ရွှေညောင်ပင်အောက်မှာလည်း လူရှင်းနေသည်။ ခပ်လှမ်းလှမ်း ...ဆိပ်မှာတော့ လှေဆင်းလှေတက် လူသံသူသံကြားရသည်။ ညောင်ရွက် ...ကြွေများသည် ဥဒဟိုဖြန့်ကြဲနေ၏။

ကိုငှက်ရိုးက အနီးရှိတံမြက်စည်းတစ်ချောင်းဖြင့် ညောင်ရွက်ကြွေ အမှိုက်များကို စုလှဲကျင်းပြီး ..လွတ်ရာနေရာမှာ သွားပုံလိုက်သည်။ နတ်ကွန်း ...လည်း ပြောင်ရှင်းသွားခဲ့၏။ ချေးမက ပါလာသည့် တောသပြေပန်း များဖြင့် ညောင်ရေအိုးသုံးအိုးကို လဲလှယ်သန့်စင်ပြီး ပန်းအသစ်များ ထိုးလိုက်သည်။ ညောင်ရေအိုးများသည် သပြေပန်းခုနှများဖြင့် စိမ်းစိုလှ ...နေ၏။

ပြီးနောက် ကျောက်ခုံပေါ်မှာ ဖယောင်းတိုင်သုံးတိုင်လည်း မီးညှိ ထွန်းလိုက်သည်။ ပြီးနောက် သွေးယူလာသည့် နံ့သာရေများကို ရုက္ခစိုး ရုပ်ထုရော ..ရွှေညောင်ပင်ကြီးကိုပါ သပြေခက်နှင့် ဖျန်းပက်လိုက်သည်။ နံ့သာရနံ့သည် ညောင်ပင်အောက်မှာ မွှေးပျံ့ကြိုင်လှိုင်သွားခဲ့၏။

သည့်နောက် လင်မယားနှစ်ယောက် မြေပြင်မှာ ဖျာခင်းထိုင် လိုက်ပြီး အာရုံပြုကြသည်။ လေသည် အေးအေးပြေပြေလေးတိုက်နေ၏။ ညောင်ရွက်လေတိုး၍ အရွက်ချင်းထိလှုပ်သံကို ကြားရသည်။ အခင်းဖြင် ...ပြီးသောအခါ လင်မယားနှစ်ယောက် လက်အုပ်ကလေးချီ၍ ဆုတောင်း ကြတော့သည်။

'ရွှေညောင်ပင် အဘိုးရုက္ခစိုးကြီးခင်ဗျား ..သားတို့သမီးတို့ ရိုသေ အားကိုးလေးစားစွာဖြင့် ကုသိုလ်ဒါနများပြုပါသည်။ အဘိုးခင်ဗျား .. သားတော် သမီးတော်များသည် ယခုအခါ ရင်သွေးငယ်တစ်ဦးအလိုရှိ၍ ပါ၍ အဘိုးထံမှ သားဆု သမီးဆုများပန်ရပါသည်။ သားကောင်း သမီးကောင်း များ အဘိုးချီးမြှင့်နိုင်လိမ့်မည်ဟုလည်း ယုံကြည်ပါသည်၊ ကိုးစားပါသည် ခင်ဗျား ..သို့ဖြစ်ပါ၍ သားတို့သမီးတို့အား ရင်သွေးငယ် တစ်ဦး ... ...ကြာခင် ချီးမြှင့်ပေးသနားပါရန် ရိုသေလေးစားစွာဖြင့် မေတ္တာရပ်ခံပါသည် အဘိုးရုက္ခစိုးကြီးခင်ဗျား ...

ကိုငှက်ရိုးက တတ်သမျှ မှတ်သမျှပြော၍ သားဆုတောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



မချွေးမကလည်း လင်တော်မောင်နည်းတူ ဆုတောင်းခဲ့သည်။

'သမီးတော်ကြီးတို့ ဘဝအတွင်းသို့ ထိုက်တန်သောသား (သို့မဟုတ်) သမီးတစ်ဦး လာရောက်နေထိုင်ခွင့်ရရန် အဘိုးမှကူညီပေးပါ . . .အဘိုးရှင့် သားသမီးများ ရရှိခဲ့ပါက အဘိုး၏စေတနာနှင့် ကျေးဇူးတော်ကို သမီးတို့ မမေ့ပါဘူးရှင့် . . . အစဉ်မပြတ် ကုသိုလ်ဒါနများ ပြုလုပ်ပါမည်ဟုလည်း ကတိပြုပါတယ် အဘိုးရှင့် . .'

သူတို့နှစ်ဦး အတန်ကြာအာရုံပြု အဓိဋ္ဌာန်ပြု ဆုတောင်းကြ၏။ ထိုသို့ ဆုတောင်းနေစဉ် . .ကန်တော့ပွဲပေါ် ကိုင်းကျနေသည့် ညောင်ကိုင်းသည် . . .လေမတိုက်ပါဘဲနှင့် တစ်စုံတစ်ဦးက ကိုင်လှုပ်လိုက်သည့်အလား အတန်ကြာမျှ တဝုန်းဝုန်းလှုပ်ကာ ရွက်ဝါရွက်နုများ ကြွေကျလာ၏။

ကိုငှက်ရိုးတို့ လန့်၍မျက်လုံးဖွင့်ကြည့်လိုက်သည်။ ညောင်ကိုင်းသည် တဆတ်ဆတ်လှုပ်နေသည်။ အခြားသော ညောင်ကိုင်းများကား မလှုပ်။ သူတို့နှစ်ဦး ရုတ်ခြည်းထရပ်ပြီး ညောင်ကိုင်းကို သေသေချာချာ စိုက်ကြည့်လိုက်ကြသည်။ ဘယ်လိုပင်ကြည့်ကြည့် ညောင်ပင်ညောင်ကိုင်းပေါ်မှာ လူလည်းမရှိ မျောက်လည်းမရှိ ညောင်ကိုင်းသည် လူ့ပေါင်လုံးခန့်ရှိ၏။ ကြည့်နေဆဲမှာပဲ . . . အလှုပ်ကရပ်သွား၏။

သူတို့နှစ်ဦး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ အသံတိတ်တိတ်မေးခွန်းများနှင့် 'ဘယ်သူလဲ . . .ဘာလဲ . . .ဘယ်လိုလဲ . . .'ဟု၍ မေးနေကြ၏။ သက်ရှိနှင့် တူ၍ ဘာဆိုဘာမျှ မတွေ့ရ . . .သစ်ကိုင်းက သိမ့်သိမ့်လှုပ်၍ အရွက်များကြွေကျနေသည်။ မကြာခင် အလွန်မွှေးသော ရနံ့များသည် ရွှေညောင်ပင်ဝန်းကျင်မှာ သင်းပျံ့ကြိုင်လှိုင်နေတော့သည်။

သည်ရနံ့များသည် သူတို့ယူလာ၍ ပြန်းခဲ့သည့် နံ့သာနံ့မျိုး မဟုတ်။ ထိုစဉ် . . .ကျယ်လောင်သော မြွေတွန်သံကို ကြားလိုက်ကြရသည်။ သူတို့နှစ်ဦးစလုံး လန့်၍ ကြက်သီးများထကာ ရွှေညောင်ဘေးဘီဝဲယာသို့ လိုက်ရှာကြည့်ကြသည်။

တိုတောင်းပြတ်သားသည့် မြွေတွန်သံသည် ခပ်နီးနီးမှ တွန်သံ အသံမျိုးဖြစ်သည်။ ကျယ်ကျယ်လောင်လောင်ကို ကြားရသည်။ မျက်လုံး





ရှင်ရှင်ဖြင့် လိုက်ရှာသော်လည်း မြွေကို မတွေ့ရ။ လင်းမြွေတွန်သံလို အသံရှည်မဟုတ် . . .သံတို သံပြတ် . . .မြွေဆိုးတစ်ကောင်ရဲ့တွန်သံ

'မြတ်စွာဘုရား . . .အန္တရာယ်များ ကြုံရပြီလား . . .'

'ရှီ . . ရှီ . . .'

'ရှီ . . ရှီ . . .'

သူတို့နှစ်ဦး . . .ဝါးဖြင့်လုပ်ထားသည့် အုန်းပွဲကိုထား၍ ခပ်မြန်မြန် တောင်းပန်တိုးလျှိုးပြီး . . .စိုးစိုးရွံ့ရွံ့နှင့် သုတ်ခြေတင်ပြန်ခဲ့လေသည်။ နောက်ကို လှည့်ရှုမျှ မကြည့်ကြ . . .။

'ဘုတ် . . .ဘုတ် . . . ဘုတ်ဘုတ်ဘုတ်'

'ဘုတ် . . .ဘုတ် . . . ဘုတ်ဘုတ်ဘုတ်'

ခြေလှမ်းဆယ်လှမ်းခန့်အရောက်မှာ နောက်ဘက်ဆီမှခြေသံကြား၍ လင်မယားနှစ်ယောက် ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။ ဟော . . . ခြေသံများ ပျောက်သွားသည်။ လူလည်း မတွေ့ရ၊ မြင်ကွင်းက ရှင်းနေ၏။ ဝေးဝေးက ခြေသံမျိုးမဟုတ်။ ကပ်လိုက်လာသည့် ခြေသံမျိုး။

လှည့်ကြည့်လို့ဘာမှ မတွေ့ရတော့ . . .နှစ်ဦးသားလမ်းကို မျက်နှာမူ လျှောက်ကြပြန်သည်။

'ဘုတ် . . .ဘုတ် . . .ဘုတ်ဘုတ်ဘုတ်'

'ဘုတ်ဘုတ်ဘုတ် . . .ဘုတ်ဘုတ်ဘုတ်'

ခြေလှမ်းဆယ်လှမ်းခန့်အရောက်မှာ နောက်ဘက်မှခြေသံကြား၍ လင်မယားနှစ်ယောက် ပြိုင်တူလှည့်ကြည့်ကြသည်။

ဘာမှမရှိ . . .သူ့ရဲ့တစ္ဆေများချောက်လေရော့သလား၊ မချွေးမ တုန်ယင်သော လက်နှင့် ကိုငှက်ရိုးလက်ကို အားကိုးတကြီးဆုပ်လိုက်သည်။

'ဘယ်သူလဲကွ . . .'

ကိုငှက်ရိုးက ဟန်ကိုယ့်ဖို့လုပ်၍ မာထန်ထန်မေးလိုက်သည်။ ဘာမှ မရှိသည့် ဥစ္စာ ဘာပြန်ပြောသံမှ မကြားကြရ။

'ချွေးမ . . .မြန်မြန်လာ . . .'

ကိုငှက်ရိုး သူ့မိန်းမ လက်ကိုဆွဲ၍ ရွာရှိရာသို့ သုတ်ခြေတင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့သည်။ နေရှိန်ပြင်းချိန်မို့ နဖူးမှ ချွေးများစီးကျလာသည်။ ခရီး အတန်ရောက်မှ မန်ကျည်းပင်ရိပ်တစ်ခုအောက်ခိုဝင်ရင်း ရေအိုးစင်မှ ရေကို အငမ်းမရခပ်သောက်လိုက်ကြသည်။

'ကိုငှက်ရိုး ရှင်ကြားတယ် မဟုတ်လား'

'အေး . . .မြွေတွန်သံရော . . .သစ်ကိုင်းလှုပ်သံရော၊ နောက်က ပြေးလိုက်လာတဲ့ ခြေသံရောဟ'

'ဒီနေရာ . . .ကြမ်းတယ်နဲ့တူတယ်တော့'

'ငါတို့က . . .မဟုတ်တာလုပ်တာ မှတ်လို့ဟ'

'ကိုငှက်ရိုး . . .ကျုပ်အထင်တော့'

မချွေးမက တစ်စုံတစ်ခုကို အလေးအနက်စဉ်းစားရင်း စကားစ လိုက်သည်။ စကားက အဆုံးမရှိ၍ ကိုငှက်ရိုးက–

'ဘာလဲဟ . . .နင့်စကားက တန်းလန်းကြီး'

မချွေးမက ကိုငှက်ရိုးအနားသို့ တိုးကပ်၍သေးသိကြားမှာ စိုးသည့် အလား တစ်စုံတစ်ခုကို တိုးတိုးလေးပြောလိုက်သည်။ မချွေးမရဲ့ ခန့်မှန်း ဆိုစကားကို ကြားရသောအခါ ကိုငှက်ရိုး မျက်လုံးနှစ်လုံးကျယ်သွားခဲ့သည်။ သို့နှင့်အတူ ရင်ထဲမှာလည်း ဝမ်းသာရိပ်လှစ်ခနဲ စဉ်းစားခဲ့သည်။

မချွေးမ ခပ်တိုးတိုးပြောလိုက်သည့် စကားကား–

'မဟုတ်မှလွဲရော ကိုငှက်ရိုးရေ . . .ရွှေညောင်ပင် အဘိုးရုက္ခစိုး ကြီးက . . . တစ်ခါထဲများ ကလေးကို ထည့်လိုက်ရောသလား . . .မသိဘူး တော် . . .တဲ့'

♛♛♛♛♛

လေ့ဆိပ်က ရွှေညောင်ပင် ရုက္ခစိုးထံမှာ သားဆုပန်ပြီး . . . မချွေးမ ဘုရားတရားအလုပ်ကို ပိုလုပ်လာခဲ့သည်။ ဘုရားရှိခိုးတိုင်းလည်း သားကောင်း သမီးမြတ်တစ်ဦး မွေးဖွားခွင့် မွေးစ . . .ခွင့် ကြုံရပါလို၏ . . . ဟုလည်း ဆုတောင်းရသည်မှာ နေ့စဉ်ညတိုင်းဖြစ်၏။

ထို့အတူ သားသမီးဆုပန်သည့် ရွှေညောင်ပင်ရုက္ခစိုးအဘိုးကို လည်း နှလုံးစိတ်ဝမ်းချမ်းမြေ့ပါစေဟု နံနက်တိုင်း မေတ္တာပို့ခဲ့ရသည်။

သို့နှင့် တစ်ပတ်ခန့်အကြာ–

ညတစ်ည၏ မိုးသောက်ယံမှာပင်ဖြစ်သည်။ မချွေးမတစ်ယောက် ထူးဆန်းသော အိပ်မက်တစ်ခုကို မြင်မက်ရတော့သည်။

အိပ်မက်ထဲမှာ နက်ပြောင်ရှည်လျားပြီး လက်မောင်းလုံးခန့် တုတ် သည့် မြွေကြီးနှစ်ကောင် သူမတို့ခြံထဲသို့ ဝင်လာသည်။ ထိုအချိန်က မချွေးမသည် ပုဒိုက်လွန်းလှ၍ တောခေလေ့အတိုင်း ထမီရင်လျားနှင့် ဆေး ပေါ့လိပ် ထိုင်လိပ်နေသည့်အချိန်။



www.burmeseclassic.com

www.burmeseclassic.com



မချွေးမသည် ဒီလောက်တုတ်ခိုင်သည့် မြွေကြီးများကို မမြင်ဘူး၍ ကြောက်လန့်ပြီး ကြောက်သေသေလျက် ကြည့်နေစဉ်မှာပင်၊ သည်မှာ အနက်ရောင်မြွေကြီးက မချွေးမနေထိုင်နေသည့် အိမ်ပေါ်ကြမ်းပြင်သို့ တလိမ့်လိမ့်တက်လာနေသည်။

ကျွန်တစ်ကောင်က အိမ်ရှေ့တံစက်မြိတ်ရှေ့ မြေပြင်ပေါ်မှ . . ပါးပျဉ်းကြီးထောင်၍ မိမိတို့ကို စိုက်ကြည့်နေ၏၊ ပါးပျဉ်းကြီးသည် ထမင်းစားပန်းကန်ပြားခန့်ရှိပြီး . . .အဝါနှင့်အနက်ရောင်ယောင်သန်းသည့် အရေခွံနှင့် ဖြစ်၍ တဖိတ်ဖိတ်လက်နေ၏။ မြွေကြီး၏ မျက်လုံးနှစ်လုံးက မိမိအား ရန်လိုသည့် အကြည့်မျိုးနှင့် ကြည့်နေသည့် မျက်လုံးမျိုးတော့မဟုတ်။

သူ့သဏ္ဌာန်က အိမ်ပေါ်သို့ တက်နေသည့် မြွေနက်ကြီးကို လိုက်ပို့သလို၊ စောင့်နေသည့် သဘောမျိုးလိုလိုရှိပြီး၊ ပါးပျဉ်းကြီးကို ဘယ်ညာ ယိမ်းလိုက် အပေါ်နှင့်အောက် ခေါင်းညိတ်သလို လုပ်လိုက် လုပ်ပြီး ယိမ်းကသလို လုပ်နေသည်။

မချွေးမ လှေကားသုံးထစ်မှ တလိမ့်လိမ့်တရွေ့ရွေ့တက်လာနေသည့် မြွေနက်ကြီးကို ကြည့်ကာ အသိများဝင်လာပြီး . .ထပြေးရန် ပြင်လိုက်သည်။ လူသည် ထိုင်ရာမှ ထမရနိုင်သလိုဖြစ်နေ၏။ ပါးစပ်က ယောက်ျားလုပ်သူကို အော်ခေါ်၍ ကြိုးစားနေသည်။ သို့သော်. .အော်ဟစ်နိုင်လောက်အောင် အားအင်က ထူးဆန်းစွာပျောက်ကွယ်နေသည်။

အိမ်ပေါ်တက်လာသည့် မြွေသည် မချွေးမ ဆေးလိပ်လိပ်နေသည့် ရှေ့သို့ရောက်သောအခါ ဦးခေါင်းမော့ထောင်ပြီး . . .သူ့ရှေ့မှာ ကလေးသူငယ်လို အရုပ်တစ်ရုပ်လို လာရပ်နေသည်။ သူမ မြွေကြီးကိုကြည့်ပြီး အကယ်၍ ရန်ပြုလာခဲ့လျှင်. . .လက်ထဲရှိသည့် ကတ်ကြေးဦးနှင့် ထိုးပစ်လိုက်ဖို့လည်း ရည်ရွယ်၍ ကတ်ကြေးကို ကိုင်ကာ ဖော်ချွေးမြွန်သော မျက်နှာနှင့် သူ့ပြန်ကိုယ်ပြန် စိုက်ကြည့်လိုက်သည်။

သည့်မှာ ရှေ့မှမြွေကြီးက ထူးဆန်းစွာ လူစကားပြောသည်ကို သူမတစ်သက်နှင့်တစ်ကိုယ် မကြုံစဖူးကြားလိုက်ရတော့သည်။

'အမေ. . .





'ဟင်. . .'

မချွေးမ မြွေကြီးနှုတ်မှ လူ့စကားသံထွက်လာ၍ လန့်လည်း လန့်၊ အံ့လည်းအံ့သြသွားသည်။ အသံက ပီပီသသလေးသံမျိုး ကလေးမှ မိန်းကလေးငယ်၏ အသံမျိုးသို့ ထူးဆန်းစွာသော လူစကားပြောသံ တိုးကြားလိုက်ရသောအခါ . . . စောစောက အကြီးအကျယ် စိုးရိမ်ကြောက်လန့်ခြင်းမျိုးမှ နည်းနည်းလျော့ချင်သလို ရှိလာခဲ့သည်။

'အမေ့ကို ပြောစရာရှိလို့. . .'

'ဘာ. . .ဘာ. . .မြွေက လူစကားပြောနိုင်တယ်. . .အလိုလေး . . . မြတ်စွာဘုရား . . . မဖြစ်ဘူး . . .သွား . . .သွား . . .ဝေးဝေးကို သွားကြပါ. . .မွ. . .မွ. . .'

'မကြောက်ပါနဲ့အမေ၊ မကြောက်ပါနဲ့အမေ အမေ့ကို ရန်မပြုပါဘူး'

မြွေပြောနေသည့် အသံသည် အားကိုးကြီးစွာနှင့် တောင်းပန်ချွဲသည့်အသံ ကလေးငယ်တစ်ဦး၏ အလျင်စလို ပြောသည့်အသံမျိုး။

"နင်. . . နင်. . . ဘာ. . .ဘာ ပြောမလို့လဲ ငါကြောက်တယ်"

"မကြောက်ပါနဲ့ အမေရယ် အခုလာတာက မေမေ့ဆီမှာ သမီးနေဖို့"

"အောင်မလေး . . .ငါ . . .ငါ့ဆီမှာ. . .နေချင်လို့ အလိုလေး မ. . . မနေပါနဲ့. . . တော်. . . မနေပါနဲ့ . . .ပြန်ပါ. . . သွားပါ. . . ပြန်ပြန်ကြပါ"

"ဟင်း. . .ဟင်း. . . အမေ. . . သမီး. . .မပြန်တော့ဘူး. . . ဒီနေ့ပဲအမေနဲ့ အတူနေတော့မယ်. . . ဟိုမှာ သမီးရဲ့ အဘိုးလိုက်ပို့တာ"

"မြတ်စွာဘုရား. . . သူ့ကို သူ့အဘိုးက လိုက်ပို့တယ်ဆိုပါကလား၊ သူ့အဘိုးဆိုသူကို လှမ်းကြည့်လိုက်တော့ ပါးပျဉ်းမီးခွက် ထောင်၍ ယိမ်းထိုးနေသော သူထက်ကြီးသည့် မြွေကြီးပဲ အိမ်ရှေ့မှ လှမ်းမြင်နေရသည်။

"သည်တင် မချွေးမသည် သည်အဖြစ်မျိုး မကြုံဖူးသမို့ စိုးရိမ်ကြောက်ရွံ့ပြီး. . .

"မနေပါနဲ့. . . မနေပါနဲ့ ပြန်ကြပါ. . .အားလုံးပြန်ပြန် ပြန်ကြပါ



www.burmeseclassic.com

www.burmeseclassic.com



သွားကြပါ. . ."

သူမ၏အသံသည် . .အကြီးအကျယ် ကြောက်လန့်နေသံဖြစ်သည်။ တုန်ခါနေသည်။

မည်သို့ပင် မိမိက ပြန်နှင်လွှတ်ပါသော်လည်း ပေကပ်ကပ်နိုင်လှသည်။ မိမိရှေ့မှမြွေသည် ခေါင်းမာစွာ ငြင်းဆန်ပြီးနောက် ရှေ့သို့ တစ်ရစ်တိုး၍ လှမ်းလိုက်တော့၏။

"သွား . .သွား . .မ. . .မ. . .လာ. . .နဲ့"

သူမအော်ဟစ်နှင်ထုတ်နေစဉ်မှာပင် မြွေသည် သူမ၏ကိုယ်ကို ရစ်ပတ်လိုက်သည်။ သူမလက်မထဲမှ ကတ်ကြေးလည်း လွတ်ကျသွားသည်။ မချွေးမ အော်ဟစ်နေသည်။ ကြောက်လန့်လွန်း၍ သတိလစ်ချင်သလိုလို မိန်းမောချင်သလိုလည်း ဖြစ်နေစဉ်မှာပင်. . . မြွေဦးခေါင်းသည်. . . သူမ၏ ချက်မှအောက်ကာ. . .ဝမ်းဗိုက်ထဲသို့ ဝင်သွားပြီး . .ဝမ်းဗိုက်အတွင်း ပျော်လွန်း၍ ကခုန်နေသကဲ့သို့. . .လှုပ်ရှားလွန်းလှ၍နေရာ. . .မချွေးမအသက် ပြန်ဝင်လာပြီး အားကုန်ဟစ်၍ မျက်စိစုံမှိတ်ကာ အော်ဟစ်လိုက်သည်။

"အား. . .အ. . .မလေး . . ."

"ချွေးမ. . .ချွေးမ. . ."

"အမလေး . .မြွေကြီး . .မြွေကြီး . . ."

"ဟဲ့. . .ချွေးမ. . .ဘယ်မှာတုန်းမြွေ. . .နင်ဘာဖြစ်နေတာလဲ ထစမ်း. . .ထစမ်း . . ."

"ဟင်. . ."

"နင်. . .ဘာတွေယောင်အော်နေတာလဲ"

"အိပ်. . .မက်. . .အိပ်. . .မက်. . .နော်. . .ဘုရား. . .ဘုရား တကယ်မဟုတ်ဘူးနော်. . ."

"ဘာတကယ်ဖြစ်ရမှာတုန်းဟာ. . .ကြည့်စမ်း တစ်ကိုယ်လုံး ချွေးတွေစိုလို့. . .ထစမ်း"

ကိုငှက်ရိုး မီးခွက်ကို ထွန်းလိုက်သည်။ မချွေးမ အသက်ကို ပြင်းပြင်းရှုရင်း ဝမ်းဗိုက်ကို လက်နှင့်ဖိကာ. . .ဖွတ်ကာ. . .ထထိုင်လိုက်သည်





သူမတစ်ကိုယ်လုံး. . .ချွေးများရွှဲနစ်နေ၏။ သူမအဝတ်လဲလိုက်ပြီး. . .

"ကိုငှက်ရိုး ဘယ်အချိန်ရှိပြီလဲတော့. . ."

"မိုးလင်းတော့မယ်ဟ. . .ဆွမ်းချက်တုံးခေါက်နေပြီ. . .နေပါဦး၊ နင်ဘာလို့ ဒီလောက်အလန့်တကြား အော်ဟစ်နေရတာလဲ၊ ဝမ်းလုံး ဘာတွေခြောက်လို့လား၊ ဘီလူးစီးနေလို့လား. . ."

"ကျုပ်. . .ကျုပ်. . .အိပ်မက် မက်နေတာတော့"

"ဟေ. . .အိပ်မက်. . .မက်တာ ဒီလောက် အလန့်တကြား အော်ရမလားဟ၊ ခုဟာက. . .ခုနစ်အိမ်ကြား ရှစ်အိမ်ကြား. . .ကမ္ဘာပျက် နေသလား မှတ်ရတယ်၊ ရှီးမှပဲ. . .ငါတောင် လန့်သွားတယ်. . .နေစမ်းပါအုံး . . .အဲဒီလောက် အသက်ထွက်မတတ် အော်လောက်ရအောင် နင့်အိပ်မက်က ဘာအိပ်မက်မို့လဲ. . ."

"ဒီလိုတော့. . .ကိုငှက်ရိုးရဲ့"

မချွေးမက သူ့အိပ်မက်ထဲမှာ ဆေးလိပ်လိပ်နေစဉ် မြွေအနက်ကြီး နှစ်ကောင် ခြံထဲဝင်လာပုံ တစ်ကောင်က အိမ်ပေါ်တက်လာပြီး တစ်ကောင်က အောက်က စောင့်နေပုံ၊ အပေါ်တက်လာသည့် အကောင်က. . .လူ့စကားသံနှင့် အမေနဲ့နေချင်လို့ ပြောရာမှ. . .သူမက နှင်လွှတ်ခဲ့ပုံ နောက်ဆုံး မြွေက သူမကိုယ်လုံးကို ရစ်ပတ်၍ ချက်တိုင်ကြားမှသည် ဝမ်းဗိုက်ထဲ ဝင်သွားပြီး အထဲမှာ လူးလွန့်နေ၍ လန့်အော်ရကြောင်း ရှင်းပြပြောလိုက်သောအခါ. . .

ကိုငှက်ရိုးက မယားလုပ်သူ၏ အိပ်မက်ကို ပါးစပ်အဟောင်းသား နှင့် ငေးမောနားထောင်ရင်း. . .အံ့ဩသွားခဲ့ရသည်။

"ကျွဲ. . .ကျွဲ. . ."

"အောင်မလေး. . ."

"ဟဲ့. . .သောက်ပလုပ်တုတ်. . .ဟာ. . .သောက်ကြွက်နုယ်ဗျာ သောက်. . ."

အရေးထဲ ကြွက်တစ်ကောင်က အော်ရင်း သူတို့ပေါင်ကြားမှ ဖြတ်ပြေးသွားလေရာ. . .သတ္တိကောင်းလွန်းလှသည့် လင်မယားနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကို တစ်ယောက် လန့်ဖက်ပြီး ယောင်ယမ်းရွှေတ် တိုင်းထွာနေတော့သည်။ ကိုငှက်ရိုးလည်း ဖနီးလုပ်သူကို ပိုရ၍လန့်မသွားအောင် ဖက်ထားရင်းမှ စဉ်းစဉ်းစားစားနှင့် စကားတစ်ခွန်းဆိုလိုက်သည်။

"မဟုတ်မှလွဲရော. . .မိန်းမရေ. . .ငါတို့ ရွှေညောင်ပင်အဘိုးရုက္ခစိုးထံမှာ သားသမီး ဆုပန်ထားခဲ့တာဆိုတော့. . .အခု အိမ်အရောက်လာပို့တာများလား မသိဘူးဟ. . .နော်"

"ဟုတ်တယ်တော့. . .ခမျာမျာ ဝင်စားချင်လို့ လာတာနဲ့တူရဲ့တော်. . ."

"အေး. . .ဝင်စားချင်လို့သာ. . .အမေနဲ့နေတော့မယ်ဆိုပြီး လာနေတာနေမှာဟ"

"ဟင်. . .ကြောက်တော့ ကြောက်စရာကြီးတော်. . .ကျုပ် ခုထက်ထိ မျက်လုံးထဲက မထွက်နိုင်ဘူး. . .ရှင်ဘယ်လို သဘောရသလဲ. . ."

"ငါကတော့. . .ကျိန်းသေဘဲလို့ ထင်တာပဲဟ. . ."

"ဘာကျိန်းသေတာလဲ. . .ရှင့်ဟာက. . ."

ကိုငှက်ရိုးက အ လွန်းလှသည့် မချွေးမနားသို့ကပ်၍ တိုးတိုးလေးပြောလိုက်သောအခါ. . .မချွေးမက ရှက်စနိုးဟန်နှင့်. . .

"အို. . .ရှင်ကလဲ"ဟု မူနွဲ့ပြီး ယောကျ်ားလုပ်သူ ပေါင်တွင်းကြောကို အသာဆွဲလိမ်လိုက်သောအခါ ကိုငှက်ရိုးကလည်း. . .အဟီး. . .ဟုရယ်ရင်း သနပ်ခါးရနံ့ကျန်နေသည့် မချွေးမရဲ့ ပါးဖောင်းဖောင်းကို လစ်ခနဲနမ်းလိုက်သည်။

"အို. . .ကိုငှက်ရိုး. . ."

မချွေးမက. . .အို. . .ကိုငှက်ရိုးမှ. . .ရှေ့ဆက်မတိုးနိုင်တော့။ အကြောင်းကား ကိုငှက်ရိုးသည်. . .တဟား ဟား ရယ်မောရင်း၊ မချွေးမကို အိပ်ယာပါသို့ လှဲချကာ. . . ဘယ်ပါးညာပါး နှစ်ခါက်ကို သမီးရည်းစားဘဝက အတိုင်း နမ်းပစ်လိုက်သည်။

သည်မှာ မချွေးမကလည်း ငယ်မူငယ်သွေးများ နိုးကြွလာပြီး . ကိုငှက်ရိုးလည်ပင်းကို တအားသိုင်းဖက်လိုက်သည်။ သွေးကြောထဲမှာလည်း





ဖျင်းဖျင်းဖြစ်လာခဲ့သည့်. . .ကိုငှက်ရိုးက မီးခွက်ကို ဖူးခနဲ မှုတ်လိုက်သည်။

ထိုနေ့ နံနက်မိုးသောက်ယံသည့် ခိုးခိုးခစ်ခစ်ရယ်သံ အချစ်ဆိပ်က်သံများဖြင့် တရွေ့ရွေ့ မိုးလင်းသွားခဲ့လေသည်။

♛♛♛♛♛

www.burmeseclassic.com

၄

အိပ်မက် . . .မက်ပြီး . . .နှစ်လခန့်ကြာသော နေ့တစ်နေ့

အိပ်ယာမှအထ ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွားပြီး မူးဝေကာ မချွေးမ လဲကျမလို ဖြစ်သွားသည်။ သူမ အားတင်း၍ မျက်လုံးကို ဖွင့်ကြည့် သည်။ ဖွင့်လိုက်သည်နှင့် အိမ်က ချာချာလည်နေသည်။ မကြာခင် ရင်ထဲမှ ပျို့အန်ချင်သလိုဖြစ်လာပြီး . . .အိပ်ယာနံဘေးမှာ အန်ချလိုက်သည်။

မကြုံစဖူးအဖြစ်မို့ လင်တော်မောင် ကိုငှက်ရိုးကို အလန့်တကြား အော်ခေါ်ရသည်။

"ကို . . .ငှက်ရိုး . . .ကို . . .ငှက် . . .ရိုး . . .အော့ . . .ဝေါ့"

"ဟဲ့ . . .ချွေးမရဲ့ . . .ဘာဖြစ်သတုံး ဟ"

"မသိဘူးတော် . . .မူးတယ် . . .အန်ချင်တယ် . . .အော့ . . .ဝေါ့ ဝေါ့"





ပါးစပ်ထဲမှ အစာအချို့နှင့် လေများအန်ထွက်လာသည်။ ကိုငှက်ရိုး က မိန်းမလုပ်သူရဲ့ ကျောကိုဖိ၍ပေးသည်။ ရင်ကို မ၍ပေးသည်။ နှိပ်ပေး သည်။ သုံးလေးကြိမ်ခန့် အန်ပြီးနောက် သူမ အိပ်ယာပေါ်သို့ အသာပြန် ခဲနေလိုက်သည်။ တအောင့်နေတော့ သူမပြန်အိပ်ပျော်သွားခဲ့သည်။

အိပ်ယာမှ နိုးလာသောအခါ လူတစ်ကိုယ်လုံး နုံးချိချိဖြစ်သည်။ အန်တာတော့ မအန်တော့ သို့နှင့် မျက်နှာသစ်ပြီး ဘုရားသောက်တော် ချလိုက်သည်။ ဘုရားကို ရှေချမ်းတပ်၍ ဦးဆိုက်ခဲ့သည်။ ပြီးနောက် မီးဖိုဆောင် ဘက်သို့ ဝင်ခဲ့ပြီး ထမင်းအိုးတည်ရန် ပြင်ဆင်လိုက်သည်။

ကိုငှက်ရိုးကား ဝေလီဝေလင်းကတည်းက ပေါက်တူးတစ်လက်နှင့် လယ်ထဲဆင်း၍ ကန်သင်းဖို့နေသည်။ မနက်စောစောကတည်းက လယ်မြေ ကိုပေါက်၍ ကန်သင်းဖို့နေလိုက်သည်မှာ အတော်ခရီးရောက်နေ၏။ ကန်သင်း မှာလည်း မြင့်လည်းမြင့်သလို ရှည်လည်း ရှည်လာခဲ့ပြီ။

ဒီနေရာမှာ ကန်သေးသေးလေးလုပ်ချင်သည်။ လယ်ထွက်ချိန် ရောက်လျှင် သည်ကန်ကလေးထဲမှာ ငါးမွေးချင်သည်။ ကန်ဘောင်မှာ ရွှေဘိုချဉ်ပေါင်နှင့် ပေါက်ပန်းဖြူပင်များ စိုက်ချင်သည်။ သည်ဘက်နားမှာ မုန်ညင်းချင်သည်။ ပြီးတော့ . . .လယ်ထွက်ရင် ဟင်းစားရရင်မနည်း ရွှေဖရုံ သီးနှင့် ကျောက်ဖရုံသီးလည်း မြေပြင်မှာ စင်မထိုးပဲ စိုက်လို့ရသည်။

လယ်ရှင်ဦးလေးသာဟန်ကို ပြောပြတော့ ကောင်းတာပဲ၊ ဟင်း စားလေးရတာပေါ့ဆို၍ တစ်ချက်ခုတ်နှစ်ချက်ပြတ် လုပ်နေပြီဖြစ်၏။

နေသည် တရိပ်ရိပ်တက်နေ၏။ လူတစ်ကိုယ်လုံးသည် ချွေးစေး များ မြေမှုန့်များဖြင့် ပေကျံနေ၏။ အလုပ်ထဲမှာ မည်မျှစိတ်ကို နှစ်နေမှ သည်မသိ။ ရွာဦးကျောင်းက ဆွမ်းစားကြေးစည်ရိုက်သံ ကြားတော့မှ ပေါက် တူးနားပြီး ကုက္ကိုပင်အောက်မှာ ဆေးလိပ်ဖွာရင်း မချွေးမ ထမင်းပို့အလာကို စောင့်မျှော်နေလိုက်သည်။

အတန်ကြာစောင့်ပါသော်လည်း ဇနီးသည်သည် စားချိန်ကျော် သည့်အထိ ရောက်မလာသေး။ ထိုအချိန်၌ လူတစ်ယောက် သူ့ဆီသို့ ဦးတည်၍ ပြေးလာနေသည်ကို လှမ်းမြင်ရ၏။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ဦး. . .ငှက်ရိုး. . .ဦးငှက်ရိုး. . ."

ပြေးလာသူသည် ပါးစပ်မှလည်း သူ့နာမည်ကို ခေါ်ရင်း လက်ရပ် ခေါ်သလိုလုပ်နေ၏။ အနီးရောက်လာမှ အိမ်နီးချင်းအိမ်မှ ကောင်မလေး မိအေးစိန် ဖြစ်နေသည်။

"ဦးငှက်ရိုး"

"ဟဲ့. . .အေးစိန်. . .မောကြီးပန်းကြီး ဘာဖြစ်လို့လဲ. . .အလန့်တကြားပါယ်. . ."

"ဦးလေး. . .ငှက်ရိုး. . .ဟို. . .ဟို အမလေး. . .ဟူး. . .မောလိုက်တာတော်"

"မောရင် ခဏနားဦးဟ. . .ဘာတွေများ အရေးတကြီးဖြစ်လာကြလို့လဲဟယ်. . ."

အေးစိန်. . .ရင်ဘတ်ဖိရင်း ပုဆိုးပိုင်းနှင့် ချွေးများကို သုတ်ရင်းမှ

"ဒေါ်လေး. . .ဒေါ်လေး. . .တော့. . ."

"ဟင်. . .ချွေးမလား. . .ချွေးမဘာဖြစ်လို့တုံး. . ."

ဒေါ်လေးဟု ဆိုလိုက်သဖြင့် သူစိုးရိမ်မှု ဒိုင်းခနဲ ခုန်ထွက်သွားသည်။ သူတို့က ချွေးမကို ဒေါ်လေးဟု ခေါ်ကြ၏။

"ဒေါ်လေး. . .ချွေးမ. . .မူး. . .မူးလဲပြီး. . .အန်နေလို့တော့ အခု အိပ်ယာထဲမှာ. . .အဲ့ဒါ ခေါ်. . .ခေါ်ခိုင်း. . .လိုက်လို့. . ."

"ဒုက္ခပါပဲ. . .ဒီမိန်းမ. . .ဘာအစားများပြန့်ပြီလဲမသိဘူး။ မနက်လဲ တစ်ခါ. . .ကိုင်း သွားကြစို့ အေးစိန်ရေ. . ."

သူတို့တူအရီးနှစ်ဦး သုတ်ခြေတင်၍ ပြန်ချလာလိုက်ကြသည်။ အေးစိန်က အသွားအပြန် ပြေးနေရသမို့ မောဟိုက်ကာ လျှာပါထွက်နေသည်။ အရေးထဲ ခလုတ်ပါတိုက်လိုက်သေးသည်။ ကိုငှက်ရိုးလည်း မယားဖောနဲ့မို့ အေးစိန်ကို မထူပေးခဲ့နိုင်၊ အိမ်ဖောနှင့် သွားနှုန်းကို မြှင့်လိုက်ခဲ့ရာ မကြာခင် အိမ်ရှေ့သို့ရောက်တော့သည်။

အိမ်ဝင်းထဲဝင်လိုက်တော့. . .မချွေးမန့်ဘေးမှာ အိမ်နီးနားချင်း မိန်းမများနှင့်ရွာလက်သည်ဟောင်းကြီး အမေဒေါ်မြချစ်ကိုတွေ့လိုက်ရတယ်။





ဒေါ်မြချစ်သည်. . .ချွေးမကို အမျိုးမျိုးစမ်းသပ်နေ၏။

"ချွေးမ. . .ချွေးမ. . ."

"ဟဲ့ အကောင်. . .အိမ်အပြင်မှာ ခဏနေ"

သူက စိုးရိမ်ကြီးစွာဖြင့် လှမ်းမေးရင်း အိမ်ပေါ်တက်ရန် ပြင်လိုက်သည့်. . .အမေ ဒေါ်မြချစ်က ဆီး၍အော်လိုက်သဖြင့်. . .သူ့ခြေလှမ်းများ တန့်ခနဲ ဖြစ်သွားသည်။

"ကျွန်တော်. . .မိန်း. . .မ. . .ဘာ. . .ဘာဖြစ်လို့လဲဟင်. . . အမေ. . .မြချစ်"

"ဘာမှမဖြစ်ဘူး. . .၊ နင်သာ. . .အပြင်မှာ ခဏနေ. . .ဒါ. . . မိန်းမတွေကိစ္စ ဘာမှစိုးရိမ်စရာမရှိဘူး"

အမေမြချစ်က ဘာမှစိုးရိမ်စရာမရှိဘူး ဒါ. . .မိန်းမတွေကိစ္စဆို၍ ရင်ထဲမှအပူ နည်းနည်းကျသွားကာ အိမ်ရှေ့က ကုက္ကိုတုံးပေါ်မှာ ထိုင်ချရင်း အိမ်ပေါ်သို့ လှမ်းလှမ်းကြည့်နေမိသည်။ မကြာခင်မှ အိမ်ပေါ်မှ ရယ်သံများကို ကြားရသည်။ ဒေါ်မြချစ်၏ ပြောသံဆိုသံများကိုလည်း ကြားနေရသည်။

"မိချွေးမတို့. . .အစွမ်းကုန်. . .ကြိုးစားလိုက်တယ်နဲ့ တူတယ်ဟေ့. . .အဟီး. . ."

"ကိုငှက်ရိုးကြီးကလည်း အသက်ကြီးမှ အစွမ်းတွေပြနိုင်ပါ့တော် အဟေး. . .ဟေး. . .ဟေး. . ."

"မိန်းမတွေနော်. . .ဟင်း"

"ဘာ. . .မိန်းမတွေလဲ ဒါကြောင့်. . .နေ့တိုင်း မနက်တိုင်း သူများတွေ ထမင်းချက်နေကြပြီ သူတို့မနိုးနိုင်ကြသေးဘူး၊ အသံမကြားရသို့ လှမ်းနိုးရင် မိန်းမက အာဂလောင်သံကြီးနဲ့"

"ဟဲ. . .ဇွေးရီနော်. . .မဟုတ်က ဟုတ်က. . ."

"ခုမှ ရှက်မနေပါနဲ့အေ. . .သူချစ်ကိုယ်ချစ် သက်သေဖြစ်တာ ဘူ"

"ကဲ. . .ကဲ. . .ကဲ. . .ကဲ"

"ဟား. . .ဟား. . .ဟား. . .ဟား"



www.burmeseclassic.com

www.burmeseclassic.com



"အဟီး . .ဟီး . .ဟီး"

"ကိုငှက်ရိုး . .ကိုငှက်ရိုး အိမ်ပေါ်တက်ခဲ့ပါဦးတော့"

ရှာသူ မိန်းမတစ်အုပ်ရဲ့ ဝမ်းသာအားရခေါ်လိုက်သံကြောင့် ကိုငှက်ရိုး ကပျာကယာ အိမ်ပေါ်ပြေးတက်လာလိုက်သည်။

"ကျုပ် . .မိန်းမ . .နေကောင်းသွားပြီလားဟင် . .ဘာ . .ဘာဖြစ်တာလဲဗျာ"

"တော့မိန်းမ . .ဟိုဒင်း . .ဟိုဒင်း . ."

"ဟဲ့ . .ထွေးရီ . ."

မချေးမက ငုတ်တုတ်ထထိုင်ရင်း ထွေးရီပါးစပ်ကို လှမ်းပိတ်သည်။

"ကိုင်း . .ကိုင်း . .ကောင်မစုတ်တွေ . .မြန်မြန်ပြန်ကြပါအေ . . ငါတောင်းပန်ပါတယ် . ."

"ဩော် . .မိန်းမက စောစောတုံးကတော့ ထွေးရီတို့ လုရှင်တို့ လာကြပါအုံးနဲ့ . .ခုနှစ်သံချီ ဟစ်ပြီးအော်တယ် . .။ ခုတော့ ညည်းတို့ မြန်မြန်ပြန်ကြပါတော့တဲ့။ ငါတို့ ပြန်တော့ သည်းတို့က ဘာလုပ်ဦးမလို့လဲ အဟီး . ."

နှုတ်သီးခေါင်းရှာပါး အနောက်သန် အဆသန်သူကား ထွေးရီပဲ ဖြစ်သည်။ ရှာသူအုပ်စုထဲမှာ အကဲဆုံး . .စကားအကြွယ်ဆုံး မိန်းမ။ နေရာတကာလည်း စပ်စပ်ပါ၍ နှံ့စပ်သည် အားကိုးရသည်။

"ဟော်ပါတော့ အေ . .ငါ့လင်ကို ငါ့ဖာသာ ပြောပြပါမယ် . . ညည်းတို့ပြန် . ."

"ကဲ . .ကဲ . .ကဲပါအေ . .ညည်းရဲ့ အချစ်ဆုံးလင်တော်မောင်ကြီးကို ညည်းကိုယ်တိုင် နှစ်ကိုယ်ကြား ပါးချင်းကပ် ရင်ခြင်းအပ်ပြီး ရွှေနားတော်ချင်း တော်မူပါတော့ရှင် . .ဟော့ လုရှင်တို့ မြခင်တို့ . .ပြန်ကြမယ် ဟေ့ . .။ အဟိ . .ဒါကြောင့် အိပ်ယာထ နောက်ကျ နောက်ကျနေတာကိုး အေရဲ့ . .အဟက် . .အဟက် . .ဟီး . ."

"ကဲ . .ကဲ . .မိန်းမစုတ် . .မဟုတ်ကဟုတ်က ကဲ . .ဟာ . . ကဲ . . .ကဲ"





ချေးမက ရယ်ရင်းနှင့် သူငယ်ချင်းမ၏ ကျောကုန်းကို တဘုန်းဘုန်း ထုသည်။ ထွေးရီတို့ အုပ်စုကလည်း ကိုငှက်ရိုးမျက်နှာကို မချိုမချဉ်ကြည့်၍

"ကိုင်း . .ကိုငှက်ရိုးကြီး . .ကျုပ်တို့ ပြန်တော့မယ်တော့"

"အေး ဟေ . . .အေးအေး . ."

"ရှင့်ကိုလည်း ကြုံပြောရဦးမယ်တော့ . ."

"ဘာများတုံး လုရှင်ရေ . ."

"ဒါမျိုးဖြစ်လာရင် . .ဟို . . .အရင်လို သိပ် . ."

"သေနာကျမ . . .သွား"

ချေးမက ခေါင်းအုန်းဖြင့် ကောက်ပေါက်လိုက်တော့မှ ထွေးရီတို့ လုရှင်တို့ တဟားဟား တဟီးဟီး ရယ်မောရင်း အိမ်ပေါ်မှ ဆင်းသွားကြတော့သည်။ အမေမြချစ်လည်း ပြန်တော့သည်။

လူရှင်းတော့မှ ကိုငှက်ရိုးက သူ့မိန်းမအနားသို့ကပ်ရင်း

"ချေးမ . ."

"အင် . . ."

"နင် . .ဘာဖြစ်နေတာလဲ . ."

မချေးမက ပြောပြရမှာ . . .ပါးစပ်ရှက်နေ၍ မထွက်ပဲ စပ်ဖြီးဖြီး လုပ်ရင်း သူ့ကျောပြင်ကို အရှက်ပြေဆိတ်နေ၏။

"ပြောလေဟာ . .။ ငါ့မှာ နင့်အတွက် စိုးရိမ်လိုက်ရတာ၊ အေးစိန့်ပြောလို့ ပြေးချလာလိုက်ရတာ ဟူး။ နင် . .အခုထလော ဘာတွေဖြစ်နေတာလဲဟင်"

"ဘာမှ မဖြစ်ပါဘူးတော် . ."

"မဖြစ်ပဲနဲ့ ဘာလို့ ခဏ ခဏ မူးနေရတာလဲ"

"ရှင်ကလည်း အတော့်ကို ဒုံးဝေးတဲ့ လူပဲ ကိုငှက်ရိုးရယ် . ."

"ဘာကို ဒုံးဝေးရမှာလဲဟ . .။ လင်နဲ့မယားပဲ ပွင့်ပွင့်လင်းလင်း ပြောမှပေါ့ . .။ ငါ့မှာ နင့်အတွက်ကြောင့် အလုပ်ကို သွားရတာ မဖြောင့်ဘူး"

"ကိုငှက်ရိုး . ."

"ပြော . ."



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် အကျယ်ကြီး မပြောချင်ဘူး . .ကျုပ်အနားကိုတိုး"

ကိုငှက်ရိုး ဖနီးသည်ရဲ့ ပါးစပ်အနားသို့ နားကိုတိုးပေးလိုက်သည်။ မချွေးမက မျက်လုံးကိုမှိတ်ရင်း ကတုန်ကယင်နှင့် တစ်လုံးချင်း ပြောချလိုက်သည်။

"ဟင် . .တကယ် . ."

"ဟုတ်တယ် . . .ဒေါ်မြချစ်က တစ်လကျော်နေပြီတဲ့"

"ဟယ် . .ဝမ်းသာလိုက်တာ . .။ ဝမ်းသာလိုက်တာ . .အောင်ပြီ ဟေ့ . . .အောင်ပြီကွ"

ကိုငှက်ရိုး ထရှုခုန်လိုက်သည်။ အနှစ်နှစ်အလလက မျှော်လင့်ခဲ့သားသမီးရတနာ အခု သူ့မိန်းမရဲ့ ဝမ်းဗိုက်ထဲမှာ ရောက်နေပြီ။

"အောင်ပြီ . . .အောင်ပြီ . . .အဲဒါ ငှက်ရိုးကွ"

"အို . . .ကိုငှက်ရိုး . . .ထအုံး အရှက်မရှိအုံး . . .ကဲ ကဲ . . ."

မချွေးမက လင်တော်မောင်ကို ဆွဲချရင်း . .လက်သီးနှုန့်နှင့်ကျောကို ထုသည်။ ကိုငှက်ရိုးက ဝမ်းသာအားရနှင့် မချွေးမရဲ့ ဝမ်းဗိုက်ကလေးကို ပွတ်ရင်း တဆိမ့်ဆိမ့်ကြည်နူးလို့ တဟားဟား ရယ်သည်။ ထိုစဉ် အိမ်ရှေ့မှ ထွေးရီရဲ့ ကျယ်လောင်စူးရှသော အသံကို သူတို့နှစ်ဦး ရုတ်တရက်ကြားလိုက်ရသောအခါ ဖက်များပုသွားကြသည်။ ဖက်ပုသွားသည်နှင့်အမျှ မချွေးမ ကိုငှက်ရိုးရဲ့ ပေါင်တွင်းကြောကိုလည်း လက်သည်း နှစ်ဝင်သွားအောင် ဆိတ်၍အိပ်ပစ်လိုက်သည်။

အိမ်ရှေ့မှ ထွေးရီရဲ့ အော်ပြောလိုက်သံကား . .

"ဘာအောင်တာလဲဟေ့ . . .ကျောက်အောင်တာလား၊ လူအောင်တာလားတဲ့ . . ."

♛♛♛♛♛

၈

အသက်(၄၀)နားနီးလာသည့် မချွေးမတစ်ယောက် ခုမှကိုယ်လေးလက်ဝန်ရှိသည့် သတင်းသည် ရွာသူ သူငယ်ချင်းများရဲ့ နှုတ်ဖျားဆောင်မကြောင့် မကြာခင်ရွာထဲမှာ ပျံ့နှံ့သွားခဲ့သည်။ အထူးသဖြင့် ရွာသူ သူငယ်ချင်းများက ချွေးမကို ပြည်တော်သာကန်မှာဆုံတိုင်း ဝမ်းဗိုက်ကလေးကိုကြည့်ကာ ညှိုးထိုးကာ . . .စကြနောက်ကြသည်။

"ဘာတွေများ စားထားလို့လဲ ချွေးမရဲ့ . . .ဗိုက်ကိုပူလို့"

"အိုဟယ် . . .နင်တို့ကလဲ . . ."

"ဟင်း . . .ဟင်း . . .လေးဆယ်နီးမှ မွေးမယ်ခရီးစတာပေါ့ ဟုတ်လား ကံပေါ်တာပေါ့"

"ကံပေါ်တာ မဟုတ်ပါဘူး အေ . . .လူပေါ်တာပါ . . .အဟီး"

"သေနာကျမတွေ နားရှက်စရာကောင်းတယ် . . .သွား"

"ကောင်းတယ် . . .တဲ့တော့ ဝန်ခံပြီဟေ့ . . .ဟား . . .ဟား . . .

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဟား. . .ဟား''

သူငယ်ချင်းများက ဝိုင်းစကြနောက်ကြသည်။ သူတို့စကြ နောက်ကြတိုင်း ချွေးမမျက်နှာပူရသည်မှာ အမော. . .။ သည်ကလေးကိုယ်ဝန်ရှိမှ ချွေးမမျက်နှာပွင့်နေ၏။ သို့သော် သူမက ရှက်နေ၏။ မလွဲသာ၍ အိမ်ပြင်ထွက်ရသည့်တိုင် ဟိုလူဒီလူဝိုင်းကြည့်၍ ခြေလှမ်းများ အလိုလိုပျက်ခဲ့ရ၏။

မရှက်ခံနိုင်ရိုးလား။

အသက်(၃၅)နှစ်ထဲရောက်မှ ကိုယ်ဝန်ဆောင်ရသည်ဆိုတော့ ရှက်သည်ပေါ့။ သို့သော် မျက်နှာပူ ရှက်ရသည့်အရှက်သည် ဝမ်းနည်းသည့် အနေအထားမျိုးတော့ မဟုတ်။ ဝမ်းသာလို့ရှက်ရသည့် အရှက်. . .။

ကိုငှက်ရိုးလည်း. . .ရွာထဲမှာ မျက်နှာပွင့်ရုံသာမက. . .နှာမည်ပါကြီးနေ၏။ တစ်နေ့က ရွာထန်းရည်ဝိုင်းမှာဖြစ်၏။ ကိုကြီးသာဒင်တို့ အုပ်စုနှင့် သွားဆုံရပြန်သည်။

''ဝေ. . .ငှက်ရိုး. . .''

''ဗျာ. . .ကိုကြီးသာဒင်''

''လာစမ်းပါဦးဟ. . .ငှက်ရိုးရေ. . .မင်းမလဲ တစ်နေ့တစ်နေ့ နားတယ်ကို မရှိဘူး. . .တစ်ခွက်လောက် ဝင်မော့ပါဦးလား မောင်ရာ. . .''

''သောက်ပါ့ ကိုကြီးသာဒင်. . .အလုပ်ကတော့ လုပ်ရမယ် ကိုကြီးသာဒင်ရေ. . .အဟဲ. . .ဟဲ. . .ဟဲ''

''အောင်မယ်. . .တုတ်ကြီးရေ အဟဲ. . .ဟဲ. . .ဟဲ. . .ဟဲ စားလူတိုးတော့မယ်ဆိုပြီး အားသွန်ခွန်စိုက် ရှာတယ်ပေါ့. . .''

''အဟဲ. . .''

''ဒီလောက်လည်း မလိုသေးပါဘူး ငှက်ရိုးရာ နောက်တစ်ယောက်တိုးလည်း လောက်ပါတယ်ကွ. . .''

ကိုတုတ်ကြီးကလည်း ကိုကြီးသာဒင်ဘက်မှ ဝင်ကူလိုက်သည်။

''ငှက်ရိုး. . .''

''ဗျာ. . .ကိုကြီးသာဒင်''

''ငါ. . .မသိလို့ မေးပါရစေကွာ. . .''





''မေးလေ. . .ကိုကြီးရ. . .''

''မင်းတို့ (၁၅)နှစ်လုံးလုံး အိမ်ထောင်ကျခဲ့တာ. . .ဘာလို့ အခုမှပဲ ကလေးရတာတုံးဟ''

''ဟာ. . .ကိုကြီးကလည်း. . .''

''ဟာ. . .ကိုကြီးကလည်း မလုပ်ပါနဲ့ကွ။ နည်းကောင်းလေးများရှိရင် ငါတို့လည်း ချီးမြှင့်ပါအုံး. . .မောင်ငှက်ရိုးရ. . .''

''မရှိပါဘူး ကိုကြီးရာ. . .အချိန်တန်လို့ပါ. . .''

''အမယ်. . .အချိန်တန်လို့ပါတဲ့. . .။ ငါတို့ကြားတော့ ရွှေညောင်ပင်မှာ သွားပြီး သားဆုတောင်းတယ်ဆိုကွ. . .''

''ဒါတော့ ဟုတ်တယ် ကိုကြီးသာဒင်''

''အဲဒါဆို ငါလည်း သွားဆုပန်ဦးမယ်ကွ. . .''

''ဗျာ. . .''

''မဗျာနဲ့လေကွာ. . .ငါလည်း အမွှာပူးများရရင် လိုချင်လို့ကွ အဟီး''

''ကိုကြီးသာဒင်ကလည်းဗျာ. . .ကိုကြီးသာဒင်မိန်းမက အသက်ငါးဆယ်ကျော်နေပြီဥစ္စာ. . .ရနိုင်ပါတော့ မလားဗျ. . .''

''ရတယ်ကွ ငှက်ရိုးရ''

''ကျုပ်တော့ မကြားဘူးပါဗျာ၊ ဒီအရွယ်က သွေးဆုံးသားဆုံးအရွယ်ဥစ္စာ. . .''

ကိုငှက်ရိုးက ကိုကြီးသာဒင်ကို ကြည့်၍ အံ့အားသင့်နေသည်မို့ သူကြားဖူးနားဝရှိသမျှ အတိုင်း ပြောချလိုက်၏။ သည်မှာ ထိုင်မှိုပြီး ရီဝေနေသည့် ကိုကုလားကြီးက. . .''

''ရတယ်. . .ငှက်ရိုးရ. . .မင်းကိုသာ ခေါ်သွားလိုက်ပေါ့''

''မရနိုင်ပါဘူးဗျာ. . .ကြံကြီးစည်ရာ ရွှေညောင်ပင်ရက္ခစိုးကြီးကို စိတ်ညစ်အောင်များ မလုပ်ကြပါနဲ့ဗျာ၊ တော်ကြာ အဘိုးက စိတ်ဆိုးပြီး''

''အား. . .ဟား. . .ဟား. . .ဟား. . .ငှက်ရိုးရ. . .၊ ရတယ်ဆိုတာ မိန်းမ မီးယပ်ပိန် အိုနာကျုံးကန်းကြီးနဲ့ မဟုတ်ဘူးဟ. . .။ နောက်



www.burmeseclassic.com

www.burmeseclassic.com



မယားငယ်နဲ့ ပြောတာပေါ့. . ဟား . .ဟား . .ဟား . .ဟား . ."

"ဟင်. . .ဟား . .ဟား . .ဟား . .ဟား . ."

"ဝါး . .ဟား . .ဟား . .ဟား . .ဟား . .အ ပါ့ငှက်ရိုးရော. . အေ့. . .မှီ. . ."

## ၉

ချေးမဲ့ရဲ့ ကိုယ်ဝန်သည် တစ်နေ့တစ်ခြား ရင့်မာ၍လာခဲ့၏။ အရင် လို အထိုင်အထ သိပ်မလုပ်နိုင်တော့။ တစ်ခါတစ်ရံ ကိုင့ှက်ရိုးကိုယ်တိုင် ...ဟင်းဝင်ချက်ပြီး မချေးမကို အနားယူစေရသည်။

သည်အတွက် ကိုငှက်ရိုး အလုပ်များပိုခဲ့ရသည်။

မနက်စောစော ထမင်းချက်၊ ရေဖြည့်ပြီးရင် လယ်တော လုပ်ငန်း ...ရှိရာသို့ သွား . .။ အလုပ်ပါးလျှင် တောထဲဝင်၍ မီးနေထင်းများ ကြို ...ခုတ်ရ၊ စုရသည်။

ချေးမကလည်း ကျပ်ထုပ်အတွက် လိုအပ်သည့် စမုံနက်နှင့် နနွင်း ...ကောင်းကောင်းထောင်း၍ အမှုန့်ပြုပြီး ကြိုထောင်းထားသည်။ ပုဆိုး ...ဟောင်းများကို ထက်ခြမ်းခွဲ၍ လျှော်ဖွပ်ပြီး အနီးလုပ်သည့် သွေးဆေးဆန်း ...လည်း ရှာထားသည်။

ဒီလိုနှင့်. . .တစ်ခုသော တပေါင်းလပြည့် စနေနေ့ နံ...(...)နာရီ



www.burmeseclassic.com

www.burmeseclassic.com



ခန့်သို့ ရောက်သောအခါ. . .ချေးမဝမ်းဗိုက်ထဲမှ ရစ်၍ရစ်၍ နာလာတော
သည်။ နာပုံက ဝမ်းသွားချင်သလိုလို ဘာလိုလို။ သို့နှင့် အိမ်သာသွားကြည
သည်။ အိပ်သာထဲရောက်တော့ ပြန်ငြိမ်သွားပြန်သည် ဝမ်းကမသွားဖြစ်

အိမ်ပေါ်ရောက်တော့ ရစ်၍လှည့်၍ နာလာပြန်သည်။ အထဲက
ကလေးကလည်း လှုပ်နေသည်။ မနေနိုင်အောင် နာလာသောအခါ အိမ်နာ
နီးချင်းမြရှင်ကို လွှတ်၍ ကိုငှက်ရိုးကို အမြန်ခေါ်ခိုင်းရသည်။

ကိုငှက်ရိုး ရောက်လာသောအခါ သူမက အကျိုးအကြောင်
ပြောပြသည်။

"ကျုပ်. . .သိပ်ကို ဗိုက်နာတယ်. . .ကိုငှက်ရိုးရယ်. . ."

"မွေးများ မွေးချင်လို့လား. . .ဟာ. . ."

"သိဘူးတော်. . .အား. . .အာ. . .ကျွတ်. . .ကျွတ်. . .ကျွတ်.
."ကို. . .ငှက်ရိုး. . .တော်. . .အမေမြချစ်ကို သွားခေါ်ချေတော်. . .ကျု
မနေနိုင်တော့ဘူး. ."

"အေး. . .အေး. . .နင် အိပ်ယာထဲ အသာလှဲနေ၊ ငါသွားခေ
လိုက်မယ်. . .မြရှင်ရေ နင့်သူငယ်ချင်းကို ကြည့်ထားလိုက်ပါဟေ့. . ."

သူရွာတောင်ဖျားမှ လက်သည်ကြီး အမေမြချစ် အိမ်ရှိရာသ
သုတ်ခြေတင်လိုက်သည်။ ရောက်သည်နှင့် အကျိုးအကြောင်းပြောပြလိုက
သောအခါ အမေမြချစ်လိုအပ်သည်များယူ၍ လိုက်ပါလာလိုက်သည်။

အိမ်ပေါ်ရောက်သည်နှင့် စုပ်သပ်ညည်းညူနေသည့် ချေးမက
ချက်ချင်းစမ်းသပ်သည်။

"မွေးမလို့ဟ. . .ငှက်ရိုးရဲ့. . ."

"မွေးတော့ မလို့. . ."

"အေ. . .သွား. . .ရွာသူထဲက. . .နှစ်ယောက် သုံးယောက်သွ
ခေါ်ခဲ့. . ."

သို့နှင့် အိမ်နီးနားချင်း ထွေးရီ ထွေးခင် မြရှင်နှင့် မိတုတ်တို့
သွားခေါ်ရသည်။ မီးဖွားတော့မည်ဆို၍ ရွာသူတို့ လိုက်လာကြပြီး ရေ
ကြိုသူကြို နန္ဒင်းပြင်သူပြင်နှင့် အလုပ်များကုန်ကြသည်။ ကိုငှက်ရိုးက





သွားသည်ကို မကြုံဖူး၍ မီးနေခန်းလုပ်ရာ အဝသို့ ရောက်ရောက်လာရာ၊

"ဟဲ. . .ငှက်ရိုး. . ."

"ဘာလိုလဲ. . .အမေချစ်"

"ဘာမှမလိုဘူး နင်ဒီကိုမလာနဲ့တော့၊ ဒါ မီးနေခန်းဖြစ်နေပြီ
အပြင်မှာပဲ အိမ်စောင့်နေ ကြားလား. . ."

"ဟုတ်. . .ဟုတ်. . .ဟုတ်ကဲ့ အမေ. . ."

သူရပ်နေရာမှ ပြန်လှည့်ထွက်လာခဲ့လိုက်သည်။ သည့်နောက်
အိမ်ရှေ့ကြမ်းပြင်မှာ ထိုင်၍ စိုးရိမ်ပူပန်စွာဖြင့် နားစွင့်နေလိုက်သည်။ အခန်း
တွင်းမှ ဇနီးလုပ်သူရဲ့ စုပ်သပ်ညည်းညူသံများကို ကြားရသောအခါ သူပါ
ဝမ်းဗိုက်ထဲမှ နာသလိုဖြစ်ပြီး ထိုင်ရမလို ထရမလိုဖြစ်နေသည်။

"အေး. . .ကျွတ်. . .ကျွတ်. . .နာ. . .နာတယ်. . .အမေ. . .
အမေ"

"ခါးကို မလိမ်နဲ့သမီး၊ ပုံမှန်အဖြောင့် ညှစ်ပေး"

"အား. . .အား. . .အား. . .အမေ. . .အမေ အမလေး. . .
အမလေးတော်"

ဒေါ်မြချစ်က ဝမ်းဗိုက်ကို အမှိုးမှိုး လက်ဖြင့်ဖြင်ပေးသည်။ လမ်း
ကြောင်းတည့်ပေးသည်။ ဗိုက်ကလည်း သက်ကြီးသားဦး ဗိုက်သာဆိုသည်
လိုက်တာ နည်းတာကြီးမဟုတ်။ ဒီလိုနှင့် နာရီဝက်ခန့်ကြာအောင် ချေးမ
များခြင်း ဝေဒနာကို အံကြိတ်၍ ခံစားနေရသည်။

လူတစ်ကိုယ်လုံးလည်း ချွေးများဖြင့် ရွဲနစ်နေပြီး ကိုယ်ဝန်ဆောင်
မကြာနှင့် လက်သည်ဒေါ်မြချစ်ပင် နဖူးများ ချွေးသီးချွေးပေါက်များ ကျနေ
သည်။

ဒေါ်မြချစ်သည် သည်တစ်ရွာလုံးသာမက ရွာနီးချုပ်စပ်ပါမကျန်
ကည့်လည်နိုင်ခံ မွေးပေးခဲ့ဖူးသည်။ တစ်ခါမျှ ဒီလောက် မကြာခဲ့ဘူး။
ယခု လက်ကလည်း ဝင်လှသည်။ ချေးမ၏ အားဖျော့နေသည့် မျက်နှာကို
ကြည့်၍ နည်းနည်းစိုးရိမ်သလို ရှိလာခဲ့သည်။ ရင်ထဲမှလည်း စနိုးစနောင့်
ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာသူတို့က သူတို့သူငယ်ချင်းရဲ့ နဖူးဆံစကလေးများကို သပ်လို
ဗိုက်ကို ပွတ်ပေးလိုက် လက်ကိုဆုပ်၍အားပေးလိုက်နှင့် နှစ်သိမ့်နေကြသည်

ချွေးမကလည်း နာကျင်လွန်းလှ၍ နီးရာလူပေါင်ကို ဆွဲကု
အကျီ ထမီကို စုတ်ဖြဲမတတ် ညှစ်ကိုင်ရင်း အမေ. . .အမေဟု အော်လို
ဘုရားတလိုက်နှင့် နာကျင်လှသည့် ဝေဒနာကို အသည်းအသန် ခံစားနေ
သည်။ အခြေအနေသည် ခက်ခက်ခဲခဲအခြေအနေမှာ ရှိလာသော အ
ဒေါ်မြချစ် အိမ်ပြင်သို့ ခဏထွက်လာပြီး

"ငှက်ရိုး"

"ဗျာ. . .ဗျာ. . .အမေ"

သူ စိုးရိမ်ကြီးစွာဖြင့် လှည့်၍ထူးလိုက်သည်။ မျက်ကပြူး ဆံ
နှင့်လည်း မော့လိုက်သည်။

"နင် အင်္ဂုလိမာလသုတ် ရလား"

"ရ. . .ရ. . .ပါတယ် အမေ. . .ဘာဖြစ်လို့လဲဟင်"

"အေး. . .ရရင် ဟောဒီ ခန်းဆီးခေါင်းရင်းကနေ အဆက်မပြ
အသံထွက်ပြီး ရွတ်စမ်း"

"ဘာများ. . .ဖြစ်. . .လို့လဲ အမေရယ်. . .ဟင်. . .ဟင်"

"လျှာမရှည်နဲ့. . .ရွတ်မှာသာရွတ်. . ."

သို့ကလိုပြောပြီး ဒေါ်မြချစ် မီးနေခန်းသို့ ပြန်ဝင်သွားတော့သည်
သူလည်း ရွာဦးဘုန်းတော်ကြီးကျောင်း ထွက်ဖြစ်သည်။ ရွာဦးကျော
ဆရာတော် ဦးအာစာရ၏ တပည့်ရင်းဖြစ်သည်။ ပရိတ်ကြီး(၁၁)သုတ် အက
နီးပါး အလွတ်ရသည်။ ဒီမှာမှ သဘောပေါက်သွားတော့သည်။

အင်္ဂုလိမာလသုတ်သည် ကိုယ်ဝန်ဆောင်များ မီးဖွားရန် အခက်အ
ရှိနေပါက အနီးအနားမှ ရွတ်ပေးရသည့် သုတ်ဖြစ်သည်။ တန်ခိုးကြီးသ
အစွမ်းထက်သည်။ ဤသုတ်တော်အား ဘုရားရှင်သည် ဘဝဝဋ်ကြွေးကြေ
ဒုက္ခခံနေရသည့် အင်္ဂုလိမာလ ရဟန်းအား အလွတ်ကျက်စေ၍ မီးဖွ
ခက်သူတို့အိမ်မှာ အင်္ဂုလိမာလကို ရွတ်ဖတ်သရဇ္ဈာယ်စေရာ ထိုအခက်အ
ဖြစ်နေသော ကိုယ်ဝန်ဆောင် မိခင်များ ချက်ချင်း အန္တရာယ်ကင်းစွာ မီးဖွ





နိုင်ခဲ့ကြသည်။

သူသဘောပေါက်ပြီ. . .ချွေးမ အခက်အခဲရှိနေပြီ သူစိုးရိမ်ပူသွား
ခဲ့ရသည်။

သို့နှင့် အမေချစ်ပြောသည့်အတိုင်း ခန်းဆီးထရံခေါင်းရင်းမှထိုင်၍
ဘုရားကို အာရုံပြုပြီးနောက် အင်္ဂုလိမာလသုတ်ကို ဣန္ဒြေမာန်ပီသစွာဖြင့်
ရွတ်ဆိုလိုက်တော့သည်။

ယတောဟံ ဘဂိနိ အရိယာယ
ဇာတိယာ နာဘိ သဉ္စိစ္စ ပါဏံ။
ဇီဝိတာ ဝေါရောပေတာ။
တေန သစ္စေန သောတ္ထိတေ
ဟောတု သောတ္ထိ ဂဗ္ဘဿ။

ပရိတ္တံယံ ဘဏာန္တဿ၊
နိသိန္န ဌာန ဓောဝနံ၊
ဥဒကမ္ပိ ဝိနာ သေတိ၊
သဗ္ဗမေဝ ပရိဿယံ၊
သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ
ယဉ္စ သာဓေတိ တင်္ခဏေ၊
ထေရဿ ဂုံလိ မာလဿ။
လောက နာထေန ဘာသိတံ။
ကပ္ပ ဋ္ဌာယိ မဟာတေဇံ
ပရိတ္တံ တံဘဏာမဟေ။
ယတောဟံ ဘဂိနိ အရိယာယ
ဇာတိယာ နာဘိ သဉ္စိစ္စ ပါဏံ။
ဇီဝိတာ ဝေါရောပေတာ။
တေန သစ္စေန သောတ္ထိတေ
ဟောတု သောတ္ထိ ဂဗ္ဘဿ။

သူ အင်္ဂုလိမာလသုတ်ကို ရွတ်ရင်း အဓိပ္ပါယ်ကိုလည်း ပြန်လည်
သတိရလိုက်သည်။ အင်္ဂုလိမာလသုတ်သည် အလွန်အစွမ်းထက်၏။ အဓိပ္ပါယ်
သည်း လေးနက်ခိုင်ကျည်၏။ သူအဓိပ္ပါယ်ပါ သူ့ဇနီးနားလည် ကြားနာနိုင်ဖို့
ရွတ်ဆိုလိုက်သည်။

ယံပရိတ္တံ၊ အကြင် အင်္ဂုလိမာလသုတ်တော်ကို ဘဏန္တဿ၊
ရွတ်သောနိသိန္နဌာနဓောဝနံ၊ နေရာအရပ်ကို ဆေးသော၊ ဥဒကမ္ပိ



www.burmeseclassic.com

www.burmeseclassic.com



ရေမျှသည်လည်း သဖွဲ့ ခပ်သိမ်းသော ပရိသယ် ဘေးရန်ကို ဝိနာသေတ်
ဝေ၊ ပျောက်စေလျှင်သတည်း။

ယံ၊ အကြင်အင်္ဂုလိမာလပရိတ်သည်။ သောတ္တိနာ ချမ်းသာသဖြင့်
ဂဗ္ဘဝုဋ္ဌာနဥ္စ၊ ကိုယ်ဝန်ဖွားခြင်းကိုလည်း တခ်ဓနေ၊ ထိုခဏ၌ သာစေတ်
ပြီးစေတတ်၏။ အင်္ဂုလိမာလဿ၊ အင်္ဂုလိမာလ အမည်ရှိသော ထေရဿ
မထေရ်အား၊ လောကနာထေန၊ မြတ်စွာဘုရားသည် ဘာသိကံ ဟောတော်
မူထအပ်သော၊ ကပ္ပဋ္ဌာယိံ အာယုကပ်ပတ်လုံး တည်ထသော၊ မဟာတေဇံ
ကြီးမားသော တန်ခိုးလည်းရှိထသော၊ တံပရိတ္တံ၊ ထိုအင်္ဂုလိမာလသုတ်
ပရိတ်တော်ကို ဓေတ၊ အရှင်သူတော်ကောင်းတို့သည် မယံ၊ ငါတို့သည်
ဘဏာမ ရွတ်ကြကုန်အံ့။

ဘဂိနီ၊ နှမ. . .ငါတို့သည်. . .ယတော၊ အကြင်အခါမှ ပဋ္ဌာယ
စ၍ အရိယာယ၊ မြတ်သော ဇာတိယာ၊ အဖြစ်ဖြင့် ဇာတောဖြစ်၏။ တထော
ထိုအခါမှစ၍ သဥ္စိစ္စ၊ သေစေလိုသော စေတနာရှိသည်ဖြစ်၍ ပါဏံအသက်
သော သတ္တဝါကို ဇီဝိတာ၊ အသက်မှ ဝေါရောပေတာ ဣုတိ၊ ချဘူး
ဟူ၍ နာဘိဇာနာဘိ၊ ငါမသိ။ တေနသစ္စေန၊ ထိုသို့ မှန်သောစကားဖြ
တေသင်အား . .သောတ္တိချမ်းသာဖြစ်မည်။ ဟောတု ဖြစ်စေသတည်
ဂဗ္ဘဿ၊ ဝမ်းနည်း၌ရှိသော သတ္တဝါအား . .သောတ္တိ ချမ်းသာခြင်းသည
ဟောတု. . .ဖြစ်စေသတည်း . .။

ကိုငှက်ရိုး အင်္ဂုလိမာလသုတ်ကို ဆုံးသွားတိုင်း အစမှပြန်၍ အကြ
ကြိမ်ရွတ်ဆိုသည်။ နောက်ဆုံး အပိုဒ်ကိုလည်း အဓိပ္ပါယ်ဖွင့်ချက်နှင့် အကြ
ကြိမ် ထပ်ကာ ထပ်ကာရွတ်သည်။

ထိုသို့ ရွတ်နေစဉ် အိမ်ခေါင်းရင်းဆီမှ ကျယ်လောင်သော မြွေတွ
သံကို သူတို့မီးနေခန်းမှ သူများအားလုံးပါ ကြားလိုက်ရသည်။

"ရှီ . .ရှီ . .ရှီ . .ရှီ . ."

"ရှီ . .ရှီ . .ရှီ . .ရှီ . ."

အားလုံး မြွေတွန်သံကြောင့် မျက်လုံးများ ဝိုင်းစက်သွားကြသည
ဒေါ်မြချစ် စိုးရိမ်ကြီးစွာဖြင့် အချင်းချင်း မေးဆတ်ပြလိုက်သည်။ ကိုငှက်





ည်း ကြားရသည်။ သို့သော် သူ အင်္ဂုလိမာလသုတ်ကို အရွတ်မရပ်ခဲ့
ဆက်၍ရွတ်သည်။ ဒေါ်မြချစ်မြွေတွန်သံကို မီးနေသည်ကြား၍ လန့်မှာကို
ရပ်းစိုးရိမ်သွားခဲ့သည်။

သို့သော် . .ချွေးမသည် မျက်စိကိုမှိတ်၍ ပရိတ်သံကို အာရုံပြု၏။
ဘုရားကို အာရုံပြု၏ ရွှေညောင်ပင် ရက္ခစိုးကြီးကို မေတ္တာပို့၏။ မြွေတွန်သံကို
သူလည်း ကြားရ၏။ မြွေကြီးထံသို့လည်း မေတ္တာကို ပို့လွှတ်၏။ မြွေတွန်သံ
နှင့် ပရိတ်သံသည် တစ်လှည့်စီဖြစ်နေ၏။

သို့နှင့် အမှတ်ရစွာဖြင့် . . .

"အဘိုး . .သမီးတော်ကြီးကို. . .စောင့်ရှောက်တော်မူပါ အဘိုး
ည . . ."

ချွေးမနှုတ်မှ ဆက်၍ပြောလိုက်သည်။

"ဘုရားရှင်ကိုယ်တော်မြတ်ကြီး . .စောင့်ရှောက်တော်မူပါ. . .
ဘုရား"

သူမ အားကိုးရာမှန်သမျှကို တမ်းတ၍ အော်ဟစ်အကူအညီ
တောင်းခဲ့သည်။

"အေ. . .အား . .နာတယ်. . .ကျွတ်. . .ကျွတ်. . .အား. . .
အား . ."

"ချွေးမညှစ်ဟဲ့. . .သမီးရဲ့. . .မွေးတော့မယ်ဟဲ့ ညှစ်. . .ညှစ်
. . .ရပြီ. . .ဟေ့"

သန္ဓေတိုက်ခန်းမှ သန္ဓေသားသည် ထွက်ခဲ့ပြီး ဒီမှာ လက်သည်
မြချစ်လည်းကောင်း၊ အနီးရှိ မီးနေစောင့်သူများသည်လည်းကောင်း
ကိုယ်အတွင်းမှထွက်လာသည့် သန္ဓေသားကို ရုတ်ချည်းမြင်လိုက်ရ
သောအခါ မျက်လုံးများ ဝိုင်းစက်ပြူးကျယ် အံ့ဩခဲ့ရလေသည်။

အကြောင်းကား . .မိခင်ဝမ်းမှထွက်လာသည့် ကလေးသည် လူ
(သို့) လူ့ခြေလက်မြင်ကွင်းနှင့် ထွက်လာသည်မဟုတ် အိတ်ရှုံကြီးနှ
သည်။

ဒေါ်မြချစ်သည် အတွေ့အကြုံကြွယ်ဝသည့် လက်သည်ပီပီ စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစိတ်ကိုဖယ်၍ အိတ်ရှုံ့ကြီးကို လှမ်းဆွဲယူလိုက်ပြီး ငုံးနောက် လိုအဲပ်သလိုပြုပြင်၍ စကောတစ်ချပ်ထဲမှာ ထည့်ထားလိုက်ပြီး မီးနေသည် ကိစ္စအဝဝကို ကုန်စင်ပြီးမြောက်အောင် ဆောင်ရွက်ပေးလိုက်သည်။

♛♛♛♛♛

# ၁၀

ထူးဆန်းချက်တစ်ခုကား မီးဖွားရန်အခက်အခဲရှိစဉ်က ခေါင်းရင်း ဘက်နားမှ တရှိုက်ရှိုက်လာတွန်နေသည့် မြွေတွန်သံသည် မီးဖွားပြီးသောအခါ ချက်ချင်း ပျောက်ကွယ်သွားခဲ့ခြင်း ဖြစ်သည်။

မီးနေကူ ရွာသူများသည် စကောထဲရှိ အိတ်ရှုံ့ကြီးကို အံ့ဩထူး ဆန်းစွာ ကြည့်နေကြပြီး တစ်ဦးကိုတစ်ဦး လက်တို့မေးငေါ့၍ ဟန်နှင့်စကား ပြောနေကြသည်။

အချို့ကလည်း အိတ်ရှုံ့ကြီးကို ကြည့်၍ အော်မလိုဖြစ်၍နေ၏။ အိတ်ရှုံ့ကြီးကား ရုတ်တရက်ကြည့်လျှင် မြွေရေခွံ အိတ်ကြီးနှင့် သဏ္ဌာန်တူ ၏။ သူတို့ဒါကိုကြည့်ပြီး အသံထွက်အော်ကြမှာစိုး၍ ဒေါ်မြချစ်က မျက်နှာ ထားနှင့် ဟန့်တားရ၏။ အိတ်ထဲမှာ သက်ရှိသတ္တဝါတစ်ကောင်သည် အသက်ဝင်၍ လှုပ်လွန့်နေ၏။ မသိလျှင် မြွေတစ်ကောင်ဝင်ခွေ၍ လှုပ်လွန့် နေသည်နှင့် သဏ္ဌာန်တူ၏။ ရွာသူများ မည်သူမျှ မကာပ်ရဲ။ မတို့မထိရဲကြ။

လက်သည်ဒေါ်မြချစ်က မီးဖွားလုပ်သက်ရင့်ပြီး အတွေ့အကြုံ ကြွယ်ဝသည့် သမ္မာရင့် လက်သည်ကြီးဖြစ်သည်။ သူမလက်သည်ဘဝ



www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက်မှာ ခြေတုံးတိ လက်တုံးတိကလေးများလည်း မွေးပေးခဲ့ဖူးသည်။ မျက်စိမပါ၊ နှာခေါင်း နှာရွက်မပါသည့် ကလေးများလည်း မွေးပေးခဲ့ဘူးသည်။ တစ်ခါများ အသားထစ်ကဲ့သို့သော သန္ဓေသားဆန်းဆန်းပြားပြားကိုလည်း မွေးပေးခဲ့ဘူးသည်။ ခြေဖွား လက်ဖွားခက်ခဲသည့်များကိုလည်း မွေးပေးခဲ့ဘူးသည်။

ဒါမှမက အချို့က လူ့ဘီးလူးဟု ခေါ်ဆိုကြသည့် ဦးခေါင်းမှာ အချွန်အတက်အဖုများ၊ သွားများ အစွယ်များပါသည့် ကလေးများကိုလည်း မွေးဖွားပေးခဲ့ဖူးသည်။ သို့ဖြစ်၍ သူ့ဘဝမှာ ဒီကိစ္စတွေက သိပ်တော့ မဆန်းလှ။

သို့သော် ဒီကလေးကား သူ့အတွေ့အကြုံအရ အတွေ့အကြုံသစ်နယ်ဖြစ်နေ၏။ အပြင်သားရေအိတ်ကြီးက မြွေအရေခွံနှင့်အလား သဏ္ဌာန်တူ၏။ အပေါ်ယံမှာ အကြေးခွံသဏ္ဌာန် ပြောင်လက်သည့် အကွက်သဏ္ဌာန်များ ပါရှိ၏။ အကြေးခွံတော့မဟုတ်။ အရေးပါးပါးပဲ ဖြစ်သည်။

ဒေါ်မြချစ် ကပ်ကြေးကို ရေနွေးနဲ့ဆေးလိုက်ပြီး စကောထဲမှ လှုပ်လှုပ် လှုပ်လှုပ်ဖြစ်နေသည့် သားရေအိတ်ကြီးကို သတိကြီးစွာထားပြီး ကပ်ကြေးဦးဖြင့် အသာထိုး၍ ခွဲချလိုက်သည်။

"ဟယ် . ."

"လူတော့ . ."

"ချစ်စရာလေးတော့ ချွေးမရေ . ."

အားလုံး၏ နှုတ်မှ အာမေဋိတ်သံများ ကိုယ်စီထွက်ပေါ်လာကြသည်။ မြင်ရသည့် မြင်ကွင်းကား သားရေအိတ်ကြီး ကွဲသွားသောအခါ အကွင်းမှ အသားဖြူဖြူ ဝဝကစ်ကစ်နှင့် အလွန်ချစ်စရာကောင်းလှသည့် လူသားကလေးငယ်တစ်ဦးကို အားလုံး မြင်လိုက်ရတော့သည်။ ဒေါ်မြချစ်သည် ကလေးကို ခြေနှစ်ချောင်းမှ ဆွဲယူမြောက်ကိုင်လိုက်ပြီး ကျောကုန်းကို လက်နှင့်အသာ ဖိပုတ်ပေးလိုက်သည်။

"ဝါး . .ဝါး . .အဲ . .အဲ"

"ဝါး . .ဝါး . .အု . .ဝဲ . .အု . .ဝဲ . .ငဲ . .အု . .ဝဲ"





"ဟေး . ."

အားလုံး ဝမ်းသာကုန်ကြသည်။ မချွေးမသည် ကလေးငိုသံကြားရသောအခါ မိန်းမောနေရာမှ မျက်လုံးဖွင့်၍ ကြည့်လိုက်သည်။ ဒေါ်မြချစ်လက်ထဲမှ ချစ်စရာကောင်းလှသည့် ဖွေးဖွေးတုတ်တုတ် အသံကျယ်ကျယ်နှင့် အော်ဟစ် လှုပ်ရှားငိုနေသည့် ကလေးကို မြင်လိုက်ရသောအခါ စောစောက သေလုမတတ် ခံစားခဲ့ရသည့် ဆင်းရဲဒုက္ခများ အားလုံး ပိန်းကြာရွက်တွင် ရေမတင်သကဲ့သို့ ပြေစင်လျောကျသွားကာ ဝမ်းသာကြည်နူးမှုများ တလှပ်လှပ် တဖျပ်ဖျပ်ဖြစ်ပေါ် ခံစားခဲ့ရတော့သည်။

"အမေချစ် . .ဘာ . .ဘာ . .လေးလဲဗျ"

ထိုစဉ် အခန်းအပြင်မှ ကိုငှက်ရိုးက ကလေးငိုသံကြားရ၍ ပရိတ်ဖတ်ခြင်းကို ရပ်ပြီး အလျင်စလို လှမ်းမေးလိုက်သည်။

"မိန်းကလေးဟေ့ . .ငှက်ရိုးရေ . .ချစ်စရာလေးဟဲ့"

"မိန်းကလေး . .သမီးလေး . .သမီးလေး . .ငှက်ရိုးကွ"

ကိုငှက်ရိုးက ထုံးစံအတိုင်း ဝမ်းသာလွန်းလှ၍ "ငှက်ရိုးကွ"ဟု အော်ကာ အိမ်ရှေ့ပြေးထွက်၍ လက်ခမောင်း တဖျောင်းဖျောင်းခတ်လေတော့၏။ ထွေးစိန်က ကယျာကယာထွက်လာတဲ့ပြီး

"ကိုငှက်ရိုး . . .တော် ဝမ်းသာလုံးဆို့ပြီး အရူးထမနေနဲ့ [illegible]နေသည် သွေးလန့်ပြီး ဒုက္ခရောက်လိမ့်မယ်၊ တော် ဣန္ဒြေရရနေ"

"အေး . .အေးပါဟာ ထွေးစိန်ရာ၊ ငါ . .ငါ ဝမ်းသာလွန်းလို့ . .အဟီး"

"ဟွန်း . .ထကို ထတဲ့လူ"

ကိုငှက်ရိုးက အဟီးဟု တစ်ချက်ရယ်ရင်း ကုက္ကိုတုံးပေါ်မှာ ဣန္ဒြေ[illegible]ထိုင်ကာ သတိတရဖြင့် လေ့ဆိပ်ရွှေညောင်ပင် ရုက္ခစိုးနတ်ကွန်းသို့ [illegible]ပြုလိုက်တော့သည်။

ဒေါ်မြချစ်သည် ကလေးကို ရေမိုးသန့်စင်ပြီး အနှီးတစ်ထည်ဖြင့် [illegible]နှ ထွေးကာ မိခင်ဖြစ်သူ မချွေးမအနီးသို့ ချပေးလိုက်သည်။

မချွေးမသည် ဖြူဖြူကစ်ကစ်နှင့် မျက်လုံးသေးသေးနှင့်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကလယ်ကလယ်လုပ်နေသည့် သမီးသေးငယ်လေးကို ကြည့်၍ အားရကျေနပ်စွာ လက်နှင့်ဖက်ထားလိုက်သည်။

"နို့တိုက်ပါ အေရဲ့"

ဒေါ်မြချစ်က လှမ်းသတိပေးတော့မှ သူမ သမီးလေးပါးစပ်ထဲသို့ နို့သီးခေါင်းကို မရရအောင် သွင်းပေးလိုက်သည်။ ကလေးငယ်သည် နို့သီးခေါင်းကို ပါးစပ်နှင့် တပြွတ်ပြွတ်မြည်အောင် စုပ်နေ၏။ ထိုတပြွတ်ပြွတ်မြည်သံကား မချွေးမဘဝမှာ အကြားချင်ဆုံး အချိုမြိန်ဆုံး အရသာအရှိဆုံး ဘဝအရသာ အနှုန်းအညှံ့တစ်ခုပဲဖြစ်လေသည်။

# ၁၁

(၇)ရက်ပြည့်မြောက်သောအခါ မချွေးမ မီးထွက်သည်။ မီးထွက်ပြီး ...ောက် ကိုငှက်ရိုးက သူ့သမီးကို နာမည်ပေးမည်ဟု တိုင်ပင်ကြသောအခါ ...သည်ဒေါ်မြချစ်က ကောက်ခါငင်ကာ

"ခင်မြွေလို့ ပေးလိုက်ဟာ"

"အမလေး ကြောက်စရာကြီး အမေချစ်ရာ"

"မကြောက်ပါနဲ့ အေ့၊ ညည်းတို့ တစ်ခါက ပြောခဲ့သလိုပေါ့ ...က် မက်တုန်းကလဲ မြွေဝင်လာပြီး အမေနဲ့နေချင်လှချည်ရဲ့လို့ ပြော...။ မွေးတဲ့နေ့ကလည်း ထူးထူးခြားခြား မြွေတွန်သံကြားပြီးမှ မွေးတယ်။ ...မကာတူး မွေးတုန်းကလည်း မြွေအရေခွံသဏ္ဍာန်မျိုး အိတ်ကြီးနဲ့ မွေးလာ...ဘွာ အဲဒီတုန်းကများ ငါ့မှာ ကပ်ကြေးနဲ့ ခွဲသာခွဲနေရတယ် အကာယ်၍ ... အထဲက မြွေထွက်လာရင် ဒုက္ခဆိုပြီး ဘုရားတနေရတာအေ့၊ နောက် ...စစ်ဖြစ်လို့ အင်း ချရတယ်၊ ပြီးတော့ စနေသမီး စိတ်ကလည်း ...ပုံရရဲ့တော်၊ လုပ်မနေနဲ့ ငှက်ရိုးနဲ့ချွေးမ ငါတို့ကတော့ "ခင်မြွေ" လို့ ...မှာပဲ ကြိုက်ချင်ကြိုက် မကြိုက်ချင်နေ"



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနှင့်ကိုငှက်ရိုးနှင့် မချွေးမတို့၏ သမီးရင်သွေးသမီးငယ်ကလေးသည် ဗေဒင်မေး၍ နာမည်ပေး၍ တစ်ပြားတစ်ချပ်မှ မကုန်ရပါဘဲ၊ လက်သည်ဒေါ်မြချစ်ရဲ့ နှုတ်ဆောင်မမှုနှင့် ''မခင်မြွေ''အမည်တွင်သွားခဲ့လေသည်။

သို့သော်. . .ကိုငှက်ရိုးက ''မခင်မြွေ''ဆိုသည့် အမည်ကို သိပ်မကြိုက်ချင် သူ့မိန်းမ မချွေးမကတော့ အခြေအနေအကြောင်းအရပ်ရပ်နှင့် ကိုက်ညီသဖြင့် ''မခင်မြွေ''ဟူသော အမည်ကို ကြိုက်သည်။ ဤအမည်သည် တောက်ပသည် ရဲရင့်သည်။ မြွေသည် လာဘ်နှံဖြစ်သည်ဟု သူပြော့ကိုယ်ထင် ယုံကြသည်။

ကိုငှက်ရိုးက သူ့သမီးကို ဒီထက်ကောင်းသည့် နာမည်ပေးချင်သည်။ သို့နှင့် ရွာထဲမှ ဗေဒင်ဆရာကြီးဖြစ်သော ဆရာကြီး ဦးမှိုင်းထံသွား၍ မည်သည့် အမည်ပေးလျှင် သင့်မည်နည်းဟု တိုင်ပင်ကြည့်သည်။

ဆရာကြီးဦးမှိုင်းက ရွာထဲမှ ကလေးမွေးသံကြားလျှင် စေတနာဝန်ထမ်း အမည်မှည့်ပေးချင်သူဖြစ်၏။ သူပေးခဲ့သည့်သူလည်း တော်တော်များများရှိနေ၏။ သူသည် ဗေဒင်မဟာဘုတ်လည်း အသင့်အတင့်ရ၏။ နာမည်ပေးရမည့် အလုပ်လည်း ဝါသနာထုံ၏။ ဘာလာဘ်တင်ကြေးမှလဲ မမျှော်ကိုးပေ။

ပေးလျှင်လည်းယူသည်။ မပေးလျှင်လည်း မညှုရှူ။ သူက လူပိုကြီးတည်း။

သို့ဖြင့် ကိုငှက်ရိုး ဆရာမှိုင်းအိမ်သို့ ရောက်သွားခဲ့၏။

''မင်း သမီးက ဘာနေ့သမီးတုန်း မောင်ငှက်ရိုးရဲ့''

''စနေသမီး အဘမှိုင်းရ. . .''

''မွေးချိန်ကရော့ကွ''

''မနက်(၁၁)နာရီ ခင်ဗျာ''

''နေတက်မွေးပဲဟ''

''နေတက်မွေးဆိုတော့ ကောင်းရဲ့လားအဘရ''

''အင်း. . .ရှေးလူကြီးများ အယူအဆကတော့ နေတက်ရောက်စနေနေ့မွေးရင် ဖအေက အဲဒီကလေးကို ခါးထမ်းပြီး ကျော်ရသတဲ့ကွ''





''ဘာလို့လဲ ခင်ဗျ''

''ဆိုးလွန်း ပုလွန်းလို့ကွ၊ ထားပါကွာ အချိန်တန်လို့ ကိုယ်ဗိုဗိုစီးစီးဆုံးမ အုပ်ချုပ်နိုင်ရင် လိမ္မာကြတာပါပဲ၊ အင်း. . .စနေသမီး. . .က၊ သ၊ င်၊ အောက်၊ တဲ၊ ယာ၊ ဘောက်ဆိုတဲ့ နာမည်ပေးနည်းနဲ့ ပေးရရင်ဒွှေဟူး၊ ကြာသပတေး၊ တနင်္ဂနွေ တွဲပေးရမယ်ကွ. . .ဥပမာ စနေနဲ့တနင်္ဂနွေနဲ့ တွဲရင် ''နှင်းအိမ်''ဆိုတဲ့ နာမည်မျိုးပေါ့ကွာ၊ နှင်းက ဖြူဖွေးတယ်၊ အိမ်က ပိုင်ဆိုင်ခြင်း အဓိပ္ပါယ်ရှိတယ်၊ သူကြွယ်ဂိုဏ်းများလည်း ကျတယ်။ ကြီးပွားမယ်၊ ''ထွေးဥ''လည်း အတူတူပဲ တစ်ခါ စနေနဲ့ ဗုဒ္ဓဟူးဆိုရင် ချေးစာဆိုအရ ရှုံးတာတောင် ထမင်းမငတ်ဖူးတဲ့ကွ၊ ဥပမာ ထွေးရှင်၊ ထွေးရီ၊ ရွှေရီ၊ ထွေးဝေ၊ တိုးဝေစတဲ့ အမည်မျိုးပေါ့၊ အဲဒါက ဩဇာဂိုဏ်းမှာရှတယ်၊ ဘုန်းကြီးတတ်တယ်၊ တစ်ခါ စနေနဲ့ ကြာသပတေးတွဲရင် နုမေတို့ နှင်းမေတို့ နှင်းမြွေတို့ စသည့် ခပ်ဆန်းဆန်းလေး ပေးလို့ရတာပေါ့။

''ကျွန်တော်တော့. . .နှင်းမြွေလည်း ကြိုက်သား ဘကြီးမှိုင်းရ''

''ဘာလို့လဲကွ''

''အဖြူရောင်မြွေကလေး. . .မြွေဖြူပေါ့ဗျာ''

''အံမယ် ငှက်ရိုး မင်းတောင် ဒါတွေဘာတွေ နားလည်လို့ပါလားကွ၊ ဘယ်တုန်းကများ တတ်နေပါလိမ့် ငါလူရာ. . .ဒါနဲ့များ ငါ့ဆီလာကြည့်နေရသေးတယ်လို့ ငှက်ရိုးရာ''

''နည်းနည်းပါးပါးပါ အဘရွာ၊ ရွာဦးကျောင်းဆရာတော်တပည့်ပဲ အဟဲ. . .အဟဲ. . .ဟဲ''

''အေး ငါလဲ ခေတ်ဆန်သမို့ ကြိုက်တယ်ကွ. . .ဒါနဲ့. . .မင်းသမီးက မြွေဝင်စားဆိုတာ အရပ်ထဲပြောသံကြားနေရတယ်၊ ဟုတ်လို့လား''

''အိပ်မက်ပါ အဘရာ''

''မင်းတို့ အိပ်မက်က သားဆုတောင်းလို့ ရတာလို့ ရတဲ့အိပ်မက်ကိုနေ့က ထွေးရီတို့မမြချစ်တို့ ပြောနေကြရဲ့ အဲဒါ အမှန်ပဲလား''

''အဲ. . .အဲ. . .အဲဒါတော့ ဟုတ်တယ် အဘမှိုင်းရ တိုက်တိုက်ဆိုင်ပဲဗျ''



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း . .ဒါဆိုလည်း . .နှင်းမြေ့ပဲ ပေးလိုက်ကွာ"

"ကောင်းတယ် အဘရာ . .ကျွန်တော်လည်း ကြိုက်တယ် ဘတူမလည်း ကြိုက်မှာပါဗျ"

ဒီလိုနှင့် သူ့သမီးကို "နှင်းမြေ့"ဟူသော လှပခေတ်ဆန်သည့် အမည်ကို ကိုငှက်ရိုးက ပေးခဲ့ပါသော်ငြားလည်း အရပ်က လက်သည်ကြီး ဒေါ်မြချစ်ကြီး ခေါ်သည့်အတိုင်း "ခင်မြေ့"ဟုပဲ ခေါ်ကြသည်။ နောက်ဆုံး နှင်းမြေ့ အမည် ပါးလျားပျောက်ကွယ်သွားပြီး အများအခေါ် ခင်မြေ့ဟူသော အမည် သာ ရွာနှုတ်ဖျားမှာ အတည်ပြုပြီး ဖြစ်သွားခဲ့ရလေသည်။

♛♛♛♛♛

## ၁၂

ဆိုရလျှင်တော့ . .ခင်မြေ့ကလေးသည် လူတိုင်း၏ ခင်ချင်စရာ ချစ်ချင်စရာလေးကို အမှန်တကယ်ဖြစ်လာခဲ့သည်။ လူတိုင်းက သူမရဲ့ ဝိုင်းဝိုင်းပြည့်ပြည့် မျက်တောင်ကော့ကော့ ရွှန်းရွှန်း မျက်နှာကလေးကို မြင်ကြလျှင် ချစ်ကြ၏။ ချစ်လွန်း၍ ဝိုင်းများနမ်းကြလျှင် ပျော်လွန်း၍ ခိုးခိုး ခစ်ခစ် အသံထွက်ရယ်ပြီး ရွှင်မြူးလေ့ရှိ၏။ အဖေနှင့် အမေကသည်း ချစ်လိုက်ရသည်မှာ တုန်လို့။

သို့သော် ခင်မြေ့လေးသည် အလွန်ထူးဆန်း၏။ ငိုခဲ၏။ ငိုစေချင်၍ ချောင်စလျှင် မငို။ သို့သော် တကယ်ငိုသောအခါ အလွန်ကို ကြောက် စရာကောင်းတော့သည်။

တစ်နေ့ မချွေးမ ကလေးကို ပုခက်ထဲထည့်ပြီး ထမင်းအိုးငှဲ့နေ သည့်အချိန် ဖြစ်သည်။ ခင်မြေ့က ပုခက်ထဲမှ လူးလွန့်၍ ခေါ်ရန်အသံပေးနေ သည်။ ထမင်းအိုးငှဲ့ရင်း တန်းလန်းမို့ အချိန်က အတန်ငယ်ကြာသွားခဲ့သည်။ ထိုမှာ ခင်မြေ့စိတ်ဆိုးပြီး ကုန်းအော်ငိုတော့သည်။ ငိုသံမှ အသံကို ကြား၍ကို သည်။ ထမင်းအိုးငှဲ့ပြီး ခွင်ပေါ်ပြန်တင်၍ ကောက်ယူပွေ့ချီကာ သမီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာရဲ့ဟု ချော့သော်လည်း အငိုက လုံးဝမရပ်။

သည်မှာပဲ. . .အလွန်အံ့သြဖွယ်ရာကောင်းသည့် အဖြစ်ကို မချွေးမ ထူးဆန်းစွာ မြင်လိုက်ရသောအခါ ကြီးစွာ စိုးရိမ်ထိတ်လန့်သွားခဲ့ရလေ သည်။

ခင်မြွေသည် အသံကုန် တက်မတတ် ချက်မတတ် ဒေါသကြီးစွာ ဖြင့် ငိုလိုက်သောအခါ ဖြူဖွေးနုထွတ်သည့် ကလေး၏အသားအရည်သည် ချက်ချင်း မျက်စိအောက်မှာ သပိတ်ရောင်အသွင်နီးပါး ညိုမည်းမှောင်လာ ခဲ့သည်။ မျက်လုံးနှစ်လုံးသည် ဒေါသရောင် စိတ်ဘိုရောင်ဖြင့် ရဲရဲနီနေ၏ အသားများ နက်ကြုတ်လာရာမှ သူသည် လက်ထဲမှာ လုံးဝအငြိမ်မနေတော့ ဘဲ လူးလွန့်ငိုယိုရာ ဘယ့်လိုမှ မချွေးမ ထိန်းလို့မနိုင်ခဲ့။

သည်ကလေး လူးလွန့်နေသည့်ပုံစံသည် မြွေတစ်ကောင် လူးလွန့် နေသည့်အလား ခြေရော လက်ရော ကိုယ်ရောခေါင်းရော လူးလွန့်လိမ် ကောက်မတတ်ဖြစ်နေရာ မချွေးမသည် သမီးအဖြစ်ကိုကြည့်ပြီး စိုးရိမ်ထိတ် လန့်၍လာခဲ့သည်။

"သမီး . . .သမီးလေး"

"ဟဲ့. . .ဟဲ့. . .သမီးလေး . . .ခင်မြွေ. . .အဘတိုးရေ အဘတ မြန်မြန်လာပါအုံး. . .ဒီ. . .ဒီမှာ. . .သမီးလေး ဘယ်လိုဖြစ်မှန်းမသိဘူး. . အဘတိုးရဲ့. . .ဟီး. . .ဟီး. . .ဟီး သမီး. . .သမီး"

"မချွေးမ အလန့်တကြား အော်ဟစ်ငိုယိုရင်း ခေါင်းရင်းအိမ် အဘဦးတိုးကို လှမ်းအော်ခေါ်ရတော့သည်။ မချွေးမ ငိုယိုအော်ဟစ်သံကြော ခေါင်းရင်းဘက် အဘဦးတိုးတို့ လင်မယား အပြေးအလွှားရောက်လာခဲ့သည်

"ဟဲ့. . .ချွေးမ. . .ဘာဖြစ်လို့လဲဟဲ့. . .ကလေးက ငိုလှချည်လာ

"ဟီး. . .ဟီး. . .ဟီး ဘာဖြစ်မှန်းမသိဘူး အဘရဲ့. . .ခင်မြွေငိုလ အသားတွေမည်းနက်လာတယ်. . .မျက်လုံးတွေလည်း ရဲလို့အဘရဲ့ ဒီ ကြည့်ပါအုံး . . .ကျွန်မ. . .သမီး . . .တစ်ခါမှ ဒါ. . .ဒါမျိုး မဖြစ်ဖူးဘ အဘတိုးရဲ့ အဆိပ်ရှိတဲ့ သတ္တဝါတစ်ကောင်ကောင်များ ကိုက်သွားသေ သလား မသိဘူး၊ လုပ်ကြပါအုံး. . .ကယ်ကြပါအုံး အဘတို့ရဲ့ ဟီး . .





ဟီး. . .သမီးလေး ခင်မြွေ. . ."

"ပေးစမ်းငါ့ကို"

အဘတိုးက. . .ချွေးမလက်မှ ခြစ်၍ငိုနေသည့်ကလေးကို သက်ပြောင်းယူလိုက်သည်။ ခင်မြွေသည် အဘတိုးလက်ထဲမှ တွန့်လိမ်၍ သည်းထန်စွာငိုနေ၏။ ငွမ်းစလို အသားဖြူသည့် ကလေးတစ်ကိုယ်လုံးသည် အခု အသားမည်းကြုတ်နေသည်။ အဘတိုးချော့ရင်း မော့ရင်းမှ ကလေး ခန္ဓာကိုယ်အနှံ့ကို လှန်လှောကြည့်၍ စစ်ဆေးလိုက်သည်၊ တစ်ကောင်ကောင် အကိုက်ခံရသည့် ဒဏ်ရာ လက္ခဏာလုံးဝမတွေ့ရ။

"မြေးလေး . . .ခင်မြွေ. . .မြေး . . ."

ကလေးက ဒေါသကြီးစွာ ထိန်းမနိုင်အောင် ငိုနေဆဲ. . .

"ဟဲ့. . .မဖွား . . ."

"ဘာလဲ. . .ကိုတိုး"

"သွားစမ်း. . .အိမ်က ဘုရားစင်ပေါ်က ဆရာတော်ဘုရားကြီးများ ရိတ်ရေပုလင်း အမြန်ယူလာခဲ့စမ်း"အဖွား မဖွားသစ် အိမ်ပေါ်မှ ပြေးဆင်း သွားခဲ့သည်။ ပြန်လာသောအခါ. . .ဆရာတော်ဘုရားကြီးများ ချီးမြှင့်ခဲ့သည့် ရိတ်ရေပုလင်း ပါလာသည်။ ဘကြီးတိုးက ပရိတ်ရေပုလင်းမှ ပရိတ်ရေကို ၍ ကလေးငယ်ထိပ်ကစပြီး သပ်ချလိုက်သည်။

"မကောင်းသော မိစ္ဆာများ ဝင်ရောက်ပူးကပ်ပါက . . .ချက်ချင်း ကွက်ခွာလို့သွားကြစေ. . .အပူးအကပ် အနှောက်အယှက်များရှိပါက ဝေးရာ သို့ သွားစေ အဆိပ်ရှိသော သတ္တဝါကိုက်ခံ ပူးကပ်နှောင့်ယှက်ပါကလဲ အဆိပ် ... သမျှ ရေအတိဖြစ်စေ ဘုရား တရား သံဃာ အထက်ဆရာတော်ကြီးများ အမိန့်တော်. . .ပရိတ်ရေစင်၏တန်ခိုးတော်. . ."

သို့ကလို နှုတ်မှရွတ်ဆိုရင်း. . .ဦးခေါင်းမှဆံပင်ကို ပရိတ်ရေနှင့် သပ်ချသည်။ ကျောမှသည် ခြေဖျားအထိတစ်ကိုယ်လုံးကိုလည်း ပရိတ်ရေ စင်နှင့် သပ်ချပြီး ရေစင်အနည်းငယ်ကို ကလေးပါးစပ်အတွင်းသို့ တိုက်ထည့် ... လိုက်သည်။

ခဏနေတော့ ကလေးငယ် အငိုရပ်သွားခဲ့သည်၊ အငိုရပ်သွားသည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် မည်းကြုတ်နေသည့် အသားအရေသည် ဒေါသပြေသွားသောကြောင့် ပြန်ကျသွားပြီး နဂိုအသားအရေ ဖြူဖြူဖွေးဖွေးအဖြစ်သို့ ပြန်ရောက်သွား သည်။ မိခင်နို့ကို အငမ်းမရစို့တော့သည်။ သည်တော့မှ မချေးမလည်း စိုးရိမ်မှုပူပန်မှုများ ကင်းစင်ကာ ပြုံးရယ်လာနိုင်ပြီး သမီးပါးပြင်ပေါ်မှ မျက်ရည် စများကို သုတ်ပေးနိုင်ခဲ့သည်။

ယင်းအဖြစ်အပျက်ကို အလုပ်မှပြန်လာသည့် ကိုငှက်ရိုးကြားသိ သောအခါ တအံ့တသြဖြစ်ခဲ့ရပြီး သမီးလုပ်သူကို လှမ်းကြည့်ကာ ဘာဖြစ်လို့ လဲသမီးလေးရယ်ဟု တဖွဖွလှုပ်ပြီး မေးခဲ့၏။ စကားမပြောတတ်သေးသော ကလေးက မိခင်နို့ကိုသာ အားရပါးရစို့နေ၏။

''ကျုပ်လည်း . . ထမင်းအိုးငှဲ့နေလို့ သူနိုးပြီး ခေါ်သံပေးတာကို ချက်ချင်းသွားမကြည့်နိုင်ခဲ့ဘူး ကိုငှက်ရိုးရဲ့ . . အဲဒီအချိန်မှာ ဒေါသထွက်ပြီး ငိုရာကနေ မကြုံဖူး မမြင်ဖူးပါဘူးတော် အသားတွေကို မည်းကြုတ်သွားတာ များ ရှင်မြင်ရင်ကြောက်သွားမှာပဲ ဘကြီးတိုးတို့သာ မေးကြည့်တော့ . .

''အိမ်း . . ငါတို့ တစ်သက်နဲ့တစ်ကိုယ် တွေ့တာမြင်တာဆိုရင် အသားပြာ နှုတ်ခမ်းပြာလာတာပဲ တွေ့ဖူးတယ်ကွ . . ပြီးတော့ မျက်နှာကြီး နီလာတာမျိုး တွေ့ဖူးတယ်ကွ . . ၊ အင်း . . မင်းကလေးကတော့ကွာ မမွေးခင်ကလည်း ထူးဆန်း၊ မွေးလာတော့လည်း ထူးဆန်း၊ လူဖြစ်လာပြန် တော့လည်း ထူးဆန်းနေသမို့ နာမည်တောင် ထပ်ပြောင်းဖို့ကောင်းနေပြီ ငှက်ရိုးရ''

''ဘယ်လို ပြောင်းရင်ကောင်းမလဲ အဘတိုးရ''

''ခင် ထူးဆန်းအံ့ဖွယ် . . လို့သာ ပြောင်းလိုက်ပါကွယ်''

''ဟား . . ဟား . . ဟား . . ဟား''

''ဟုတ်ပါ့ဗျာ၊ အဘပြောသလို ပြောင်းရမလို ဖြစ်နေပြီဗျို့''

အဘတိုးတို့ လင်မယားကလည်း ကလေးကိုကြည့်၍ ရယ်ကြ တော့သည်။

''ဒါဆို . . တို့မျှား တစ်ခုတော့ သတိထားဖို့ လိုမယ်နဲ့တူတယ် မိန်းမရေ''





''ဘာလဲဟင် ကိုငှက်ရိုး''

''တို့သမီးကို ဒေါသထွက်အောင် စိတ်ဆိုးအောင် လုပ်ဖို့မသင့် ဘူးနဲ့ တူတယ်ကွယ့်၊ အေးလေ ဒါမျိုးကလည်း နောင်ဖြစ်မဖြစ်တော့ စောင့်ကြည့်ရအုံးမှာပေါ့ကွာ''

မကြာခင် ခင်မြွေနို့ဝ၍ အိပ်ပျော်သွားခဲ့သည်။ ဝသည့်ကလေး သည် နို့ကိုအလွန်မက်၏။ အထူးသဖြင့် နွားနို့များ ဖွန်းနှင့်တိုက်လျှင် အလွန်နှစ်ခြိုက်စွာ သောက်လေ့ရှိ၏။

ဆိုရလျှင် . . ခင်မြွေ နှစ်ပတ်လည်အရွယ်ရောက်သည့်အထိ စိတ် ကောက်လျှင် အလိုမကျလျှင် ခြစ်ခြစ်ပါအောင်ငို၏။ ဒေါသတကြီးငို၏။ နှန့်လိမ်ကောက်ကွေး၍ ငို၏။ အဲဒီအဖြစ်မျိုး တစ်ခုခုနှင့် ငိုခဲ့ပြီဆိုလျှင် အသားအရေများ မည်းကြုတ်လာ၏။ မျက်လုံးနှစ်လုံး ရဲတွတ်ကာ ကြောက်စ ရာကောင်းလာ၏။

ကြာတော့လည်း သည်အဖြစ်မျိုး မကြာခဏကြုံရဖန်များလာသော အခါ အစကနဦး အတွေ့အကြုံတုန်းကလောက် မတုန်လှုပ်တော့။ သည်း ညိတ်ရင်ဖို့မဖြစ်ချင်တော့၊ ထိုအခါ ခေါင်းရင်းအိမ်က ပေးထားသည့် ပရိတ်ရေ တိုက်ပေး သပ်ချပေးလိုက်သည်နှင့် ဒေါသများပြေပြီး နဂိုမူလအတိုင်း ဖြစ်သွားလေ့ရှိသည်။

နောက်တစ်ခု ထူးဆန်းသည့်အဖြစ်တစ်ခု ရှိသေးသည်။

ခင်မြွေကို ကြမ်းပြင်ဖျာပေါ်မှာ တုံးလုံးပက်လက်ကလေးများ ထားခဲ့ရင် ခြေဖျားနှင့်သူ့နှဖူး ထိလုနီးပါး ကွေးဝိုင်းခွေ၍ ''ဝ''လုံး ပုံစံကာန် အိပ်နိုင်ချင်းပဲဖြစ်လေသည်။

အချို့ကတော့ အရိုးပျော့ပျောင်းလွန်း၍ဟု ဆိုကြ၏။

အချို့ကတော့ . . သင်းကလေး မြွေဝင်စားမို့ သူ့ဗီဇကို ပြတာပဲဟု ဆိုကြ၏။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

## ၁၃

အချိန်တို့သည် သူ့ခြေလှမ်းနှင့်သူ ခရီးသွားနေကြ၏။

နွေသည် ပုရစ်ဖူးယိမ်းအကနှင့် အသစ်ကူး စိမ်းမှုပြီးနော

အဝါရောင်ရော်ရွက်များနှင့် အကြောပြိုင်းပြိုင်းကျလာပြီး . .ဘဝကို နိုင်ုံးချ

တော့မယောင်နှင့် လွမ်းနေ၏။

ထို ကြွေလုလုနွေသည် . . .

မိုးဦးကျ မိုးပေါက် မိုးစက်တို့၏ တို့ထိအနမ်းအကြင်နာ

ခံယူသောက်စို့ကာ ဘဝသစ်လဲပြီး ပုရစ်ဖူး အနုအသစ်ယိမ်းကို မိုးခြိမ်း

တီးလုံးများနှင့် ပြန်ကပြီး ဘဝသစ်ဖြစ်ခဲ့ပြန်၏။ သူ့ကိုယ်သူ နာမည်ပြော

ခဲ့၏။ သို့နှင့် မခင်မိုးဖြစ်ခဲ့ပြန်၏။

ဘာမျှမကြာလိုက် . . .

မိုးသည် နောက်ဆုံးအချိန်မှာ အိမ်ပြန်ဖို့ ပြင်ခဲ့၏။ နှုတ်ဆက်စကာ

ဆို၍ မိုးခြိမ်း၏။ ပြီးနောက် အပြန်လေ့ဆိပ်သို့ ဆင်း၏။ သူမနှင့်အ

လေရောမိုးရော ပြန်ပါသွားခဲ့သည်။

ထိုအခါ . .ဆောင်းသည် အနွေးအင်္ကျီရှည်ကို ဝတ်ကာ လူ

ညှို့သည်အဖြစ် ပြန်ရောက်လာ၏။ ၎င်း၏ဓာပဝါကို ဖြန့်၍က၏။





သည်လိုနှင့် နွေ၊ မိုး ဆောင်းရာသီတို့သည် ဘဝအင်္ကျီအသစ်

များကို သူ့ရာသီနှင့် သူဝတ်ပြီး လူ့လောကသို့ အလှည့်ကျ အလည်

လာကြ၏။ ပြီးတော့ ပြန်သွားခဲ့ကြ၏။

တစ်ခါတစ်ရံ လေပြေညှင်းနှင့် သီချင်းဆို၍လာခဲ့၏။

တစ်ခါတစ်ရံ . .

ဒေါသလက်ခမောင်းခတ်သံများနှင့် ဒုန်းစိုင်း၍လာခဲ့၏။

တစ်ခါတစ်ရံ

ကြာမြင့်ကြီးစွာ ယဉ်ကျေးစွာဖြင့် ခြေတစ်လှမ်း ကုမ္ဘေတစ်သန်း

လှမ်းလာ၏။ သို့ဖြင့် နရည်နှင့် သတ်မှတ်အပ်သော ဥတုရာသီတို့သည်

အကြိမ်ငါးလီ ပြောင်းခဲ့တော့သည်။

ဆေးအုန်းသီးရွာသူ မခင်မြွေလေးလည်း ငါးနှစ်ရွယ်သို့ ရောက်လာ

ခဲ့သည်။

❦❦❦❦❦

www.burmeseclassic.com

www.burmeseclassic.com

# ၁၄

ထို ငါးနှစ်ပြည့်သောကာလသို့ ရောက်ခဲ့သောအခါ ကိုငှက်ရိုး နှင့် မချွေးမတို့ ဇနီးမောင်နှံမှာ သမီးငယ်ခင်မြွေအတွက် ကြီးစွာသော စိုးရိမ်သောကများနှင့် ပြဿနာအချို့ကို နဖူးတွေ့ ဒူးတွေ့ရင်ဆိုင်ကြရလေ တော့သည်။

အကြောင်းကား . .

ခင်မြွေသည် အသက်ငါးနှစ်ရောက်၍ လမ်းလျှောက်ကစားနိုင် သည့် အရွယ်သို့ရောက်ခဲ့သည့်တိုင် ပါးစပ်မှ စကားမပြောခြင်းပဲဖြစ်သည်။

အသက်ငါးနှစ်ရောက်သော ခင်မြွေသည် ဖွေးဖွေးတုတ်တုတ် ထွားထွားနှင့် ချစ်စရာလေးဖြစ်၏။ စားလည်းစားနိုင်၏။ ကစားလည်း ကစား၏ သို့သော် သူပြောနိုင်သည့် စကားလုံးကား အားဝါးအား အင်း ဟင် အင်း . . နှင့် ရယ်ခြင်း ငိုချင်း မျှသာပြု၏။ လိုချင်သည့်အရာကို လက်ညှိုးထိုးပြ၏

သို့နှင့် တစ်နေ့နေ့တော့ . .ပြောမှာပေါ့ ဆိုသည့် မျှော်လင့်ချက် ဖြင့် စောင့်စားခဲ့ပါသော်လည်း လှေကျင့်ပေးခဲ့ပါသော်လည်း . .သူ့ခမျာ စကားပြောချင်လျှက်နှင့် မပြောနိုင်ခဲ့။

ကိုငှက်ရိုးတို့ သမီးအတွက် စိုးရိမ်သောကများခဲ့ရပြန်၏။

သူတို့သမီးသည် 'ဖွဟဲ့' . . . မဆိုကောင်း . . ဆိုကောင်း . . .





အအလေးများလား၊ ကလေးချင်း ကစားသည့်တိုင် ခင်မြွေသည် စကားလုံး မပြော . . .အားဝါးဝါးနှင့် လက်ညှိုးထိုးပြီး ပြော၏၊ ပြေး၏၊ လွှား၏၊ ရွှင်လန်းလှ၏။ ရန်ဖြစ်၏။

နောက်တစ်ချက် ထူးဆန်းပုံက မြင်ရသူတိုင်း ထိတ်လန့်ရသည့် အဖြစ်အပျက်ဖြစ်၏။ တစ်ခါများ ကိုငှက်ရိုးရော မချွေးမပါ လိပ်ပြာလွင့်မတတ် မြင်ကွင်းတစ်ခုကို မျက်ဝါးထင်ထင်မြင်ခဲ့ကြရသည်။

တစ်နေ့သောအခါ ခင်မြွေရေချိုးရင်းမှ မြွေတစ်ကောင်ကို မြင်သွား ပြီး ညာလက်ဖြင့် ဆတ်ခနဲ ကောက်ဖမ်းကာ ကြည့်နေခြင်းဖြစ်သည်။ မြွေ သည် ခင်မြွေလက်မှာ ကြောက်လန့်တကြား လူးလွန့်နေ၏။ လက်ထဲမှ လူးလွန့်နေသော မြွေကိုကြည့်၍ ခင်မြွေက သဘောကျနေ၏။

ဒါကို မြုန်းစားချည်း မြင်လိုက်ရသောအခါ ကိုငှက်ရိုးနဲ့ မချွေးမ လန့်အော်ပြီး မြွေကိုလွှင့်ပစ်ရန် အော်ဟစ်ပြောဆိုရင်း အိမ်နီးနားချင်းများ သည်း အကူအညီတောင်းရတော့သည်။

အော်ဟစ်သံကြောင့် အိမ်နီးနားချင်းများ ရောက်လာပြီး ခင်မြွေ၏ အံ့သြွယ်အခြေအနေကို မြင်ကြရသောအခါ အားလုံး လန့်ဖျန့်ပြီး ဝေးရာသို့ ပြေးကြလေတော့သည်။

ခင်မြွေသည် မိဘများ စိုးရိမ်ကြောက်လန့်နေမှန်းသိသော အခါ မြွေကိုနောက်ဖေးခြုံထဲသို့ သွားပစ်လိုက်လေသည်။

မချွေးမက မျက်ရည်လည်ရွဲ ရင်တုန်ပန်းတုန်နှင့် မြွေကိုဘာလို့ ကိုင်ရတာလဲ သမီးလေးရယ်ဟု မေးသောအခါ ခင်မြွေက လက်နှစ်ချောင်း ဖြင့် လင်မယားနှစ်ယောက် ပက်လက်ကိုလန့်ခဲ့ရတော့သည်။ နောင်ကို ဒီလိုကဲ့သို့ မြွေကိုမဖမ်းဖို့နှင့် မြွေကိုက်လျှင် အဆိပ်တတ်ပြီး သေနိုင်သည့် အကြောင်း ပြောဆိုဆုံးမသောအခါ ခင်မြွေသည် ရယ်၍နေရင်း မြွေကိုသူမ မကြောက်ဟု လက်ဟန်ခြေဟန်နှင့် ဆိုလေ၏။

နောင်အခါလည်း လူကြီးများလစ်သည်နှင့် မြွေဆိုးရော မြွေကောင်း ပါ ကိုင်၏၊ ဖမ်း၏။ ကစား၏။ ရွာကလေးများ လန့်၍ပြေးကြ၏။ ရွာကလေး များက ကြောက်ရွံ့ထိတ်လန့်စိုးရိမ်ပြီး ခင်မြွေနှင့် မကစားရန် အားမြစ်



www.burmeseclassic.com

www.burmeseclassic.com



ကြတော့၏။

မကြာခင် ခင်မြွေနှင့်ပတ်သက်၍ အကြီးအကျယ်စိတ်ညစ်ခဲ့ရသည့် ပြဿနာများသည် ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာပြန်တော့သည်။ အမှန်ကတော့ ခင်မြွေသည် စကားမပြောနိုင်သော်လည်း ဝမ်းတွင်းစိတ်ကောင်းကလေး တော့ ရှိခဲ့သည်။ ကလေးချင်း ကစားသောအခါ သူ့အိမ်မှ အိုးပုတ် ချိုးရုပ် အိုးခွက်၊ ကစားစရာများကိုယူ၍ အခြားကလေးများကိုလည်း ပေးကစား၏

သို့သော် အချို့သော ကလေးများက သူမ၏ ကစားစရာပစ္စည်း အချို့ကို လစ်လျှင်လစ်သလိုယူ၍ ခိုးဝှက်၍သွားကြ၏။ ခင်မြွေသည် နှုတ်မှ စကားမပြောနိုင်သော်လည်း သူ့ပစ္စည်းများ အားလုံးကို မှတ်မိသည်။ ထူးဆန်းစွာ သူ့ပစ္စည်းများ ဘယ်နားမှာဝှက်ထားသည်ကိုလည်း အတတ်နိုင်ဆုံး သိနေသည်။

သို့၍ လက်ဝါးဖြန့်တောင်းလျှင် အချို့ကလေးဆိုးများက ခင်မြွေကို တွန်းလှဲသွားကြ၏။

တစ်ခါမှာတော့ မဂျမ်းစိန်၏ ကလေး 'မိပွေး' က သူ့ပစ္စည်းကို အနိုင်ကျင့် ရိုက်ခွဲပစ်သည့်အပြင် သူမကိုပါတွန်းလှဲ၍ ကန်ကြောက်ပြီး မျက်နှာကို တံတွေးနှင့်ထွေးသည့်အတွက် ခင်မြွေဒေါသများထွက်ကာ မိပွေး ကို နပန်းလုံးပြီး ပြန်ချတော့သည်။

နံဘေးမှ ကလေးအချို့ကလည်း နှစ်ယောက်စလုံးကို မြှောက်ပေး ကြသည်။ ဒီမှာ သူ့တပြန် ကိုယ်တစ်လှည့် သတ်ပုတ်ကြရာမှ အလစ်မှာ ခင်မြွေ မိပွေးရဲ့လက်မောင်းကို ဒေါသကြီးစွာ ကိုက်လိုက်ရာ မိပွေးအသည်း နိုက်မျှ နာကျင်ပြီး ဒထ်ရာကိုလက်ဖြင့်အုပ်၍ ငိုပြေးတော့သည်။ ဒါတောင် ခင်မြွေက ကိုက်ပြီးမလွှတ်ပဲ ခဲထားလိုက်သေးသည်။

ကျန်ကလေးကြီးများက ဝိုင်းအော်ကြ၍ လူကြီးအချို့ရောက်လာ ဖျန်ဖြေမှ လွှတ်လိုက်ခြင်းဖြစ်၏။ သည်မှာလည်း ကလေးချင်းမှသည် လူကြီး ချင်း စကားများရသည့်ဘဝ ရောက်တော့သည်။

မိပွေးအမေ ဂျမ်းစိန်သည် ထမိန်စွန်တောင်ဆွဲ၍ ရောက်ချလာေ သည်။

---





"ဟဲ့ . .ခွေးမရဲ့ . .နင်က ငါ့သမီးကို ဘာလို့ကိုက်ရတာလဲဟင်"

"ဟဲ့ . .ဂျမ်းစိန် . .ကလေးချင်း မသိလို့ဖြစ်ကြတာ ငါတောင်းပန် ပါ့တယ်အေး ခုလဲ . .ဒီလိုတော့ ငါ့သမီးကို မပြောပါနဲ့"

"ပြောရတယ်ဟဲ့ မိခွေးမရဲ့၊ နင့်သမီးက တဆိတ်ရှိလက်ကပါ ဒါးစပ်ကပါပဲ . .အ,သာ အတာ ချတဲ့နေရာကြရင် လက်ချက်မြန်တယ်. . . အမလေး ဒါ . .ဒါက ဘယ်လိုဖြစ်တာပါလိမ့် . .အမလေး . .လုပ်ကြပါဦး အချပ်ကတို့ရဲ့ . .လာကြပါအုံး"

မဂျမ်းစိန်သမီး မိပွေးသည် အကိုက်ခံရသည့်လက်ကို ကျန်လက် နှင့် မရှုကိုင်ရင်း အော်၍ငိုနေသည်။ အမလေး အဘလေးတ၍ငိုသည်။ သည်မှာ ထူးဆန်းစွာပဲ အကိုက်ခံရသည့်ဒဏ်ရာ နေရာသည် ချက်ချင်း သက်သီးဆုပ်ခန့် မည်းနက်လာပြီး ကြီးစွာယောင်ကိုင်းလာတော့သည်။ ကြာမီ သွားဆိပ်သည် ထူးဆန်းစွာ လက်တစ်ချောင်းလုံးကို ပြန့်ကာ ညိုမည်းလာတော့သည်။

"အမလေး ခွေးဆိပ် . .မြွေဆိပ်တက်လာပါပြီတော့ . .ဟီး . . ဟီး"

"ဟဲ့ . .ဘာဖြစ်လို့လဲ ဂျမ်းစိန်ရဲ့"

"အမလေး . .ဟိုမှာ ကြည့်စမ်းပါအုံး ဦးလေးရဲ့၊ ဟို . . ခွေးမ ကလေး မြွေဟောက်မကလေး ကိုက်လိုက်လို့ ကျွန်မသမီး လက်ကြီးမည်း ညည်းလာပြီ . .မမြှောက်နိုင်တော့ဘူး . .ဟီး . .ဟီး . .လာကြပါအုံး ဘယ်ကြပါအုံးတော့ ဟီး . .ဟီး"

ဂျမ်းစိန်က ခုနစ်သံချီဟစ်၍ ရင်ထုအော်၊ ခုန်၍အော်လိုက်သော အခါ ဂျမ်းစိန်၏ယောကျ်ားဖိုးတုတ်သည် သူ့သမီးလက်မှ မည်းနက်ယောင် ကိုင်းပြီး မြှောက်မရအော်ငိုနေသည့် အဖြစ်ကို မြင်လိုက်ရသော် ဖခင်ဇောဖြင့် ဒေါသများ ပေါက်ကွဲခဲ့တော့သည်။

သည့်နောက် နီးရာခြံစည်းရိုးတိုင်ကို ချိုး၍ခင်မြွေကို ရိုက်ရန်ပြေး လာတော့သည်။

"ဟေ့ကောင် . .ဖိုးတုတ် . .ငါ့သမီးကို . .မထိနဲ့နော်"

---



www.burmeseclassic.com

www.burmeseclassic.com



အသံကြားလိုက်သည်မို့ ကိုငှက်ရိုးကလည်း ရေထမ်းတံပိုးကိုင်ကာ ပြေးထွက်လာပြီး ဗိုးတုတ်ကို ရိုက်မည်ရွယ်လိုက်သည်။

"ဟော့. . .ဟော့. . .မလုပ်ကြနဲ့. . .ဗိုးတုတ်ရယ်. . .ငှက်ရိုး. . .ရပ်စမ်း"

ကြားကလူများက ဝိုင်းဆွဲကြသည်။

"ငါ့သမီး. . .တစ်ခုခုဖြစ်ရင်. . .မင်းတို့ တစ်အိမ်သားလုံး အကြောင်းသိမယ် ဗိုးတုတ်ကွ"

"ထိရဲ ထိကြည့်စမ်းကွ. . .၊ ငှက်ရိုးတဲ့. . .တစ်ရိုးထဲရှိတယ်. . .ထွီ"

သည့်နောက် ငိုကြဲဆဲရေးတိုင်းထွာကြ ရိုက်မယ်၊ နှက်မယ်၊ ချမယ် တကကဲနှင့် ဆယ့်အိမ်ခေါင်းများရောက်လာပြီး ဖျန်ဖြေကြသဖြင့် ရန်ပွဲပြီးသွားခဲ့သည်။

မိပွေး၏လက်မှ ဒဏ်ရာကို အဘချစ်က သူ့အိမ်ရှေ့မှ အဆိပ်ကျွက်ခူးပြီး အရည်ညှစ်ကာ ထည့်ပေးပွတ်ပေးလိုက်သဖြင့် မကြာခင် အဆိပ်များ ပြေကျကာ မည်းနက်သည့်အရောင်လည်း ကျသွားခဲ့တော့သည်။

ဤအဖြစ်အပျက်မျိုးသည် အခြားကလေးများနှင့်လည်း သုံးကြိမ်မြောက်ဖြစ်ခဲ့ရသောအခါ အကိုက်ခံရသည့် အိမ်နီးနားချင်း ကလေးမိဘအချို့က ခင်မြွေလွန်သည်ဟု ဆိုကြသည်။ ခင်မြွေ့ကို 'အ,အ'မ၊ ခွေးမ၊ ငနဲ့တော် ကျားမ၊ မြွေဟောက်မဟု ဆဲဆိုကျိန်ဆဲကြသည်။ အချို့က မြန်မြန်သေပါစေဟု ဆုတောင်းကြသည်။

ခင်မြွေနှင့်ပတ်သက်၍ ကိုငှက်ရိုး တုတ်၊ ဓါးဆွဲရသည်မှာ အကြိမ်မနည်း တစ်ချိန်က ချစ်ခင်ရင်းနှီးခဲ့ရသည့် အိမ်နီးနားချင်းအချို့သည် ကလေးချင်းရန်ဖြစ်၍ ခင်မြွေကိုက်သည့် ကိစ္စနှင့်ပတ်သက်၍ မကြာခဏစကားများနေရသည်။

သည်တွင် မချေးမက အချို့ကစားဖက်ကလေးများကို တိုးတိုးတိတ်တိတ်ချော့မော့ မေးကြည့်သောအခါ ခင်မြွေ့အလွန်မဟုတ်တဲ့။

သို့သော် ရန်ဖြစ်ဖက်ကလေးများကား သူတို့မိဘများ မြှောက်ပေး





သည့်အတိုင်း 'အ,အ'မ၊ စုန်းမ၊ မြွေဟောက်မ၊ ခွေးမဟု ဆဲရေးတိုင်းထွာ ခေါင်းမြောင်းကြသည်ကလည်း တစ်ကြောင်း၊ ခင်မြွေ့ပစ္စည်းများကို အနိုင်ကျင့် ရန်စလို၊ ယုတ်မာလိုသော သဘောနှင့် ခိုးယူပြီးဖျက်ဆီးခြင်း ခံ့စခြင်းပြု၍ နောက်ဆုံးခင်မြွေက တုန့်ပြန်သည့်ကိစ္စဟု သိရသောအခါ ချေးမသည့် မိခင်တစ်ယောက်အနေဖြင့် သူ့သမီးမလွန်ဟု ဆိုခဲ့သည်။ သို့သော် သူ့သမီးကို သူဆုံးမသည်။ နောင်ကို အဲ့ဒီလို ကလေးများနှင့် ရန်မဖြစ်ပါနှင့်၊ မကစားပါနှင့်၊ မိခင်ဆုံးမသည့်အတိုင်း ခင်မြွေသည် နားလည်စွာဖြင့် သူတို့နှင့် မကစားခဲ့။

သူတို့ကစားနေသည်ကို မြင်လျှင် ကလေးဘာဝ အနားမှာရပ်၍ ကြည့်နေသည်။ သူများရယ်လျှင် လိုက်ရယ်သည်။ သူများနိုင်လျှင် ရော၍ လက်ခုပ်တီးသည်။ ဒါကို အချို့ကလေးများက မကြိုက်၍ စောစောကဆိုခဲ့ သည့်အတိုင်း ဆဲရေးစွပ်စွဲကဲ့ရဲ့ကြသည်။

သည်းမခံနိုင်သည့်အဆုံး ခင်မြွေကသွားကို အားကိုးပြီး ကြမ်းပြ လိုက်သောအခါ အချို့မိခင်များက ခင်မြွေလွန်သည်တဲ့။ ရန်ပွဲကလည်း ဆုံးနိုင်တော့။

တစ်ခါ တစ်ခါ ခင်မြွေ. . .ထိုသို့ သူမအား ဆဲရေးရှုတ်ချ ဝိုင်းကြသည့်ကို သည်းညည်းခံရင်း မျက်ရည်များဖြင့် အိမ်ပြန်လာခဲ့ရ သည့် ရက်များသည်မနည်းခဲ့။ ဆိုရလျှင် မိဘများက သူတို့သားသမီးများ ကို ခင်မြွေနှင့် မကစားစေချင်။ ခင်မြွေ ကလေးများ ကစားဝိုင်းနားမှာရပ်၍ ကြည့်နေလျှင် ကလေးမိခင်များက သူတို့သားသမီးများကို လက်ဆွဲ ခေါ်သွားပြီး ထွီထွမ်စောင်းဆဲ လုပ်သွားသည်များကို အကြိမ်များစွာ ကြုံ သောအခါ ခင်မြွေမျက်ရည်များ ဝဲ၍ ငို၍ အိမ်သို့ကြေကွဲစွာပြန်လာပြီး အိမ်ခေါင်းရင်း သရက်ပင်အောက်မှာ တစ်ယောက်တည်း ငုတ်တုတ်ထိုင် ငိုကြွေးကို တုတ်နှင့်ခြစ်လို့ အာသာဆန္ဒဖြေခဲ့ရသည့် အကြိမ်သည် ပေါ်ဘဝမှာ မနည်းခဲ့ပါကလား။

www.burmeseclassic.com

www.burmeseclassic.com

## ၁၅

သမီး မခင်မြွေနှင့် ပါတ်သက်၍ အိမ်နီးနားချင်းအချို့နှင့် မသင့်မြတ်မှုရှိနေသော်လည်း သမီးကိုချစ်ခင်သည့် အိမ်နီးနားချင်းအချို့နှင့်တော့ ပြောရဆိုရကောင်းခဲ့ပါသည်။ သမီးရဲ့ ရိုးသားဖြူစင်သော စိတ်ဓါတ်ကို နားလည်ကြသူရှိ၍လည်း ကိုငှက်ရိုးတို့အားရှိခဲ့ရသည်။

သို့သော် . . ။

ဝန်းကျင်အချို့က ကလေးကို ရှုံ့မုန်းကြောက်ရွံ့ကြသည်။ ခင်မြွေသည့် မည်သည့်ကလေးကိုမျှ ရန်စခြင်းမရှိ။ သူတစ်ပါးနစ်နာအောင် မည်သို့မျှမပြု။ ကလေးဘာဝကလေးများ စုစုရှိလျှင်သွားချင်၊ ကစားချင်သည်သို့ဖြစ်၍ ကစားဝိုင်းရှိရာများသို့ရောက်သည်။

သူ့ကိုစောင်းမြောင်းပြောဆိုကြသည်ကို ခင်မြွေကလေးဖြစ်သော်လည်း နားလည်ခံစားရသည်။ တစ်ခါတစ်ရံတုန့်ပြန်ပြောချင်သည်ပြောစရာ စကားလုံးများလည်း ရင်ထဲမှာရှိနေသည်။ သူတို့သူ့အပေါ်စော်ကားမော်ကား ပြောကြတာတွေ စောင်းမြောင်းဆဲဆိုတာတွေ မဟုတ်ကဟုတ်က လက်၊ ခြေ၊ မျက်နှာများဖြင့် လှောင်ပြောင်ရန်စတာတွေ. . ။

ဒါတွေ အားလုံးကို လက်ဖြင့်မတုန့်ပြန်ချင်ပါ။





နှုတ်ဖြင့်တုံ့ပြန်ချင်သည်၊ သို့သော် အားခဲလိုက်တိုင်း အားယူလိုက်တိုင်း စကားလုံးကမထွက်။ သို့နှင့်သူတို့ ပြောသမျှ ပြုသမျှအား အမေတို့ဆုံးမသလို နာခံ၍ သည်းညည်းခံခဲ့ပါသည်၊ ဒီသည်းညည်းကို မျက်ရည်နှင့်တွဲဖက်အဖော်ပြု၍ နေ့စဉ်ခံခဲ့ပါသည်။

သူမ အခြားကလေးများကဲ့သို့ ပျော်ရွှင်ကြည်နူးရယ်မော၍ ကစားချင်သည်။ ခုတော့. . .ပါလာသည့် မုန့်ကလေးများကို မျက်နှာလုပ်၍ကျွေးပေးပြီး အဖော်ပြု ကစားကြသည့်တိုင် မုန့်ကုန်သွားလျှင် တစ်မျိုး။

ကစားရာမှာ သူမ အနိုင်ရလျှင် အမနာပတစ်မျိုး။

အံ့ကျိတ်၍ သည်းညည်းခံရပေါင်းလည်း အကြိမ်မနည်းလှ။ အမေက သည်တစ်ခါရန်ဖြစ်ပြီး သူများကို ကိုက်လျှင် အရှိုးထအောင်ရိုက်သည်ဟုဆို၍ ခင်မြွေအစစအရာရာ သည်းညည်းခံခဲ့သည်။ အများအားဖြင့် သူမမျက်ရည်နှင့် ကြေကွဲဝမ်းနည်းစွာ ပြန်လာရသည်က နေ့တိုင်းနေ့စဉ်သာဖြစ်သည်။

အမှားနှင့်အမှန်ကို သူမပြန်ရှင်းပြနိုင်သော်လည်း. . .စကားလုံးဝပြောနိုင်တော့၍ သူများနားလည်အောင် အရှင်းဆုံး အမေနှင့်အဖေတို့သက်ခံနိုင်အောင် ခင်မြွေပြန်မပြောနိုင်ခဲ့။

ထိုသို့ အခြေအနေမျိုး ကြုံလာတိုင်း။

သူမ. . .အိမ်ခေါင်းရင်းက သရက်ပင်ကြီးအောက်မှာ ထိုင်၍စကားပြန်ပြောနိုင်ပါစေဟု ဆုတောင်းခဲ့ရသည်။

မိခင်နှင့် ဖခင်တို့သည် ခင်မြွေရဲ့ကြေကွဲစရာ ဘဝကိုကြည့်ပြီးရင်ထဲမသိုခဲ့။

"ချွေးမရေ . ."

"ဘာတုန်းကိုငှက်ရိုး . ."

"ငါတို့ ဒီလိုနေလို့တော့ မဖြစ်ဘူးဟ. . ."

"တော်က ဘာလုပ်ချင်လို့တုံး . ."

"ငါတို့ သမီးလေး ဘာကြောင့်စကားမပြောနိုင်သလဲ ဆိုတာကိုသိချင်တယ် တစ်နေ့နေ့ ပြန်စကားပြောနိုင်မလား၊ အဲဒါလည်း . .



www.burmeseclassic.com

www.burmeseclassic.com



ငါသိချင်တယ်''

''ကျုပ်ကလည်း သိချင်တာပေါ့ ကိုငှက်ရိုးရယ်. . .၊ခုတော့ သမီးလေး ဘဝက အရာရာမှာဘာမှ ပြန်မပြောနိုင်တော့. . .ခမျာ အားငယ် ပြီး သရက်ပင်အောက်ငုတ်တုတ်ထိုင် မျက်ရည်ကျနေရတဲ့ဘဝ. . .ကျုပ် . .အမေတစ်ယောက်အနေနဲ့. . .မချိဘူး . .ကိုငှက်ရိုးရဲ့. . .ဟီး . .ဟီး . . ဟီး''

''ငါလည်း နင့်လိုပဲ ခံစားရပါတယ်. . .ချွေးမရယ်၊ ဒီလိုလုပ်ကြည့် ရအောင်''

''ပြောတော် ဘာလုပ်ကြမလဲ''

''နက်ဖြန် ငါတို့ ရှာဦးကျောင်းဆရာတော်ထံကို သွားကြမယ် အဲ့ဒီမှာ ဘိုးသူတော်ကြီး ဘမြစိမ်းလည်း ရှိနေတာဥစ္စာ၊ သူတို့ကို မေးမြန် တွက်ချက်နိုင်းပြီး ကလေးရဲ့ အခြေအနေကိုသိရရင် ငါတို့ဘာလုပ်ပေးလို့ ရနိုင်မလဲ၊ အဲ့ဒါသိချင်တယ်၊ သဘောက လူပြုစားခဲ့ရင်. . .ဘယ်လိုတော် ပန်ရမလဲ၊ ဘဝဝဋ်ကြွေးဆိုရင်ကော ဘယ်လိုကျအောင်လုပ်ရမလဲပေါ့ ဘယ်နှ. . .''

''ကောင်းတယ်တော်. . .၊ ထိုင်နေတာထက်စာရင် တစ်ခု လက်တွေ့လုပ်တာက ပိုပြီးအဓိပ္ပါယ်ရှိတယ်၊ လုပ်. . .မနက်ဖြန်လှူစရာလေး များဝယ်ပြီး ကျုပ်တို့ သွားမေးကြမယ်တော်. . .''

♛♛♛♛♛

၁၆

ကိုငှက်ရိုးက ခြံထွက်ငှက်ပျောခိုင်ကို ထမ်း၍ရှေ့မှသွားနေ၏။ ...မက ဆန်အနည်းငယ်နှင့် ထန်းလျက်၊ ကြံသကာထုပ်၊ ဖယောင်းတိုင် ...ထုပ်ကိုလင်ပန်းမှာ ထည့်ရွက်၍ သမီးခင်မြွေ့လက်ကိုဆွဲကာ ရှာဦးကျောင်း ...သို့ သွားနေကြသည်။

''ဟေ့. . .ငှက်ရိုးတို့ မိသားစုပါလား . .ဒါကဘယ်တုန်းဟ''

လှည်းတစ်စီးပေါ်မှ ကိုသောင်းညွန့်တို့လင်မယားက နွားကြိုးတုပ် ...း လှမ်းမေးလိုက်သည်။

''ရှာဦးကျောင်းပွဲ့ ကိုသောင်းရေ . .ဘယ်ကလာကြတုံးတော့''

''ဟိုစစ်ပြင်ကွင်းအလှူ...ဟေ့. . .ဥပုသ်နေ့လည်း မဟုတ်ပဲနဲ့ ...တွေများတုံးဟ''

''ဆရာတော်ကြီးကို တတ်နိုင်သမျှလေး လှူချင်လို့ပါတော်၊ ...ပြင့်နေအုံးမယ် သွားမယ် ကိုသောင်းနဲ့ မခင်ရေ''

''အေး. . .အေး . .သွား . .သွားဟေ့. . .သွား . .ခင်မြွေ့တော ...ယ်လုပ်ပါကလားဟ. . .ဟင်. . .''

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခင်မြွေကသူ့ကို တယ်လှပါကလားဟု အပြောခံရ၍ ရှက်စ
ဟန်နှင့် မိခင်လက်ကို ဖျစ်ညှစ်ကာ ခေါင်းကိုငုံ့လိုက်သည်။

"သွားကြ . . သွားကြ၊ တို့လည်း သွားမယ် . . ဟဲ့သား
ဟဲ့"

ကိုသောင်းတို့ နွားလှည်းက နောက်ကိုသွား၏။ ကိုငှက်ရိုးတို့
အရှေ့ကိုသွား၏။ မကြာခင် သရက်ပင်များ၊ ကုက္ကိုလ်ပင်များ၊ ကံ့ကော်
များ၊ ပိတောက်ပင်များနှင့် စိမ်းညို့အုံ့ဆိုင်းနေသည့် ရွာဦးကျောင်း
ရောက် ခဲ့တော့သည်။ ရွာဦးကျောင်း 'ဆလုံ'စေတီမှ ဆည်းလဲသံများသ
လေတိုး သံနှင့် ညိုးညိုးညံ့နေ၏။ မဟာရံတံတိုင်းအတွင်းမှာလည်း
ရုပ်လုံးရုပ်ကြွများရှိ၏။ ရွာဦးကျောင်းဆရာတော် ဦးအာစရသည် အ
သီလ၊ သမာဓိကြီး သည့် ကျောင်းထိုင်သက်တော်ရှည် ဆရာတော်
ဖြစ်၏။

စာပေကျမ်းဂန်လည်းတတ်၏၊ ပရိယတ္တိလည်းရှိ၏။ သမထ
သဿနာကျင့်အားလည်းကောင်း၏၊ အချို့က ဆရာတော်ကြီးကို အကြားအ
ပါပေါက်သည်ဟု ယုံကြည်ကြ၏။

ထို့အတူ ဆရာတော်ကျောင်းမှာ ကပ္ပိယဘိုးသူတော်ကြီး အ
မြစိမ်းဆိုတာလည်း ရှိသည်။ သူကလည်း အလွန်အစွမ်းထက်၏။ အ
အိုင်၊ ခါးလှည့်၊ လက်ဖွဲ့သာမက ဆေးမြီးတို ဓါတ်ဗိန္ဓောလည်းရ၏။ မ
မျိုးစုံလည်းရ၏။ ဗေဒင်လက္ခဏာလည်း တစ်ဖက်ကမ်းခတ် ကျွမ်းကျင်
ရွာထဲမှာ သူ့လက်ပွားတပည့်များ ရှိ၏။ သူတို့လည်း ဗေဒင်မှာ မဆို

သို့သော် အဘစိမ်းလောက်တော့ အားမကောင်း။

ဘိုးသူတော် အဘစိမ်းက ပိတ်ဖြူဝတ်နှင့် သမာဓိအားကော
သည်။ သူ့ကိုတောထဲမှာ ဆေးမြစ်ရှာရင်းလည်း တွေ့နိုင်သည်။ ဟိုးဘ
တောင်ရိုးဂူထဲမှာ တရားထိုင်နေတာလည်း တွေ့နိုင်သည်။ တစ်ခါတ
ညဥ့်နက်သန်းခေါင် သချိုင်းထဲကဂူပေါ်ထိုင်ပြီး ပုတီးစိပ်နေတာမျိုးလ
ထူးဆန်းစွာတွေ့နိုင်သည်။ လမ်းလျှောက်နေတာလည်း တွေ့နိုင်သည်

သူတို့ကျောင်းပေါ်သို့ တက်လာကြသောအခါ ဆရာတော်ကြ





တန်းတွေ့ရသည်။ ကိုငှက်ရိုးတို့ မိသားစုက ရိုသေစွာ ထိုင်ဦးချကန်တော့
ကြပြီး . . ပါလာသည့် လှူဖွယ်ဝတ္ထုပစ္စည်းအချို့ကို ဆက်ကပ်လိုက်သည်။
ခင်မြွေကလည်း ရိုရို့လေးထိုင်၍ ရှိခိုးလိုက်သည်။

"ငှက်ရိုးတို့ မိသားစုပါလား . . ဒါလေးက မင်းတို့ သမီးပဲလား
ဟယ် . ."

"မှန်ပါဘုရား တပည့်တော်တို့ သမီးလေးပါဘုရား . ."

"အင်း . . ရုပ်ရည်ကလေးကလည်း တယ်သန့်ပါကလား၊ နာမည်
က ဘယ်လိုခေါ်သတုံး"

"မခင်မြွေပါတဲ့ . . ဘုရား"

"မခင်မြွေ . . တယ်ဆန်းတဲ့ နာမည်ပါလား၊ ကိုင်း ဆိုကြစမ်းပါ
ဦး လာရင်းကိစ္စ . ."

"မှန်ပါဘုရား . . ဆရာတော်ဘုရားကိုလည်း လှူဖွယ်ပစ္စည်းများ
ဆက်ကပ်ခါန်းရင်းကလည်း တစ်ကြောင်းပါဘုရား . . နောက်တစ်ကြောင်းက ယောဒီ
သမီးခင်မြွေကိစ္စပါပဲ ဘုရား . ."

"ခင်မြွေကိစ္စ . . ၊ မင်းတို့ကလေးက ဘာများဖြစ်နေလို့တုံးဟဲ့"

"မှန်လှပါဘုရား . . ဘုရားတပည့်တော်တို့သမီး ခင်မြွေဟာ . .
အခု အသက်ငါးနှစ်ထဲရောက်နေပါပြီ ဘုရား၊ ဒါပေမယ့် ခုထက်တိုင် စကား
တစ်လုံးမှ မပြောနိုင်ပါဘူး၊ အဲဒီစကားမပြောနိုင်သည့် အကြောင်းလည်း
ချင်တာရှိသလို ဘယ်လိုများ ရှေ့ဆက်ပြုမူနေထိုင်ရင် လုပ်ကိုင်ရင် သင့်
တော်ဆိုတာကို သိလိုတာနဲ့ အရှင်ဘုရားထံ အားကိုးကြီးစွာ လာရောက်
လျှောက်ထား အစစ်ဆေးခံရတာပဲ . . ဘုရား . ."

"ငါးနှစ်ထဲရောက်တာတောင် စကားမပြောနိုင်ဘူးတဲ့လား . . ၊
အင်း . . ဒုက္ခ . . ဒုက္ခ၊ ကိုင်း . . ကိုင်း . . ကလေးရှေ့ကို တိုးစမ်းကွယ် . ."

ခင်မြွေက ရှင်မီးအင်္ကျီနှင့် ကြက်တောင်စီးလေးကို ပြုပြင်၍
ဆရာတော်ကြီးရှေ့မှာ လက်အုပ်ချီကာ . . ရှေ့တိုးထိုင်လိုက်သည်။

"ကလေးနာမည်က ဘယ်သူတဲ့တုံး . ."

ခင်မြွေက မဖြေ . . မိခင်နှင့်ဖခင်ကိုသာ ခေါင်းငဲ့၍ ကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ခင်မြွေလို့ ခေါ်တယ်ဆို. . .ဟုတ်လား"

ခင်မြွေက နားလည်စွာ ဦးခေါင်းကို ညိတ်လိုက်သည်။

"ဒါ. . .ဘာလဲဟေ့. . ."

ဆရာတော်က လက်ထဲမှာ ကိုင်ထားသည့် စိတ်ပုတီးကို သူမရှေ့မှာ မြှောက်ပြလိုက်သည်။ ခင်မြွေက စိတ်ပုတီးစိပ်ဟန် လုပ်ပြလိုက်၍ ဆရာတော် သဘောကျသွားသည်။

"ပုတီး. . .ဟုတ်သားပဲ ဗျာ. . .၊ ဒါက ရောကွာ. . ."

ဆရာတော်က ကြေးစည်ကို လက်ညှိုးထိုးပြလိုက်ပြန်သည်။ ခင်မြွေက ကြေးစည်ရိုက်သည့် သဏ္ဌာန်လုပ်ပြလိုက်ပြန်သည်။

"အမယ်. . .အကုန်သိသားပဲ. . .တကာငှက်ရိုးရဲ့ ဟင်"

"မှန်ပါဘုရား. . .သိပါတယ်ဘုရား. . ."

သမီးလုပ်သူက ဆရာတော်မေးသမျှကို နှုတ်ကမဖြေနိုင်သော်လည်း ဟန်ပန်နှင့် ဖြေနိုင်၍ ဆရာတော်က ချီးကျူးသည့်အတွက် လင်မယားနှစ်ယောက်စလုံး ဝမ်းသာသွားကြသည်။ ဆရာတော်သည် အခြားမေးခွန်းနှစ်ခုခန့် ဆက်လက်မေးပြီးနောက်. . .ရှေ့နည်းနည်းတိုးဆိုကာ. . .ခင်မြွေဦးခေါင်းပေါ်သို့ ညာလက်ကိုတင်လိုက်ပြီး. . .အာရုံခံလိုက်သည်။

အတန်ကြာတော့ ဆရာတော်က ဦးခေါင်းကို တညိတ်ညိတ်လုပ်သည်။ ပြီးတော့. . .ခေါင်းရမ်းသည်။ မျက်နှာတော်ကိုလည်း တည်လိုက်သည်။ ခင်မြွေသည် ဆရာတော်ကြီး၏ လက်အောက်မှာ မျက်စေ့ကိုမှိတ်၍ ကျောက်ဆစ်ရုပ်ထုအလား ငြိမ်သက်နေသည်။ ငြိမ်သမှ မလှုပ်မယှက်။ အတန်ကြာ ဆရာတော်သည် အာရုံခံယူပြီး စိတ်ချင်း စကားပြောနေပြီးနောက်။

"တကာ. . .ငှက်ရိုး. . ."

"ဘုရား. . ."

"အင်. . .ကလေးက. . .ကံရော. . .ဝဋ်ရော အနည်းငယ်စီ ပါခဲ့ပြီကိုး တကာကြီးရဲ့"





"မှန်ပါ. . .အမိန့်ရှိပါဘုရား"

"သူ့ရဲ့အတိတ်ဘဝ ပစ္စုပ္ပန်ဘဝ၊ အနာဂတ်ဘဝကို ငါမြင်ပင်မြင်၊ သိပင်သိပါသော်လည်း ရဟန်းဘဝဖြစ်နေ၍ မပြောချင်ဘူး မပြောကောင်းဘူး တကာကြီး ဒါလဲ ရဟန်းများရဲ့ ကိစ္စလည်းမဟုတ်ပေဘူးကွယ့်. . .၊ ဒါကြောင့် ကပ္ပိယဦးသူတော်ကြီးနဲ့ တွေ့ပေးလိုက်မယ်၊ သူက တကာကြီးတို့ သိရှိလိုသည့် အကြောင်းကိစ္စများကို ရှင်းလင်းပြောပြနိုင်ပါလိမ့်မယ်. . .ဟဲ့. . . မောင်ကျောင်းသား. . ."

"ဘုရား"

အနီးရှိ ယောင်ပေစုးနှင့်ကျောင်းသားတစ်ဦးက ထူးလိုက်သည်။

"သွား. . .ဦးသူတော်ကြီးကို. . .သွားခေါ်ချေစမ်း"

"မှန်ပါဘုရား"

ကျောင်းသားလေး ကျောင်းပေါ်မှ ခြေဖော့၍ဆင်းသွားသည်။ ဆရာတော်သည် ခင်မြွေကို အတန်ကြာစူးစိုက်ကြည့်ပြီး ဆံပင်ကို လက်နဲ့သပ်၍ ဆုမွန်ကောင်းစကားများ ချီးမြှင့်နေသည်။ သည်အခိုက် ပိတ်ဖြူဝတ် ထပိုင့်ဖိုင့်. . .ဗိုက်ရွှဲရွှဲနှင့် ဘိုးသူတော် ကပ္ပိယကြီး အဘမြစိမ်းရောက်လာသည်။ ဆရာတော်ကို ဦးချသည်။

"မြစိမ်း"

"အမိန့်ရှိပါ ဘုရား. . ."

"ဟောဒီကလေးရဲ့. . .အတိတ်ပစ္စုပ္ပန် အနာဂါတ်ကို မောင်မင်း သညာရပ်နဲ့ တွက်ချက်စစ်ဆေးပြီး နောင်အခါပြုမှု ကျင့်ကြံနေထိုင်ရမဲ့ နည်းများကို ရှင်းပြလိုက်ပါ. . .ဘာစိမ်း. . ."

"မှန်လှပါဘုရား"

သို့ကလို အမိန့်ရှိပြီး ဆရာတော်သည် မျက်လွှာကိုချကာ သင်္ကန်းကိုဖြုပြင်ကာ ဘုရားဆောင်ရှိရာဘက်သို့ တစ်လှမ်းခြင်း ကြွ၍သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၇

ဘိုးသူတော်ကြီး အဘစိမ်းသည် ခင်မြွေကို အသေအချာစိုက်၍ ကြည့်နေ၏။ ပြီးနောက် မွေးနေ့ မွေးလ မွေးနှစ်များကိုမေး၏။ သည့်နောက် ကျောက်သင်ပုန်းတစ်ချပ်ပေါ်မှာ မဟာဘုတ်တိုင်ထူ၍ တွက်ချက်သည်။ ဆက်လက်၍ ခင်မြွေရဲ့ လက်ဖဝါးနှစ်ဖက်ကို ဖြန့်၍ကြည့်သည်။ ၎င်းနောက် ခြေဖဝါးနှစ်ဖက်ကို ကြည့်ပြန်သည်။ စစ်သည်။ လျှာထုတ်စမ်းဆိုပြီး လျှာကိုပါ စစ်ဆေးသည်။

"အလို . . လျှာပေါ်မှာလည်း . . အာစက်၊ လျှာစက်တွေနဲ့ ပါလား မောင်ငှက်ရိုးရဲ့"

"ခင်ဗျာ . . ဘာ . . သူတော်"

"မင်းတို့သမီးသည် အနုညာတထဲကမဟုတ်ဘူးကွဲ့"

"ခင် . . ဗျာ"

"ရှင် . . အဘ"

အနုညာတထဲက မဟုတ်ဘူးဆိုသည့် စကားကို ကြားရ၍ လင်မယား နှစ်ယောက်စလုံး အံ့သြဝမ်းသာဖြစ်သွားကြသည်။ တကြိုကြ





ဖြစ်လာခဲ့ကြ၏။ ရှေ့သို့ ပို၍လည်း တိုးလိုက်ကြ၏။

"ပြောရ ဟောရရင်တော့ကွာ ဒီကလေးသည် သံသရာဘဝတစ်ခု ကနေ လာရောက်ဝင်စားတာပဲ မောင်ငှက်ရိုး၊ သူ့ရဲ့မွေးနက္ခတ်ကို စစ်ဆေး လိုက်တော့ ငါတို့နည်းပညာအရ နဂါးနက္ခတ်နဲ့ မွေးသူဖြစ်ရတယ်ကွဲ့၊ သူသည် ထူးခြားသောအစွမ်းများ ပါရှိမယ်၊ မြွေကိုအထူးနိုင်နင်းသူဖြစ်မယ်၊ လက်ဖဝါးမှာ အစက်တွေရော၊ ကြက်ခြေခတ်တွေရော ပါသည့်အတွက် ပညာရှင်ဆေးဆရာ၊ ဆေးကုသ အစွမ်းပြနိုင်သူ တစ်နေ့ဖြစ်လာလိမ့်မယ်၊ ယောကျ်ားလေးသာဆို မြွေအလမ္ပာယ်ဆရာကောင်း၊ နာမည်ကျော်တစ်ဦး ဖြစ်နိုင်တယ်၊ သို့သော် လက္ခဏာရှင် ဇာတာရှင်သည် ဒေါသကြီးမယ် အငြိုးအတေးကြီးမယ်၊ ဒါနဲ့အတူ လူ့ဘဝမှာ နေရသည့်အခိုက် အရှက် ကွဲ အကျိုးအနည်းကိစ္စများနှင့် ကြုံရဖွယ်ရှိပြီး လူ့အသိုင်းအဝိုင်းနှင့် သီးခြားကင်းကွာနေထိုင်ရသည့် အခြေအနေမျိုး ဘဝမျိုး မမျှော်လင့်ဘဲ ကြုံတွေ့ရင်ဆိုင် ရလိမ့်မယ်၊ သူ့ရဲ့လက်ရှိအခြေအနေက အတိတ်ဘဝ ဝင့်ကြွေးပါလာတာကို တွေ့နေရတယ်၊ သူသည် အခုစကားမပြော နိုင်ပေမယ့် တစ်နေ့မှာ စကားပြန်ပြောလာနိုင်လိမ့်မယ် သိလား"

"တကယ် . . ပဲ . . လား ဟင်၊ ဘသူတော် . . တကယ်ပဲလား ဟင်"

"အဟုတ်ပဲနော် . . ဘ"

လင်မယားနှစ်ယောက်စလုံး တစ်နေ့တစ်ချိန်မှာ သမီးလေး စကား ပြန်ပြောနိုင်လိမ့်မည်ဟု ကြိုသိရသဖြင့် ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ အား တက်ပြီး ဝမ်းသာလုံးဆို့သွားခဲ့သည်။

"ဟုတ်ပါတယ်"

"အဲ့ဒါ . . ဘယ် . . ဘယ် အချိန်လောက်လဲ အဘရယ် . . ပြောပါဦး . . ဟင်း"

"အိမ်ထောင်ကျပြီး သားဦးကလေး မွေးဖွားပြီးချိန်လောက်မှာပဲ ဖြစ်မယ်ထင်တယ် . . ၊ ဒီကလေး အသက်(၂၀)ဝန်းကျင်ရောက်ရင် အထူးသတိထား ရမယ်ကွဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ . . ဘသူတော်၊ ဘာဖြစ်လို့လဲဟင်"

"သူ့ရဲ့အတိတ်ဘဝပြ လက္ခဏာမှာရော၊ ပစ္စုပ္ပန်ဘဝပြ လက္ခဏာမှာပါ အသက်လမ်းကြောင်း အားနည်းနေတာကို မြင်ရလို့ပဲ၊ သို့သော် လက္ခဏာ အရေးအကြောင်းများသည် အချိန်အခါကြည့်ပြီး ပြောင်းလဲတာမျိုး လည်းရှိတော့၊ သတိထားပါလို့ပဲ ပြောချင်တယ်၊ ခြုံလိုက်ရင် သူသည် ဒေါသကြီးမယ်၊ မြွေများကိုနိုင်မယ်၊ ထူးခြားသော မွေးရာပါ အစွမ်းများကို ပြသနိုင်လိမ့်မယ်၊ သူတကာရဲ့ ကဲ့ရဲ့ပြစ်တင်ရှုံ့ချမှု အဝေဖန်ခံရမှု၊ အကျိုးနည်းမှုအမျိုးမျိုးကို အလူးအလဲခံစားရပြီး နောက်ပိုင်းကျမှ သူ့ဘဝအကြောင်းကို လူတွေက အမှန်တကယ် နားလည်သဘောပေါက်ပြီး သူ့ကို ချီးမွမ်းကြလိမ့်မယ်၊ ဂုဏ်ယူကြလိမ့်မယ်၊ မှတ်မိကြရဲ့လား"

"မှတ် . . မှတ်မိပါတယ် ခင်ဗျ၊ ဒါနဲ့ ဘသူတော် အန္တရာယ်ဘေးဆိုး အညံ့များမှ ကာကွယ်ဖို့လိုအပ်ရင်လည်း ဘသူတော်ပဲ စီစဉ်ပေးပါဗျာ ဟို . . ဟို . . သိုက်ကြိုးများ . ."

"အို . . ဘယ်ကလာ သိုက်ကြိုးပါရမှာလဲ၊ ဘာသိုက် ညာသိုက်မှ မဟုတ်ဘူး၊ သူ ခဏလာဝင်စားတာ မြွေနဲ့ပတ်သက်ပြီး အကျိုးပေးလိမ့်မယ်၊ ပုဂ္ဂိုလ်ကောင်းတွေ စောင့်ရှောက်လိမ့်မယ်၊ မြွေအိပ်မက်မက်ရင် မြွေတွေ့ရင်၊ မြွေတွန့်သံကြားရင် မကြောက်ကြနဲ့၊ အဲဒါ သူ့အကျိုးဖြစ်ထွန်းဖို့ နမိတ်လက္ခဏာပဲ ဒီမှာ ဘာကံကောင်းသလဲဆိုတော့ သူဟာ တစ်နေ့ကျရင် မင်းတို့ကို စီးပွားတက်အောင် အကျိုးပြုလိမ့်မယ်၊ အလှူဒါန ပြုကြလိမ့်မယ်၊ ဒီမှာကွဲ့ လူမှန်သမျှ၊ သက်ရှိမှန်သမျှ ကြီးတယ်၊ ငယ်တယ်၊ ချမ်းသာတယ်၊ ဆင်းရဲတယ် မဟုတ်ဘူး တစ်နေ့ကြရင် သူ့အိမ်သူ ပြန်သွားရမှာချည်းပဲ အားလုံးဟာ လူ့ပြည်လူ့ရပ်ဝန်းမှာ ဧည့်သည်တွေအနေနဲ့ ခဏလာနေကြတာ မောင်ငှက်ရိုးရဲ့၊ ပြန်ချိန်စေ့ရင် ပြန်ရမှာချည်းပဲ၊ ခုလည်း ဘဝဟောင်းက တော်စပ်ခဲ့သည့် အဆွေအမျိုးများရှိရာ မင်းတို့ထံကို ခဏလာနေတာပဲ၊ တစ်နည်း ကျေးဇူးပြုချင်လို့ပဲ ဘဝဟောင်းနဲ့ ဘဝအသစ်အကြား အဆွေအမျိုး မတော်စပ်တဲ့သူ မရှိကြဘူး၊ အားလုံး တစ်နည်းမဟုတ် တစ်နည်း အဆွေအမျိုးတော်စပ်တာကြီးပဲ၊ လူနဲ့လူချင်း လူနဲ့သတ္တဝါချင်း





လူနဲ့ပရဝိဉာဉ် လောကသား ထင်ရှားတာနဲ့ မထင်ရှားတာ စိမ်းတာနဲ့ ရင်းတာ ဒါပဲကွာတယ်"

"ဒီတော့ မင်းတို့နားလည်ဖို့က သူ့အချိန်တန်လို့ သားဦးကလေး မွေးပြီးရင် စကားပြန်ပြောနိုင်လိမ့်မယ်၊ ဒါကြောင့် လူ့ဘဝမှာ လူဖြစ်ခွင့်ရသည့်အခိုက် နောင်သံသရာမှာ အဆိုးအညံ့ဘဝများနှင့် သံသရာ ပြန်မလည်စေဖို့ ကုသိုလ်ကောင်းမှု များများလုပ်ပါစေ၊ စိတ်ချမ်းသာအောင် ဂရုစိုက်ပါ ဒီလို ဒါနနဲ့သီလပါမှ သူ့ဘဝနောင်ရေးကောင်းလိမ့်မယ်၊ သူ တင်လား ဆိုတော့ မဟုတ်ဘူး မင်းတို့ငါတို့အားလုံး အခုဘဝကတည်းက ဒါန၊ သီလ၊ ဘာဝနာကောင်းမှ သံသရာဘဝမှာ ဘဝကူးကောင်းကြလိမ့်မယ် ကြားလား . ."

ကိုငှက်ရိုးတို့ လင်မယား ဟုတ်ကဲ့ဟုဆိုရင်း ပါလာသည့် လှူဖွယ်ပစ္စည်းများကို ဘသူတော်ထံပေးအပ်ကာ ကျောင်းပေါ်မှဆင်းလာကြသည်။ လမ်းထဲမှာတော့ ဘသူတော်နှင့် ဆရာတော်ကြီးတို့၏ မိန့်မှာစကားများကို ပြန်လည်ကြားယောင်နေသည်။

"ဝဋ်နာရော၊ ကံနာပါ ပါလာတာပဲ"

"မြွေကိုနိုင်တဲ့ မြွေလမ္ဘာယ်လို လူမျိုးဖြစ်လာလိမ့်မယ်"

"မြွေမြင်ရင် တွန့်သံကြားရင် မကြောက်နဲ့"

"ယောက်ျားလေးများသာဆို မြွေအလမ္ဘာယ်ဆရာ အဖြစ်နဲ့ နာမည်ကျော်မယ်"

"အင်း . . ခင်မြွေကတော့ မြွေအိပ်မက်နဲ့ သူ့ရာဇဝင်သမိုင်းကို ရေးခဲ့သည်၊ ခုလည်း ငယ်ငယ်ရွယ်ရွယ်နှင့် မြွေမြင်လျှင် အရှင်ဖမ်း၍ ကစားနေသည်၊ ပြီးတော့ . . ဘဝမှာ အရှက်တကွဲအကျိုးနည်း ဖြစ်ရမယ်

ခုလည်း စကားမပြောနိုင်၍ သူ့ခမျာ အရှက်ရနေရဲ့ လူတကာက သူတို့သမီးကို မြွေဝင်စားမ၊ မြွေဟောက်မ၊ မြွေကဝေမနှင့် ရစရာမရှိအောင် ကဲ့ရဲ့နေကြသည်။

အသက်နှစ်ဆယ်ရောက်ရင် သတိကြီးစွာ ထားရဦးမယ်ကွဲ့၊ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ဘုရား အဲဒီအချိန်ရောက်ရင် ဘာများဖြစ်လာဦးမလဲမသိ၊ ချောလွန်းလှလွန်းသည့် သမီးလေး လယ်သမားသမီးရယ်လို့ ပြောမရလောက်အောင် ဖြူဖွေးနုမွတ်သန့်စင်သည့် သမီးကလေး ဘယ်ဘဝအတိတ်ကံဝဋ်ကြွေးများ မကျေ၍ ပြန်ဆပ်နေရပါလိမ့်။

သူ့ကို စိတ်ချမ်းသာအောင်ထားပါတဲ့၊ ကုသိုလ်ကောင်းမှု များများ လုပ်ပါစေတဲ့၊ ဒါမှ နောင်သံသရာမှာ ဘဝဆိုး ဘဝညံ့များနဲ့ ပြန်မလည်မှာတဲ့၊

တစ်နေ့သူဟာ မိဘများကို ကြီးပွားချမ်းသာအောင် သူကောင်းပြုဦးမတဲ့။

အမေတို့အဖေတို့ မချမ်းသာမကြီးပွားချင်နေပါစေ သမီးရယ် တစ်နေ့နေ့ တစ်ချိန်ချိန် သမီးလေး စကားပြန်ပြောနိုင်ပြီး အသက်ငါးဆယ်တစ်ရာ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ နေခွင့်ရရင် အမေတို့ မွေးရကျိုးနပ်၍ ဝမ်းသာရပါမည်။

အနာဂတ်ဆိုသည် ရေရာသေချာမှု သိပ်မရှိတဲ့။

သို့သော် . . မိမိတို့ ဘသူတော်ရဲ့ ဟောပြောချက်များကိုသာ ဉာဏ်ကွာပြု၍ မရ။ ဘာကြောင့်မှု ဘသူတော်တို့ ဆရာတော်ဘုန်းဘုရားကြီးတို့သည် အံ့ဖွယ်ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ သူတို့သည် ကျမ်းကျေ၊ ဘဝကျေပုဂ္ဂိုလ်ထူးများ ဖြစ်ကြသည်။ သူတို့၏ လေ့လာမှုနှင့် ကျင့်စဉ်များသည် အံ့ဖွယ်ဘနန်း ရှိသည်။ မနောစွမ်းအားကောင်းသူများ ဖြစ်သည်။

ကြားရ သည့်စကားများအနက် ခင်မြွေသားဦးကလေး မွေးပြီးရင် စကားပြန်ပြောနိုင်လိမ့်မည် ဆိုသည့် ဟောချက်ကို ကြားရသည်မှာ ဝမ်းအသာဆုံးဖြစ်သည်။

''ဘုရား . .ဘုရား။ ၎င်းနမိတ်စကားသည် ကောန်မှန်ကန်ပါစေသတည်း သည့်နောက် စိတ်ပူပန်စရာ အတွေးများကို ဖျောက်၍ရောက်တုန်းရောက်ခိုက် ဘုရားစေတီ ပုရပုဏ်အတွင်းထဲသို့ လျှောက်ကြည့်ကြသည်။ စေတီတော်ကို ဦးခိုက်ရှိခိုးကြသည်။

အနောက်ဘက် မဟာရံတံတိုင်းသို့ ရောက်သောအခါ သန့်လျှက်





သမ်းနေသည့် ရောမ ဂဝံဘီဘူးရုပ်ထုကြီးကို မြင်ကြသောအခါ ခင်မြွေမျက်စိမှိတ်၍ အော်တော့သည်။

''ဟဲ့ . . .ဟဲ့ . . .သမီး . . .ဘာဖြစ်လို့လဲ''

''ဟို . . .ဟို . . .မ . . .မ အီး . . .ဟီး . . .''

ခင်မြွေက ဘီးလူးရုပ်ကြီးနောက်ကျောကို လက်ညှိုးထိုးပြပြီး မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ပါးစပ်မှလည်း မပီမသ စကားလုံးများ ထွက်လာသည်။ လက်ကိုဆွဲ၍ အခြားသို့သွားရန် ဆိုနေသည်။ ကိုငှက်ရိုးအတန်ငယ်ထူးဆန်းနေ၍ သမီးကို မအေနှင့် ထားခဲ့ပြီး ဘီလူးရုပ်ထုကြီးနောက်ကျောသို့ လှည့်ဝင်ကာ သမီးလက်ညှိုးထိုးပြသည့် အရာဘာလဲသိချင်၍ လိုက်ကြည့်လိုက်သည်။ ဘာဆိုဘာမှမရှိ။

''ဘာမှ . . .မရှိပါ . . .ဘူး . . .သမီးရဲ့''

အဖေတို့အမေတို့ မမြင် သူမ မြင်နေရသည့် ရောင်တစ်စောင်းနှင့် လူမည်း မည်းကြီးသုံးယောက်သည် ဘီလူးရုပ်ထုကြီးနောက်မှ နေ၍ သူမကို လက်ပြနှုတ်ဆက်နေကြသည်။ ဟော ပြောရင်းသူတို့သုံးဦး အမြင်သို့ ထွက်လာနေကြပြီ။ သူ လူမည်းကြီးများမျက်နှာကို ကြည့်ပြီး အသားများ တုန်နေ၏။

''ဖွဟဲ့ . . .ဖွ . . .ဖွ . . .သွားကြ . . .သွား . . .ဍုံ . . .''

ကလေးကလန့်ပြီး မျက်နှာကိုလက်ဝါးနှင့် အုပ်ကာ မိခင်ပေါင်တွင်းသို့ တိုးဝင်လိုက်သည်။ ခဏနေမှ ဦးခေါင်းကို လှည့်ဖော်ပြီး ဘာမှမမြင်ရသောအခါမှ ကြောက်လန့်စိတ်များ ပြေ၍သွားခဲ့လေသည်။

''သမီး ဘာတွေမြင်ရလို့လဲ . . .၊ အဖေတို့ အမေတို့ ရှိနေတာဘဲ''

''မကြောက်နဲ့နော် . . .လာ . . .လာ၊ ဘုရားကို ဦးချလိုက်''

ခင်မြွေ အဖေနှင့်အမေပြောသည့်အတိုင်း ရုပ်ပွားဆင်းတုတော်ကို ဦးသုံးကြိမ်ချလိုက်သည်။ သည့်နောက် မြောက်ဘက်မဟာရံကိုပတ်၍ လှည့်လည်ကြည့်ရှုလိုက်ကြသည်။

သည်မှာ ခင်မြွေစိတ်ကို ဆွဲဆောင်လိုက်သည့် မြင်ကွင်းတစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



ဘွားခနဲ ခင်မြွေတွေ့လိုက်ရသည်။ သို့နှင့် မိခင်ရဲ့လက်ကို ကိုင်လှုပ်ဆွဲပြီး ခဏလေးနေရန် လက်ဟန်ပြလိုက်သည်။ ခင်မြွေ နောက်တစ်နေရာက် လက်ညှိုးထိုးပြလိုက်ပြီး ခြေလှမ်းများကို လှမ်းလိုက်သည်။

သူမ ဦးတည်သွားနေသည့် နေရာကား ပါးပြင်းထောင်ခွေနေသော နဂါးရုပ်ထုကြီးပဲ ဖြစ်သည်။ နဂါးရုပ်ထုကြီးသည် အကွက်အကွက်များ ဖောင်ကြွ၍ လှပစွာ ဆေးခြယ်ထား၏။ ပါးပြင်ခွက်ပြီး ပါးစပ်ဟ အမောက်ထောင် နေပုံမှာလည်း တကယ့်မြွေနဂါးကြီး အသက်ဝင်လှုပ်ရှားနေသည့်အလား ထင်မှတ်ရသည်။

ခင်မြွေသည် နဂါးရုပ်ထုရှိရာသို့ စိတ်ညှို့ခံရသည့်ပမာ တစ်လှမ်းခြင်းတိုးသွားခဲ့ပြီး ရှေ့တည့်တည့်မှ နဂါးရုပ်ထုကြီးကို မျက်လုံးဖြင့် အားပြိုင်သကဲ့သို့ကြည့်ကာ စိတ်များလှုပ်ရှားပြီး အသားများ တုန်စပြုလာသည်။

ဒါကို ကိုငှက်ရိုးရော မချွေးမပါ သတိပြုမိလိုက်သည်။ သေချာအောင် ထပ်မံ၍ ဂရုစိုက်ကြည့်လိုက်သောအခါ ခင်မြွေ၏လက်ချောင်းများနှင့် ဒူးနှစ်ဖက်သည် တဆတ်ဆတ်တုန်နေသည်ကိုတွေ့၍ စိုးရိမ်ပူပန်သွားရပြန်သည်။

"ဟဲ့. . .သမီး . . ."

"လာ. . .အေ့. . ."

ခင်မြွေ မိခင်ရဲ့ ရုတ်ချည်း လှမ်းဖက်မှုကြောင့် ချက်ချင်းအသိများ ပြန်ဝင်လာကာ မိခင်လက်ကို တင်းကြပ်စွာ ဆုပ်ညှစ်လိုက်သည်။ ဒီနေ့ တစ်နေ့လုံး အထူးအဆန်းများဖြင့် ကြုံနေရ၍ မဖြစ်ချေဘူးဆိုကာ. . .ကလေး လက်ကိုဆွဲပြီး စေတီတော် မဟာရံတံတိုင်း အတွင်းမှ ခပ်သုတ်သုတ်ထွက် ခဲ့တော့သည်။ ခင်မြွေပါ. . .လိုက်ရင်းတန်းလန်းမှ နဂါးရုပ်ထုကြီးကို သံယောဇဉ် ကြီးစွာ လှည့်ကြည့်လှည့်ကြည့် လုပ်လိုက်သေးသည်။

သည့်နောက် သားအဖသုံးဦး ကြေးခေါင်းလောင်းကြီးကို သစ်သား တုတ်ကြီးနှင့်ထိုး၍ အမျှဝေရင်း ရွာထဲအိမ်သို့ ပြန်လာခဲ့လေတော့သည်။



၁၈

ခင်မြွေသည် စကားမပြောနိုင်၍ စာမသင်ခဲ့ရ၊ သူများကလေးများ စာအံသံ၊ ရွတ်သံကြားရလျှင် ခင်မြွေ အထူးအဆန်းသဖွယ် စိတ်ဝင်စားစွာ နားစွင့်၍ အာရုံစိုက်နားထောင်သကဲ့သို့ ခြံဝမှလည်း ငေး၍ကြည့်သည်လည်း ရှိ၏။

သို့နှင့် မိခင်ဖြစ်သူက "သမီး စာသင်ချင်လို့လား" ဟု မေးသော အခါ ခင်မြွေက ခေါင်းညိတ်သည်။ ယခုအခါ ခင်မြွေသည် အိမ်မှာ တောက် တိုမယ်ရ နိုင်းလို့ရသည် လုပ်နိုင်သည် အရွယ်သို့ရောက်ခဲ့သည်၊ အရွယ်လေး ညီးနည်း ဖွံ့လာလေ၊ အလှသွေးကလည်းစုံ၍ ထွက်လာလေဖြစ်သည်။

အလှရှိသော်လည်း သမီးသည် စကားမပြောနိုင်သည့်အပြင် ပညာ သင်ချင်လည်း မရ၍ မျက်နှာငယ်ရ၏။ တစ်ခု တော်သေးသည်က ကိုငှက်ရိုး နှင့် မချွေးမသည် တစ်ဦးတည်းသောသမီးကို လူလူချင်းအလယ်မှာ မျက်နှာ ငယ်ရအောင် အလှဆင်ပေးနိုင်ခဲ့သည်။ သို့ဖြစ်၍ ဘယ်အချိန်ကြည့်ကြည့် ခင်မြွေပါးပေါ်မှာ သနပ်ခါးပါးကွက်များ အသင့်နှင့် သန့်ပြန့်လှသည့် အဝတ် အစား ဆင်လျှက်သားရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကလေးချင်းယှဉ်လိုက်လျှင် ခင်မြွေတို့က သန့်သည်။ နှပ်ချေး တွဲလောင်းမရှိ ချေးလက်လေးဆစ်မရှိ၊ အဝတ်အစား ညစ်ပေစုတ်ပြတ်ခြင်း မရှိ အဆင်အခန့်ပြန့် ကြော့ရှင်းနှစ်လိုဖွယ်ရှိ၏။

ကိုငှက်ရိုးကတော့ ဘုန်းကြီးကျောင်းသားဘဝနှင့် ကိုရင်ဘဝ ပဋ္ဌင်းဘဝနှင့်ပါ ပရိတ်ကြီး(၁၁)သုတ်သင်ခဲ့ရဖူး၍ အတော်ကလေး တတ် သည်။ သူ့ခမျာလည်း လယ်သူရင်းငှားဘဝနှင့် လယ်ထဲမှာပဲ အချိန်ကုန်နေ ၍ ကလေးကို သေစာရှင်စာမျှ သင်မပေးနိုင်။

မရွေးမကာပဲ စာတစ်လုံးစ နှစ်လုံးစ သင်ပေးရသည်။ ကျပ်၊ မူး ပြား၊ ငွေအသုံးအစွဲသင်ပေးရသည်။ အိမ်မှုကိစ္စအကြောင်း၊ အချက်အပြုတ် အကြောင်း မိန်းမတို့ သဘာဝအကြောင်းစသည်တို့ကို သင်ပေးရသည်။

ခင်မြွေသည် ဉာဏ်အလွန်ကောင်း၏။ ဒုက္ခခံပြီး စနစ်တကျသာ စာသင်ပေးလျှင် တတ်နိုင်ဖွယ်ရှိ၏။ ခက်သည်ကား မိမိတို့လက်ရှိနေ သည့် ခေတ်သည် ပညာရေးကို အလေးအနက်မထားကြ။ အချိန်တန်လျှင် လယ်သမားသားသမီးက လယ်ထဲဆင်း၊ ယာသမားသားသမီးက ယာထဲဝင် ကုန်သည်သားသမီးက မိဘလက်ငုတ် အရောင်းအဝယ်ပွဲရုံလုပ်ငန်းရှိရာသို့ သွား သည်လိုနှင့် လူ့ဘဝသက်တမ်း အရှည်ကြီးကို စောင့်ရင်း နောက်ဆုံး သေမင်းနိုင်ငံသို့ ကူတို့ခ ငွေတစ်မတ်နှင့် အွက်သွားကြရသည့် အင်္ဂလိပ် အုပ်ချုပ်ရေးခေတ်။

♛♛♛♛♛

၁၉

ဒေါင်းယာဉ်ပုံနေရထားသည် သူ၏မခံနိုင်သောခရီးရှည်ကို နေ့ခင်း ... ဒုန်းစိုင်းနေ၏။ မိုးကလည်း ဂျုံးဂျုံမ်းသံမာန်ခင်းပြီး ပုလဲရည်မိုးစက်များ ... ဖြန်းပက်ကျဲချကာ မိုး၏သဘာဝအစွမ်းကို ပြခဲ့သည်။ ဆောင်းကလည်း ...ဖြူဖွေး ဝတ်ရုံရှည်ကိုဝတ်၍ သူမရဲ့ရာသီတစ်လျှောက် အလှုပြရင်း ရာသီ ...များကို ကိုယ်စီအစွမ်းများဖြင့် ပြခဲ့ကြသည်။

သုံးရာသီသည် သူတို့အခါကာလရောက်တိုင်း သူတို့ အဖွဲ့တွေနှင့် ...တို့ လူ့လောကသို့ ချဉ်းနင်းဝင်ရောက်လာပြီး ငိုပြ၊ ရယ်ပြ၊ ပြုံးပြ၊ ... လွမ်းပြ၊ ကြမ်းပြနှင့် ဇာတ်စုံခင်းခဲ့၏။

ရာသီဇာတ်ခုံပေါ်မှာပဲ. . .ခင်မြွေအပျိုဖော်ဝင်ခဲ့ပြီ။

"ခင်မြွေအပျိုဖော်ဝင်ချိန်မှာ ရွာတောင်ဖျားက ဘကြီးခမရှိတော့"

ဟို ရွာအနောက်က ညောင်ပိန္နဲပင်ကြီးတစ်ပင် လေပြင်းမိ၍ လဲကျ ...ခဲ့သည်။

ချောင်းရေကြီး၍ အိမ်အချို့ မြေပြိုသည့်အထဲ ပါသွားသည်။

ဆလုံဘုရားပွဲ ခြိမ့်ခြိမ့်သဲသဲ ကျင်းပသည်ကို ဝင်နွှဲခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မြွေ့ အပျိုဖော်ဝင်လာသောအခါ အလှသွေးတို့သည် စုပြုံ နိုဝင်ခစားရောက်ရှိလာကြသည်။ မည်မျှလှပါသနည်းဆိုမူ ရွာရှိကွမ်းတော င်ကိုင်အသီးသီးတို့၏ အလှများအားလုံးစုပေါင်း၍ သူမထံဦးခိုက် ခိုဝင်ကြသက သို့ရှိ၏။ အသားအရေသည် ငယ်စဉ်ကထက်ပို၍ ဝင်းစိုလာ၏။ နုညက်နေ ၏။ လက်မောင်းပေါ်မှ မွေးညှင်းနုကလေးများသည် ရွှေရောင်ထနေ၏ ပါးနှစ်ဖက်သည် ပန်းသွေးရောင်ရဲနေ၏။

မျက်တောင်ကော့ပုံများ နှီးဖျားချိုး၍ တင်ထားလျှင် ပြန်မကေ မျက်ခုံးမွေးသည် ဖင်ယော်တောင်ကဲ့သို့ အရင်းထူပြီး အဖျားကော့နေ၏ ရယ်လိုက်လျှင် ပါးဖောင်းဖောင်းပေါ်မှာ ပါးချိုင့်ကလေးက ခွက်၍ဝင်သွား ၏။ ညာဘက်မှာသွားတက် ကလေး ပါလိုက်သောအခါ သူမ၏အလှသည် ရှိရင်းစွဲထက် သုံးဆခန့်ပိုလှပြီး ချစ်ခင်စရာ ကောင်းသွားခဲ့သည်။

ကိုယ်လုံးကိုယ်ပေါက်ကလည်း အပြစ်ပြောစရာမရှိ ဖွံ့ထွား ရင်သားများက ကျစ်ကျစ်လစ်လစ်ရှိနေ၏။ ပြည့်မောက်သော တင်ပါးဆုံ နှစ်ဖက်နှင့် ကုတ်ခိုင်သော ပေါင်တံနှစ်ချောင်းတို့ တွဲဖက်လိုက်သောအခါ တစ်ကိုယ်လုံးအလှသည် ငေး၍ကြည့်ရလောက်ပေ၏။

ရွာရှိယောကျ်ားတိုင်း ခင်မြွေ့ကိုမြင်လျှင် စွဲမက်သွားကြရ၏။ အမျိ သမီးချင်း မျက်စောင်းထိုး၍ ညှုစူချင်ရလောက်အောင် လှသည်ထက် လှလွ ဖြစ်လာရသောအခါ အလှကြောင့် အမုန်းခံရပြန်သည်။

ခင်မြွေ့နှင့်ငယ်ငယ်က ကစားဖော်များ ရန်ဖက်များသည် အခုအခါ ရွာထဲမှာ အပျိုများ အပြိုင်းအရိုင်း ဖြစ်ကုန်ကြသည်။

အချို့အပျိုများသည် ယဉ်ယဉ်ကလေးနှင့် လှ၏။

အချို့အပျိုများသည် ဖွံ့ဖွံ့ထွားထွား ကားကား စွင့်စွင့်နှင့်လှ၏

အချို့အပျိုများသည် ပိန်ပိန်လှီလှီနှင့် တင့်တယ်ကြ၏။

မည်သို့လှလှ၊ မည်သို့ယဉ်ယဉ် ညနေစောင်း၍ ရွာပြည်တော်သာ ကန်ဘောင်ရိုးမှာ ရေခပ်ဆင်းကြလျှင် အလှပြိုင်ပွဲ လှူရွေးပွဲမှာ ကျိုးနှင့်ဖျို တူ ထင်ရှားရစမြဲ ရွာကာလသားများသည် ညနေစောင်းလျှင် ပြည်တော်သာ ကန်ဘောင်ရိုးသို့ ရောက်ရှိလာကြ၏။ အချို့က ပုလွေကလေးကျူး၍ အချို့က





န်ဘောင်အဝမှာ ခြင်းလုံးဝိုင်းနှင့် ဟန်ရေးပြသည်။ အချို့က ကုက္ကိုမြစ်ဆုံ ပါမှာထိုင်ပြီး မျက်စေ့စားပွဲထိုင်ကြသည်။

ရွာအပျိုများ ရေအိုးကိုယ်စီရွက်၍ ရေခပ်ဆင်းလာကြသည့် အပျိုအုပ်စုကိုကြည့်ကာ စကားတွတ်ထိုး၍ အလှမယ်ရွေးနေကြသည်။ အပျို အုပ်စုများသည် သုံးယောက်တစ်အုပ်စု၊ လေးယောက်တစ်အုပ်စု အချို့က ယောက်တစ်တွဲ ရေခပ်လာကြသည်။ ရေခပ်လာရင်း ရွာသတင်း အတင်းများကို တွတ်ထိုးလာကြသည်။

သူကြီးသမီးခင်ဆုံသည် အာအကျယ်ဆုံးဖြစ်၏။ အလှကလည်း တန်ငယ်ရှိ၏။ သူကြီးသမီးမို့ ရွှေနဲ့ငွေနဲ့ဖြစ်ကာ ရွာထဲမှ မိတ်အများဆုံး တင့်တယ်ဆုံး အပြင်နိုင်ဆုံးလည်း ဖြစ်သည်။

ခင်ဆုံသည် လုံးကြီးပေါက်လှဖြစ်၏။ အထူးသဖြင့် ခင်ဆုံ၏တင်ပါး ဝိုင်းဝိုင်းကားကားကြီးကို ကာလသားများက မျက်စိကျကြ၏။ သူမ၏ တင်ပါးဆုံနှစ်လုံးသည် လမ်းလျှောက်လျှင် တစ်ဖက်မြင့် တစ်ဖက်နိမ့် မြင်ရ ကာလသားများ၏ ရွှေဘဝင်ကို သေချင်အောင် လှုံ့ဆော်နေ၏။

တစ်ခါကများ အောင်စိန်ကြီးက မူးမူးရူးရူးနှင့်သွားကိုင် ပစ်လိုက် ည်ဟု ကျိန်းဝါးပြီး သွားမည်တကဲကဲဟန်ပြင်နေ၏။ အောင်လှတို့အုပ်စုက သည်းဆွဲထားရ၏။ သွားကိုင်ဖို့မပြောနှင့် ထိရန်ဟန်ပြင်လိုက်သည်နှင့် တုံးခတ်ခံရမည်မို့ မနည်းတားရ၏။

''တောက်. . .ကြည့်စမ်းပါအုံးကွာ အောင်လှရာ''

''အေးကွာ. . .ကြီးလိုက်တဲ့မိန်းမကွာ. . .အဟီး''

''ဘာအဟီးလည်း အောင်စိန်ကြီးရ. . .မင်းငရဲကြီးမယ်နော်''

''မကြီးပါဘူးကွာ. . .၊ ႁလ်အပျို ကိုလဲလူပျိုညစ္စာ၊ ကံဆုံလို့ က်ရင် ညားနိုင်တာပဲ''

ဒီမှာ ကာလသားခေါင်းဆောင် ကိုကျော်ခင်က အောင်စိန့်၏ င်ပါးကို ခြေနှင့်ဆောင့်ကန်ပြီး

အဲ့ဒါ. . .သူကြီးသမီး ကွမ်းတောင်ကိုင်ဟဲ့. . .နင်က မုဆိုးမသား ကျား တန်လို့လား . .နင်နဲ့တန်တာ တစ်ခုပဲရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



"ဘာများပါလိမ့် ကိုကြီးကျော်ခင်ရာ"

"အဲ့ဒါက. . .သူကြီးအိမ်က ထိပ်တုံးဟ. . ."

"ဝါး. . .ဟား. . .ဟား. . .ဟား. . .ဟား"

"ဟုတ်ပ့ါဗျာ. . .သူ့ခြေထောက်နဲ့လည်း လိုက်တယ်၊ ကိုကြီးကျော်ခင်ရေ. . .ဟား. . .ဟား. . .ဟား"

"ဖွ. . .ကိုကြီးကျော်ခင်ကလည်း နမိတ်မရှိ နမာမရှိဗျာ ဟာဗျာ ဟာဗျာ"

"ဟော့ကောင်တွေ ရှူး. . .တိုး. . .တိုး ဟိုမှာတစ်ယောက် လာနေတယ်ဟ. . .ဒါလေးလည်း မဆိုဘူးဗျာ"

အောင်လုက ရှူးတိုးတိုးဆို၍ အားလုံးအသံများတိတ်ကာ ရောက်အပြင်လမ်းသို့ မျက်လုံးများကို ရွေ့လိုက်ပြန်သည်။ အပျိုအုပ်စုတစ်စု အားလုံးသုံးယောက် အလယ်က ထမိန်အပြာကလေးနှင့် စံပယ်ပန်းပန်ထားသည့် ဆံထောက်ဖားဖားကလေးက ယဉ်ယဉ်ကလေးနှင့် လှနေ၏။

"အဲ့ဒါ ဒေါ်လေးမြရီရဲ့ သမီး ရင်မေ မဟုတ်လား"

ကိုကြီးကျော်ခင်က မိန်းမလှ ယဉ်ကျေးကလေးကို ငေး၍ကြည့်ရင်းပြောလိုက်၏။

"ဟုတ်တာပေ့ါဗျာ၊ ကျွန်တော်နဲ့တောင်. . ."

သွားခေါတရုတ်ကြီးက ရင်ကိုကော့၍ပြောရင်း စကားကို တန်းလန်းရပ်ထားလိုက်၏။

"လုပ်ပါဦး သွားခေါရာ. . .ရင်မေနဲ့ မင်းနဲ့က ဘာဖြစ်ကြလို့လဲ"

"အဟီး. . ."

"အောင်မယ် အဟီးတဲ့. . .ရာဇဝင်ရှိတယ်ပေ့ါလေ. . .ဟုတ်လား"

"အဟဲ. . .အဟက်. . .အဟက်. . ."

"ခွေးမသား အရေးထဲမှာ ဈေးကိုင်နေလိုက်တာ ပြောစမ်းပါ. . .မင်းနဲ့ ရင်မေနဲ့ ဘာဖြစ်ကြသလဲ"

အားလုံးကလည်း စိတ်ဝင်စားကြသည်။ ဒီကောင်သွားခေါက တဟီးဟီး တဟင်းဟင်းနှင့် ကောင်မလေးကိုငေးရင်း အတိတ်မျက်လုံးများ





ပြောင်လက်နေသည်။ သွားခေါသော်လည်း နောက်ပိုးကအလွန်သန်သည်။

"စိတ်ကူးကြည့်တာပါ ကိုကြီးကျော်ခင်ရာ. . ."

"မင်းဟာ ဘယ်လိုများ စိတ်ကူးလို့လဲ သွားခေါရယ်. . .ဆိုစမ်း"

"အဟဲ. . .အဟဲ. . .ဒီကောင်မလေးရင်မေနဲ့ ကျွန်တော်များ ဘယ်လို မတော်တဆ ညားသွားခဲ့ရင် ဒီရွာကာလသားများက ကျွန်တော့် နာလိုကြပါ့မလားလို့"

"ဟော. . .မင်းနဲ့ မတော်တဆညားရင်. . ."

"အဟက်. . ."

"ငါတို့က. . . မင်းကို. . .နာလိုကြပါ့မလား"

"အဟီး. . .အဟီး. . .ဟီ. . .တွေးတာပေ့ါဗျာ"

"မနာလိုရုံတင်မကဘူး သွားခေါရေ ခုလို စိတ်ကူးရုံနဲ့တင် ကိုင်း. . .သေပေတော့. . .မသာရုပ်နဲ့ နားရွှောင်းပန်ချင်တဲ့အကောင်"

"ဝုန်း. . .ဘုံး"

"အား. . .အား. . .အားမယ်လေး. . ."

အားလုံးက သွားခေါတရုတ်ကြီးအား မတန်မရာပြောရပါမည်လား ထုထောင်း ကန်ကျောက် ကြရာ အပျိုအုပ်စုများပင် လန့်၍လှည့်ကြည့်ကြသည်။ သွားခေါလက်အုပ်ချီ၍ မနည်းတောင်းပန်ပြီး နောင်ဒါမျိုးမပြောတော့ပါဘူး ခင်ဗျာဟု အသနားခံမှ သက်သာရာရတော့သည်။

သည်မှာ အသားမည်းအောင်ရှိန်ကြီးက ဝင်၍ထောက်လိုက်သေးသည်။ အသားမည်းဟာ အသားကမည်းသမှ သပိတ်ကတောင် အဖေခေါ်ရသူပြောလိုက်ပုံကား

မင်းတို့ သွားခေါနဲ့စာရင် ကောင်မလေးက ငါနဲ့များ တွဲသွားရင်နဲ့လ ရွှေနဲ့မြ. . .အောင်မယ်လေးဗျ. . ."

"ဘုံး. . .ဘုံး"

"ပါးစပ်က ပန်းပြန်ပြီ. . .ကဲ. . .မှတ်. . ."

ကျန်လူများက အသားမည်းအောင်ရှိန်ကို ဝိုင်းထုကြရာ တဝါးဝါးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ချိနေကြတော့သည်။

ဆိုစဉ် ခင်မြွေသည် ရေအိုးကလေးပိုက်၍ ရွာလမ်းမှသည် ကန်ဘောင်လမ်းရှိရာသို့ ထစ်လှမ်းချင်းလာနေ၏။ သူနှင့်အတူပါလာသူ ဒီပါ။ ဒီပါသည် ရွာမြောက်ဖျားမှ အကြော်ရောင်းသည့် မုဆိုးမဒေါ်ဆယ် သားဖြစ်သည်။ သူကလည်း ဒီနှစ် ကိုသာဥာဏ်တို့လယ်မှာ သူရင်းငှားဝ လုပ်နေသူဖြစ်သည်။ ဒီပါသည် ခင်မြွေနံဘေးမှ စကားများတတွတ်တွတ်ပြော ၍ ကပ်လိုက်လာ၏။

ခင်မြွေကလည်း တပြုံးပြုံးနှင့်ရှိနေ၏။

ဒါကို ကန်အဝင်ကုက္ကိုပင်အောက်မှ ကာလသားများအားလုံးက အာရုံစိုက်၍ ကြည့်နေကြသည်။ အားလုံးသော ကာလသားမျက်စိများသည် ခင်မြွေ၏အလှမှာ စူးနစ်ဝင်နေကြပြီ ဒီပါကိုတော့ မနှစ်မြို့သော မျက်လုံးမျ ဖြင့် ဝိုင်းကြည့်နေကြသည်။

"တောက်. . .တို့ရွာထဲမှာ ဒီကောင်မလေးအလှဆုံးပဲကွ"

ကိုကြီးကျော်ခင်က ကာလသားခေါင်းပီသစွာ ကောက်ချက်ချ

"အဲ့ဒါ ကိုငှက်ရိုးနှင့် မခွေးမတို့သမီးလေဗျာ၊ မြွေဝင်စား ခင်မြွေ ဆိုတာပေါ့ ကိုကြီးကျော်ရ"

သွားခေါတရုတ်ကြီးက လှတာတ်ကြီးလုပ်၍ရှင်းပြနေ၏။ ခင်မြွေ သည် ကာလသားအုပ်ရှေ့မှ ဖြတ်ရသောအခါ မျက်နှာလေးငုံ၍ ခြေလှမ်း မပျက်အောင် ထိန်းရင်း လျှောက်နေ၏။ ကာလသားအားလုံးသည် ခင်မြွေ အလှကို မျက်လုံးကျွတ်ကျမတတ် ငြိမ်၍ဝိုင်းကြည့်နေကြ၏။ ခင်မြွေ ကိုယ်လုံးကိုယ်ပေါက်နှင့် မျက်နှာအလှသည် သူကြီးသမီးခင်ဆုံနှင့်ယှဉ်လု ဆီနှင့်ရေလို နံ့သာဆီနှင့်အီးလိုကွာလှ၏။

ခင်မြွေ့အလှက သန့်၏ ယဉ်၏၊ မဟာဆန်၏။

ခင်ဆုံ့အလှက ရာဂစိတ်ကို နိုးကြွစေ၏။

ကြည့်စမ်းပါ၊ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း ခြေသလုံးသာ ဖောင်းဖောင်းအိအိကလေးသည် ရွှေငါးကြင်းတစ်ကောင် တပွက်ဘိသကဲ့ လှစ်ခနဲ ဝင်းခနဲ။





ကန်ဘောင်ရိုးပေါ် ထိုင်စကားပြောနေကြသည့် အပျိုအုပ်စုတို့ သည်လည်း ခင်မြွေလှမ်းလာနေသည်ကို မြင်ရသောအခါ ဝိုင်းငေး၍ကြည့် နေကြသည်။ ခင်မြွေသည် ခြေတစ်လှမ်း ကုဋေတစ်သန်းတန်စွာ လှမ်းလာ နေသည်။ မည်သူ့ကိုမျှလည်း စကားမပြော။

အားလုံးသော အပျိုအုပ်စုသည် ခင်မြွေ့ကိုတစ်လှည့်၊ သူကြီး သမီးကွမ်းတောင်ကိုင် ခင်ဆုံ့ကို တစ်လှည့် နှိုင်းယှဉ်၍ ကြည့်နေကြ၏။ သို့သော် များမကြာခင် မျက်စိအားလုံးက ခင်မြွေ့ထံသို့ အခစားရောက် ကုန်ကြသည်။ ခင်မြွေကန်ဘောင်ပေါ်မှ ရေခပ်တံတားပေါ်သို့ ရောက်သွား သောအခါ အဖော်ပါလာသည့် ဒီပါက ရပ်၍ကျန်နေခဲ့လိုက်သည်။ ဒီထက်ရှု တိုးဖို့ မကောင်း။

"ဟေ့. . .ဒီပါ. . ."

ခေါ်သံကြား၍ ဒီပါလှည့်ကြည့်လိုက်သည်။ အောင်စိန်တို့ ကိုကြီး ကျော်ခင်တို့ အုပ်စုပါလား။

"ဒီပါ. . .လာပါအုံးကွ"

"ခေါ်လား ကိုကြီး"

"အေး. . ."

ကိုကြီးကျော်ခင်က ဆေးအုန်းသီးကျေးရွာ ကာလသားခေါင်းလည်း ဖြစ်သမို့ သူက လေးလေးစားစား ကိုကျော်ခင်ထံ လျှောက်သွားလိုက်သည်။

"မင်းနဲ့. . .ခင်မြွေနဲ့က. . .ဘယ်လိုလဲကွ"

"ဗျာ. . .အဲ. . .အဲ. . .ဟို. . .ဟို. . ."

"ဟား. . .ဟား. . .ဟား. . .ဟား။ ဒီပါ. . .ဒီပါ"

သွားခေါတရုတ်ကြီးက ဒီပါ့ဟန်ကိုကြည့်၍ လှောင်ရယ် ရယ်လိုက် သည်။

"မင်းနဲ့. . .ခင်မြွေနဲ့က. . .ခင်တာလား. . .သမီးရည်းစားလားလို့ ေတာ"

"ဟာ. . .ကိုကြီးရာ. . .ရိုးရိုးခင်တာပါ. . .ဗျာ"

"ခင်မြွေကတော့. . .ဒီရွာမှာ အလှဆုံးပဲကွ. . .နော်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ. . .အဲ. . .အဲ. . ."

"ဟုတ်ရဲ့လား . .ဒီပါ. . .ပြောစမ်းပါအုံး . ."

"ဟုတ်. . .တယ်လို့. . .ထင်တာပါပဲ. . .ခင်. . .ဗျ"

"ဟား . .ဟား . .ဟား . .ဟား၊ ဟုတ်တယ်လို့ ထင်ပါတယ်တဲ့ ဟား . .ဟား . .ဟား၊ အဟေ့. . .ဟစ်"

"မင်းနဲ့က သိပ်ရင်းနှီးနေတော့. . .ငါတို့များ အကူအညီတောင်းခဲ့ရင် ကူညီနိုင်မလားလို့ မေးချင်လို့ပါ"

"ဘာအကူအညီများလဲ. . .ကိုကြီးရာ. . .ဟင်"

"လိုတော့. . .ပြောမှာပေါ့ကွာ. . .နေဦး ဟောဟိုမှာ. . .မင်းကောင်မလေး. . .အဲ. . .အဲ မင်း. . .သူငယ်ချင်းပြန်လာပြီ. . .ပြန်လိုက်ပို့ရဦးမလား"

"ဟို ဒင်း . .အဲ. . .အဲ. . .မပို့တော့ပါဘူး . .ကိုကြီးရာ. . .ကျွန်တော် နွားကောက်စရာ ရှိပါသေးတယ်. . ."

"အော်. . .အေး . .အေး"

ထိုစဥ် ခင်မြွေရေအိုးရွက်၍ တစ်လှမ်းချင်းလာနေသည်။ ရေအချို့သည် ဘောင်ဘင်ခတ်ဖိတ်စင်၍ အင်္ကျီပေါ်သို့ကျလာသဖြင့် ခင်မြွေက ရပ်ထိန်းကလေးထိန်း၍ အိုးကိုထိန်းလိုက်၏။ ရေစက်အချို့ကြောင့် မထူမပါး ပိတ်သားအင်္ကျီသည် ရေနှင့်ဖိကပ်ကာ. . .ရင်သားပေါ်မှာကပ်နေသည်။

အချို့သောရေစီးကြောင်းများက တင်ပါးသားထမိန်နှင့်ကပ်နေ၏ ရေစို၍ တင်းကပ်နေသော အသားအလုသည် ပကတိအသားအတိုင်း ဝင်းနီဖွဲ့နေ၏။ သူတို့ ခင်မြွေ၏ရေစိုအလှကို ငေးကြည့်အဖမ်းစားခံနေရချိန်

"ဝါး . .ဟား . .ဟား . .ဟား . .ဟား . .အဟီး"

"ဟေ. . .ဟေ. . .ဟေ့. . .ဟေ့. . .အဟက်. . .အဟက်. . . အဟွတ်. . .အဟွတ်. . ."

"ဝါး . .ဟား . .ဟား . .ဟေး . .ဟီး . .ဟီး . .ဟီး . ."

"အောင်ဖေယျတု ဂတိုးနှာများ လက်ကျန်ရှိပါသေးသရှင့်"

"ဟပ်ချိုး . .ဟပ်ချိုး . .ပူး . .ပူး . .တစ်ပူးလောက်. . .ရောင် ဟပ်ချိုး"





ကန်ဘောင်ပေါ်မှ ခင်ဆုံတို့အပျိုအုပ်စုက သူတို့ကာလသားအုပ်စုကို စောင်းငဲ့၍ လှောင်ပြောင်ကြတော့သည်။ ကြည့်စမ်း . .သူတို့ကို . . အောင်ဖေယျတု ဂတိုးနှာတဲ့. . .ဟိုက်. . .ဟပ်ချိုးဘုရားမဆိုဘဲ. . .ဟပ်ချိုး တစ်ပူးတဲ့. . .အဲ့ဒီမှာ သူကြီးသမီးခင်ဆုံက အသဲဆုံး . .အကဲဆုံး . .

"နှာခေါင်းပြတ်ရင် တော်သေးတာပေါ့တော်. . .ဟိုဒင်းများ ပြတ်ရင် အဲ. . .အဲ. . .အဟီး . .ဟီး"

"ဟိုက်. . .အောင်စိန်. . .လစ်မှတော်ရော့မယ်ဟေ့. . ."

"ဟုတ်တယ် ကိုကြီးကျော်ခင် အာကျယ်ခင်ဆုံတို့ ပိုဆိုးလာရင် ကျုပ်တို့ရွာထဲမှာ နာမည်ပျက်မယ်. . .လစ်ကြစို့"

သူတို့ကာလသားအုပ်စု အသံကျယ်ရုံးရှသည့် အပျိုအုပ်စုကို မျက်စောင်းထိုးကြည့်ပြီး ခေါင်းကလေးများ လျှိုကာ ငုံ့ကာ လစ်ကြတော့သည်။

"ဟို ပူး(ဘူး)ကြီးရေ ပြန်တော့မလို့လား . .နမူနာလေးပေးခဲ့ပါဦးတော့"

ဒီမှာ သွားခေါတရုတ်ကြီးက. . .နောက်ပြန်လှည့်ကြည့်လိုက်ပြီး

"ဂတိုးနှာနဲ့. . .ကြက်သားကာလသားချက်. . .ချက်ဖို့. . .အိုးကြီးကြီးနဲ့ လဲမယ်ဟေ့. . ."

"ဟဲ့ . .သေချင်းဆိုး . .ကာလ်နာကောင် သွားခေါရဲ့. . .ဘယ်အိုးနဲ့ ချက်ချင်လို့လဲ. . ."

"ဟို့. . .ဒန်အိုးကြီး . ."

သွားခေါက သူကြီးသမီးခင်ဆုံကို လက်ညှိုးထိုးပြလိုက်ရာ ခင်ဆုံ၏ ကလော်တုတ်သံသည် ရွာကန်ဘောင်ပေါ်မှာ ဆူညံ၍သွားတော့သည်။

"ငါ့အိုးတော့ မရဘူးဟေ့. . .သွားခေါ. . .သေချင်းဆိုးကောင်ရေ ငါ့အဖေရဲ့ ခြေထိပ်တော့. . .ညနေကျရင် အိမ်အရောက်ပို့ပေးလိုက်မယ် သုတ်စား ဖုတ်စား . .ဟဲ့. . ."

"ဝါး . .ဟား . .ဟား . .မား . .ဗား"

"ဟီ. . .ဟေ. . ."



www.burmeseclassic.com

www.burmeseclassic.com



ခင်ဆုံ့စကားဆုံးတော့ အပျိုအုပ်ရဲ့ လက်ခုပ်တီးသံများ လှောင်ပြောင်သံများက ပြည်တော်သာကန်ဘောင်လျှံကာ . . မိုးပေါ်သို့ပါ လွင့်တတ်သွားခဲ့သည်။ ကာလသားခေါင်း ကိုကျော်ခင်နှင့် သွားခေါ်တို့အုပ်စုက တုံ့ပြန်ပြောဖို့နေနေသာသာ လှည့်၍တောင်မကြည့်ရဲတော့ဘဲ တစ်ချိုးတည်း လစ်ခဲ့ရတော့သည်။

ဒီပါလည်း သူတို့ ခြေကုန်သုတ်ကြသောအခါ အာကျယ်ကျယ်အပျိုအုပ်ကိုကြောက်၍ ကြာကြာမနေရဲဘဲ သူတို့နောက်မှ ထပ်ချပ်မကွာ အပြေးလိုက်ခဲ့ရတော့သည်။ နို့မို့ နှုတ်သီးကောင်း စွာကျယ်နိုင်လှသည့် ဒီအုပ်စုနှင့်မလွယ်။

♛♛♛♛♛

## ၂၀

ခင်မြေ့အလှသည် တစ်နေ့တစ်ခြား ရွာထဲမှာ နာမည်ကျော်လာခဲ့။ နာမည်ကျော်လာသည်နှင့်အမျှ ကာလသားများကလည်း အိမ်ရှေ့မှာလုံးပြု၍ လျှောက်ပြန်သံပေး ပြန်ပြေးခွေးဟောင် ခြေအေးဝမ်းရောင် ဖြစ်နေကြ၏။ ရွာထဲမှာ သက်ကြီးသက်လတ် အဒေါ်များသည် ခင်မြေ့ကို ချစ်ကြသည်။

သို့သော် ရွာထဲက ကွမ်းတောင်ကိုင်အုပ်စုက ခင်မြေ့အလှကို ချစ်မိကြ။

အထူးသဖြင့် သူကြီးသမီး ခင်ဆုံနှင့် အာကျယ်ခင်စိန်တို့က ပိုဆိုးသည်။

အာကျယ်ခင်စိန်ကား သူကြီးသမီးခင်ဆုံရဲ့ မျက်နှာသာပေးခြင်းခံသူဖြစ်သောကြောင့် ရွာထဲမှာများ အလှူရှိ၍ ကွမ်းတောင်ပန်းတောင်ကိုင်ရလျှင် အာကျယ်ခင်စိန်သည် ဒုတိယလိုက်ရ၏။

ခင်ဆုံက အစဉ်အမြဲပဲ ရှေ့ဆုံးမှ ကွမ်းတောင်ကိုင်ရ၏။

ဒါကို အပျိုခေါင်း မစိန်က ဟိုတုန်းကတည်းက စိမ်ချက်ချပြီးသားသည်မှာ အတန်အသင့် ရုပ်ရည်ရှိပြီး ခင်ဆုံရဲ့ ခိုင်းလို့ကောင်းသည့် မိန်းဖတ်



www.burmeseclassic.com

www.burmeseclassic.com



အရာရာအားကိုးရသည့် ရန်ဖြစ်ဖော်အကူ အာကျယ်ခင်စိန်ကို ပန်းတော ကိုင်ထဲမှာ အမြဲတန်းထည့်ပေးရန် အပျိုခေါင်း မစိန်အား လက်ဖက်ထုပ်ဖေ စည်းရုံးခဲ့သဖြင့် အာကျယ်ခင်စိန်သည် လှူရာဝင်ခဲ့ကာ နေရာတစ် စွာကျယ် စွာကျယ်လုပ်လာခဲ့သည်။ ဟိုစပ်စပ် ဒီစပ်စပ်ပါဝင်ခဲ့သည်။

အဲဒီအချိန်အခါမှစ၍ ရွာထဲမှ မင်္ဂလာဆောင်အလှူရှိလျှင် ခင် အာကျယ်ခင်စိန်၊ ဒေါ်ငြိမ်း၊ လှထွေးရှင်၊ ခင်တုတ်နှင့် ခင်ကျော့တို့အုပ် သည်သာ ကွမ်းတောင်ကိုင်များအဖြစ် လှူရာဝင်ခဲ့ကြသည်။

ခင်မြွေသည် အလှဆုံးဖြစ်ကြောင်းကို တစ်ရွာလုံးရှိ ကလေး ကာလသားရော၊ လူကြီးများကပါ အသိဖြစ်၏။ ကွမ်းတောင်ပန်းတော ဆိုသည် လှသည့်မိန်းမပျိုများမှ ကိုင်ရ၏။ သို့သော် ရွာ၏အလှကေရှိခင် သည် ကွမ်းတောင်ကိုင်ဝေး၍ ဖျာလိပ်ပင်ရွက်ခွင့်မရခဲ့. . .။

အကြောင်းရှိသည်။

ဤအကြောင်းကား. . .ခင်မြွေ့ဘဝသမိုင်းကို အဦးဆုံး မှေလို သည့်သမိုင်း။

တစ်ကြိမ် ဦးလေးကိုသာဉာဏ်တို့ အလှူမှာရယ်၊ အပျိုခေါ် မစိန်က ရွာအလှူမို့ ရွာထဲကအပျိုရှိသမျှ ပေါက်စပါမကျန် လက်ဖက်ထ ကမ်း၍ ရှင်လောင်းလှည့်လိုက်ရန် ဆော်ဩခဲ့သည်။ အလှူကလည်း အ ကြီးဖြစ်၏။ မစိန်သည် ခင်မြွေ့ရဲ့ ကြည့်မဝ ရှုမဝအလှကို မြင်ရသောအ လွန်စွာသဘောကျသွားခဲ့သည်။ အပျိုခေါင်းတစ်ယောက်အဖို့ သူ့အုပ်ချု အောက်မှာ ရွာသူချောချော လှလှများများ ရှိခြင်းသည် မင်္ဂလာပဲဖြစ် မျက်နှာပွင့်၏။ အရေးပေးခံရ၏။

ဒီကောင်မလေးအလှသည် အန္တိုင်းမဲ့အလှဖြစ်သည်။ ရွက်ပုန်း လေး သူကလေးကို လှူပုံအလယ်မှာ ပွဲထုတ်ချင်သည်။

ဟိုရွာ ဒီရွာ ကာလသားများက ဒီရွာသူအပျိုချောကို မျက်စိ လျှင် ရွာကာလသားခေါင်းမှတစ်ဆင့် ရွာအပျိုခေါင်းသို့ စကားကမ်းလှမ်းရ ရွာအပျိုခေါင်းကလည်း အခြေအနေအရပ်ရပ်ကို လေ့လာစုံစမ်းပြီး လာလ လှည့်ဆိုမှ ရွာခံကာလသားများနှင့် လာလည်ရသည်။





အဲ့ဒီမှာ အပျိုခေါင်းက အနီးကပ်လေ့လာမေးမြန်း အကဲခတ်ပြီး ကိုယ့်ရွာသူ မနှစ်နာနိုင်သည့် အခြေအနေမျိုးရှိမှ သင့်လျော်သလို လူကြီးချင်း အကြောင်းကြား ဆက်သွယ်ပေးပြီး နားဖောက်စေ့စပ်သည်မှ မင်္ဂလာပွဲ အထိ အကျိုးဆောင် ကူညီပေးရသည်။

သည်မှာ ကာလသားက အလိုက်သိ၍ ပေးလျှင် ကျွေးလျှင် လက်ဆောင်ပေးလျှင် အပျိုခေါင်း စားရသည်။ အပျိုလှလှနှင့် များများရှိသော ရွာသည်လည်းကောင်း၊ အပျိုခေါင်းသည် လည်းကောင်း၊ ဒီရွာမှာသာမက ရွာနီးချုပ်စပ်မှာပါ မျက်နှာပွင့်၍ ဂုဏ်သတင်း ကျော်စောလေ့ရှိ၏။

ဒါကြောင့် အပျိုခေါင်းမစိန်တို့က ကိုယ့်ရွာသူထဲမှ တက်ရေ လက်ရေရှိသူတွေ့လျှင် နည်းနည်းချင်းစ၍ ပွဲထုတ်ချင်သည်။ ကိုယ့်ရွာသူ အလှကို စိန်ကောင်း ကျောက်ကောင်းလိုပြချင်သည်။

တခြားရွာမှာ အလှူရှိ၍ ကိုယ့်ရွာလာဖိတ်ခဲ့ပါက ရွာသူကွမ်းတောင် ကိုင်အလှကို ခေါင်းဆောင်၍ အခြားရွာမှာ မော်ရသည့် အရသာသည် အပျိုခေါင်းအဖို့ ဘယ်အရာနှင့်လဲ၍ မရနိုင်သော အရသာဖြစ်သည်။ အဲဒီမှာ ကံကောင်း၍များ ကိုယ့်ရွာသူ လူကောင်းသူကောင်း လူရည်တတ်နှင့်များ အကြောင်းပါခဲ့လျှင် အပျိုခေါင်း မစိန်ကောင်းမှုဟု နုတ်လှုသာဓုအခေါ်ခံရ သည်။

ဒီတော့ခင်မြွေ့အလှကို ရိုးသားစွာ သဘောကျသော မစိန်သည် ရှင်လောင်းလှည့်သည့် နေ့သို့ရောက်သောအခါ ခင်မြွေ့ကို အကျအန ပြင်ဆင်ဖီးလိမ်း၍ ခေါ်လာခဲ့လိုက်သည်။

ခင်မြွေ့အမေ မချွေးမကလည်း အပျိုခေါင်း မစိန်ကိုယုံ၍ ထည့် လိုက်သည်။

မကြာခင် ရှင်လောင်းကလှည့်တော့မည် မြင်းတွေကလည်း အသင့် ပြင်နေကြပြီ။ ရွာထဲမှ ကွမ်းတောင်ကိုင်ဟောင်း သူကြီးသမီး ခင်ဆုံနှင့် အာကျယ်ခင်စိန်တို့ အုပ်စုကလည်း ကွမ်းတောင်ပန်းတောင် စင်အနီး၌ အသင့်ရှိနေကြသည်။ ရွာသူရွာသားများသည် အပျိုခေါင်း မစိန်နှင့်ပါလာ သည့် ခင်မြွေ့ရဲ့ ပြင်ဆင်ပြီးအလှကို မြင်ကြရသောအခါ မြို့ပေါ်ကမင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



မှတ်၍ ငိုင်းကြည့်နေကြတော့သည်။

ခင်လုံးလုံးမှ တီးမှုတ်နေကြသည့် အိုးစည်ဗိုင်းမှ ကာလသားများကလည်း အနားသို့ရောက်လာပြီး အသံဖြင့် စောင်းချိတ်၍ တီးမှုတ်ကြတော့သည်။ တီးရင်း၊ မှုတ်ရင်း၊ ကရင်း၊ သီဆိုရင်း မစိန်နံဘေးမှ ခင်မြွေ့ထံသို့ မျက်လုံးများ အပြုံးများအား အတိုးအရင်း ပေါင်း၍ပို့လွှတ် ဆက်သနေကြသည်။

ဟိုရွာ ဒီရွာမှ အပျိုများ ကာလသားများကလည်း မိုးပေါ်က နတ်သမီးတစ်ပါး ဖြုန်းခနဲ မဏ္ဍာပ်ထဲကျလာသည်မှတ်၍ နာမည်စုံစမ်းကြ မေးဆတ်တွတ်ထိုးကြ။ အနားတိုးလာကြည့်ကြ လုပ်ကြသည်။

"အဲဒါ. . .ဘယ်သူလေးလဲဗျ"

ချောင်းစောက်ကျေးရွာမှ ဆယ်အိမ်ခေါင်းကိုစံကြည်က စ၍မေးလိုက်သည်။

"ခင်မြွေ့လို့ ခေါ်တယ်. . .ကိုစံကြည်ရဲ့. . .ဒီရွာက ကိုငှက်ရိုးသမီးပေါ့"

"ဟာ. . .ဒါ. . .ဦးငှက်ရိုးသမီး. . .ဒီလောက်လှမှန်း ခုမှသိရတာယ်ဗျာ. . .တောက်. . .သွားတက်လေးနဲ့. . .ချစ်စရာကောင်းလိုက်တဲ့ဒှာ. . ."

ဆယ်အိမ်ခေါင်း ကိုစံကြည်က အားရပါးရအော်၍ ချီးမွမ်းလိုက်သဖြင့် ခင်မြွေ့လူပုံအကြား နည်းနည်းရှက်သွားပြီး. . .ရှက်စနိုးဟန်နှင့် ဦးခေါင်းငုံ့ကာ အပျိုခေါင်း မစိန်အနီးသို့ တိုးကပ်ကွယ်လိုက်သည်။

ရွာခံကာလသားများရော အခြားရွာမှ ကာလသားဧည့်ပရိသတ်များကပါ ခုမှ ဖြုန်းစားချည်း မြင်လိုက်ရသည့် ခင်မြွေ့အလှကို ဝိုင်းဝန်း ချီးမွမ်းကြသည်။ အနီးကပ်တိုး၍ ကြည့်ကြသည်။

ဒါကို. . .ခင်ဆုံတို့ အာကျယ်ခင်စိန်တို့က မျက်စိနောက်၍ မျက်စောင်းတခဲခဲ ဖြစ်နေကြသည်။

သည့်နောက် မစိန်က အလှူစင်မြင့်ပေါ်မှ ကွမ်းတောင်နှင့် ပန်းတောင်များကို တစ်ခုချင်းကိုင်၍ နေရာချပေးလိုက်သည်။

"ကွမ်းတောင်ကိုင်. . .ခင်ဆုံ"





ခင်ဆုံက ထိုင်ရာမှ ဇတ်ခနဲ ထလိုက်သည်။ ကြီးမားပြန့်ကားသည့် သူမရဲ့ နောက်ကျောအလှကို ကာလသားများ သားရေကျသွားပြီး. . .ခါကနဲ ဖြစ်သွားသည်။ ခင်ဆုံသည် ဝေါခနဲ အသံများကြား၍ သိလိုက်သည်။ ရင်ထဲမှာလည်း ကြည်နူးသွားခဲ့သည်။ သည်လောက်တော့ ရှိတော့မှာပေါ့ မခင်ဆုံ. . .မဟုတ်ပါလား။

အများအမြင်မှာလည်း ကွမ်းတောင်ကိုင်ရသူမို့ ဒီရွာရဲ့ အလှထိပ်ခေါင် မှန်းနားလည်ကြသည်။ ခင်ဆုံ့အလှကလည်း ဖမ်းစားချက် ညို့ချက်ပြင်းလှသည့် မြင်ရသူအချို့ ရင်တွေခုန်လို့။

"ပန်းတောင်ကိုင်. . .ခင်စိန်"

ခင်စိန်ကလည်း ဒုတိယမြောက် အလှပိုင်ရှင်ဘွဲ့ကို ခံယူရသည်မို့ မျှန်းပီတိများနှင့် ခင်ဆုံ့အနောက်မှရပ်ကာ ရင်ကော့မျက်နှာမော့၍ ကိုက်ပေးနေလိုက်သည်။

သည့်နောက် ရွှေအုပ် ငွေအုပ်စသည်များအား ရွာအပျိုချောများသို့ တစ်ခုပြီးတစ်ခု ပေးအပ်ပြီးနောက်

"ခင်မြွေ့. . .လာခဲ့"

ခင်မြွေ့သည် သူမရဲ့အမည်ကို အပျိုခေါင်းက ခေါ်လိုက်သဖြင့် ဘာရှာထဲမှာ တွန့်ခနဲ စိမ့်ခနဲ ဖြစ်သွားပြီး ထိုင်ရာမှ မထရဲဘဲဖြစ်နေသည်။

"ဟဲ့. . .ခင်မြွေ့. . .မမစိန့်ခေါ်နေတယ်လေ. . ."

အနီးရှိ မသန်းချစ်က တံတောင်နှင့်တွတ်၍ သတိပေးလိုက်သည်။

"ခင်မြွေ့. . .ခင်မြွေ့. . .လာခဲ့"

သို့နှင့် ခင်မြွေ့ အတွေ့အကြုံမရှိသမို့ ရှုံးတိုးရှုံ့တွန့်ဟန်နှင့် ထ၍ မစိန်အနီးမှာ ရပ်ပြီးနေလိုက်သည်။ ဒေဝစ္ဆရာနတ်သမီးကို လူပုံအလယ်မှာ ချိုင်းသကဲ့သို့ ဖြစ်၍. . .သူမ ရှက်ပြုံးလေးပြုံးပြီး ရပ်လိုက်သောအခါ ခြားသော အလှတို့သည် ရုတ်ချည်းမှိန်၍ ကျသွားကြကုန်၏။ အားလုံး၏ သပ်ချီးမွမ်း အံ့သြသံများကား. . .မစိန်ရင်ထဲမှာပါ ကူးစီးနေ၏။

"လှလိုက်တာဟယ်. . ."

"ကြွေရုပ်ကလေးကျနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ချွေးမများ တော်လိုက်ချင်ပါတော်"

"အငြိမ့် မင်းသမီးလုပ်ဖို့ ကောင်းတယ်နော်"

ရွာနီးချုပ်စပ်မှ လာကြသူများကလည်း အော်၍ ချီးကျူးကြ ဒီလိုချီးမွမ်းသံများကို ခင်ဆုံတို့ အာကျယ်ခင်စိန်တို့ မိဒေါင်းတို့ ကွမ်းတော ကိုင် ဂန္ထဝင်အပျိုဟောင်းအုပ်စု နားနှင့် ဆတ်ဆတ်ကြားရသောအခါ မျက် စပါးမွေး စူးလာကြသည်။

"ဒါ မမစိန် လက်ချက်"

တစ်ချိန်က တစ်ရွာလုံးရှိ ရှိသမျှ ကာလသားများနှင့် ရွာသူရွာသ များ ရွာနီးချုပ်စပ်များက ခင်ဆုံတို့လောက်လှသူ ဒီဒေသအုံးသီးရွာမှာမ နံပါတ်တစ်နေရာပေးထားပါလျက် ဘာမဟုတ်သည့်မိန်းမကို ခေါ်လာ ပွဲထုတ်လိုက်သည့်အတွက် ခင်ဆုံရဲ့အလှဆုံးသရဖူ အရည်ပျော်ခဲ့ရသ အာကျယ်ခင်စိန်ဆို ဆေးရောင်ကွာကျ၍ မေးမိန်ခဲ့ရသည်။ ကျန်သ ရွက်ကြမ်းရည်ကျို အလှအပျိုများက ဆိုဖွယ်ရာမရှိတော့ပြီ။

ခင်ဆုံ ရက်စိတ်၊ မခံချင်စိတ်နှင့် ရင်ထဲမှာ ထောင်းခနဲ အမ သို့သွားခဲ့သည်။ သူမသည် သည်ရွာ၏ အရှင်သခင် သူကြီးသမီးလ ဖြစ်သည်။ အပျိုခေါင်း မစိန်ပြီးလျှင် ဒီရွာက အပျိုများအားလုံးအပေါ် ဩ အရှိဆုံးလူလည်းဖြစ်သည်၊ အချို့ကိစ္စများပင်လျှင် သူမက မမစိန်ကို ဩ ပေးနိုင်ချေလည်းရှိသည်။

ယခုပွဲမှာ မမစိန်က သူတို့အားလုံးကို မတိုင်ပင်ပဲ သူ့သဘော သူ ခင်မြွေ့ကိုခေါ်လာ၍ ပွဲထုတ်နေခြင်းသည် သူမတို့အားလုံးရဲ့ အရှက် ပြောင်ခွဲသလိုဖြစ်နေ၏။ ကြည့်စမ်း . .အားလုံးသော ပရိသတ်ရဲ့မျက် များသည် မတ်တပ်ရပ်နေသည့် ခင်မြွေ့ရဲ့ အလှအပေါ်မှာ မူးယစ်စွဲလန်းနေ သည်။

သည်အာရုံစိုက်မှုများသည် သူတို့ရဲ့ ကျဆုံးခြင်းလက္ခဏာ သ ဆုံးဖြတ်ချက်ကို ချက်ချင်း အကောင်အထည်ဖော်လိုက်သည်။

"မမစိန်"

"ဘာလဲ ခင်ဆုံ"





"မမစိန် ဘာလုပ်မလို့လဲ"

"ခင်မြွေ့ကို တစ်ခုခုပေးပြီး . .ပွဲထုတ်မယ်လေကွယ်"

"မလိုဘူး မမစိန်"

"ဟယ် . .ခင်ဆုံ ဘယ်လိုပြောလိုက်တာလဲဟဲ့၊ သူလည်း ဒီရွာက အပျိုပဲလေ အရွယ်ရောက်ပြီဥစ္စာ၊ အလှူမင်္ဂလာတိစ္စမှာ ပါဝင်ရတော့မှာပေါ့"

"အပျိုက. . .အပျိုပဲ၊ ဒါပေမယ့် မသန့်တဲ့အတွက် အလှူမင်္ဂလာ တိစ္စကို ပေးကိုင်စရာမလိုဘူး"

"ဟင် . ."

"အို . . ."

ခင်ဆုံနှုတ်မှ စူးရကျယ်လောင် တုန့်ပြန်သံကြောင့် မမစိန် အံ့ဩ သွားရသလို ကြားရသည့် ခင်မြွေ့လည်း အတွေ့အကြုံမရှိ၍ ရင်ထဲဆတ်ဆတ် တုန်လာခဲ့သည်။ ခြေလက်များလည်း တုန်လာခဲ့သည်။

"ခင်ဆုံ. . .ညီမ. . .ညည်း ဘယ်. . .ဘယ်လို ပြောလိုက်တာလဲ"

"ရှင်းရှင်းပဲလေ. . .မမစိန်. . .ခင်မြွေ့ဟာ အ အမပဲ၊ ဒီလို အအ ကို မင်္ဂလာရှိတဲ့ ပစ္စည်းမှန်သမျှ မင်္ဂလာပွဲတိုင်းမှာ လုံးဝကိုင်ခွင့်မပြုသင့် ဘူး"

"ဟယ် . ."

"ဟာ . ."

"ဘယ့်နှယ့်ဟာကြီးလဲဟ"

"အို . . .ပြောရက်လိုက်တာတော်"

မမစိန် ရက်ရက်စက်စက်၊ ပက်ပက်စက်စက် လူပုံအလယ်မှာ သဒ္ဒန်ပြောဆိုလိုက်သည့် စကားကြောင့် မျက်နှာကြီးရဲခနဲ ဖြစ်သွားသည်။ ခင်မြွေ့သည် လူပုံအလယ်မှာ 'အ,အ' မဟုတ်၍လည်းကောင်း ဒီလို 'အ,အ' မကို မင်္ဂလာရှိတဲ့ပစ္စည်း ပေးကိုင်ခွင့်မပြုသင့်ဘူး ဆိုသည့် ကန့်ကွက်စကားကို ကြားလိုက်ရသောအခါ ရှက်လွန်းလှ၍ ပါးပြင်ပေါ်သို့ မျက်ရည်လုံးများ ကျလာခဲ့သည်။

"ဟုတ်တယ် . . .ဒါမင်္ဂလာအခမ်းအနား မမစိန်ရဲ့ မမစိန်



www.burmeseclassic.com

www.burmeseclassic.com



အပျိုခေါင်းပဲ နားလည်ရမှာပေါ့''

''အ အမများတော်. . .ကြီးကြီးကျယ်ကျယ်လုပ်ပြီး ပွဲထုတ်နေ တယ်လို့တော် ထွီ. . .''

ပွဲက ပို့၍ကြမ်းလာသည် အာကျယ်ခင်စိန်နှင့် မိဒေါင်းတို့က ခင်ဆုံ့အရှိန်နှင့် ကက်ကက်လန် ဝင်ပက်ကြတော့သည်။ ကာလသားများနှ ညွှသည်ပရိသတ်များသည် အပျိုခေါင်း မစိန်ဘာလုပ်မလဲ၊ ဘယ်လိုဆုံ ဖြတ်မလဲ ဆိုတာကို နားစွင့်ငံ့လင့်နေချိန်မှာပဲ . . .ခင်မြွေသည်. . .မျက်နှာ လက်ဝါးနှင့်အုပ်ကာ လူအများကြားမှ မဏ္ဍာပ်အပြင်သို့ တိုးထွက်ပြီးနောက် အိမ်ရှိရာသို့ ရှိုက်ကြီးတငင်ငို၍ ပြေးတော့သည်။

''ခင်မြွေ. . .ခင်မြွေ. . .ညီမ. . .ခဏနေအုံး''

''ဟဲ့. . .ခင်မြွေ နေဦးလေး''

မမစိန်က မဏ္ဍာပ်အပြင်ထွက်၍ လှမ်းအော်လိုက်သေးသည် သို့သော်. . .ခင်မြွေက လုံးဝလှည့်မကြည့် အကြီးအကျယ်ရှက်သွားခဲ့ သည်

''ရှင်လောင်းလှည့် နောက်ကျနေပြီ. . .မြန်မြန်လုပ်ပါ မစိန်ရ''

''နေပူလာပြီဗျို့. . .ခင်ဗျားတို့ အပျိုအုပ်က မပြီးနိုင်သေးဘူးလား''

''ဘာတွေများ. . .ရစ်နေကြလဲ မသိပါဘူးဗျာ''

ကာလသားအုပ်ကလည်း ပိုင်းအော်ကြသည်။ သည်မှာ သူကြီး တူ ခင်ဆုံမောင်ဝမ်းကွဲ ကျောက်ဒိုးကလည်း သူ့အစ်မဖြစ်စဉ် အစအဆုံ မြင်နေရသူမို့ နောက်ဆုံး အစ်မဘက်မှ ဖေးမသည့်အနေနှင့် အားလုံ ထွက်ကြတန်းစီကြဟု ဆိုကာ ရှင်လောင်းများ အိုးစည်ဗိုင်းများကို အတင် နေရာချတော့သည်။ အပျိုခေါင်း မစိန်လည်း နောင်မှပဲ ခင်မြွေ့ကိုရော ခင်မြွေ့မိဘများကိုပါ အကျိုးအကြောင်းပြောပြမည်ဟု ဆုံးဖြတ်ကာ ကွမ် တောင်ကိုင်အပျိုအုပ်ကို အစီအစဉ်အတိုင်း ရှင်လောင်းရှေ့နောက် ညှပ်၍ နေရာချပေးလိုက်သည်။

''ဟင်း. . .ဘယ်ရမလဲအေ. . .ခင်ဆုံတဲ့ တစ်ဆုံထဲရှိတယ်''

''သင်းတော့ အီသွားပြီး မမဆုံရဲ့''

''အီယုံမကလို့. . .ပျော့ခွေပြီးပဲ ကျကျ ဂရုမစိုက်ပေါင်အေ. . .''

---





''အ အမက. . .အလှရုပ်ကလေးနဲ့ လာပြိုင်ချင်တာ ခင်ဆုံရဲ့''

''ခင်ဆုံတို့ကတော့ ပြိုင်ပြီဆိုရင်. . .ဘယ်နေရာဖြစ်ဖြစ်. . .ကန် ချလိုက်ရမှ စားဝင် အိပ်ပျော်တယ်ဟဲ့. . .မှတ်ထား''

ခင်မြွေသည် တီးမှုတ်နေသည့် အိုးစည်သံများကို ကြားနေရ၏။ သူမပြေးနေရင်း ပါးပြင်ပေါ်သို့ မျက်ရည်များ ဒလဟောစီးကျလာသည်။ မျက်ရည် လည်ရွဲနှင့်နောက်သို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ ဒီပါသည် သူ့နာမည်ကို တကြော်ကြော်ခေါ်၍ အပြေးလိုက်လာလေ၏။ မကြာခင် ဒီပါ သူ့ကိုမှီလာသည်။ ဒီပါက သူ့ရှေ့မှရပ်၍ လက်နှင့်ကာရင်း ခဏရပ်ဖို့ ပြောသည်။ သူ ဒီပါ့စကားကို ဆုံးအောင်နားမထောင် ကာထားသည့် ဒီပါကို တွန်းလွှတ်ပြီး အိမ်ရှိရာသို့ နားနှစ်ဖက်ကို လက်နှင့်ပိတ်ကာ ပြေးဝင် လိုက်လေတော့သည်။

❦❦❦❦❦

www.burmeseclassic.com

www.burmeseclassic.com

## ၂၁

အဲဒီနေ့ . . ဦးလေးသာဥာဏ်တို့ အလှူပွဲ အဖြစ်အပျက်မှစ၍ ခင်မြွေသည် မည်သူ့အလှူပွဲမှ လာဖိတ်ဖိတ်လုံးဝမလိုက်တော့။

ရှင်လောင်းလှည့်ပြီးတော့ မမစိန်အိမ်ရောက်လာပြီး အဖေနှင့်အမေ့ကို ရှင်းပြတောင်းပန်သည်။

အလှူမှ ပြန်လာကြသည့် အိမ်နီးနားချင်းအချို့ရဲ့ ပြောပြသံကြောင့် ခင်မြွေ့ရဲ့ အရုပ်ဆိုး အကျည်းတန်လှသော အရှက်တကွဲအဖြစ်အပျက်ကို ကြားရသောအခါ ကိုငှက်ရိုးလည်း ဒေါသများပေါက်ကွဲ၍ အိမ်ထရံမှာ ထိုးထားသည့် ငှက်ကြီးတောင်ဓါးကို ပြေးဆွဲကာ သွားခုတ်မည် သတ်မည် ဟုလုပ်၍ မချွေးမနှင့် ခင်မြွေက မနည်းဆွဲထားရသည်။ ခင်မြွေကိုကား ဘာတစ်ခွန်းမှ မေး၍မရ။

"ကျွန်မတောင်းပန်ပါတယ်၊ ဦးလေးငှက်ရိုးရယ် . .၊ ကျွန်မက တော့ သဘောရိုးနဲ့ ကိုယ့်ညီမလေးကို ပွဲထုတ်မလို့ပါ . .ဒါပေမယ့် . ."

"တောက် . .မိုက်ရိုင်းလိုက်တာ မိစိန်ရာ . .ဟင်း . .ငါမွေးထားတာ လူပါဟ၊ လူမှ ခွေးတို့ထက်တောင် ကျက်သရေရှိတဲ့ လူပါ၊ စကား





လေး မပြောနိုင်တာနဲ့ ငါ့သမီးကို မင်္ဂလာမရှိဘူးလေး . .ဘာလေးနဲ့ . . ငှက်ရိုးကွနော် အားလုံးကို စင်းကော ပစ်မယ်ဟေ့"

"တိုးတိုးပြောပါ ငှက်ရိုးရယ် . .၊ သူတို့က သူကြီးသမီးဥစ္စာတော် ရှိပါစေတော့"

"ဟ . .သူကြီးသမီးပြောတာဆိုတာ ငြိမ်ခံရမှာလားကွ၊ ရှင်လောင်း လှည့်လိုက်တာ ဥစ္စာ၊ ပါးစပ်က သီချင်းအော်ဆိုလိုက်ရလို့လား . . .ဟင် ဟင် . .တော်ကွာ"

"ဒုန်း . .ဝုန်း . ."

"ကျွန်မ မျက်နှာကို ငဲ့ပါအုံး . .ဦးလေးငှက်ရိုးရယ် . .ကျွန်မ အနုးအညွတ် တောင်းပန်ပါတယ်ရှင် . .ဒီကောင်မတွေ . .ညစ်တာတော့ အမှန်ပါ . .နောင်ကို . ."

"တော်ပြီ . .မိစိန် . .နောင်ကို နင်တို့အားလုံး ဘယ်မင်္ဂလာဆောင် အလှူပွဲရှိရှိ . .ငါ့သမီးကို လုံးဝလာခေါ်စရာ မလိုဘူး၊ ဒါ . .နောက်ဆုံးပဲ . .ပြန်တော့ . ."

အပျိုခေါင်း မစိန်သည် မျက်နှာမကောင်းစွာဖြင့် အိမ်ပေါ်မှ ပြန်ဆင်း သွားလိုက်သည်။ သူ့စေတနာ သူ့ရည်မှန်းချက်များသည် ခုတော့ ဝေဒနာ အထိ ဖြစ်ခဲ့ရပြီ။

ခင်ဆုံ . .ခင်ဆုံ . .သူကြီးဆိုသည့်မာန၊ အလှအတ္တဆိုသည့် မာန၊ ဥစ္စာရှိသည့်ဆိုသည့် မာနနှင့် သူတစ်ဖက်သားအား ပြောသင့်မပြော သင့်မချင့်ချိန်ပဲ လူကြားသူကြားမှာ အရှက်တကွဲဖြစ်အောင် လုပ်ခဲ့သည်။

တောက် . .သူမ စဉ်းစားရင်း ခင်ဆုံ့ကို ဒေါသဖြစ်ရသည်။

အင်း . .ပြန်စဉ်းစားကြည့်ရင် . .သူမ ဘဝသည်လည်း အပျိုခေါင်း အမည်သာခံရသည်။ ခင်ဆုံတို့အုပ်စုလောက်မှ ဩဇာမရှိပါလား။

ထိုနေ့မှစ၍ ခင်မြွေသွားစရာဆိုလျှင် အဖေ့လယ်လုပ်ငန်းခွင်သို့ ထမင်းတောင်းရွက်၍ ထမင်းများပို့ရသည့် အလုပ်နှင့်၊ အမေ့ကို ဝိုင်းကူလုပ် သည့်အလုပ် ဘုရား တရားအလုပ်စသည်တို့ကိုပဲ လုပ်ခဲ့တော့သည်။

ရေခပ်ချိန်တောင်မှ ခင်ဆုံတို့နှင့် အချိန်လွဲ၍ ရေခပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှုကား ရေခပ်ချိန် မျက်နှာချင်းဆိုင်သည်နှင့် . . သူတို့က ထွီ . ထွေမ် လုပ်သည်။

'အ,အ'မ၊ မြွေဟောက်မ၊ မြွေအလမ္ပာယ်မဟာ လူ့ရွာမဝင်သည် မိန်းမဟု ပြောင်တစ်မျိုး၊ စောင်းချိတ်၍တစ်မျိုး ပြောဆိုကဲ့ရဲ့လေ့ရှိသည်။

ရင်ထဲမှာ မခံချင်စိတ်များ နိုးထလာသော်လည်း . . စကားနည်း ရန်စဲဖြစ်စေလို၍ ငြိမ်ခံခဲ့သည်။ အပျိုအားလုံးနီးပါးနှင့် ကိုယ်တစ်ယောက်ထဲ ဖြစ်နေ၍ ခန္တီတရားကို ကိုင်ဆွဲခဲ့သည်။

မိမိလည်း လူသားဖြစ်၍ သစ်ငုတ်ကဲ့သို့ တိုက်ပါများလာတော့ နဲ့ချင်သည့် စိတ်ရိုင်းများ ဝင်လာတိုင်း ဒေါသစိတ်များ နာကျည်းစိတ်များ ကို ဖွတ်ချေစ်တီးကာ . . ငါ့ဘဝကံအကြောင်း မကောင်းခဲ့လို့ ဒီလို အနိမ့်ခံ ဘဝဖြစ်လာကလားဆိုကာ . . မျက်ရည်များ စီးကျရင်း ဘဝကိုနှစ်သိမ့်ခဲ့ သည် . . ။

♛♛♛♛♛

သည့်လိုနှင့် ခင်မြွေမိဘများ၊ အလုပ်ကိုပိုင်းကူရင်း ဘဝကို ဖြေသိမ့် နေစဉ်မှာပင် သူမရဲ့ ဘဝတစ်လျှောက်အတွက် ထူးဆန်းသော အပြောင်း အလဲဖြစ်ရပ် အချို့သည် များမကြာခင် သူမဘဝအတွင်းသို့ မဖိတ်ခေါ်ပဲ ဆန်းကြယ်စွာ ရောက်ရှိလာခဲ့သည်။

တစ်နေ့ . . .

ဖခင်ရှိရာ လယ်တောသို့ ထမင်းတောင်းလေးရွက်၍ ထမင်းသွား ပို့ခဲ့သည်။ အဖေလုပ်နေသည့် လယ်သည် . . . ရွာနှင့် တော်တော်လေး ဝေး၏။ သုံးခေါ်ခန့်မှာ ရှိ၏။ တောတန်းလေးနံဘေးမှ ဖြတ်ကျော်သွားရ၏။ တောတန်းကလေးသည် ရွာအတွက် ထင်းနှင့်ဝါးများ အတော်အတန်ရ၏။

မိုးရာသီ ရောက်လျှင် . . သည်တောတန်းကလေးမှ အသီးအရွက် အသီးအပွင့်အတော်များများ တစ်ရွာလုံး ဟင်းစားရကြ၏။

ဇီးဖြူသီး၊ ကြက်ဟင်းခါးသီး၊ ကြောင်လျှာသီး၊ မှို၊ ကင်ပွန်းရွက်၊ ချိန်နပေါ်ညွန့်၊ မှိုစသည်တို့ ရာသီအလိုက်ရ၏။ အချို့တောတန်းကလေးကို မှီ၍ ရောင်းစားလို့ပင်ရ၏။

---

စိတ်ကူးသစ်တာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်၍ ထမင်းပို့ပြီး အပြန်မှာ ခင်မြွေတောတန်းလေးထဲဝင်ပြီး အသီးအရွက်ဟင်းစားများ ခူးလေ့ရှိ၏။ ဟို . .အထဲတော့မဝင်ရဲ တောအဝင် အစပ်မှာ ပေါက်သည့်စားလို့ရသည့် အသီးအရွက်များကို ခူးယူလေ့ရှိသည်။

မနက်ဖြန် . . .သူ့အသက်(၁၆)နှစ်ပြည့်ပြီဟု . . .အမေတို့ကပြောသည်။

ဒီ(၁၆)နှစ်ပြည့်မှ သူမ ကုသိုလ်ကောင်းမှု တစ်ခုခုလုပ်ရန်အစီအစဉ် ရှိသည်။ သို့နှင့် ထမင်းပို့ပြီး အပြန်မှာတောစပ်သို့ဝင်၍ ရသမျှပန်းအချို့ကို ခူးယူလိုက်သည်။

သပြေပန်းအချို့ရသည်။ တောစံပယ်ပန်းအချို့သည် အလေ့ကျ ပေါက်နေသည်။ ရွက်လှုပန်းအချို့ရခဲ့သည် . . .။

သူမ ပန်းသုံးမျိုးကို နည်းနည်းစီခူး၍ ပြန်လာခဲ့လိုက်သည်။

အပြန်လမ်းမှာ ပလိုင်းတစ်လုံးနှင့် ငါးရှာပြန်လာသော ဒီပါနှင့် သွားဆုံကြသည်။ သူမသည် ဒီပါကိုတွေ့ရသောအခါ စိတ်ထဲမှ အလိုလိုပျော် ချင်သလိုဖြစ်လာခဲ့သည်။

သူမ၏ ဘဝကို နားလည်သူကား . .ဒီတစ်ရွာလုံးမှာ ဒီပါနှင့် လှူ အငယ်နည်းမျှသာရှိသည် . . .ဟု သဘောပေါက်ခဲ့သည်မှာ ကြာပါပြီ။

ဒီပါသည် . . .သူ့ကိုခင်၏။ သူ့အနွံအနာကိုခံနိုင်၏။ သူသည် မုဆိုးမသားဖြစ်သော်လည်း . . .ရိုးသားသည်။ သစ္စာရှိသည်။ တည်ကြည် သည်။ အပေါင်းအသင်းနည်းသည်။

"ခင်မြွေ . . .နင် . . .ထမင်းပို့က ပြန်လာတာလားဟေ့ . . ."

ဒီပါက . . .ငါးအုပ်ဆောင်းကို လက်တစ်ဖက်က ကိုင်ရင်း အနားသို့ ရောက်လာကာ မေးလိုက်သည်။ သူမကပြုံး၍ "အင်း" ဟု ဖြေလိုက်သည်။

"ဘာလဲ . . .ရွာဦးကျောင်းစေတီမှာ ဘုရားသွားကပ်မလို့လား"

သူမက တောင်းကိုပိုက်ရင်း . . .ခေါင်းငြိမ့်လိုက်၏။

"ဥပုသ်နေ့ကျရင် . . .နင်ကျောင်းကို လာဦးမလား . . .ခင်မြွေ"

ခင်မြွေ . . .ဒီပါရဲ့ မေးခွန်းကြောင့် အတန်ကြာစဉ်းစားရင်း . . . ခေါင်းကိုရမ်းခါလိုက်သည်။





"ဘာလို့လဲ . . .ခင်မြွေရဲ့ . . .ငါတို့လည်း အဲဒီနေ့ကျရင် ဘုန်းကြီး ဆွမ်းကိစ္စ . . .ဥပုသ်သည်များ စားရေးကိစ္စ ဝိုင်းကူရမှာ . . .နင်လည်း . . . လာခဲ့ပါလား။ တို့ အဲဒီမှာပဲ စားကြမယ်လေဟာ . . ."

သူမခေါင်းကို တွင်တွင်ရမ်းလိုက်သည်။

"ဘာလို့လဲ . . ."

"  . . . . ."

"ဘာလဲ . . .နင်က . . .ခင်ဆိုတို့အုပ်စုနဲ့ တွေ့မှာစိုးလို့လား . . ."

သူမက ခေါင်းကိုညိတ်လိုက်သည်။

"ဂရုမစိုက်စမ်းပါနဲ့ဟာ . . .ခင်မြွေရာ . . .ဒီတစ်ခါများ . . .အလှူ တုံးကလို အချိုးမျိုး ချိုးရင် . . .ဒင်းတို့ကို ငါကိုယ်တိုင် လည်ပင်းညှစ်သတ် ပါမယ်ဟာ . . .

"ဟောဒီလိုဟာ၊ ဟောဒီလို . . ."

ဒီပါက . . .လည်ပင်းညှစ်မည့်ဟန် လုပ်ပြလိုက်သောအခါ ခင်မြွေက မျက်လုံးအစုံပြူးကျယ်သွားခဲ့ပြီး လက်ခါခါ ခြေခါခါနှင့် . . .သူ့ကြောင့် အဲဒီလို မလုပ်ဖို့ တောင်းပန်ဟန်လုပ်ပြသည်။

"ငါက . . .နင့်ဘက်က . . .မခံနိုင်လွန်းလို့ပါဟ . . ."

သူမက လက်နှစ်ဘက်နှင့်ကာ၍ မလုပ်ရန်ပြောသည်။ သည့် နောက် ဒီပါက . . .ပလိုင်းထဲသို့ လက်နှိုက်၍ ငါးရံ့ကြီးတစ်ကောင်ကို ဆွဲထုတ်လိုက်သည် . . .။

"ရော့ . . .ခင်မြွေ . . .ဒါ . . .နင်တို့ မိသားစု စားဖို့ယူသွား . . ."

"ဟင့်အင်း . . .ဟင့်အင်း"

သူမက လူးလွန့်နေသည့် ငါးရံ့ကိုကြည့်၍ ခေါင်းကိုခါလိုက်သည်။

"ဟား . . .ဟား . . .ဟား . . .ဟား" ဘာလဲ ခင်မြွေရာ ငါးရံ့က အရှင်ကြီးဖြစ်နေလို့လား ဒါဆို ငါလုပ်ပေးလိုက်မယ် . . .ကိုင်း"

သူကငါးရံ့ကို မြေပြင်မှာ ကိုင်ပေါက်လိုက်သည်။ ငါးရံ့သည် လူးလွန့်ပြီး ငြိမ်ကျသွားသည်။ ဒီအချိန်မှာ ခင်မြွေက မကြည့်ရဲ၍ မျက်စိကို စုံမှိတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရော့. ."

"ဟင့်အင်း. ."

"ယူသွားစမ်းပါဟာ. . .ဒေါ်လေး ဒေါ်ချွေးမက ငါးရံ့ဆိုသိပ်ကြိုက်တာ ညနေကျရင် ကန်စွန်းရွက်ပါခူးပြီး ငါလာပို့မယ်. . .ရော့"

ပြောရင်းသူက မွေ့ထားသည့် ခံတောင်းထဲသို့ ငါးရံ့သေကို ပစ်ထည့်လိုက်သည်။ ပြီးနောက် ငြင်းဆန်နေသည့် ခင်မြွေကျောကို တွန်းကာ ရွာဝင်လမ်းဆီသို့ တွန်းလွှတ်လိုက်သည်။

ခင်မြွေသည် တွန်းလိုက်သည့် အရှိန်ကြောင့် ငိုက်သွားသလို ဖြစ်ရင်းမှ ဟန်ချက်ကို ထိန်းကာနောက်ပြန်တစ်ချက် လှည့်ကြည့်ရင်း ပြုံး၍ ရွာထဲသို့ အမြန်ပြန်ခဲ့တော့သည်။

ရိုးသားလွန်း၊ အလွန်းလှသည့် ဒီပါက စကားမပြောနိုင်သော အလှပိုင်ရှင်မလေးရဲ့ နောက်ကျောကို ကြည့်ပြီးသက်ပြင်းရှည်ကြီးကို လေးတွဲ့စွာ ချလိုက်လေသည်။

♛♛♛♛♛

## ၂၃

ညနေစောင်းသောအခါ ရေမိုးချိုးပြီးသနပ်ခါး ပျစ်ပျစ်သွေး၍ ဘစ်ကိုယ်လုံး လူးလိုက်သည်၊ မျက်နှာမှာ အကွက်ကျားတင်၍ အကွက်ပေါ်မှာ သစ်ရွက်နှစ်ရွက်ကပ်ပြီး ပုံဖော်လိုက်သည်။

ပြီးတော့ မှန်ထဲမှ ကိုယ့်ရုပ်ကိုယ်ပြန်ကြည့်ပြီး ကျေနပ်မှုရှိကာ ရေဆေးထားသည့် ပန်းများကို ယူ၍ ရွာဦးကျောင်းစေတီရှိရာသို့ ထွက်လာလိုက်သည်။

ရွာဦးကျောင်းစေတီလမ်းသည် နွားကျောင်းသားကလေးငယ် အချို့မှ လွဲ၍ လူရှင်းနေ၏။ ခင်မြွေက လူရှင်းတာကို ကြိုက်သည်။ လူများနေလျှင် အနေရကျပ်သည်။

ပရဝုဏ်ထဲသို့ဝင်လိုက်သည်နှင့် လေတိုက်၍မြည်သော ချောင်းလွက်ခတ်သံနှင့် ခေါင်းလောင်းလှုပ်သံများကို ကြားရသောအခါ သူမရင်သည် ကြည်နူးသွားခဲ့ရသည်။

တော်သေးရဲ့. . .။

စေတီပရဝုဏ်ထဲမှာ လူရှင်းနေသည်။ ဦးစွာစေတီတွင်းနိုင်ကြေး ခင်းတုရှေ့ ချောင်ရေအိုးမှ ပန်းဟောင်းများကိုစွန့်၍ ပါလာသည့် ပန်းသစ်



www.burmeseclassic.com

နှင့် ထဲထိုးလိုက်ပြီး ဘုရားကို အာရုံပြုလိုက်သည်။

အာရုံရသည်နှင့် သူမစိတ်ထဲရှိသမျှ ဘုရားစာများကို ရသ၍စိတ်ထဲမှ ရွတ်ကာ အတန်ကြာရှိခိုးနေလိုက်သည်။ ထို့နောက် ဥသဘုံကို အမျှဝေပြီး အပြင်ဘက်မှ ခေါင်းလောင်းကို ထိုးလိုက်သည်။

၎င်းနောက် ကျွန်ပန်းအချို့ကို ကိုင်ကာ . . နဂါးရုပ်တုရှိရာသို့ ထွက်လာလိုက်သည်။ သူနဂါးရုပ်ရှိရာကို သွားချင်နေသည်မှာ ကြာပြီ။ အိပ်မက်ထဲမှာ မြွေနဂါးများကို ခဏခဏမက်သည်။ မြွေများနှင့်သူ မကြောက်မရွံ့ကစားရသည့် အိပ်မက်များကို မည်သူ့ကိုမျှပြန်မပြောနိုင်။

အိပ်မက်ထဲမှာ မြွေများကသူ့ကို ရစ်ပတ်၍ ပျော်ရွှင်စွာ ကစားသည်ကို မြင်မက်ရတိုင်း ကြုံရတိုင်း သူမ ပျော်ခဲ့ရသည်။ သို့ဖြစ်၍ နဂါးရုပ်တုရှိရာသို့ သွားချင်နေသည်မှာ ရက်အတန်ကြာခဲ့ပြီ။

အလုပ်မအားလွန်း၍ မသွားနိုင်ခဲ့။ ခုတော့ သူမ ရောက်ချင်သည့်နေရာကို ရောက်ခဲ့ပြီ။ ပါးပျဉ်းမိုးနေသော နဂါးရုပ်ထုကြီးရှေ့မှာ ရပ်လိုက်သည်။ နဂါးရုပ်ထုအောက်မှာ သေးငယ်သော ကျောက်ဆင်းတုတော်တစ်ဆူလည်းရှိသည်။ ကျောက်ဆင်းတုနှင့် နဂါးရုပ်ထုသည် ယှဉ်ကြည့်လျှင် အလွန်ကွာလှသည်။

နဂါးရုပ်ထုကြီးက မော့ကြည့်ရသည်။ အစွယ်များထုတ်၍ ပါးစပ်ဟပြီး အမောက်ကြီးထောင် ပါးပျဉ်းခွေနေပုံ။ အကြေးကွက်များ ထနေပုံမှာ တကယ်မြွေနဂါးကြီးနှင့် တူလှသည်။

သူမ နဂါးရုပ်ထုကြီးကို အတန်ကြာစိုက်ကြည့်နေမိသည်။ နဂါးရုပ်ထု၏ မျက်လုံးအစုံကလည်း သူမကို ညို့ယူနေသည်ဟု ထင်နေမိသည်။

ရုပ်ထုရှေ့ရောက်၍ မျက်လုံးချင်းဆုံရသောအခါ ကျောထဲမှ ဖျဉ်းခနဲဖြစ်သွားသည်။ ဖျဉ်းခနဲ ဖြစ်သွားသည်က ကြောက်လန့်တာမျိုးတော့ မဟုတ်၊ ဓာတ်စီးကူးသလိုမျိုးဖြစ်နေသည်။

သူမ မျက်လုံးများသည် ကြည့်နေရင်းမှာပင် လေးကန်သလိုဖြစ်လာသည်။ အာရုံစိုက်ကြည့်နေစဉ်မှာ နဂါးရုပ်ထုကြီးသည် အသက်ဝင်လာသလို ဖြစ်နေသည်ဟု သူမထင်မိသည်။





ဦးခေါင်းလည်း လှုပ်လာသည်ဟု ထင်မိသည်။

မျက်လုံးနှစ်လုံးမှ အရောင်များလည်း ထွက်နေသည်ဟု ထင်သည်။ ဘာဖြစ်တာပါလိမ့်၊ သည်မှာ သူမ နဂါးရုပ်ထုရဲ့ ကိုယ်လုံးကို လက်နှင့်ကိုင်တွယ် ပွတ်သပ်ချင်စိတ်များ ပေါ်ပေါက်လာခဲ့သဖြင့် နောက်ဆုံး လက်နှစ်ဖက်နှင့် တို့ထိကိုင်တွယ် ပွတ်သတ်လိုက်မိသည်။

ပွတ်သတ်နေရင်း မိန်းမောရီဝေလာတော့သည်။ သူမ၏ ဦးခေါင်းသည် မိန်းမောရီဝေပြီး အိပ်မောကျချင်သလိုလို အိပ်မက်မက်နေသလိုလို ဖြစ်သွားတော့၏။

မကြာခင် နဂါးကြီးအသက်ဝင် ယိမ်းထိုးလာကာ ခင်မြွေ့ကို ဦးခေါင်းညိတ်၍ ခေါ်နေသကဲ့သို့ လုပ်နေသည်ကို ခင်မြွေရဲ့ သတိမေ့တမေ့ အိပ်မက်အာရုံထဲမှာ မြင်ရသည်။

ရီဝေနေသော အိပ်မက်အသိစိတ်ထဲမှာ နဂါးကြီးက သူမတစ်ကိုယ်လုံးကို ရစ်ပတ်၍ ကစားနေသလိုထင်လာရသည်။ ထိုအခါ သူမလည်း လူးလွန့်ချင်လာသည်။ လူစိတ်လည်း ပျောက်ချင်သလို ဖြစ်လာခဲ့သည်။

သူမ နဂါးကဲ့သို့၊ မြွေကဲ့သို့ လူးလွန့်ချင်လာသည်။ မြေပြင်မှာ သူမနှင့် နဂါးကြီး အပြိုင်လူးလွန့်ချင်စိတ်မျိုး ချင်ခြင်းဖြစ်လာခဲ့သည်။ သူမ၏ ကိုယ်လုံးသည် မကြာခင် နတ်ဝင်သကဲ့သို့ တုန်ခါလာသည်။ သူမစိတ်ကို ထိန်းချုပ်ကြည့်သည်။

ဘာဖြစ်မှန်းမသိ။ ထိန်းချုပ်လို့မရ။

အိပ်မက်လား၊ တကယ်လား ဝေခွဲလို့လည်းမရ။

ဝေခွဲမရသော ရီဝေအိပ်မက်ထဲမှာ အတန်ကြာ နစ်မျောနေမိသည်။ ထိုစဉ် သူကြီးသမီးခင်ဆုံနှင့် အာကျယ်ခင်စိန် မိခေါင်းတို့ သုံးဦးသားသည် ဘုရားပရဝုဏ်ထဲသို့ ယတြာချေရန် ဝင်လာကြသည်။

သည်မှာ မမျှော်လင့်ဘဲ ခင်မြွေ့ကို နဂါးရုပ်ထုကြီးအား လက်နှင့်တို့ရင်း နတ်ဝင်သည်တစ်ဦးကဲ့သို့ တုန်ရီနေသည်ကို မြင်လိုက်ရသောအခါ အားလုံး ကိုယ်ရှိန်သတ်၍ တိတ်တိတ်နေကြရန် အချက်ပြပြီး လျှို့ဝှက်စွာ ချောင်းကြည့်နေကြသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ခင်မြွေရဲ့ အဖြစ်ကိုကြည့်၍ သုံးဦးသား အံ့သြနေကြ၏။

ခင်မြွေ၏ တစ်ကိုယ်လုံးသည် ယိမ်းနွဲ့နေပြီး လက်သီးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်ကို တွေ့ကြရသည်။

ဦးခေါင်းကိုလည်း ရှေ့တိုးနောက်ငင်လုပ်ရင်း ပါးစပ်မှလည်း အသံ မထွက်ပဲ တတွတ်တွတ်ရွတ်နေသည်။ ခင်မြွေ့စိတ်သည် တစ်ချက်တစ်ချက် လွတ်သွားချင်သလိုဖြစ်နေသည်။ လေထဲမှာ လွင့်နေသကဲ့သို့ ခံစားရသည်။ ကချင်သလိုလို၊ ခုန်ချင်သလိုလို၊ လူးလွန့်ချင်သလိုလို မရိုးမရွဖြစ်နေသည်။

ဒီမှာ ခင်ဆုံက မျက်ရိပ်ပြလိုက်ပြီး ကျောနားကပ်၍ တအား ခြောက်လန့်လိုက်သည်။

"ဟေ့"

"အား"

နောက်မှကပ်၍ အလန့်တကြား အော်လိုက်သံကြောင့် ခင်မြွေလန့် ပြီး ရီဝေအိပ်မက်စိတ်မှ လန့်နိုးကာ ရှေ့သို့ ဟပ်ထိုးလဲကြသွားသည်။

"ဟား . .ဟား . .ဟား . .တား ဘာများလုပ်နေသလဲမှတ် တယ်၊ လက်စသတ်တော့ နတ်ဝင်နေတာကိုး"

"ဘာလဲ ခင်မြွေ့ . .ညည်းက တို့ရွာသူတွေကို ပြုစားမလို့ပေါ့ ဟုတ်လား"

ခင်ဆုံနှင့် အာကျယ်ခင်စိန်တို့က နောက်မှ ခါးထောက်၍ရပ်ရင်း မဲ့ကာ ရွဲ့ကာပြောလိုက်သည်။ ခင်မြွေပျံ့လွင့်စိတ်များကို ချက်ချင်းထိန်း ချုပ်ကာ ကောက်ထလိုက်သည်။

"ညည်းက. . .နတ်ကတော်လား . .စုန်း . . .ကဝေလား"

"ဟင့်အင်း . .ဟင့်အင်း"

"ငါတို့ကလည်း ညည်းဆီမှာ နတ်မေးချင်လို့ပါအေ . . .ရှက်မနေ နဲ့"

"ဟား . .ဟား . .ဟား . .ဟား"

"နတ်ဝင်သည်တော့ မဖြစ်နိုင်ဘူး ခင်ဆုံ နဂါးဝင်သည် ဖြစ်မယ် သူ့ပုံစံက နဂါးယိမ်းကနေတာမျိုးအေ့ . .ဟီး . .ဟီး . .ဟီး"





သူတို့ သူမကို အသားလွတ်ရန်စနေမှန်း သိသည်။ သူတို့နှင့် ...မဖြစ်ချင်၍ ရှောင်ထွက်သွားရန်ပြင်လိုက်သည်။ သည်မှာ ခင်ဆုံက လက်နဲ့ ...တ်ကာပြီး

"ဒီမှာဟေ့ ခင်မြွေ စုန်းမလိုလို . .နတ်ကတော်လိုလိုနဲ့ မြွေဝင်စား ...ပြီး ငါတို့ရွာသူတွေကို ပြုစားမယ်၊ ကျိန်စာတိုက်မယ်တော့ မကြံနဲ့နော် ...ခင်ဆုံတို့ အကြောင်း ညည်းသိတယ်မဟုတ်လား"

ခင်မြွေ သူ့ကိုယ်သူ ဘာဖြစ်လို့ဖြစ်မှန်းတောင် မသိ။ နဂါးရုပ်ထု ...မှာ အာရုံဝင်စားစဉ် ရုတ်တရက် စိတ်ပျံ့လွင့်ပြီး အိပ်မက်လို အာရုံထဲ ...နစ်မျောသွားခြင်းသာ ဖြစ်သည်။

ခုတော့ သူဘာဖြစ်နေသည်ကို ရွာသူအချို့ သိသွားပြီ။ သိသွား ...သည့် ရွာသူများက သူမ၏ အလှနှင့် သူမ၏လူရာဝင်စေလိုမှုကို လုံးဝ ...လိုလားသည့် ရွာထဲက အတ္တသမား ကွမ်းတောင်ကိုင် သူကြီးသမီး ...ခင်ဆုံနှင့် အဖွဲ့။

"ညည်းက စောင့်ကြည့်ဖို့ကောင်းတယ် ခင်ဆုံရဲ့ . . .ဒီမိန်းမ ...ဘာတွေပြုစားမလဲဆိုတာ သိရအောင်ပေါ့"

"ဟင် ညည်းအကြောင်း မသိဘူးမှတ်လို့လား ခင်မြွေ၊ ငါတို့ကို ...ကောင်းကြံမလို့ပေါ့ ဟုတ်လား။ ဘာလဲ ညည်းက ရှင်လောင်းလှည့်တုန်း ...ကိုစွမကျေနပ်လို့ ငါတို့ကို နဂါးနဲ့လာတိုက်နေတာပေါ့ ဟုတ်လား"

"ဟင့်အင်း . .ဟင့်အင်း"

ခင်မြွေ သူတို့ကို ကြောက်လွန်းလှ၍ လက်ဝါးနှစ်ဖက်ကာပြီး ...ခေါင်းကို ရမ်းပြလိုက်သည်။ သည်မှာ . .လက်ရဲဖက်ရဲခင်ဆုံက သူမရဲ့ ...ဆံပင်ကို ဆောင့်ဆွဲလိုက်ပြီး။

နောက်တစ်ခါ . .ညည်းကို . .နဂါးရုပ်ထုရှေ့မှာ အဲဒီလို ကျိန်စာ ...တိုက်နေတာမျိုး ငါတို့ မမြင်ချင်ဘူး . .။ နောက်တစ်ကြိမ်များ တွေ့ခဲ့ရင် ...ဒီလို . .ဟောဒီလို . .ကဲ . .ကဲ . .ကဲ"

ခင်ဆုံက ပါးစပ်ကလည်းပြော လက်ကလည်း ခင်မြွေ့ဆံပင်ကို ...လက်နှင့် ရစ်စုကိုင်ပြီး ရှေ့တိုးနောက်ငင်လုပ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား . .ဟား . .ဟား . .ဟား"

"ဟီး . .ဟီး . .ဟီး . .ဟီး . .လုပ်ပစ်လိုက် . .ဒါမှ မှတ်မှာ ဟီး . .ဟီး"

ခင်မြွေ ကြောက်၍ နာကျင်၍ ရှန်းကန်ရင်း ဘုရားတံတိုင်း အပြ ဘက်သို့ ရောက်သွားအောင် ရုန်းကန်သွားလိုက်သည်။ ခင်ဆုံကလည အပြင်ဘက် မြေပြင်ရောက်သည့်အထိ . .ဆံပင်ဆောင့်ဆွဲပြီး ကျုံးဝါးတွ ကန်လုပ်နေသည်။

ကြာတော့ . .ဆံပင်ကို အတင်းဆောင့်တွန်းထိုး လုပ်သည့်အ ကြောင့် ဦးရေပြားမှာ မခံနိုင်အောင် နာကျင်လာခဲ့ပြီး . .ထောင်းခနဲ ဒေ များ ချုပ်တည်းမရအောင် ထွက်ကာ . .ငယ်စိတ်မှာ ရုတ်ချည်းပြန်ဝင အကြောများ တင်းလာခဲ့တော့သည်။

အကြောများ တင်းလာသည်နှင့် . .အသားအရေသည် ဖြူ ချက်ချင်း ညိုမည်းတက်လာသည်။ သူမရဲ့ ရင်ထဲမှ အချိန်အတန်ကြ နစ်မြုပ်နေသည့် သူ့နကို ဗီဇစိတ်သည် ရုန်းကြွ၍ ထခဲ့ပြီ . .။ သူမ ခင် လက်မှ ဆောင့်၍ရုန်းလိုက်သည်။

ခင်ဆုံကလည်း ဆံပင်ကို မလွှတ်တန်းဆုပ်ထားသည်။ ရုန်း မလွှတ်သည့်အဆုံး . .ခင်မြွေ . .ခင်ဆုံ့လက်ကို သွားနှင့်တအားကိုက လိုက်တော့သည်။

"အား . .အား . .အား . .ခင်မြွေ မိန်းမယုတ် . .ငါ့ကို ကိုက်တ ကိုင်း . .ကိုင်း . .ကိုက်အုံး . .ကိုင်းဟာ . ."

သူမတို့နှစ်ဦး . . .စေတီပရဝုဏ်အပြင်ဘက် ကုက္ကိုပင်အောက ရုန်းကန်လုံးထွေးသွားကြပြီး . .ခင်မြွေ့ကိုယ်ထဲ . . .အသွေးအသားထဲ သတ္တိများ ရုတ်တရက်ရောက်ရှိလာကာ . .ခွန်အားများ ပြည့်မော လာခဲ့သည်။

လုံးထွေးနေရာမှ ခင်ဆုံသည် အကိုက်ခံလိုက်ရသော ဒဏ်ကြော မျက်လုံးထဲမှာ ဝင်း ခနဲ ခံစားလိုက်ရပြီး သွေးကြောတစ်လျှောက် ချက ပဲ နာကျင်ကိုက်ခဲ လာခဲ့၍ လိမ်ပတ်ဆုပ်ကိုင်ထားသည့် ဆံပင်ကို လွှတ်

---

စိတ်ကူးသစ်စာပေ



း . .အုံ့အားသင့်၍နေချေ။

သည်မှာ အာကျယ်ခင်စိန်က ဝင်ကူညီရန် လွှားခနဲ ခုန်ဝင်လိုက် သာအခါ ခင်မြွေက . .ကျားတစ်ကောင်လို ခုန်အုပ်ပြီး . .သူ့အသားကို ကိုက်ရန် ပြင်လိုက်သည်။

"လာကြပါအုံး . .လာကြပါအုံး . .တော့ . .ဟောဒီမှာ . .ခင်မြွေ . .မြွေ ကျွန် . .မတို့ကို . .လိုက်ကိုက် . .နေလို့ . .လာကြပါအုံး"

မိဒေါင်းသည် . .ထူးဆန်းစွာ အသားအရေများ မည်းကြုတ်ပြီးမ . .မျက်လုံးနှစ်လုံးမှ မီးဝင်းဝင်းတောက်ကာ . .အုံ့မခန်း ကြမ်းကြု သည့် ခင်မြွေ့အဖြစ်ကို မြင်ရသောအခါ ကြောက်လန့်တကြား အော်ဟစ်င်း ကိတော့သည်။

အော်ဟစ်သံကြောင့် ကျောင်းဝင်းအတွင်းမှ ဘုန်းကြီးကျောင်းသာ း နှင့် ကျောင်းသို့လာသည့် ရွာထဲမှ လူအချို့က ပြေးထွက်လာကြပြီး ပွဲကို ဝင်ဖြန်ဖြေလိုက်ကြသည်။

ခင်ဆုံသည် အကိုက်ခံရသည့် လက်ဒဏ်ရာမှ သွေးများစီးကျလာ ချက်ချင်း ညိုမည်းလာတော့သည်။ သူမ သူမရဲ့ ညာဘက်ကို ဘယ်လက် ထိန်းကိုင်ရင်း အံကြိတ်၍မရသည့်အဆုံး မျက်ရည်များစီးကျကာ အမျိုး အောင် ရေရွတ်ဆဲရေးတော့သည်။

အာကျယ်ခင်စိန်က ခင်မြွေရဲ့ လက်သည်းရာ မျက်နှာပေါ်ထင် ၍ လန့်ပြီး တစ်ချိုးထဲ လစ်တော့သည်။

နောက်ဆုံး . .ကျားတစ်ကောင်လို မာန်ဖီပြီး . .မြွေတစ်ကောင်လို ကြွနေသည့် ခင်မြွေကိုလည်း . .ချော့မော့၍ အိမ်ပြန်စေခဲ့သည်။

ခင်ဆုံက . .သွားဆိပ်ကြောင့်လည်းကောင်း၊ အမျိုးအမည်မသိရ ာ နာကျင်မှုဝေဒနာကြောင့် လည်းကောင်း အကိုက်ခံရသည့် လက်တစ် င်းလုံး ညိုမည်းလာပြီး လူလည်း မူးဝေနောက်တျိုကာ သတိလစ်ချင် ဖြစ်သွား၍ လူကြီးအချို့က ပိုင်းဝန်းဖေးမတွဲယူပြီး အိမ်အရောက် လိုက် ခဲ့လိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အ.
ကန်

## ၂၄

သူကြီးသမီး ခင်ဆုံကို ခင်မြွေသွားနှင့်ကိုက်လိုက်၍ အိပ်ယာထဲ
လူးလွန့်အော်ဟစ်နေရသည်။ သတင်းသည် တစ်ယောက်စကား တ
ယောက်နားမှသည် ချက်ချင်းရွာထဲသို့ ပျံ့နှံ့သွားခဲ့တော့သည်။

ထိုသတင်းကို ကိုငှက်ရိုးနှင့် မချေးမတို့ ကြားလိုက်ရသောအ
ရင်ကိုဖိ၍ တုန်လှုပ်သွားကြသည်။ ခင်မြွေ ရာဇဝတ်အိုးကို တုတ်နဲ့ထို
သို့နှင့် ခင်မြွေ့ကိုခေါ်မေးရသည်။

ခင်မြွေ အမေတို့အဖေတို့ နားလည်အောင် ဘာမှပြန်မပြော
ထိုစဉ် ဆယ်အိမ်ခေါင်း ကိုသံခဲ အိမ်ရှေ့သို့ရောက်လာသည်

"ငှက်ရိုး . . ဟေ့ . . ငှက်ရိုး . ."

"ဗျာ . . ကိုသံခဲ . . "

"ခင်မြွေ . . ရှိလား"

"ရှိ . . ရှိ . . ပါတယ် . . ခင်ဗျ . . ဘာ ဘာကိစ္စများ ရှိပါ
ခင်ဗျာ"





"မင်း . . သမီး . . ခင်မြွေ ကိုက်လိုက်လို့ . . သူကြီးသမီးခင်ဆုံ
ဘာဖြစ်မှန်းမသိဘူး . . အခု အိပ်ယာထဲမှာ လူးလွန့်နေတယ် . . အဲဒါ . .
မင်းတို့သားအဖ . . ချက်ချင်းလိုက်ခဲ့ပါတဲ့ . . ။ သူကြီးက ခေါ်ခိုင်းလိုက်
တယ်"

"ဟင် . ."

"ဟင် . . ဟုတ် . . ပါးစပ်မှ ထွက်ရင်း ကိုငှက်ရိုးရော မချေးမပါ
တုန်လှုပ်သွားခဲ့သည်။ သည့်နောက် သူကြီး ဦးကျောက်ခဲအိမ်သို့ သမီးပါ
ခေါ်ပြီး တုန်လှုပ်သော ရင်ခုန်သံများနှင့် လာခဲ့လိုက်ကြသည်။

သူကြီး ဦးကျောက်ခဲတို့ အိမ်ခြံဝိုင်းသည် သူကြီးဆွေမျိုးအချင်း
ချင်းများဖြင့် အဝင်အထွက်ရှုပ်နေကြ၏။ သူတို့ ဝင်လာသည်ကို မြင်တွေ့ကြ
သောအခါ သူကြီးဦးကျောက်ခဲသည် မီးဝင်းဝင်းတောက်သော မျက်လုံး
အစုံနှင့် ဒေါသများ အကြီးအကျယ်ထွက်နေ၏။ အသားများ တုန်နေ၏။

"ဟေ့ကောင် . . ငှက်ရိုး . ."

"ခင် . . ခင် . . ဗျာ . . သူ . . ကြီး . . မင်း"

"မင်း . . မင်း . . သမီး ခင်မြွေဟာ . . လူစင်စစ်မှ ဟုတ်ရဲ့လား
ကွ ဟင် . . လူမှ ဟုတ်ရဲ့လား . . "

"ဘာ . . ဘာ . . ဘယ်လိုဖြစ်ကြ . . "

"ဟိုမှာ ကြည့်စမ်း . . ဟိုမှာ . . ကြည့်စမ်း . . ငါ့ သမီးခင်ဆုံကို
ကရားဝင်းအပြင် ကုက္ကိုပင်အောက်မှာ အသားလွတ် ကိုက်လွတ်လိုက်တာ
. . . ငါ့သမီး . . ဘာဖြစ်မှန်းမသိဘူး . . ။ လက်တစ်ချောင်းလုံး ညိုမည်း
. . လူးလိမ့်အော်ဟစ်နေရပြီ . . ငါ့သမီး . . တစ်ခုခု . . ဖြစ်ခဲ့ရင် မင်းတို့
အားလုံး . . ငါ့အကြောင်း သိရမယ်ဟေ့ . . "

"ကျွန်တော်တို့လည်း . . အကြောင်းရင်း အကုန်အစင် ဘာဆို
ဘာမှ မသိရသေးပါဘူး သူကြီး ခင်ဗျား"

"မသိဘူးလား . . မသိချင်ယောင်ဆောင်နေတာလားကွ ငှက်ရိုးရ
မင်းတို့သမီးဟာ . . ။ ဟိုး . . ငယ်ငယ်လေးကတည်းက လူတစ်ယောက်ကို
ကိုက်လိုက်ရင် ထူးထူးဆန်းဆန်း အဆိပ်တက်တာကို . . မင်းတို့သိတယ်



www.burmeseclassic.com

www.burmeseclassic.com



အခု . . အခု . . ငါ့ . . သမီး . . အဆိပ် . . တက် . . နေ . . ပြီ . . ”

ထိုစဉ် . . ရှာဦးကျောင်းမှ . . ဘသူတော်ကြီး . . ရောက်ချလာသည် . .

“ဦးသူတော်ရယ် . . ကြည့်ပေးပါအုံး . . စစ်ဆေးပါအုံးဗျာ . . ဘုရားဘုရား . . ဘုရား . . ကျုပ် . . သမီး . . ကျုပ် . . သမီး . . ”

“ဘာဖြစ်တာလဲ သူကြီး . . ”

“ဟို . . မြွေဟောက်မ ကိုက်လို့ဗျ . . ”

ဦးသူတော် သူကြီးလက်ညှိုးညွှန်ပြရာသို့ လှည့်ကြည့်လိုက်သောအခါ ခင်မြွေကို မြင်သွားခဲ့သည်။ ခင်မြွေသည် မျက်ရည်များစီးကျ၍ ရှိုက်ငိုနေသည်။

ခင်ဆုံတို့ အမျိုးများက . . အနားမှနေ၍ ရစရာမရှိအောင် ကဲ့ဆဲရေးရင်း ရိုက်မည် နှက်မည် တကဲကဲလုပ်နေ၍ ဆယ်အိမ်ခေါင်း ရာအိမ်ခေါင်းများက ထိန်းထားရသည်။

အာကျယ်ခင်စိန်ကား . .။ ငိုကာ ရှိုက်ကာ အာကျယ်လှစ္စာဖြင့်ဖြစ်ကြောင်း ကုန်စင်ကို ချဲ့ကားပြောပြနေရာ . . ကြားရသူများက ခင်မြွေကို အံ့သြသလို ကြောက်ရွံ့သလိုနှင့် ဝိုင်းကြည့်နေကြသည်။

ခင်မြွေသူတို့ပလီနေမှုန်း ပိုပြော ချဲ့ပြောနေမှန်း မဟုတ်မမှန် လုပ်ကြံပြောနေမှန်း သိပါ ကြားပါသော်လည်း ဘာမှတုန့်ပြန်၍ မပြော မရှင်းပြနိုင်ခဲ့ သူတို့အားလုံးကိုကြည့်ပြီး စိုးရိမ်ကြောက်ရွံ့နေသည်။

ဘသူတော်ကား ခင်မြွေကို မြင်လိုက်သည်နှင့် အနည်းနှင့်အများ သဘောပေါက်သွားခဲ့သည်။ သည့်နောက် အကိုက်ခံရသည့်ဒဏ်ရာ စစ်ဆေးလိုက်သည်။ လက်မှဒဏ်ရာသည် တစ်စုံတစ်ခုသော အဆိပ်ဒဏ် ကြောင့် လက်တစ်ချောင်းလုံး ညိုမည်းနေ၏။

ဘသူတော်က လူးလိမ့်ပြီး တဟင်းဟင်းဖြစ်နေသည့် လူနာ နဖူးကို လက်ဝါးနဲ့အုပ်၍ တတွတ်တွတ်နှုတ်မှ မန်းမှုတ်လိုက်သည်။ ပြီးနောက် ဒဏ်ရာကို ရေသန့်သန့်နှင့်ဆေးလိုက်ပြီး ရေသန့်တစ်ခွက်ကိုတောင်းကာ ဘုရားစင်ရှေ့မှာ ဂါထာများနှင့် မန်းမှုတ်လိုက်သည်။





ငင်း ရေမန်းကို လူနာအားတိုက်လိုက်ပြီး လက်တစ်ချောင်းလုံးကို ည်း ငင်းရေစင်နှင့် ဖျန်းပက်သပ်ချပေးလိုက်သည်။ ပြီးနောက် ပါလာသည့် လွယ်အိတ်မှ ဆေးပုလင်းကို ဖွင့်ကာ ဆေးမှုန့်အနည်းငယ်ကို လူနာ ဆုံပါးစပ်ထဲသို့ ခွံ့ပေးလိုက်သည်။

ခဏနေတော့ ခင်ဆုံအိပ်ပျော်သွားခဲ့ပြီး လက်မောင်းတစ်လျှောက် ည်း အဆိပ်များလည်း ပြန်အန်စီးကျထွက်လာကာ အယောင်ရောအဆိပ် ကျသွားခဲ့တော့သည်။

“မင်း . . သမီးကို . . ငါတို့ . . အရေးယူရမယ် . . ငှက်ရိုး”

“မ . . မ . . လုပ် . . ပါနဲ့ . . သူကြီးရယ် . . တောင်းပန်ပါတယ် . . အခုဟာ . . ကလည်း အကြောင်းမဲ့ ကျွန်တော့်သမီးက ကိုက်လိမ့် လို့ . . မထင်ပါဘူး . . ခင်ဗျာ . . ”

“ကိုက်တာရှင့် . . ကိုက်တာ ဦးငှက်ရိုးသမီးက . . ကျွန်မတို့ ဝင်လာတာကို မြင်တာနဲ့ . . ထွီခနဲ လုပ်ရင်း . . ရန်စတာ . . ဟုတ်တယ် . . မိခေါင်း”

အာကျယ်ခင်စိန်က . . စ ပလီပြီးနောက် . . အဖော်လုပ်သူ မိခေါင်း တံထောင်နှင့် တွတ်၍ သက်သေပြုလိုက်သည်။

“ဟုတ်တယ်တော့ . . ပြီးတော့ . . သူကလေ . . ခင်ဆုံ့ကို အသား ကိုယ်လုံးချင်း ဝင်တိုက်ပြီး . . လက်ကို ကိုက်တော့တာပဲ . . ဝင်ဖျင်တဲ့ ကိုလည်း ကုတ်လွတ်လိုက်ဟယ်”

“ကြည့်စမ်းဗျာ . . စွာလိုက် . . မိုက်ရိုင်းကြမ်းတမ်းလိုက်တဲ့ . . နှယ်”

သူကြီးသည်လည်းကောင်း သူကြီးကတော် ဒေါ်နက်ထယ်သည် ကောင်း မျက်မြင်သက်သေများ၏ ပြောပြချက်ကို နားထောင်၍ မခံ ဖြစ်ကာ အသားများ ဆတ်ဆတ်တုန်နေကြသည်။

“ကျွန်တော်တို့ . . သမီးကို . . မေး . . မေးကြည့် . . ပါရစေအုံး ”

“ဟ . . ‘အ အ’ မကိုမေးလို့ . . ဘာပြန်ပြောနိုင်မှာလဲကွ . . ထွီ”



www.burmeseclassic.com

www.burmeseclassic.com



သမီးလုပ်သူကို လူပုံအကြားမှာ 'အ,အ' မဟု အပြောခံရ၍ ကိုငှက်နိုးရက်လည်းရှက် စိတ်လည်း ထိခိုက်သွားရသည်။

"သမီး . .သူတို့ပြောတာ ဟုတ်သလား"

"ဟင့်အင်း . .ဟင့်အင်း"

"ဘာမဟုတ်ဘူးလဲ. . .မြွေဟောက်မက. . .ပြောင်လိမ်တယ်ငါလေ"

အာကျယ်ခင်စိန်က သူကြီးရှေ့မို့ ပဏာလုပ်ပြီး မာန်ဖီပြသည်။ ကျန်အဖော်များက ရိုက်မည် နှက်မည် ဟန်ရေးပြသည့် အာကျယ်ခင်စိန်ကို မနည်းဝိုင်းဆွဲနေရသည်။ ခင်စိန်သည် မလုပ်လိုက်ရ၍ ဆွဲသူလွဲသူများလက်မှ ခုန်နေလိုက်၏။ အခုန်ကောင်း၍ ထမိန်ကျွတ်ကျသွားရာ အမြန်သိမ်းလိုက်နိုင်ပေလို့. . .နို့မို့. . ."

"ကျွန်တော်တို့ကပဲ တောင်းပန်ပါတယ် သူကြီးရယ်၊ ကျွန်တော်သမီးလွန်တယ်ဆိုရင်လည်း တစ်ကြိမ်တစ်ခါတော့ သည်းခံခွင့်လွှတ်ကြပါခင်ဗျာ"

"ခွင့်လွှတ်သည်းခံရမယ်. . .ဟုတ်လား. . .ထွီ. . .ငှက်ရိုး . ငါတို့က ခံရတဲ့သူကွ. . .ခံရတဲ့သူ"

သူကြီး ဦးကျောက်ခဲသည် သူ့ရင်ဘတ်သူ လက်ဝါးနှင့်ပုတ်ရင်းကျားဟိန်းသလိုဟိန်းကာ ထွီခနဲ တံတွေးထွေးလိုက်သည်။ သည်တင်ဘသူတော်က. . .လူ့အုပ်ရှေ့သို့ ထွက်လာလိုက်ပြီး. . .

"ဦးကျောက်ခဲ ကျုပ်ကပဲ၊ ကြားကနေ ဝင်မေတ္တာရပ်ခံပါရစေဗျာ၊ သူကြီးရာ"

"ဒီတစ်ကြိမ်တော့ လူငယ်ချင်း အခန့်မသင့်လို့ဖြစ်ကြတဲ့ကိစ္စမှာ လူကြီးတွေအနေနဲ့ လူကြီးစိတ်တွေးပြီး သည်းခံခွင့်လွှတ်ကြပါလို့ ကျုပ်ကပဲ မေတ္တာရပ်ခံပါတယ်ဗျာ၊ ကလေးမလေးလည်း ဒဏ်ရာသက်သာသွားပါပြီ. . .ဟုတ်လား"

အားလုံး ဘသူတော်စကားကြောင့် ခဏတိတ်သွားခဲ့ကြသည်။

"ခင်မြွေ"





ခင်မြွေက ဘသူတော်၏ ခေါ်သံကြောင့် မျက်ရည်လည်ရွှဲနှင့်ကြည့်လိုက်သည်။

"နောင်ကို. . .လုံမကလည်း. . .အဲဒီလို မကိုက်ပါနဲ့ကွယ်". . .ကြားရဲ့လား" ခင်မြွေဝမ်းနည်းစွာ ရှိုက်ရင်း ဦးခေါင်းကိုညိတ်လိုက်သည်။

"ကိုင်း . .သူကြီးကျေနပ်ပါဗျာ နော်"

"ဟင်း. . .ဘသူတော်ကြောင့်ပေါ့ကွာ. . .နို့မို့လား. . .နင်တို့အိမ်သားလုံးကို ခုနှစ်ရက်အစာငတ်ထားပြီး ထိပ်တုံးခတ်ပစ်လိုက်မယ်လား. . .သွား နင်တို့မျက်နှာမကြည့်ချင်ဘူး. . .ဟေ့ကောင်ငှက်ရိုးက်တစ်ခါ အဲဒီအဖြစ်မျိုး ရွာထဲမှာ ကြားရရင် ဟို. . .မြို့ဂိတ်ကိုလိုက်မယ် ကြားလား. . .သွား. . .သွား ထွက်သွားကြ. . .ထွီ"

"ဟုတ်. . .ဟုတ်. . .ကဲ့ပါ. . .ခင်ဗျာ"

သူတို့သားအမိ သားအဖသုံးယောက် ကြောက်ရွံ့စွာဖြင့် သူကြီးဝိုင်းမှ ထွက်လာခဲ့ကြသည်။ နောက်ပိုင်းမှာ ဆဲရေးတိုင်းထွာသံ များကိုင်းသား ကြားနေရသည်။

"စုန်းမ"

"မြွေဟောက်မ"

"မြွေဆိုးမ"

"မြွေအလမ္မာယ်. . .မ. . .စသည်ဖြင့်. . ."

"ခင်မြွေ"

ထိုသို့ထွက်လာခဲ့စဉ် နောက်ဖက်မှ ခေါ်သံကြား၍ လှည့်ကြည့်ရာ ဘသူတော်နှင့် ဒီပါတို့ ဖြစ်နေကြသဖြင့် သူတို့ရပ်၍ စောင့်လိုက်သည်။ ဒီပါသည် ခင်မြွေ့ရဲ့သတင်းကို ကြားလိုက်ရသောအခါ လွန်စွာတောင်းဖြစ်ခဲ့ရသည်။

သို့သော် ဒါမျိုးတွေကို ဒီလိုပြန်တုန့်ပြန်နိုင်၍ ကြိတ်ပြီးတော့လည်းခဲ့ရသည်။ ဘသူတော်သည် ခင်မြွေဦးခေါင်းပေါ်သို့ လက်ကိုတင်ပြီး ကြင်နာစကားအချို့ကို ဆိုခဲ့သည်။

"သမီးရယ်. . .လုံမရယ်. . .သမီးအနေနဲ့ ကိုယ့်အကြောင်းလည်း



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သိသားဥစ္စာ. . .စိတ်ကိုထိန်းမှပေါ့. . .ဘာကြောင့်. . .ဘ ဒီစကား ပြောရတယ်ဆိုတာ. . .သမီး နားလည်တယ်မို့လား"

ခင်မြွေ ဘသူတော်ရဲ့ ကျက်သရေရှိလှသောမျက်နှာကို အတန်ကြာစိုက်ကြည့်ပြီး ထုံးစံအတိုင်း "အင့်"ခနဲ တချက်ရှိုက်ကာ ငိုကြွေးခဲ့သည်မှအပ ဘာမှပြန်မပြောနိုင်ခဲ့။

ကိုငှက်ရိုးနှင့် မချွေးမတို့ကား ဘသူတော်နှင့် သမီးလုပ်သူတို့ ပြောနေသည့်စကားများကို ဘာမှနားမလည်သလို နားထောင်ရင်း ဘသူတော်ကို လက်အုပ်ချီ ဂါရဝပြုကာ သမီးပုခုံးကိုဖက်၍ အိမ်ပြန်ခဲ့ကြလေသည်။

♛♛♛♛♛



ခုတော့ ခင်မြွေကို အရပ်က ကြောက်စရာကောင်းသည့် မိန်းမ ပြုံးတတ်သည့်မိန်းမ တစ်ယောက်အဖြစ် စကားတင်းဆိုခဲ့ကြ၏။ ခင်ဆုံတို့ သုံးစု ဝါဒအပြန့်ကောင်း၍ ခင်မြွေကို လမ်းမှာများ မျက်နှာချင်းဆိုင်တွေ့ကြလျှင် အချို့သော မိန်းမပျိုများက ရှောင်ကွင်း၍ပင် သွားခဲ့ကြ၏။

ကလေးအချို့က ခင်မြွေလာနေသည်ကို မြင်လျှင်. . .ကစားနေရင်း တန်းလန်းမှ ကြောက်ရွံ့ဟန်နှင့် အိမ်ထဲဝင်ပြေးသည်။

ခင်မြွေကို လူစင်စစ်မဟုတ်၊ အဆိပ်ပြင်းသော သတ္တဝါဝင်စားသူပါ? စွပ်စွဲယိုးစွပ်ကြ၏။ ခင်မြွေအား သာမှု၊နာမှုရှိလျှင် သူကြီးအမိန့်ကြောင့် မည်သူမှမခေါ်ရဲ မဖိတ်ရဲခဲ့ကြ. . .

ပြောရလျှင်. . .ခင်မြွေရဲ့ဘဝမှာ ဒီပါမှလွဲ၍ ဟက်ဟက်ပက်ပက် ဆင်းဖော်ကြောဖက် လုပ်မည့်သူမရှိ။

ရွာထဲက ကာလသားများလည်း ခင်မြွေ့အကြောင်းကို ကြားသိကြသောအခါ အနားကပ်ရမှာကိုပင် ကြောက်ရွံ့ကြကုန်၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်လောတုန်းက. . .

စစ်ပြင်ကွင်းရွာမှ ကာလသားများ သူတို့ရွာသို့ လူပျိုလှည့်လာ ခဲ့ကြသည့် ထုံးစံအတိုင်း ဆေးအုန်းသီး ရွာသူခင်မြွေလှလွန်းသည် ကြား လာအကဲခတ်ကြခြင်းဖြစ်သည်။

"ကိုကျော်ခင်. . .ခင်ဗျားတို့ရွာက. . .ခင်မြွေတယ်ချောဆိုဗျ"

စစ်ပြင်ကွင်းရွာသား ခင်ငြိမ်းက ရွာတကာလှည့် မိန်းမပိုးသူ ဆေးအုန်းသီရွာသား ကာလသားခေါင်း ကိုကျော်ခင်ကိုမေးလိုက်၏။

"လှတာတော့ ပြိုင်ဖက်မရှိဘဲ. . .ကိုယ့်လူ၊ ဒါပေမယ့် ကြော စရာ ကောင်းတယ်ဗျာ"

BURMESE CLASSIC .com

"ဟား. . .လှတာများ ကြောက်စရာလားဗျ"

"မောင်ရင်တို့က. . .သူ့အကြောင်းမသိသေးလို့ကွ. . .၊ သိ လန့်သွားလိမ့်မယ်"

"တယ်ဆိုတဲ့ စာပါလား၊ ကိုကျော်ခင်ရ လုပ်စမ်းပါအုံးဟ. . .

"ဒီမိန်းမက. . .မြွေဝင်စားဆိုပြီး နာမည်ကျော်နေတာဗျ။ သူ ပြုစားတတ်တယ်လို့လည်း အများက ထင်နေကြတယ်. . .၊ တစ်ခါ တ နဂါးရုပ်ထုရှေ့မှာ သွားသွားပြီး ကျိန်စာတိုက်တယ်လို့ ရွာသူအချို့ပြော လည်း ကြားရတယ် ခင်ငြိမ်းရ. . ."

"ဟုတ်ပါ့မလားဗျာ. . ."

"ခင်ဗျား နယ်ဗျာ. . .ငယ်ငယ်ကတည်းက ဒေါသထွက်လာ အသားတွေမည်းနက်ပြီး မျက်လုံးက အနီးတွေအရောင်တွေ ထွက်လာ ဗျ။ ရွာထဲက ကလေးတွေနဲ့ ရန်ဖြစ်လို့များ သူက ကိုက်လိုက်လို့ သူ့သွားဆိပ်က ထူးခြားဆန်းကြယ်စွာ ကြောက်စရာကောင်းတယ်"

"ဘယ်လိုများ ဆန်းကြယ်လို့တုန်း. . .ကိုကျော်ခင်"

"သူအကိုက်ခံရတဲ့သူဟာ ချက်ချင်းအဆိပ်တက်ပြီး အကိုက် တဲ့နေရာတောက်လျှောက် ညိုမည်းယောင်ကိုင်းပြီး မူးဝေသတိလစ်သွား ရတယ်၊ အဲဒါ အချိန်မီ ကုရင်ကု၊ မကုနိုင်ခဲ့ရင် ဒုက္ခရောက်ရောဗျ၊ ကျွန်ုပ် ရွာထဲက အပျိုအုပ်တောင် တစ်ခါများ ခင်မြွေနဲ့ရန်ဖြစ် စကားများပြီး အကိ





ခံလိုက်ရလို့ ဘသူတော်ကြီး မနည်းကုပေးခဲ့ရတယ်၊ အဲဒါမှ မယုံရင် မကြောက်ရင် ခင်ဗျားတို့ ပိုးချင်ပိုး၊ ပန်းချင်ပန်း တော်ကြာ အကိုက်ခံရမှ ကိုကျော်ခင် ကယ်ပါအုံးမလုပ်နဲ့၊ ကျုပ်တို့ရွာက ကာလသားတွေအားလုံးက တော့ ခင်မြွေကို ပိုးဖို့မပြောနဲ့ အနားတောင်မကပ်ရဲကြဘူး၊ ဟော. . . ဟော. . .ပြောရင်း ဆိုရင်း . .ဟိုမှာ ဒီပါနဲ့ လာနေတာ ခင်ဗျားပြောတဲ့ ခင်မြွေပါပဲဗျာ"

သူတို့စကားပြောနေစဉ် ရွာရှေ့လမ်းမပေါ်မှာ ခင်မြွေနှင့်ဒီပါ ဟင်းသီးဟင်းရွက်များ ပွေ့ပိုက်၍ ရယ်ရယ်မောမော ပြောဆိုလာနေကြသည်။

စစ်ပြင်ကွင်းသား ကိုခင်ငြိမ်းတို့ အုပ်စုက ထရပ်၍ ကြည့်နေကြ သည်။ အချို့က အားမရ၍ ခြံဝထွက်ပြီး ကြည့်နေကြသည်။ သူတို့အားလုံး အမြင်မှာ ခင်မြွေသည် ရက်ရက်စက်စက်လှလွန်းသည့် အမျိုးသမီးတစ်ဦး ခယ်စိုရွှာစုံခဲ့ပြီ ဒီလိုအလှမျိုး အပြုံးမျိုး အချိုးအဆစ်ကျပုံမျိုး မတွေ့ဖူးခဲ့။

"သူ့နှံဘေးက ကောင်က သူ့ရည်းစားလား ကိုကျော်ခင်"

"ထပ်. . .ဘယ်ကလာ ရည်းစားရမှာလဲ၊ ကောက်ရိုးပုံစောင့် တဲ့. . .ပါဗျ"

"ဟား. . .ဟား. . .ဟား. . .ဟား. . .ကိုကျော်ခင်ကတော့ လုပ်ချလိုက်ပြီဗျာ၊ ကြိုက်ပြီဗျို့"

သူတို့ရယ်သံကြောင့် ဒီပါနှင့်ခင်မြွေ ခေါင်းငုံ့၍ကြည့်လိုက်ကြသည်၊ အဲဒီလိုကြည့်လိုက်တော့မှ စစ်ပြင်ကွင်းသား ခင်ငြိမ်းက သွားချိုးတက်နေ သော သွားများကို ဖော်၍ပြုံးပြလိုက်ရာ ခင်မြွေက ရှက်၍ ရွံရှာဟန်ဖြင့် ဒီပါ ဟိုဘက်သို့ ပြောင်းရွှေ့ပြီး ခပ်သုတ်သုတ် သွားလိုက်ကြသည်။

. . "အဟဲ. . .ဟဲ. . .ဟဲ. . .သင်းကလေးက ရွှေကိုယ်တော်ကြီးနဲ့ မျက်လုံးချင်းဆုံသွားလို့ ရှက်သွားပုံရတယ်ဗျ. . .အဟဲ"

"သူ့သွားနဲ့. . .ခင်ဗျားပါးနဲ့ နှစ်ပါးသွားရင်. . .ခင်ဗျား ပုံရှက်သွား မယ်ဗျ"

"ဟား. . .ဟား. . .ဟား. . .ဟား"

"ဝါး. . .ဟား. . .ဟား. . .ဟား"



www.burmeseclassic.com

www.burmeseclassic.com



ရွာခံများက အကြောင်းသိပြီးသူများမို့ သူတို့ဆရာ ရွာကာလသား ခေါင်း ကိုကျော်ခင်ပြောသည့်စကားကို သဘောကျကာ တဟားဟား ရယ်ကြ သည်။

"ကျုပ်တော့ အသည်းနိုက်အောင် စွဲသွားပြီ ကိုကျော်ခင် ဒီအတိုင်း ဆို ခင်ဗျားတို့ ရွာသားဖြစ်ရကိန်းတော့ တစ်ဝက်ကျိုန်းသေသလို ရှိနေပြီဗျာ"

"ရရင် . . .တကယ်ယူမှာလား . ."

"အဟဲ . . .ရွှေမျိုးတွေ ခေါ်ခွဲရတော့မလား . . .အဟိ"

"တစ်ခုတော့ရှိတယ်နော် . . .ကိုခင်ငြိမ်း"

"ဘာများပါလိမ့် ယောက်ဖရာ . . .ပိုမယ့်ပို ကူးတို့ရောက်အောင် ပို့စမ်းပါကွယ်"

"သူက . . .စကားလုံးဝမပြောနိုင်ဘူး"

"ဟေ . . .စကားမပြောနိုင်ဘူး . . .ဘာလို့များလဲ . . .ယောက်ဖကြီး ရာ . . .ဟင်"

"မွေးကတည်းက . . .အ နေလို့"

"ဟေ . . .ဗုဒ္ဓေါ"

"ဝါး . . .ဟား . . .ဟား . . .ဟား . . .ဟား"

"မွေးကတည်းက အ နေလို့ . . .ဒါ . . .ဒါဆို . . .သူက အ အပေါ့"

"ဟုတ်ပါ့ . . .ဘယ့်နှယ့် . . .နားဖောက်တော့မလား"

"ဟင့်အင်း . . .ဟင့်အင်း . . .မဖြစ်ဘူး . . .ဒါဆို . . .အမေ သဘောတူမှာ မဟုတ်ဘူး"

"ဝါး . . .ဟား . . .ဟား . . .ဟား . . .ဟား"

"အပြောင်းလဲ မြန်ပါ့ကွာ . . .မေတ္တာစစ်ပါပေ့ . . .ခင်ငြိမ်းရေ . . ."

"ကဲ . . .ကဲ . . .ဒါဆို . . .ခင်မြွေ့ကို မယူချင်နဲ့တော့ . . .ကျုပ်တို့ ခင်ဗျားကို ရွာရဲ့ ကွမ်းတောင်ကိုင် အလှပဂေးတစ်ဦးနဲ့ ပေးစားမယ်ဗျာ"

"ယောက် . . .ယောက် . . .ဖကြီး . . .နင် . . .နင် တကယ်ပြောနေ တာလား ဖျားစူး မိုးကြိုးပစ်"

စိတ်ကူးသစ်စာပေ



"ပစ် . . ."

"ဘယ် . . .ဘယ် . . .သူ . . .လေးနဲ့ . . .များလဲ . . .ရွှေ . . . ယောက်ဖကြီးရာ . . .ဟင်း . . .ဟင်း"

"သူကြီးသမီး . . .ခင်ဆုံနဲ့ . . ."

"အောင်မလေး . . .မြတ်စွာဘုရား . . .သူကြီးသမီး . . .ခင် . . .ဆုံ ဟို . . .အာကြမ်းလျှာကြမ်းခင်ဆုံနဲ့ . . .မ . . .မ . . .လုပ် . . .ပါနဲ့ . . . ကျော်ခင်ရာ . . .ခင်ဆုံကို ယူမယ့်အစား သူ့အဖေ သူကြီးကိုကျောက်ခဲ ကိုင်တဲ့ နှစ်လုံးပြူးသေနတ်ပြောင်း ပါးစပ်ထဲငုံပြီး ခလုတ်ဖြုတ်ချလိုက်တာ ပဲ ခံပါရစေ . . .မောင်ရယ် . . .နော် . . .နော်"

"ဟား . . .ဟား . . .ဟား . . .ဟား . . ."

"ဟား . . .ဟား . . .ဟား . . .ဟီး ဟီး ဟီး"

"ခင်ဆုံတို့ ဒီလောက်အထိ လူချစ်လူခင်ပေါ်မှန်း ခုမှပဲ သိရ တော့တယ်ဟေ့"

"ဝါး . . .ဟား . . .ဟား . . .ဟား . . .ဟား"

♛♛♛♛♛

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## ၂၆

ဆိုရလျှင်. . .ခင်မွေ(၁၆)နှစ်သမီး ရောက်လာသည့် အချိန်မှစ၍

စိတ်များ ထွေပြားစပြုလာခဲ့သည်။ အထူးသဖြင့် လပြည့်နေ့ရောက်လျှင်

နဂါးရုပ်ထုရှေ့သို့ သွားရောက်ချင်စိတ်များ အလိုလိုဖြစ်ပေါ်လာခဲ့သည်။

ဘာကြောင့် ဒီလိုဖြစ်ပေါ်ရသည်ကို စဉ်းစားလို့မရ သွားကိုသွား

ချင်သည်။

သို့ဖြစ်၍ လပြည့်နေ့ရောက်တိုင်း လူရိပ်လူခြေကြည့်ပြီး လူလ

သည်နှင့် နဂါးရုပ်ထုရှေ့သို့ သွားရောက်ကာ ဗုဒ္ဓဆင်းတုကိုလည်း ပန်း

ချမ်းကပ်လှူပူဇော်သည်။ နဂါးရုပ်ထုကြီးကိုလည်း အမွှေးနံ့သာရေ

ပက်ဖျန်း၍ ကိုယ်လုံးကြီးကို ကိုင်တွယ်ပွတ်သပ် ဆုပ်နယ်ပေးခဲ့သည်။

အဲဒီလို ပြုမူလိုက်ရတိုင်း သူမရဲ့ ကိုယ်ခန္ဓာထဲမှာ ဖိန်းခနဲ ရှိန်း

ဖြစ်ကာ ထူးခြားသော အရသာတစ်မျိုး စီးကူးသွားသကဲ့သို့ ခံစားရသည်

အားအင်သစ်များ စွမ်းရည်သစ်များ ဝင်လာသကဲ့သို့ ခံစားရသည်





တစ်ခါ တစ်ခါ နဂါးရုပ်ထုကြီးကို ကိုင်တွယ်ပွတ်သပ်ရင်း ဤနဂါးကြီးသည် ဘဝဟောင်းက ခွေတော်မျိုးတော်များ ဖြစ်နေမလားဟု အထင်ရောက်မိ၏။

လူသံများ ကြားရလျှင် သူမရုပ်ထုရှေ့မှ အမြန်ကိုယ်ယောင်ဖျောက် လစ်ပြေးရသည်။ နို့မို့ အရင်တစ်ခါတုန်းကလို ခင်ဆုံတို့လို လူစားမျိုးနှင့် စကားများရလျှင် သူမဘဝမလွယ်။

သူမ ရန်လုံးဝမဖြစ်ချင်ပါ။

စကားမပြောနိုင်သော်လည်း ရန်ဖြစ်ရမှာကို ရှက်သည်။ အကြောင်းကြောင်းကြောင့် ရန်ဖြစ်ရပေမယ့် ကိုယ့်ဘက်က မှန်မှန်း တရားမှန်း သိပါသော်လည်း လူတွေနားလည်အောင် ပြန်မရှင်းပြနိုင်၍ အမြဲတမ်း အရှုံးဖက်ကချည်း ရင်ဆိုင်နေရသည်။

တကယ်တမ်း ရန်ဖြစ်ကြပြီဆိုလျှင်လည်း သူကစိတ်ကြီးသည် ဒေါသထွက်လာလျှင် သူကိုက်ချင်သည်။ ခက်သည်က သူမရဲ့အကိုက်ကို ခံကြရလျှင် အကိုက်ခံရသူသည် မြွေကိုက်ခံရသလို အဆိပ်များ ပျံ့ကျက်ပြီး သေမလိုဖြစ်ကြရသည်။

တစ်ခါ တစ်ခါ သူမပြန်စဉ်းစားသည်။ ငါ လူစင်စစ်မှ ဟုတ်ရဲ့လား။

သူတို့ပြောသလို မြွေဝင်စားဆိုတာလား။

အရပ်ထဲ ရွာထဲ သွားရင်းလာရင်း မြွေများကို မြင်ရလျှင် သူမပျော်သည်။ ငယ်ပေါင်းသူငယ်ချင်းများနှင့် ပြန်ဆုံရသလို ဖြစ်ခဲ့ရသည်။ မြွေတွန်သံများ ကြားလျှင် အဲ့ဒီနေရာကို သွားရောက်တွေ့ဆုံချင်သည်။

သူမ မြွေများကို လုံးဝမကြောက် မြွေမှန်လျှင် ဘာမြွေဖြစ်ဖြစ် ကိုင်ရဲသည်။ ကစားရဲသည်။ သူ မြွေများကို ဖမ်းရဲ ကစားရဲ ကိုင်ရဲ၍ ရွာထဲက လူများက ခင်မြွေကို မြွေပြီးသည်ဟု ယုံကြည်ကြသည်။

မြွေတွေကလည်း သူမျှားလက်နှင့် ကိုင်လိုက်လျှင် ပြန်မကိုက်ရဲဘဲ ခေါင်းစင်း ကိုယ်စင်းတောင် လုပ်ပေးကြသည်ကိုလည်း သူမအကြိမ်များစွာ ကြုံခဲ့ရဖူးသည်။

သည့်စွမ်းပကားတွေ. . .ဘယ်ကလာသလဲ။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲမှာ သိလိုလိုတော့ ရှိသည်။ ပြောပြနိုင်စွမ်းရှိသည်။ တစ်နေ့သူသိသမျှကို ပြောပြချင်သည်။ အရာရာက ထူးဆန်းနေသည် တစ်ခါတစ်ခါ သူ့ဘဝဟောင်းကို အိပ်မက်ထဲမှာ မြင်ရသည်. . .သူမရဲ့ဘဝဟောင်းသည်. . .မြွေဘဝတဲ့. . .သူ လူ့ဘဝကနေ မြွေဘဝရောက်ခဲ့သည်။ မြွေဘဝမှ ခု. . .လူ့ဘဝကို ရောက်ခဲ့သည်ဟု. . .အိပ်မက်ထဲမှာ တစ်စုံတစ်ဦးလာလာပြောသည်ကို မက်ကြားရသည်။

သို့သော်. . .ဒါကလည်း အိပ်မက်။

သူမ အတွေးလွန်၍ မက်သည်များလား။

ဘဝကို ဆက်စပ်ကြည့်ရင်း ရသမျှထဲမှာ. . .သူမ နဂါးရုပ်ထုကြီးကို သံယောဇဉ်ကြီးသည်။ သူ့ဆီမှ ခွန်အားသစ်များ ရသလိုလည်း စိတ်ထဲမှာ ခံစားရသည်။

သူမ. . .လပြည့်နေ့ရောက်တိုင်း. . .ဘုရားပရဝုဏ်အတွင်းရှိ နဂါးရုပ်ထုရှေ့သို့ သွားရောက်သည့် သတင်းသည် ဘယ်လိုပဲ လျှို့ဝှက်လျှို့ဝှက် မြင်ရသူများက ကိုငှက်ရိုးတို့ လင်မယားကို ပြန်ပြောပြခဲ့ကြသည်။

သည်အကြောင်းကို ကြားရသောအခါ လင်ရောမယားရော ရင်ပန်းတုန်ခဲ့ရပြန်သည်။

သို့နှင့်. . .ခင်မြွေကို မေးကြည့်ရတော့သည်။

"ခင်မြွေ. . .သမီး. . .လပြည့်နေ့တိုင်း နဂါးရုပ်ထုကို ဘာကြောင့်သွားရတာလဲ. . ."

မိခင်က မေးတော့. . .ခင်မြွေက လက်အုပ်ချီ၍ ကန်တော့ရန်သွားသည်ဟု သရုပ်ပြပြီး ပြောခဲ့သည်။

"ဘုရား ကိုလား. . .နဂါးကိုလား. . ."

ထိုအခါ ခင်မြွေက. . .အမေတို့ မကြိုက်မှန်းသိ၍ ဘုရားကိုလက်ဟန်နှင့်ပြသည်။

"နောင်ကို ဘုရားကို သွားရင် သမီးတစ်ယောက်တည်း မသွားနဲ့ဘူး။ အမေတို့ပါလိုက်ခဲ့မယ် ကြားလား. . ."

သူမ. . .အဖေအမေနှင့် အတူမသွားချင် လွတ်လပ်စွာ တစ်





ယောက်တည်း သွားချင်သည်။ သို့သော် စကားကြောရှည်နေမည်စိုး၍ ခေါင်းညိတ်လိုက်သည်။

"ညီး. . .ခင်ဆုံတို့နဲ့ရော. . .တွေ့သေးလား"

"ဟင့်အင်း. ."

"ဒင်းတို့နဲ့ ရန်မဖြစ်နဲ့ နော်. . .သမီး"

"အင်း. ."

"နင်. . .ထမင်းသွားပို့ရင် လမ်းမှာ မြွေတွေရော လိုက်ဖမ်းသေးသလား. ."

"ဟင့်အင်း. ."

'မလုပ်ပါနဲ့ သမီးရယ်. . .အမေတို့ ကြောက်လွန်း လန့်လွန်းလို့ပါကြားရ မြင်ရတာ ရင်တုန်လွန်းလို့ပါ၊ ကြာရင် ငါတို့. . .လန့်ပြီး နှလုံးရောဂါင်းလို့ သေရလိမ့်မယ်. . .ညီးဟာ. . .မိန်းကလေး. . .ခင်မြွေ. . .မိန်းကလေးဆိုတာ. . .ယောကျ်ားတွေလုပ်သလို လိုက်မလုပ်ရဘူး. . .၊ နောင်ကိုအမျိုး မလုပ်ရဘူးနော်. . .ကြားရဲ့လား. . ."

"အင်း. . .အင်း. . ."

www.burmeseclassic.com

www.burmeseclassic.com

## ၂၇

ကဆုန်လဆန်း ငါးရက်နေ့

ထိုနေ့ကား . .ခင်မြွေဘဝကို အနာဂါတ်ဆိုးဝါးအောင် ပြောင်းပစ်လိုက်သည့်နေ့ဖြစ်သည်။

ထိုနေ့က ခင်မြွေသည် . .လယ်တောမှာ တာပေါက်မြေဖို့နေသည့် အဖေထံသို့ မနက်ပိုင်း ထမင်းသွားပို့ခဲ့သည်။ အဖေ့ကို ထမင်းပြင်ပေးသည်။ ပါလာသည့် ငါးပိထောင်းနှင့် ကန်စွန်းရွက်ကြော်ကို အသင့် ခူးခပ်ထည့်ပေးသည်။ ရေနွေးအိုးကို ထုတ်၍ ပုဂံလုံးထဲငှဲ့ထည့်ပေးသည်။

ပြီးနောက် . .အဖေ့ကို . .လက်ဆေးရေခပ်၍ စားဖို့ ခေါ်လိုက်သည်။

"သမီး . .စားပြီးပလား . ."

"အင်း . ."

"ထပ်စားပါအုံးလား သမီးရဲ့"

"ဟင့်အင်း . ."

ကိုငှက်ရိုး ကန်စွန်းရွက်ကြော်ကို ငါးပိထောင်းမြှုပ်၍ အားရပါးရ





သည်။ ညောင်းသီးကို အလွတ်ကိုက်၍ ဝါးသည်။ စားလို့တ မြိန်လိုက်တာ . .။ ပြီးတော့ ရေနွေးကြမ်း ပူပူကို ရှတ်ခနဲ သောက်လိုက်သည်။

အလုပ်ကြမ်း လုပ်သူမို့လား မသိ . .တစ်ပန်းကန်ခထာလေး ပြောင်သွားသည်။

"သမီး အမေချက်တာလား"

"ဟင့်အင်း . ."

"သမီးချက်တာပေါ့ . ."

"အင်း . ."

"ဒါကြောင့် . .အဖေ . .ဒီနေ့ ထမင်းစားမြိန်တာ သမီးရဲ့ . . သမီးလက်ရာက တယ်ကောင်းပဲကွ"

ဖခင်လုပ်သူက စားရင်းတန်းလန်းမှ ချီးမွမ်းနေ၍ ခင်မြွေ ရှက်သွားပြီး မျက်နှာမှာ အပြုံးပန်းများ ပွင့်လာခဲ့သည်။ စားသောက်ပြီးနောက် ပန်းကန်ခွက်ယောက်များကို ခံတောင်းထဲထည့်လိုက်သည်။

"ချဉ်ရေဟင်းလေးများ စားရရင် သိပ်ကောင်းမှာပဲကွာ . ."

ဘာရယ်လို့မဟုတ် . .။ ကိုငှက်ရိုးက ခံတွင်းတောင်း၍ အမှုမဲ့ အမှတ်မဲ့ ပြောလိုက်ခြင်းသာ ဖြစ်သည်။ ဪ . .အဖေ . .ချဉ်ရေဟင်း ချင်တယ်ဆိုပါတကား . .။

အေးပေါ့လေ . . .တစ်နေ့လာလည်း ပဲရေပွ။ ပဲကတ္တီပါပြုတ်၊ က်နေ့လာ . .ကန်စွန်းရွက်ကြော်နဲ့ ငါးပိထောင်း . .ဒီဟင်းကဲ သံသရာ ည်နေတာ ကြာခဲ့ပြီ။ အချဉ်ဟင်းလေးတော့ တစ်ခါတစ်ရံ စားချင်မှာပေါ့။

သူမစဉ်းစားလိုက်သည် . .၊ ချဉ်ရေဟင်း . .။ ဟုတ်ပြီ . .အပြန် ရင် . .ခင်တန်းတောစပ်ဝင်ပြီး ဇော်ပွန်းရွက် ဝင်ခူးမည် . .။

သည့်နောက်၊ ခံတောင်းလေးကိုရွက်၍ အဖေ့ကို နှုတ်ဆက်လိုက် သည်။

"သမီးအိမ်ကို တန်းပြန်နော် . .ဟိုဝင် ဒီဝင်မဝင်နဲ့၊ ဘယ်သူနဲ့ တွေ့ . .ဘာပြောပြော . .သည်းခံ၊ ရန်မဖြစ်နဲ့ . .ကြားလား . .၊ တွေဘာတွေ မဖမ်းရဘူးနော် . ."



www.burmeseclassic.com

www.burmeseclassic.com



"အင်း . .အင်း . ."

သူမခေါင်းကို တွင်တွင်ညိတ်ရင်း ခံတောင်းကို ရွက်၍ ရွာဘက်သို့ တာရိုးလမ်းအတိုင်း ခြေဦးလှည့်လိုက်သည်။ ကိုငှက်ရိုးတစ်လှမ်းချင်းသွားနေသည့် သမီးရဲ့ နုပျိုသော အလှကိုကြည့်ပြီး . .ရင်ထဲမှာ ကျေနပ်ပီတိဖြစ်နေမိသည်။

ဒီသမီးသည် စကားများသာ ပြောနိုင်လိုက်လျှင် . . .ကတော်ကောန်ဖြစ်နိုင်၏။ ခုတော့ စကားမပြောနိုင်၍ မွေးသောလှသော ပန်းဖြစ်ပါလျက် . .တော်မဝင်နိုင်ပဲ၊ ပန်သူမဲ့ဖြစ်နေရ၏။

သည်ကြားထဲ မဟုတ်ကဟုတ်က . . .စုန်းမ၊ ကဝေမ မြွေပေါက်မ၊ မြွေအလမ္ဘာယ်မ စသည်ဖြင့် အသားလွတ် အစွပ်အစွဲ အပုတ်ချခံနေရသေးသည်။ ဘယ်ဘဝ ဝဋ်ကြွေးပါလိမ့် . .သူ မကြာခဏ အိပ်ရာဝင်တိုင်း ဘုရားမှာ ဆုတောင်းခဲ့သည်။

ဒီသမီးလေး . .စကား အမြန်ဆုံး ပြန်ပြောနိုင်ပါစေ . .ဟု။

တာလမ်းအတိုင်းမှ လာရင်းမှသည် ခင်တန်းတောစပ်သို့ရောက်လာခဲ့၏။ တောထဲမှာ ဒီအချိန်ဆို ကင်ပွန်းရွက်များ၊ ကင်းပုံရွက်များ ရနိုင်သည်။ ကင်ပွန်းရွက်ကို ငါးပိစိမ်းစားလေး ဖျော်၍ အရည်သောက်လေး ချက်ကျွေးရလျှင် . .အဖေ ခံတွင်းမြိန်နိုင်ဖွယ်ရှိလိမ့်မည်။ ဒီနေ့ကျမှ ဒီပါကို သွားသတိရလိုက်သည်။

ဒီပါ့ဆီက ငါး၊ ပုဇွန်လေးများ နည်းနည်းရရင် ကောင်းမှာပဲ။

အင်း အပေါင်းအသင်း အသိမိတ်ဆွေထဲမှာ သူမကလည်း ဒီပါကိုပဲ ခင်သည်။ ယုံကြည်သည်။ အရေးအကြောင်းဆို ခင်မြွေဘက်မှ ရပ်တည်ရဲသူမှာ ဒီပါပဲရှိသည်။

ဟော . .တောစပ်တောင် ရောက်ပြီပဲ . .။

အချိန်ကလေး ရှိသေးသမို့ တောထဲသို့ ဝင်လာလိုက်သည်။ သည်တောတန်းကလေးသည် ခင်မြွေသာမက ရွာကသူတွေပါ ဝင်နေကျ ထမင်းပို့ပြန်တိုင်း . .နွေဆို ဥရှစ်ရွက်၊ မိုးဆို မန်ကျီးရွက်၊ သနပ်ရွက်၊ မှို ဆောင်းဦးပေါက်ဆို . .ရာသီပန်း စုံအောင်ရသည်။





ဟိုအထဲများ ဝင်နိုင်လျှင် မှိုကျင်းတွေ၊ မျှစ်တွေ၊ ငါးတွေပါ . . .က်လို့ ရှာလို့ ရနိုင်သည်။ ရော်မှုများ စိန်နပေါ်ညွှန့်များဆို ပေါ်မှပေါ် . .။

ထင်းခြါးကလည်း စုံသည်။ ငါးနက် ငါးယား ငါးပို့၊ ကျွဲခတ်အစုံ ရှိသည်။

သို့ဖြစ်၍ သည်တောကလေးသည် သူမတို့ ရွာသူများနှင့် သိပ်ခင်မင်းတော့ . .မိုးတွင်းမှာ လူဝင်လူထွက် ပိုများ၏။ ဒီရာသီကျ . .လူဝင်လူထွက်ပါးသည်။ ထင်းခုတ်သမားပဲ ရှိတတ်၏။

သူမ ကင်ပွန်းပင်ရှိရာ လက်ယာဘက် တောစပ်သို့ ဝင်လာလိုက်သည်။ ငှက်သံအချို့ကို ကြားနေရ၏။ ငှက်သံမှ အပ . .ဒီနေ့ လူသံသူသံ ကြားရ မတွေ့ရ။

ပထမဆုံတွေ့သည့် ကင်ပွန်းပင်မှ ရွက်နုနှစ်ခက် သုံးခက်ကို လိန်ချိုး လိုက်သည်။ နုလို့ တော်ရဲ့၊ ကျန် အညွှန့်များက ရင့်စပြုနေပြီမို့ ချန်ခဲ့ လိုက်သည်။ သည့်နောက် နောက်တစ်ပင်သို့ ပြောင်းလိုက်သည်။ အပင်ကြည့်နည်းမြင့်နေ၍ ခူးလို့မရ။

တတိယမြောက် အပင်ကျတော့ အထဲသို့ နည်းနည်းဝင်ရသည်။ တောင် ရွက်နုများဖြာကျနေသည်။ သူမဖြာကျနေသည့် အပင်ရှိရာသို့ ဝင်လာလိုက်သည်။ အဝင်လမ်းနှင့်တော့ နည်းနည်းဝေးသွားခဲ့သည်။

ရွက်နုများကို မြင်ရ၍ ဝမ်းသာသွားသည်။ သည့်နောက် တောင်းကို သာချထားပြီး အနုတွေချည်း ဆိတ်ချိုး၍ ခူးပစ်လိုက်သည်။ အားရစရာ ကောင်းလိုက်တာ နောက်နေ့ဖို့ပါ ရနိုင်သည်။ အချို့ကို ဒီပါလည်း ပေးမည့် စိတ်ကူးကာ အားရပါးရ စိတ်လိုလက်ရ ခူးပစ်လိုက်မိသည်။

ထိုသို့ . .စိတ်ကို နှစ်၍ ခူးနေစဉ် . .

"ဟိတ် . ."

"အယ် . ."

မိမိနောက်ကျောဆီမှ ဟိန်း၍ ထွက်လာသည့် အနီးကပ်အော် သံကြောင့် လန့်ဖြန့်တုန်ခါပြီး လှည့်၍ကြည့်လိုက်သောအခါ . .။ ရက်စက် ကြမ်းကြုတ်ဟန်ပေါ်သည့် အမူးသမား လူရမ်းကားတစ်ဦး။



www.burmeseclassic.com

www.burmeseclassic.com



လူရမ်းကား ကားကြောက်စရာ ကောင်းလှသည့် သူ့မျက်နှာပေါ်မှာ ဘယ်ဘက်မျက်ခုံးမှသည် နှာခေါင်းကို ဖြတ်ပြီး ညာဘက်ပါး နားသယ်စပ်အထိ ကန့်လန့်ဖြတ်ကျနေသည့် အက်ကွဲဖုထစ် မညီမညာ ဓါးခုတ်ရာကဲ့သို့သော အမာရွတ်ဒဏ်ရာကြီးက သူ့ရဲ့ရက်စက်ကြမ်းကြုတ်ဟန်ကို အထင်ကရ သက်သေခံနေသည်။

ရှည်လျားလှသည့် ဆံပင်များကလည်း အမှုသမား လူရမ်းကားရဲ့ ကျောပေါ်မှာ ဝဲသိုင်းဖြန့်ကျဲ ဖွာရရာကျနေသည်။

လူပုံက မည်းမည်းတုတ်တုတ် ဂင်တိုတို. . .

သူသည်. . .ခင်မြွေရဲ့. . .ဖွံ့ဖြိုးတစ်ရစ် ဖုထစ်ခုံးကြွနေသည့် ခန္ဓာကိုယ်အလှကို အာသာငမ်းငမ်း စိုက်ကြည့်ရင်း. . .ပါးစပ်မှ တဟီးဟီး တဟာစ်ဟာစ်အော်ကာ. . .လက်နှစ်ဘက်ကို ဆန့်တန်း၍ သူမရှိရာသို့ တရွေ့ရွေ့တိုးလာနေသည်။

သူ့ခန္ဓာကိုယ်မှ ချဉ်စုပ်စုပ် အရက်နံ့သည် အော်ဂလီဆန်စွာ ရင်ခေါင်း၊ နှာခေါင်းထဲသို့ စူးဝင်လာသည်။

ခင်မြွေကြောက်လန့်ကြီးစွာ ပါးစပ်မှ အသံထွက်ရင်း နောက်သို့ တဖြည်းဖြည်းဆုတ်လိုက်သည်။ နောက်မှာ ကင်ပွန်းခြုံခံနေ၍ တိုးမရတော့သည့်နောက် နံဘေးသို့ လှည့်ရှောင်ပြေးရန် လုပ်လိုက်တော့. . .သူက ကွေ့သည့်ဘက်မှ လက်နှင့်ပိတ်ကာရင်း. . .ခင်မြွေလက်ကို သူ့လက်ကြမ်းကြမ်းကြီးနှင့် ဆောင့်၍ဆွဲယူကာ. . .သူ့ရင်ခွင်ထဲသို့ အလိုရမ္မက်ကြီးစွာ ဆွဲသွင်းလိုက်သည်။

လက်ထဲမှာ ကိုင်ထားသည့် ကင်ပွန်းရွက်များလည်း လွတ်ကျသွားခဲ့သည်။

ခင်မြွေ စူးစူးဝါးဝါးအော်ဟစ်ရင်း. . .သူ့ရင်ခွင်မှ ရုန်းကန်ကာ ရှိသမျှ ခွန်အားဖြင့် ပြန်လည်ကုတ်ဖဲ့ တိုက်ခိုက်သည်။

ရင်ထဲမှာ ရှက်လည်းရှက်. . .ဒေါသလည်း ထောင်းခနဲ ထွက်လာခဲ့ပြီး သူမ ဗီဇအတိုင်း. . .အသွားများ ချက်ချင်း ညိုမည်းလာကာ. . .လူရမ်းကားရဲ့လက်ကို ကိုက်ရန်ပြင်လိုက်သည်။





"ခွပ်. . ."

"အား. . .အား. . .အား. . ."

မေးရိုးတည့်တည့်သို့ လူရမ်းကားရဲ့ ပြင်းထန်သော လက်သီးတစ်ချက်က တန်းဝင်လာခဲ့ရာ. . .မျက်လုံးထဲမှာ မီးများပွင့်သွားပြီး. . .ပြာဝေသွားခဲ့သည်။ တောထဲမှာ လူကပြတ်နေ၏။

သူမ မူးရစ်ရီဝေနေရင်းမှ အော်ဟစ်ပြီး နံဘေး နံဘီကို အကူအညီ ဟိုရှာဒီရှာ. . .ကြောက်ရွံ့ကြီးစွာဖြင့် လိုက်လံရှာဖွေကြည့်သော်လည်း လူက တစ်ယောက်မှမရှိ မတွေ့။

လူရမ်းကားသည်. . .လက်သီးဒဏ်ရာနှင့် မူးယစ်ရီဝေနေသော ခင်မြွေကို သူ့ရဲ့သန်မာသော လက်အစုံဖြင့် မြေပြင်ပေါ်သို့ လှဲချလိုက်သည်။ သည်မှာ လူရမ်းကားက သူမစကားလုံးဝမပြောနိုင်သည့် အားနည်းချက်ကို ရိပ်မိသွားကာ. . .ခပ်ကြမ်းကြမ်း ခပ်ရဲရဲ လှုပ်ရှားလိုက်တော့သည်။

ဦးစွာ သူမရဲ့ ခန္ဓာကိုယ်ပေါ်မှ အပေါ်အင်္ကျီကို ဆွဲဖြုတ်ဆွဲဆုတ်လိုက်သည်။ အင်္ကျီသည် ရင်စေ့ကြယ်သီးတန်များပြုတ်၍ ပွင့်အန်သွားကာ လှစ်နုထွတ်သည့် အသားစိုင်များ ဘွားခနဲ ပေါ်လာသည်။

သူမပါးစပ်သည် ပါးချိတ်မှ တစစ်စစ် နာကျင်နေ၍ မထနိုင်တော့။

ဒီမှာ. . .လူရမ်းကားက. . .အာသာရမ္မက်ပြင်းထန်သော အမွှေးထူများဖြင့် အပေါ်မှ ခွစီးကာ. . .သူမရဲ့. . .ခန္ဓာကိုယ်တစ်ကိုယ်လုံးကို . . .

သူမ အသနားကြီးစွာသော မျက်လုံး၊ ပူဆွေးသော မျက်ရည်များနှင့် လူရမ်းကားကို လက်နှစ်ဘက်ပါယှက်၍ တောင်းပန်နေသည်။

လူရမ်းကားသည်. . .မူးယစ်ပြီး တဏှာဆိပ်က ငယ်ထိပ်တက်နေပြီမို့. . .လူစိတ်ပျောက်ကာ. . .အရိုင်းစိတ်ဖြင့်ပြင်းထန် နေသည်။ သူ ခင်မြွေရဲ့ မုံညက်နှစ်လိုဖြူဖွေးနုထွက်သည့် ပါးပြင်ပေါ်သို့ မွေးကြမ်းသော သူ့ပါးနှင့် ဖိကပ်လိုက်သည်။

ခင်မြွေ နောက်ဆုံးအဆင့်အတွက် အကြောက်အကန် ရုန်းကန်



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . .ခွန်အားခြင်းက မမျှ။

တဖော့လောဘသားသည် အကြင်နာတရား ခေါင်းပါးခဲ့ပြီ၊ ကြီးမား သော ခွန်အားနှင့် အနိုင်ကျင့်လွှမ်းမိုးနေသည့် လူမဆန်စွာ အကျင့်ယုတ်စွာ အဓမ္မပြုကျင့်လိုက်သည်။

နောက်ဆုံး . . .နုညက်ပျော့ပြောင်းသည့် မိန်းမသား . . .အထိုး အနှက် ခံထားရပြီး မိန်းမော့နေသည့် မိန်းမသားတစ်ဦးနှင့် သံတွေသံခဲလို မာကြောကြမ်းကြုတ်သည့် လူရမ်းကားတို့၏ အားပြိုင်ပွဲတွင် . . .မိန်းမသား ခင်မြွှေ အားလျော့ လက်မြှောက် အရှုံးပေးခဲ့ရတော့သည်။

အခုတော့. . .အဖိုဆို၍ ယင်ဖိုတောင် မသန်းဖူးသည့် တောသူ အပျိုင်းပန်းလေး တစ်ပွင့်သည် တဖော့ကောင် လူ့ဘီးလူးတစ်ကောင်၏ သွေးဆာဖျက်ဆီးမှုကြောင့် . . .ဖွင့်ဖတ် ဖွင့်ချပ်ရော . . .ဝတ်ဆံဝတ်မှုန်ရော ကြွေမှုကာ . . .မျက်ရည်စီးကြောင်း . . .အလွမ်းမြစ်ထဲသို့ စီးမျောနစ်မြုပ်နေ ခဲ့ရလေသည်။

ခုတော့. . .ရိုးသား လှပသည့် အပြစ်မဲ့မိန်းကလေး တစ်ယောက်၏ သမိုင်းသည် စွန်းထင်းညစ်ပေခဲ့ပြီ . . .။

သာမန် စွန်းထင်း ညစ်ပေခဲ့သည်မဟုတ်၊ ပြန်ပြော၍ အဖက်ဆည် ၍ မရသော ကြေကွဲမျက်ရည်များနှင့် အကြီးအကျယ်လှိုင်းဂယက်ထကာ ရိုက်ခတ်ကာ . . .ဘဝမုန်တိုင်းကြီးကို ခါးသီးဆိုးဝါးစွာ ဖြစ်ပေါ်လာစေခဲ့ တော့သည်။

ဤအရုပ်ဆိုး အကျည်းတန်လှသည့် ပစ္စက္ခသမိုင်းကို ခင်မြွှေ နောင်သံသရာ ဘဝအဆက်ဆက် ရောက်သည့်တိုင် ဘယ်တော့မှ မေ့ပျောက်၍ ရနိုင်လိမ့်မည် မဟုတ်။

♛♛♛♛♛

ကာ

က်သွား

ကာလသ၅

၂၈

ခင်မြွှေသတိရလာသောအခါ. . .ခန္ဓာကိုယ်သည် ထောင်းထုထား ဘိသကဲ့သို့ နာကျင်ကိုက်ခဲနေ၏။ သူမ အားယူ၍ ကုန်းထလိုက်သည်။ ပြိုဖရဲပြန့်ကျဲ နေသည့် အဝတ်အစားများကို ပြန်စုစည်းလိုက်သည်။

ပတ်ဝန်းကျင်သည် အသက်မဲ့စွာ တိတ်ဆိတ်နေသည်။ သက်သေ အုံသော သစ်ပင်တို့သည် . . .မမြင်ရက်လွန်းလို့လား . . .ရှက်လွန်းလို့လား သိ ရွက်ခတ်သံမျှ မကြားရပဲ ဆိတ်ငြိမ်နေ၏။

ရက်စက်ကြမ်းကြုတ် ယုတ်မာသူကား . . .မရှိတော့ . .

ခန္ဓာကိုယ်ပေါ်မှ အဝတ်အစားများကို တတ်စွမ်းနိုင်သမျှ နဂိုအနေ အထားရောက်အောင် ပြုပြင်လိုက်သည်။ ပြီးနောက် စုတ်ပြဲနေသည့် အပေါ်ပိုင်းအား လူမမြင်နိုင်စေရန် ပုဆိုးပိုင်းဖြင့် ကျောမှသိုင်းပြီး ရင်ပတ်မှာ ည်လိုက်သည်။

ပြီးတော့ ခံတောင်းကို ကောက်ယူကာ. . .မျက်ရည်စက်လက်နှင့် အားယူထလိုက်၏။ ဆံပင်ကို ပြန်ထုံးလိုက်သည်။ ထမိပေါ်မှ အမှိုက်များ ကို ခေါက်နှင့် ခါထုတ်လိုက်သည်။ သည့်နောက် နွမ်းချိသော ခြေလှမ်းများ



www.burmeseclassic.com

www.burmeseclassic.com



မြင်း . .တောထဲမှ ထွက်လာခဲ့လိုက်သည်။

တစ်စစီ. . .တစ်ခက်စီ ပြန့်နေသော ကင်ပွန်းရွက်များကိုလည်း မကောက်တော့။ လမ်းလျှောက်နေရင်း တစစ်စစ်နာကျင်၍ မျက်ရည်များ စီးကျလာသည်။ သူမ၏ ရှိုက်သံကို သစ်ပင်များသာ ကြားနိုင်ကြပေလိမ့် မည်။

တောလမ်းဝသို့ ရောက်သည်နှင့် အများသူငါ မရိပ်မိစေရန် မျက် ရည်များကို ပုဆိုးစနှင့် သုတ်ပွတ်ပစ်လိုက်ပြီး . .ဟန်ကိုယ့်ဖို့ပြင်၍ ကိုယ်ကို က်လိုက်သည်။

အား . .ခြေလှမ်းလိုက်တိုင်း . .နေရာတိုင်းက နာကျင်နေသည်။

"ဟေး . .ခင်မြေ. . ."

ခေါ်သံကြား၍ နောက်ပြန်လှည့်ကြည့်လိုက်တော့. . .ဒီပါ. . .

ဒီပါသည် . .သူမကို မြင်သောအခါ ငါးများတန်းများတစ်ဘက် ငါးတွဲတစ်ဘက်နှင့် ဝမ်းသာအားရ လှမ်းလာနေ၏။

"ဦးလေး . .ငှက်ရိုးပြောတော့ . .နင်ပြန်တာကြာပြီဆို . .ဘယ် နေလို့လဲဟ. . ."

သူမ ဘာပြန်ပြောရမှန်းမသိ။ ရင်ထဲမှ ဒိတ်ခနဲ ဖြစ်သွားသည် သည့်နောက် . . .တောထဲသို့ လက်ညှိုးထိုးပြလိုက်သည်။

"ဒီလိုမှန်းသိရင် . .လိုက်ခဲ့တာပေါ့ဟာ. . .။ ငါက အိမ်ပြန်သွား မှတ်နေတာ. . ."

အကယ်၍များ သူသာလိုက်လာခဲ့လျှင် . .သူမရဲ့ဘဝ ဒီအဖြစ် မှ လွတ်မြောက်နိုင်ပါရဲ့။ အို. . .ကံတရားက. . .မျက်နှာသာ နည်း ဥစ္စာ။ ဘာတတ်နိုင်မှာလဲလေ. . .။

"ခင်မြေ. . .မျက်နှာကြီး နီရဲလို့ပါလား . . .ဘာဖြစ်လို့လဲ. . .

ကျောထဲမှာ စိမ့်ခနဲ ဖြစ်သွားသည်။ သူမကိုယ်သူမ မသိမသာ ကြည့်ပြီး . .အိန္ဒြေကို ထိန်းလိုက်သည်။ သည့်နောက် . .ဟန်ယူ၍ ပြုံး ရင်း . . .ခေါင်းကို အသာရမ်းပြလိုက်သည်။

"ရော့ . . .နင်တို့စားဖို့ . . .ငါးခူနှစ်ကောင် ယူသွား . . ."





ခင်မြေ ဒီပါ . . .ကမ်းပေးနေသည့် ငါးနှစ်ကောင်ကိုကြည့်၍ တွေဝေ နေမိသည်။ စောစောကများ ဒီလိုငါးနှစ်ကောင်လည်း ရခဲ့မည် . . .ဒီပါက လိုက်ပါ၍ ကင်ပွန်းရွက်တွေ ဝိုင်းခူးပေးမည်ဆိုလျှင် . .စောစောက ငရဲခန်းကို မကြုံရပဲ . .ဒီညနေ အဖေကြိုက်သည့် စားချင်လှသည့် ချဉ်ရေသောက်ဟင်း လေးကို ခံတွင်းမြိန်စွာ ဖန်တီးနိုင်ခဲ့ပေ နိုင်လိမ့်မည် . . .ခုတော့. . .။

"ရော့လေ. . ."

သူမခေါင်းကို တွင်တွင်ရမ်းလိုက်သည်။ ဒီပါက သူမကို မသက်ာ သလို အကဲခတ်နေ၏။ သို့နှင့် . . .ရှေ့မှ ခပ်သုတ်သုတ်လျှောက်သွား လိုက်သည်။ ဒီလိုလုပ်ခဲ့ရတာ အားနာလိုက်တာ။ ဒါပေမယ့် ဒီပါကလာ ခပ်သုတ်သုတ် အမီလိုက်လာခဲ့သည်။

သူမတစ်လမ်းလုံး . . .ဒီပါ ဘက်ကိုလှည့်မကြည့်။ အနားမှ တတွတ်တွတ်ပြောရင်း လိုက်ပါလာသည်။

အဲဒီနေ့က . . .သူမနှင့် ဒီပါ . . .နှစ်ယောက်တွဲ ပြန်း မြင်ကွင်းကို ရွာထဲမှ လူငယ်လူရွယ် အပျို ကာလသားများနှင့် အချို့က မြင်ကြသောအခါ . . .ထုံးစံအတိုင်း မေးငေါ့ကြ။ ဟား အဟေ့. . .လုပ်ကြ။ လက်ခုပ်လက်ဝါးတီး၍ လှောင်ကြ . . .။ လှောင်ကြ. . .။

ထိုသို့ . . .မြှူ၍ စောင်း၍ တောမနာပြုကြသည်များကို သိရှိခံစားရသော်လည်း . . .သည်းခံကာ . . .ရွာထဲသို့ ဝင်လာခဲ့ကြသည်။

ထိုနေ့ညက . . .အိပ်ယာထဲမှာ ကြမ်းကြုတ်ကြောက်မက်ဖွယ် အကြောင်းများကို ပြန်၍ အိပ်မက်မက်ခဲ့ရပြန်သည်။ အိပ်မက်မှ လန့်နိုးသော အခါ အမေက ဘာဖြစ်လို့လဲ သမီးဟု . . .ကြင်နာစွာမေးသည်။ မီးခွက်ကို လည်း ထထွန်းလိုက်သည်။

သူမခေါင်းကို တွင်တွင်ရမ်းပြီး ပြန်အိပ်ရန် ဟန်ပြုလိုက်သည်။

ခေါင်းအုံးပေါ် . . .ခေါင်းချလိုက်တုန်းပဲ ရှိသေးသည်။ ခေါင်းရင်း ဘက်ဆီမှ ထူးဆန်းသော မြွေတွန်သံကို ကြားရတော့သည်။ အမေက မြွေတွန်သံကြား၍ လန့်ပြီး . . .အဖေကို နိုးသည်။ အဖေက မကြားရဘူးဟု



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ပြသည်။

မြွေတွန်သံသည် ခင်မြွေတို့ အိပ်သည့် ခေါင်းရင်းနားဆီမှ ဖြစ်သည်။ ၎င်းမြွေတွန်သံကို ကြားရသောအခါ ခင်မြွေရင်ထဲမှာ ခွေးခဲ့ ဖြစ်သွားသည်။

သို့နှင့် ခေါင်းရင်းတံခါးကို ဖွင့်၍ ကြည့်လိုက်သည်။ ဖြိုးဖြိုးဖျ လရောင်အောက်မှာ မြွေနက်ကြီးတစ်ကောင်ကို သူမထူးဆန်းစွာ တွေ့မြင် လိုက်ရသည်။

မြွေနက်ကြီးက လက်မောင်းလုံးခန့်ရှိ၏။ မြွေကြီးသည် တံခါးဖွင့် သံကို ကြားရသောအခါ အတန်ကြာ ခေါင်းမော့ကြည့်နေပြီး . .ပါးပျဉ်းကြီးက ကာ လှုပ်ပြနေ၏။

မြွေကို သူမမကြောက်။ မြွေသည် သူမရဲ့ ကစားဖော် မိတ်ဆွေ သည်။ သူမရဲ့ သစ္စာရှိသော သူငယ်ချင်းများဖြစ်သည်။ သည်။ ကေနတ္တ . .သူမရဲ့ ဆွေတော်မျိုးတော်များ . .။

သူမ သတင်းကြား၍ သတင်းမေး ရောက်ခဲ့လေရော သလော

မြွေနက်ကြီးသည် . . .တရှုံးရှုံး အသံပေးပြီး . .သရက်ပင် ရှိရာဘက်သို့ ဝင်သွားသည်ကို ထူးဆန်းစွာ မြင်ခဲ့ရလေသည်။

ရှိုင်းမ
သွေးဆ
ငါးတွဲဝ
နေလို့လဲ
သည့်နေ
မှတ်နေတာ

♛♛♛♛♛



လူ့ဘီလူးတစ်ကောင်၏ ဝိုးမျိုသွေးစုပ်ခြင်း ခံရသည့် နေ့မှစ၍ ကတ်ပိုင်း . . .ခင်မြွေ အဖေလေယ်ပေတာသို့ ထမင်းသွားပို့ရတာ စိုးရွံ့ကြောက် စိတ်များ ဝင်လာခဲ့သည်။

ညအမှောင်သည်မြင့် တောစပ်မှ ထမင်းတောင်းရွက်၍ ဖြတ်သွားရတိုင်း သည် ရှိုင်းထလာခဲ့သည်။ ထိုတောစပ်မှ ဖြတ်ပြန်ရတိုင်းလည်း . ထိတ် အဖြစ်အပျက်များကို ပြန်လည်မြင်ယောင်ကာ သွေးလန့်လန့် သွားခဲ့ရသည်။

ထိုနေရာသို့ ရောက်သည့်နှင့် တောင်မြောက်လေးပါး အကဲခတ် က်လုံးဝင့်ကြည့်ပြီး အမြန်သုတ်ခြေတင်ရတော့သည်။ သူမ. . .လူ့ဘီလူး သူရမ်းကားနှင့် နောက်တစ်ကြိမ် ထပ်မံဆုံဆည်းရမှာကို သေမတတ် ကြောက်ခဲ့ပြီ . . .။

သို့ဖြစ်၍ . .နောက်နေ့မှစပြီး . .တောထဲသို့ ဟင်းရွက်ရှာ ပန်းရှာ ည်း မဝင်တော့။ ထိုတောစပ်မှ လူသံသူသံကြားရလျှင်. . .သူမလုံးဝ



www.burmeseclassic.com

www.burmeseclassic.com



သည့်မကြည့်တော့ဘဲ ခံတောင်းကိုဗိုက်၍ ပြေးတော့၏။

အမေက. . .သမီး . .ဘာလို့. . .ဟင်းသီးဟင်းရွက် မခူးတော့တာလဲဟု မေးသောအခါ သူမဘာမှပြန်မပြောဘဲ နေလေ့ရှိသည်ကို အမေသည် တစ်ခါတစ်ရံ တအံ့တဩနှင့်ကြည့်ရင်း တွေးနေလေ့ရှိ၏. . ။

ဒီလိုနှင့် အချိန်သည် နှစ်လနီးပါးခန့်ကြာခဲ့သည်. . .

တစ်နေ့. . .

ထုံးစံအတိုင်း . .အဖေ့လယ်တောသို့ ထမင်းပို့သွားရန် ခံတောင်းလေးကို ရွက်၍ ထလိုက်စဉ်၊ ခေါင်းထဲမှ မိုက်ခနဲ ဖြစ်သွားပြီး မူးဝေလာသည်။

အမူးသည် ထိန်း၍ မရအောင် ဖြစ်လာပြီး . . ၊ ခေါင်းပေါ်မှ ထမင်းတောင်း အောက်သို့ လွတ်ကျသွားကာ. . .သူမလည်း လဲကျသွားတော့သည်။

"ဝွမ်. . .လလွှမ်. . .ဝွမ်း"

"အား . .အား . . .မ. . .မ. . .အား . ."

"ဟဲ့. . .ဟဲ့. . .သမီး . . .ခင်မြွေ. . .ခင် . . .မြွေ. . .သမီး . . .ဘာဖြစ်လို့လဲ. . .သမီးလေး"

"အား . .အား . . .အား . . .အီး . . .အား"

ဦးခေါင်းသည် ချာချာလည်နေသည်။ အမေက အလန့်တကြား ပြေးလာပွေ့လှုပ်၍ "သမီး . . .သမီး"ဟု အော်ရင်း မေးကိုကိုင်လှုပ်နေသည်။

အိမ်ကြီး ချာချာလည်နေသည်။

သစ်ပင်တွေ ဦးစောက်၊မိုးမျှော် ဖြစ်နေသည်။

မြေကြီးက သူမကို ဝိုင်းပတ်လှည့်နေသည်။

ရင်ထဲမှာ ပို့တက်လာပြီး . . .သူမ အန်ချင်လာသည်။ မအန်နိုင်အောင်တံတွေးကို မျိုချပေမယ့် မရ . . .ရင်ခေါင်းထဲမှ လိပ်လိပ်တက်လာပြီးနောက် . . .မနေနိုင်သည့်အဆုံး သူမ အန်ချပစ်လိုက်တော့သည် . . ။

"ဝေါ့. . .ဝေါ့. . .အော့. . .အော့. . .ဝေါ့"

"သမီးလေး . . .ခင် . . .မြွေ. . .ခင်ရီ . . .ရေ . . .ခင်ရီ . . .လာပါအုံးဟဲ့. . .မြန်မြန်လာပါအုံး . . ၊ ဒီမှာ . . .ခင်မြွေ . . .ဘာဖြစ်မှန်း မသိဘူး . . .သမီး . . .ခင်မြွေ. . ."





ခေါင်းရင်းအိမ်မှ မခင်ရီ အဝတ်လျှော်ရာမှ အမောတကော ပြေးဝင်လာပြီး တဝေါ့ဝေါ့ အန်နေသည့် . . .ခင်မြွေကျောကို ဝိုင်းနှိပ် . . .ရင်ပတ်ကိုပွတ် ဝိုင်းပြုစုကြသည်။

"ဘယ်လို ဖြစ်ရတာတုံး . . .ချွေးမရယ်. . ."

"မသိဘူး ခင်ရီရယ် . . .မူးလဲကျပြီး . . .အန်တာပဲတော့. . .ခင်မြွေ"

"ဝေါ့ . . .အော့. . .ဝေါ့. . ."

အံလိုက်တိုင်း အစာစိုးစဉ်းမျှနှင့် လေများအန်သည်ကို မြင်ကြရသည်။ တစ်အောင့်နေတော့. . .ခင်မြွေ အအန်ရပ်သွားသည်။ ချွေးများပျံ၍ တစ်ကိုယ်လုံးလည်း ရွှဲစိုနေ၏။ မချွေးမက သွေးဆေးလေး နည်းနည်းကို ရေနွေးနှင့်တိုက်လိုက်သည်။

မကြာခင် . . .အိပ်ယာပေါ်မှာ မောမောနွမ်းနွမ်းနှင့် မျက်လုံးလေးမှေးရင်း မှိန်းရင်း မိခင်ရဲ့လက်ကို အားကိုးကြီးစွာ ဆုပ်ညှစ်ထားသည်။

"သက်သာရဲ့လား . . .တူမ. . ."

"အင်း . . ."

"လေနဲ့ တူပါရဲ့ အော. . ."

"ဟုတ်မှာပါတော် . . .မနေ့က . . .ညှင်းသီးရော . . .ဆူးပုတ်ရွက်ရော . . .တို့နေတာတော့။ တက်ပြီးများ မူးသလား မသိဘူး။ ဒါကြောင့် ငါပြောတာပေါ့၊ ညည်း မညှင်းသီးတွေ ဆူးပုတ်တွေ အများကြီး မစားနဲ့ ပြောတာ။ နားမှ မထောင်ပဲကိုး . . .ကဲ . . .ကဲ . . .ဖျာပေါ်မှာလှဲနေ . . .သက်သာရင် ငါပဲ . . .ညည်း အဖေဆီ ထမင်းသွားပို့လိုက်မယ် . . .ခင်ရီ တစ်ချက်တစ်ချက် လှမ်းကြည့်လိုက်ပါအေ . . .နော်"

ခင်မြွေ . . .အသာထကြည့်သည်။ မူးရိပ်ရိုးရိ ကျန်နေသေး၍ ဖျာပေါ်မှာပဲ လှဲနေလိုက်သည်။ ရင်သည် တလှပ်လှပ်ဖြစ်နေသည်။ ပို့ချင်သလိုလိုဖြစ်လာ၍ သွေးဆေးကို ယူပြီးလျက်လိုက်သည်။ မီးဖိုထဲမှ အမေ့ရဲ့ လှုပ်ရှားသံများကို ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့. . .သူမ မောမော နွမ်းနွမ်း၊ လျှပ်လျှပ်နှင့် အိပ်မော ကျသွားခဲ့သည်။

အိပ်မောကျသော့. . .အိပ်မက်တွေ မက်နေသည်. . .

အိပ်မက်ထဲမှာ မြောက်များလှစွာသော မြွေအုပ်ကြီးကို တွေ့ရသည်။ မြွေများက. . .သူ့အနီးမှာ ပါးပျဉ်းများ ထောင်၍ ယိမ်းနွဲ့နေကြသည်။

သူမလည်း မြွေများနှင့် အတူ. . .ပျော်ရွှင်စွာ ကနေသည်။ က၍ နေကြသောအခါ အကြီးဆုံးသော မြွေကြီးတစ်ကောင်က. . .သူမရှေ့သို့ ပါးစပ်မှ ငွေဒင်္ဂါးများကို အန်ချပြီး. . .မြွေများကိုခေါ်၍. . .အဝေးသို့ ပြန်သွားကြသည်။

သူမ. . .ရှေ့မှာတွေ့ရသည့်. . .ထူးဆန်းသော ငွေဒင်္ဂါးများကို ကိုင်ကြည့်ရင်း ဝမ်းသာအားရဖြစ်နေစဉ်မှာ. . .ငွေဒင်္ဂါးများကို ကောက်၍ မိုးပေါ်သို့ မြှောက်ကစားနေသည့် အိပ်မက်ဆန်းကို မြင်မက်ရလေသည်။

♛♛♛♛♛

# ၁၀

ပြဿနာကား. . .ဒုတိယအကြိမ် ဖြစ်စဉ်ပဲ ဖြစ်သည်။

ထိုဖြစ်စဉ်ကြောင့် သူမဘဝ ပုံရိပ်အချို့ကို တစ်ရွာလုံးက သိသွားခဲ့ပြီး. . .မျက်နှာမပြရဲသည့် ဘဝရောက်ခဲ့ရသည့် ကိုယ်ကျိုးနည်း ဖြစ်စဉ်ပဲ ဖြစ်သည်။

ထိုနေ့က နေထိုင်ကောင်းသည်ဖြစ်၍ စိတ်လက်ကြည်လင်စွာဖြင့် သူမ. . .အဖေထံ ထမင်းသွားပို့ခဲ့သည်။ အဖေ့ကို ပါလာသည့် ငါးဖင်ရိုင်းဟင်းနှင့် ငါးပိရည်တို့စရာ ပြင်ဆင်ပေးသည်။

အဖေသည် သမီးမျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း အားရပါးရ လွေးနေ၏။ ခင်မြွေက အနားမှ ရေနွေးကြမ်းငှဲ့ပေးလိုက် ပုဆိုးပိုင်းနှင့် ယပ်ခပ်လိုက်လုပ်ပေးနေသည်။

စားလို့သောက်လို့ပြီးတော့. . .အဖေက မြေပေါက်ရင်းမှရသည့် ငါးရှဉ့်နှစ်ကောင်ကို ကောက်ရိုးနှင့် ထုပ်၍ ပေးလိုက်သည်။

"အဲဒီ ငါးရှဉ့် နှစ်ကောင်ကို မီးမြှိုက်ပြီး ငရုပ်သီးစပ်စပ်နဲ့ ကြော်



www.burmeseclassic.com

www.burmeseclassic.com



လော့ချက်လို့ နှင့်အမေကို ပြောလိုက်. . .သမီးပြန်ချင်ပြန်တော့. . .နေပူလာမယ်. . .လမ်းတလျှောက်. မြွေတွေလည်း လိုက်ဖမ်းမနေနဲ့. ကြားလား. . .သမီးမငယ်တော့ဘူး။ မြွေဖမ်းတာကို သူများတကာ တွေမြင်သွားရင် မဟုတ်ဟုတ်က စွပ်စွဲပြောဆိုအုံးမယ်. . .''

တစ်ခါကလည်း ဖြစ်သည်။

လယ်တောမှ အပြန် ကန်သင်းရိုးပေါ်မှာ မြွေတစ်ကောင်ကို တွေ့၍ ဖမ်းချင်စိတ်ထိန်းမရ ဖြစ်လာသောကြောင့် တောင်းကိုချကာ. . .မြွေကို ဖမ်းလိုက်သည်။

မြွေသည် သူမ ကိုမြင်သောအခါ ငြိမ်နေ၏။ သူမ မြွေကို မြင်လျှင် လုံးဝမကြောက်. . .။ မြွေများကို သူမ၏ ငယ်ပေါင်းကြီးဖော် ကစားဖော် အဆွေအမျိုးများ အဖြစ် ထင်မြင်ယုံကြည်နေသည်။ ငယ်စဉ်ကတည်းက မြွေများကို အရှင်လတ်လတ် ဖမ်းပူး၊ ကိုင်ဖူးသည်။

မြွေဖမ်းကစားရတာ သူမအဖို့ ပျော်စရာကောင်းလှ၏။ အံ့ဩဖို့ကောင်းသည်ကား မြွေကို သူမ ညာလက်ဝါး(သို့) ဘယ်လက်ဝါးနှင့် အပေါ်မှ အုပ်လိုက်၊ ပြလိုက်သည်နှင့် မြွေသည် လုံးဝရပ်တန့်ပြီး လှုပ်ရှားမရ ဖြစ်နေခြင်းပဲဖြစ်သည်။

တစ်ခါတစ်ရံ သူမ၏ လက်ဝါးနှစ်ဘက်ကို သူမ ပြန်ကြည့်သည်။ ထူးထူးဆန်းဆန်းဆို၍ လက်ဝါးနှစ်ဘက်ပေါ်မှာ အမည်းစက် ငါး၊စက်စီပါသော စက်ဝိုင်းပုံနှစ်ခု ပါသည်ကိုတော့ တွေ့ရသည်။ ဦးသူတော်ကြီးက အာဏာစက်ဟု ငယ်ငယ်က ပြောဖူးသည်။ မြွေနိုင်သည့် ကလေးဟု ဆိုဖူးသည်။ ဒါကြောင့်ပဲလား မသိ. . .မြွေများကို သူမ လိုသလိုလုပ်၍ ရနိုင်နေသည်။

ခုလည်း မြွေအနက်တစ်ကောင်ကို တွေ့နေရသည်။ ဒါ. . .မြွေဟောက်. သူမမြွေဟောက်ရဲ့ ရှေ့မှာ လက်ဝါးကို ထောင်ပြလိုက်သည် ပါးပျဉ်းထောင်ဟန်ပြုနေသည့် မြွေဟောက်သည် သူမရဲ့ လက်ဝါးကို ကြည့်ပြီး ထူးဆန်းစွာ ခေါင်းစဉ်းကျသွားခဲ့သည်။

မြွေရဲ့ ဦးခေါင်းကို သုံးကြိမ်လက်ဝါးနှင့် သပ်လိုက်ပြီး. . .ပါးစပ်မှ





ကျွတ်ကျွတ်စုတ်သပ်ကာ. . .မျက်စေ့ အနောက်ဘက် လည်ဂုတ်မှ ဖမ်းပ်ကိုင်လိုက်သည်။ မြွေက ကျောကိုစင်း၍ မျက်စေ့ကို မှိတ်ထား၏။ ဒိပ္ပါယ်ကား သခင်မ ကြိုက်သလိုပြုပါတော့ ဆိုသည့်နှယ်. . .

သူမ မကြောက်မရွံ့ မြွေကို ကောက်ယူပြီး မျက်နှာရှေ့မှာ အဝ်ကာပြလိုက်သည်။ မြွေကလည်း ငယ်ပေါင်းနှင့် ပြန်ဆုံရသည့်အလား။ မျက်လုံးင်း၍ ကြည့်နေသည်။ ဘာမှရန်မပြု လူးလွန့်လျက် သူမက မြွေကို ကိုင်၍ လေထဲမှာ မြှောက်ကစားလိုက်သည်။

''အောင်မလေးတော့. . .လာကြ. . .ပါအုံး. . .''

ဘယ်အချိန်အထိ မြွေနှင့် စိတ်ဝင်စားစွာ ကစားနေမိသလဲမသိ။ နောက်မှ မိန်းမတစ်သိုက်ရဲ့ ထိတ်လန့်တကြား အသံကုန်အော်ဟစ်လိုက်သံကြောင့် လှည့်ကြည့်လိုက်သောအခါ. . .ရွာလယ်ပိုင်းမှ ခင်ဆုံ့သူငယ်ချင်းမအုပ်စု ဖြစ်နေသည်။

သူတို့အုပ်စုကလည်း ထမင်းပို့ရာမှ ပြန်အလာဖြစ်သည်။ ခင်မြွေမြွေဟောက်ကို ကိုင်၍ မြှောက်ကာ ပင့်ကာ ကစားနေသည့် မြင်ကွင်းကိုနီးကပ်ရုတ်ချည်း မြင်ရသောအခါ ငယ်သံပါအောင် အော်ဟစ်ရင်း. . .သမျှ ပစ္စည်းလွှင့်ပစ်၍ ပြေးကြတော့သည်။

အချို့. . .ထမီတောင် မနိုင်။

အချို့. . .ကန်သင်းရိုးမှာ မှောက်လျက်လဲနေ၏။

''ခင်မြွေ. . .မြွေ. . .ကြီးနဲ့. . .လာကြပါအုံးတော့. . .''

''လာကြပါအုံး. . .ခင်မြွေ. . .ကျွန်မတို့ကို. . .မြွေနဲ့တိုက်နေလို့လာကြပါအုံး. . .''

မိန်းမသုံးယောက်. . .ပြေးရင်းလွှားရင်း လဲရင်းတိုက်ရင်းမှ ခုနစ်သံဟစ်အော်လိုက်ရာ ခပ်လှမ်းလှမ်းမှ လာနေကြသည့် ယောကျ်ားကြီးအချို့က. . .ဘာဖြစ်မှန်းမသိ၍ ပြေးလာကြသည်။

မိန်းမသုံးယောက်က မျက်လုံးပြူး မျက်ဆံပြူးနှင့် ခင်မြွေရှိရာလက်ညှိုးထိုးပြသဖြင့် ကြည့်လိုက်တော့ ခင်မြွေကို မြွေကြီးတစ်ကောင်လျက်သား တွေကြပြီး. . .။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ပါ လန့်ဖြန့်ခြေလှမ်းတုံ့ သွားကြတော့သည်။

"ခင်မြွေ . . ခင် . . မြွေ . . လွှင့်ပစ်လိုက် . . အဝေးကို လွှင့်ပစ်လိုက် . . ."

ဖယောက်ျားတစ်ယောက်က စိုးရိမ်ကြီးစွာ လှမ်းအော်လိုက်သည်။ ဒီတော့မှ . . ခင်မြွေ သူတို့အားလုံး ကြောက်ရွံ့နေမှန်းသိပြီး . . မြွေ၏ကျော ကို လက်နှင့်ပွတ်သပ်ကာ လယ်ကွက်ထဲသို့ လွှတ်ပေးလိုက်ရာ မြွေသည် ရှိခန် တစ်ချက်အော်ပြီး . . လူးကာလွန့်ကာ ဟိုး . . အဝေးသို့ ထွက်သွား တော့သည်။

အဲဒီ အဖြစ်အပျက်ကစ၍ ရွာထဲမှာ ခင်မြွေနာမည်ကြီးသွား ပြန် သည်။ ခင်မြွေသည် မြွေစုန်း၊ မြွေကဝေ၊ မြွေအလယ်ပွာယ်အစစ် စသည်ဖြင့် ယိုးစွတ်ကြပြန်၏။

ခင်မြွေကို လမ်းမှာတွေ့လျှင် မြွေပါသည် ထင်မှတ်၍ ဝေးဝေးက ရှောင်ကြ၏။ ဤသတင်းကို အမေတို့ အဖေတို့ကြားသောအခါ ဒေါသလည်း ထွက် အံ့လည်းအံ့သြကြ၏။ နောင်ကို ဒီအပြုအမူမျိုး မိန်းကလေး တန်မဲ့ ဒါမျိုးမလုပ်ရဟု ဆူပူကြိမ်းမောင်းမာန်မဲ တော့သည်။ နောင်အခါ ခင်မြွေ သည် မြွေများကို သွားရင်း လာရင်းတွေ့ရသည့်တိုင် ဖမ်းကာစားချင်ပါသော် လည်း . . အများမြင်ရသူများ ကြောက်ရွံ့ထိတ်လန့် အော့နလုံးနာမှန်းသိ၍ ဖမ်းခြင်းကိုင်ခြင်း၊ ကစားချင်း မပြုတော့။

မြွေများကို တွေ့လျှင် မေတ္တာပို့သည် ပြုသမျှ ကောင်းမှုများ အားရည်စူး၍ အမျှဝေသည်။ အဲဒီဖြစ်စဉ်ကို ဒီပါတစ်ယောက် ကြားရသော အခါ အလန့်တကြားနှင့်

"နင် မြွေမကြောက်ဘူးလား ဟင် . . ခင်မြွေ . ."

"ခင်မြွေက ခေါင်းကိုရမ်း၍ ရယ်ပြလိုက်သည်"

"မြွေကိုက်ရင် အဆိပ်ပြင်းတယ် . . သေမှာ မကြောက်ဘူးလား"

"ဟင့်အင်း . ."

ဟင့်အင်းဆို၍ . . ဒီပါ သူမမျက်နှာကိုကြည့်ပြီး ကြက်သီးများ ထသွားခဲ့သည်။ သူ့သူငယ်ချင်း ဤမိန်းကလေးသည် အတော်ထူးဆန်း





သည့် မိန်းကလေးဖြစ်သည်။

ကိုယ်ဝန်ရှိတုန်းကလည်း မြွေဝင်စားသည်ဟု အိပ်မက်ရသည် . . . ပေါ့ . . လူဖြစ်လာပြန်တော့လည်း ရန်ဖြစ်၍ သူကများကိုက်လျှင် အဆိပ်အလွန်ပြင်းထန်ပြီး ဆေးမမှီပါက ဒုက္ခရောက်ကြရ၏။ အခုလည်း မြွေများကို အလမ္ပာယ်သမားလို သူမ ဖမ်းရဲ၏။ မြွေနှင့် ကစားနိုင်၏။ ဒါဆို . . မြွေများပြီးနေရောသလား . .။ အံ့ဖွယ် သူရဲပါကလား . .။

သူများတွေ ပြောနေသလို မြွေစုန်းများလား . .။ မြွေကဝေ လား . .။ မြွေအလမ္ပာယ် ဆရာသေ၍များ ဝင်စားလေရော့သလား .။

❀❀❀❀❀

www.burmeseclassic.com

www.burmeseclassic.com

## ၃၁

သို့ဖြစ်၍ . . အဖေက သူမရဲ့အကျင့်စရိုက်ကို သိနေသောကြောင့် ထပ်ခါ ထပ်ခါ ကျော်မကောင်း ကြားမကောင်း ဖြစ်မှာစိုး၍ လမ်းမှာ မြွေတွေ့ရင် မဖမ်းနဲ့နော် သမီးဟု. . .အတန်တန် သတိပေးနေရတော့သည်။ သူမ အဖေ့ကို ခေါင်းညိတ်ကတိပြုပြီး . .ထမင်းတောင်းလေး ရွက်၍ ပြန်လာခဲ့လိုက်သည်။

ရွာထဲသို့ ဝင်ခါနီး ရောက်သောအခါ . .ခေါင်းထဲမှ ရုတ်တရက် မူးရီဝေလာသည်။ မူးလာ၍ ခဏရပ်လိုက်သည်။ ရပ်လိုက်စဉ်မှာပင် ဦးခေါင်းတစ်ခုလုံး ချာချာလည်ကာ ခေါင်းပေါ်မှ တောင်းကို မထိန်းနိုင်တော့ပဲ . . လွှတ်ချလိုက်ပြီး . . နားထင်ကို လက်နှင့်ထိမ်း၍ အသိကိုထိန်းချုပ်ပါသော်လည်း မဟန်နိုင်သည့်အဆုံး ဒူးထောက်လဲကျသွားသည်။

သည့်နောက်ရင်ခေါင်းထဲမှ ပို၍အန်လာပြီး ဒလကြမ်း အန်တော့သည်။

"ဝေါ့ . .ဝေါ့ . . .အား . ."

"ဝေါ့ . .အေ့ . . .ဝေါ့ . . .အား . . .အီး . . အင်း . ."





"ဝေါ့ . . ဝေါ့ . . ."

အန်ရင်း အမူးဒဏ်မခံနိုင်၍ မြေပြင်ပေါ်သို့ မှောက်လျက်လဲကျသွားတော့သည်။ ဒီအဖြစ်အပျက်ကို ကလေးထိန်းနေသော ရွာသူမိန်းမကြီးအချို့မြင်သွားပြီး အလန့်တကြား အော်ဟစ်ကာ ပြေးလာကြည့်ကြသည်။

ခင်မြွေမှန်း သိကြသောအခါ အချို့က ဂရုဏာသက်စွာဖြင့် ပွေ့ထူ၍ပုတ်၊ ကျောဖိရင်ဖိလုပ်ကြသည်။ သည့်နောက် မိန်းမကြီးများက တွဲယူ ပွေ့ထူပြီး ခင်မြွေကို အိမ်သို့ သယ်ယူပို့ဆောင် ပေးခဲ့ကြသည်။

ဒေါ်ရွှေးမသည် သမီးဖြစ်သူ ရွာအဝင်မှာ မူးလဲအန်သည့် အဖြစ်ကို ကြားသိ မြင်ရသောအခါ အလွန်စိုးရိမ်သွားခဲ့သည်။ ရွာသူများကလည်း တတ်သမျှ မှတ်သမျှ ဝိုင်းဝန်းပြုစုကြ၏။ ခင်မြွေ့တစ်ကိုယ်လုံး မြေမှုန့်များ ချွေးချေးများနှင့် ပေကျံနေသည်။ အန်ချက်ကလည်း အဆက်မပျက် . .။

"ရွှေးမ . .ဒေါ်မြချစ်ကို သွားခေါ်လိုက်ရင် ကောင်းမယ်နဲ့တူတယ်အေ. . ."

တစ်ယောက်သော ကလေးအမေက ခင်မြွေ့အဖြစ်ကို ကြည့်၍ အကြံပြုသည်။

"ခါတိုင်းလည်း မကြာမကြာ သူမူးပြီး အန်တယ်၊ မကြည့်ရဲ့ . . ခဏနေတော့ ပျောက်သွားတာပဲ . ."

"ကြည့်ရတာ တစ်မျိုးကြီးပဲ အေရယ် . . ."

"ဘာတစ်မျိုးလည်း မကြည့်ရယ် . . .ဟင် . . ."

"ဝေါ့ . . ဝေါ့ . . .အေ့ . . .အေ့"

ခင်မြွေ ဦးခေါင်းကို ရမ်း၍ ရင်ကိုဖိပြီး အန်နေသဖြင့် . . .ကိုင်း . . ဒေါ်မြချစ်သာခေါ်ကြ ပါတော့ဟု ဆိုသဖြင့် တစ်ယောက်က လက်သည် ဒေါ်မြချစ်အိမ်သို့ ပြေးတော့သည်။

မကြာခင် ဒေါ်မြချစ်ရောက်လာပြီး . . .ခင်မြွေ့အခြေအနေကို စမ်းသပ် စစ်ဆေးတော့သည်။ ဒေါ်မြချစ်သည် ခင်မြွေရဲ့ မျက်နှာကို ကြည့်သည်။ နဖူးဆံစကို ကြည့်သည်။ မျက်ကွင်းများကို ကြည့်လိုက်သည်။ နားထင်ကို စစ်ဆေးသည်။ အန်တာကို စစ်ဆေးသည်။ ဝမ်းဗိုက်ကို ဖိအပ်



www.burmeseclassic.com

www.burmeseclassic.com



သလို စစ်ဆေးစမ်းသပ်သည်။ ပြီးတော့. . .အကျီကို လှန်၍စစ်ဆေးသည်။ သိလိုသည်များလည်း မေးသည်။

အားလုံး စစ်ဆေးပြီးနောက်. . .မိခင်လုပ်သူ ဒေါ်ချွေးမကို တစ်နေရာခေါ်၍ နားနားကပ်ပြီး တိုးတိုးလေးပြောလိုက်သည်။

"ရှင်. . .ဟုတ်. . .ဟုတ်. . .ပါ့မလား. . .အမေမြချစ်ရယ်. . .မမဖြစ်နိုင်ပါဘူးတော်. . ."

"ငါလက်သည် လုပ်စားလာတာ. . .အနှစ်ငါးဆယ်ကျော်ပါပြီ ချွေးမရယ်. . .ညည်း သမီးဝမ်းဗိုက်ထဲမှာ ကိုယ်ဝန်. . .လကျော်နေပြီအေ့"

"မြတ်စွာဘုရား. . .ဟုတ်ပါ့မလား. . .အမေမြရယ်. . .သမီး. . .သမီးဟာ အပျိုမှန်း အားလုံးသိကြပါတယ်ရှင်. . ."

"အေးလေ. . .ဟိုတုန်းက အပျိုတော့ အပျိုပေါ့. . .၊ အခု မပျိုတော့ဘူးအေ့. . .ငါပြောတာ မယုံရင်စောင့်ကြည့်. . .ကိုင်း ငါသွားမယ်၊ သူ့ကို ဂရုစိုက်ကြပါ ချွေးမရယ်. . .ကိုယ်ဝန်ရှိတာတော့ ကျိန်းသေတယ်အေ"

မြတ်စွာဘုရား. . .သမီးခင်မြွေမှာ. . .ကိုယ်ဝန်ရှိနေတယ် ဆိုပါလား။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကယ်တော်မူပါဘုရား. . .ဟီး. . .ဟီး။

# ၃၂

ခင်မြွေမှာ ကိုယ်ဝန်ရှိသည့် သတင်းသည် လက်သည်ဒေါ်မြချစ်ရဲ့ နှုတ်ဖျားမှ ဝိုင်းဝန်းကူညီပြုစုကြသူ ရွာသူ အိမ်နီးချင်းအချို့ရဲ့ နှုတ်မစောင့်စည်းမှုကြောင့် ရက်ပိုင်းအတွင်း တစ်ရွာလုံးသို့ ဤသတင်း ပျံ့နှံ့သွားကာ တအံ့တသြ ဖြစ်ကုန်ကြတော့သည်။

ခင်ဆုံတို့ အပျိုဝိုင်းကား. . .ဤသတင်း ဟုတ်မဟုတ် အတည်ပြုရန် လက်သည်ဒေါ်မြချစ်ကို ပင့်ဖိတ်၍ အကျွေးအမွေးများနှင့် ညှိခံပြီး သတင်းနှိုက်ကြ၏။ သမ္မာရင့်ဝါရင့် ဒေါ်မြချစ်က မဟုတ်ရင် ငါ့လက်နှစ်ဖက် ဖြတ်ပစ်မယ်ဟု အာမခံလိုက်သောအခါ ခင်ဆုံတို့အဖွဲ့ လက်ပန်းပေါက်ခတ်ပြီး အောင်ပြီဟေ့. . .ဟု ကြွေးကြော်ကာ ကခုန်ကြတော့သည်။

ခု. . .သူတို့တစ်ရွာလုံးရဲ့. . .အလှဘုရင်မ. . .။သူတို့ရဲ့ ကြည့်မရသည့် ခင်မြွေကိုနိုင်ဖို့ အောင်မြင်ထိရောက်သော နိုင်ချက်ရပြီ. . .။

သို့နှင့် ရွာလယ်ပြည်တော်သာရေကန်မှာ ရေခပ်ချိန်ရောက်မိကြသည်နှင့် ခင်ဆုံ အာကျယ်ခင်စိန်၊ မိတုတ်၊ မိဒေါင်းတို့ ဦးဆောင်ကာမှုကထ

www.burmeseclassic.com



ပြုကာ ခင်မြွေကိုယ်ဝန်ရှိနေသည့် သတင်းကို အသံကျယ်ကျယ်နှင့် အား ပါးရ အတင်းချ၍ သတင်းဖြန့်ကြတော့သည်။

"ကြားပြီး ကြပြီလား ဟေ့. . ."

"ဘာများပါလိမ့်. . .မမဆို"

"ခင်မြွေလေ. . .ခင်မြွေ. . .ကြီးလို့တဲ့"

"ဟုတ်ရဲ့လား. . .မခင်ဆုံရယ်. . ."

"အမယ်. . .လက်သည်ဒေါ်မြချစ်ကိုယ်တိုင် စမ်းသပ်ပြီး သေချာလို့ ပြောတာအေရဲ့. . .ဒင်း ကျိတ်ပုံးစားနေတာ ခုမှပေါ်တယ်အေ. . .အရှက်မဲ့ တဲ့ မိန်းမ ထွီ"

သည်မှာ. . .အာကျယ်ခင်စိန်ကလည်း။

"ရှီးသလေး. . .အ သလေးနဲ့ ခုတော့ မရှုနိုင်၊ မကယ်နိုင် ဗူးပေါ်သလို ပေါ်သလိုပေါ်ပါပေါ့တော်. . .၊ မချွေးမတို့များ. . .ပြောတော့ သူတို့သမီးက ဗိုင်းကောင်း ကျောက်ဖိတဲ့. . .ဟီး. . .ဟီ. . .ခုတော့ ကျောက်ဖိမဟုတ်ဘူး ဟော့. . .ကျောက်. . .အဲ့. . .အဲ့. . ."

"ဘယ်သူနဲ့တဲ့ တုန်းတော့. . ."

"အဲ့ဒါတော့ သိသေးဘူးတော့"

"ငါတော့. . ."

"မဖြစ်နိုင်ဘူး. . .ဟိုဒင်း. . . . . .နဲ့နေမှာ. . ."

"စောင့်နားထောင်ကြပါအေ မြွေဝင်စားမ၊ မြွေအလယ်မှာယ် ခုတော့ ဗူးပေါ်သလိုပေါ်မှတော့ ရှက်စရာကောင်းလိုက်ပါတော် အံ့ရော. . အံ့ရော. . .ထွီ"

ခင်ဆုံကား ရေအိုးကိုရွက်ရင်း ရှေ့မှ ခုနှစ်သံချီနှင့် ဟစ်တော့ရာ ကြားရသူ ကာလသားအပေါင်းတို့ကလည်း အံ့သြကြကုန်၏။ ထိုသတင်း သည် မျှားမကြာခင် အရက်ဝိုင်း၊ ထန်းရည်ဝိုင်းမှာ မြိန်ရေ ယှက်ရေ ပြောစရာ သတင်းဖြစ်လာကြသည်။

အချို့သော ကြားရသူများက စုပ်သပ်ရှုံ့မျောကြ၏။ အချို့က လက်သည်ကို သိချင်နေကြ၏။ မည်သို့ဆိုစေ ခင်မြွေသတင်းသည် မောင်





မထုရပါပဲ ရွာထဲမှာဟိုးလေးတစ်ကျော်ကျော်ဖြစ်လာတော့ မလိုသူတို့အကြား ပုံကြီးချဲ့ ခံတွင်းတွေ့စရာအတင်းအဖျင်း ဖြစ်ခဲ့သည်ကား အံ့မခန်းပါဘိ။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

# ၃၃

ကိုငှက်ရိုးသည် ဒီသတင်းကို ကြားရသည့်အချိန်မှစ၍ ခေါင်း ငုံမ်းကြီးစွာ အုံ့သြခဲ့ရသည်။ အကြီးအကျယ်ရှက်လည်း ရှက်ခဲ့ရ၏။ ခေါ်ခွေ ကား မျက်ရည်နှင့်မျက်ခွက်။

ခင်မြွေကား . . .အိမ်ထဲမှ အိမ်ပြင်မထွက်ရဲတော့ . .။ ထမင်းပို လည်း မသွားရဲတော့ . .။ ကိုငှက်ရိုးသည် ရှက်လည်းရှက် ဒေါသလည်း ထွက်ကာ 'တောက်'တစ်ခေါက်ခေါက်နှင့် ဖြစ်နေသည်။

ငါ့သမီးလေး တော်လှတော်လှနဲ့ . . .ခုတော့ ယောင်းမမြင်းစီး ထွက်ခဲ့ပြီ။ သို့နှင့် လယ်အလုပ်ကိုခဏ ပစ်ထားပြီး၊ ခင်မြွေကိစ္စ အပီအပြင် သိရန် လင်မယားနှစ်ယောက် မေးမြန်းရတော့သည်။ ပထမ ချော့မေးသည်

"ခင်မြွေ. . .သမီး"

ခင်မြွေ မျက်ရည်များဖြင့် မော့၍ကြည့်ရှုသည်။

"သမီး . . .မရှက်နဲ့နော်. . .သမီးကိုယ်ဝန်ဟာ. . .ဘယ်သူနဲ့ ဖြစ်ခဲ့တာလဲဟင်. . .အမေတို့ကို အမှန်အတိုင်းပြောစမ်း. . .ဘယ်သူနဲ့လဲ"





ခင်မြွေစကား မပြောနိုင်၍ ဦးခေါင်းကို ရမ်းလိုက်သည်။

"မရှက်ပါနဲ့တော့. . .သမီးရယ်. . .ဒီကိစ္စက ဒီအတိုင်းနေလို့ မရဘူး။ သမီးနဲ့ ရည်ငံခဲ့တဲ့သူကို သမီးကလက်ညှိုးထိုးပြမှ. . .အဖေတို့ အမေတို့က ကောင်းကောင်းမွန်မွန် သွားပြောပြီး သမီးကို အိမ်ထောင်ပြု ပေးရမှာ သမီးရဲ့. . .နော်. . .ပြောစမ်း ဘယ်သူနဲ့လဲ"

ခင်မြွေ မိခင်နှင့် ဖခင်ကို မော့ကြည့်ကာ. . .ဦးခေါင်းပဲ တွင်တွင် ရမ်းခဲ့သည်။

"မောင်ဒီပါ. . .နဲ့လား. . ."

"ဟင့်အင်း. . ."

"ဒါဖြင့်. . .မှတ်ကြီးနဲ့လား. . ."

"ကျော်ခင်တို့. . .စိန်ကုလားတို့ ကာလသားထဲက တစ်ယောက် ယောက်နဲ့လား. . ."

"ဟင့်အင်း. . .ဟင့်အင်း. . ."

"မသိလို့. . .မရဘူး. . .သမီးရဲ့. . .အခု. . .သမီးလည်း ဒီကိစ္စ ကြောင့် အရှက်ရနေသလို. . .အမေတို့လည်း. . .အိမ်ထဲက အိမ်ပြင် မထွက်ရဲတော့ဘူး၊ ဒီရွာက လူနဲ့မဟုတ်ရင်၊ အခြားရွာသား တစ်ယောက် ယောက်နဲ့များ. . ."

"ဟင့်အင်း. . ."

ဘာမှ မေးမရသောအခါ. . .ကိုငှက်ရိုး ဒေါသထွက်လာတော့သည်။

"ခင်မြွေ. . ."

သူ မခေါ်စဖူး. . .သမီးကို မာထန်ဒေါသနှင့် အော်လိုက်သည်။ ခင်မြွေ ဖခင်လုပ်သူရဲ့ ဒေါသမျက်လုံး ဒေါသအသံကြောင့် လန့်၍ မအေကို ဖက်လိုက်ပြီး အားကိုးတကြီး ကြည့်ရှာသည်။

"ခင်မြွေ. . .ငါ. . .မေးတာ မှန်မှန်ပြော. . .၊ ဒီကိစ္စ ဘယ်သူနဲ့ ဖြစ်ခဲ့တာလဲ. . .၊ ငါတို့ အဲဒီလူကို ခြေထောက်ဖက်ရင် ဖက်ရပါစေ. . . သွားတောင်းပန်ပြီး ပေးစားမယ်၊ ဘယ်သူနဲ့ နှင်မှားယွင်းခဲ့တာလဲ. . .

"ဟင့်အင်း. . .ဟင့်အင်း. . .ဟီး. . .ဟီး. . .ဟီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဖြန်း . ."

"အား . .အီး . .အား . ."

"ကို. . .ကို. . .ငှက်. . .ရိုး . . ."

"ဖြောင်း . ."

"အား . . .မ. . .မ. . .အား . . .အဟီး . . .ဟီး . . .ဟီး . . ."

ကိုငှက်ရိုး ဒေါသကို မချုပ်တီးနိုင်တော့၊ စိတ်ကို ချုန်းအုပ်၍ မနိုင်တော့သည့်အဆုံး သမီးလုပ်သူအား ပါးရင်း နားရင်းပိတ်ရိုက်ပစ် လိုက်သည်။ ခြေနှင့်ဆောင့်ကန်ပစ်လိုက်သည်။ အရိပ်အယောင်မျှ မမြင်နိုင် တော့. . . ဆက်ကာ ဆက်ကာ. . .ရိုက်ပစ်လိုက်သည်။ မချေးမက အတင်းဝင်ဆွဲသော်လည်း မရ . .

ခင်မြွေလဲကျပြီး . .အလန့်တကြား အော်ဟစ်ကာ ဆံပင်ဖိုယို ဖါးယား မျက်ရည်လည်ရွဲနှင့် မီခင်ရဲ့ ခြေအစုံကို ဖက်တွယ်ထားသည်။

"ကိုငှက်ရိုး . .လွှန်မယ်နော်. . .လက်လွှန်မယ်. . .ကျုပ်. . .မေး မယ်. . .ရှင် အသာနေပါ. . ."

"ဟ ဒီလောက်မေးနေတာတောင်. . .ခေါင်းမငြိတ် လက်ညှိုး ထိုးမပြနိုင်တာ. . .ခင်မြွေ. . ."

"အား . . .အား. . .အား . . ."

ကိုငှက်ရိုး. . .ခင်မြွေ ဆံပင်ရှည်ကို စုစည်းဆုပ်ကိုင်လိုက်ပြီး မီးဝင်းဝင်းတောက်သော မျက်လုံးအစုံနှင့် စားမတတ် ဝါးမတတ် စိုက်ကြည့် လိုက်သည်။

"ခင် . . .မြွေ. . .နင် အမှန်အတိုင်းပြော၊ အဲဒီကောင်ကို နင်သိတယ် မဟုတ်လား"

"ဟင့်အင်း , .ဟင့်အင်း . . .အ. . .အ. . .အ. . ."

အမှန်တကယ်လည်း ခင်မြွေသူ့ကို မသိ၊ မြင်လည်း မမြင်ဘူး သူသည်. . .ဒီရွာသား ဟုတ်ဟန်မတူ။ မျက်စေ့ထဲမှာ သူ့ပုံပန်းသဏ္ဌာန်ကို မှတ်မိပါသော်လည်း . . .သူ ဘယ်သူ၊ ဘယ်ရွာသား၊ နာမည်ဘယ်လို ဘယ်အရပ်မှာ နေသည်ကို သူမ လက်ညှိုးထိုး၍ မပြနိုင်။





အရိုက်အနှက် မခံနိုင်သည့်အဆုံး သူမခြေဟန် လက်ဟန်ဖြင့် တောင်းပန်ပြီး ရှင်းပြပါမည်ဟု. . .ဆိုရသည်။

"သမီး သူ့ကို မှတ်မိလား . . ."

"အင်း . . ."

"သူ. . .ဒီရွာ သားထဲကပဲလား . . ."

"ဟင့်အင်း . . ."

"သူ့ ပုံစံမှတ်မိလား . . ."

"အင်း . . ."

"သမီး မှတ်မိသမျှ . . .သဏ္ဌာန်လုပ်ပြစမ်း . . ."

ခင်မြွေက မျက်နှာပေါ်မှာ ကန့်လန့်ဖါးဒဏ်ရာ အမာရွတ်ရှိပုံကို လုပ်ပြလိုက်သည်။

"မျက်နှာပေါ်မှာ ဒဏ်ရာကြီးရှိတယ်. . ."

"အင်း . . .အင်း . . ."

သည့်နောက်. . .သူ့ဆံပင်ရှည်သည့်ပုံ . . .အရပ်ပုသည့်ပုံ ဗလ ကောင်းသည့်ပုံသဏ္ဌာန်များကို လုပ်ပြရှင်းပြနိုင်သမျှ . . .ရှင်းပြလိုက်သည်။

"ဒါ . . .ဒါ . . .ပြင် . . .သ. . .မီး . . .အမွှ. . .အကျင့်ခံရတာပေါ့ ဟုတ်လား . . ."

"အင်း . . ."

"နင် . . .ညာနေတာ. . .၊ ညာနေတာ. . .၊ ငါတို့ အရှက်ကိုခွဲ တဲ့ မိန်းမ၊ နင့်ကို လူပြည်မှာ အရှင်မထားဘူး . . .သတ်မယ်. . .အခု. . . သတ်ပစ်မယ်. . ."

ကိုငှက်ရိုး ဒေါသများ ငယ်ထိပ်ရောက်ခဲ့ပြီ။ သူ့ အိမ်ထရံမှာ ထိုးထားသည့် ငှက်ကြီးတောင်ဓားကို ပြေးနှုတ်ကာ. . .ခုတ်သတ်ရန် လက်ကို မြှောက်ကိုင်ရာ ခင်မြွေက ငယ်သံပါအောင် အော်. . .မချေးမကျ . . .အမလေး လာကြပါအုံး . . .ဟစ်ရင်း လင်လုပ်သူ ဓားချက်ကို ရှေ့မှပြေးခံ စီးဖက်၍ တွန်းနေရသည်။

အကြမ်းပတမ်း ဝုန်းဒိုင်းသံများ ကြားရ အလန့်တကြား အော်သံ



www.burmeseclassic.com

www.burmeseclassic.com



များ ကြားကြရ၍. . .အိမ်နီးနားချင်း အချို့ ပြေးတက်လာပြီး. . .ကိုငှက်ရိုး လက်ထဲမှ ဓားကိုလုယူပြီး ဝိုင်းတားကြ. . .တရားချကြ. . .လုပ်ကြသည်။

“ကိုငှက်ရိုးရယ်. . .ဒေါသတကြီး. . .စိတ်နောက်ကိုယ်ပါ. . .အရမ်း မလုပ်ပါနဲ့ကွာ. . .ခမျာ စကားမှမပြောနိုင်တာ ဥစ္စာ၊ ချော့မေးကြပါ။ သူလည်း လက်သည်တရားခံကို မသိဘဲနေမှာ မဟုတ်ပါဘူး၊ အချက်က နှစ်ချက်ရှိ တယ်ကွာ၊ သူကြောက်လို့ မပြောရဲ၊ မပြရဲတာလည်း ဖြစ်ချင်ဖြစ်မယ် ဒါမှမဟုတ် အဲ့ဒီလူဟာ သူတစ်ခါမှ မမြင်ဘူးတဲ့လူ၊ ဒီနယ်သား ဒီရွာသား ဒီပတ်ဝန်းကျင်က လူမဟုတ်လို့ နေမှာပေါ့၊ တဖြည်းဖြည်းချင်း စုံစမ်းကြည့် ပါ ငှက်ရိုးရယ်၊ ဘဝက သူလည်း ဒီလိုဖြစ်ချင်မှာ မဟုတ်ပါဘူး၊ လောကငံ စီမံတဲ့အတိုင်း ဖြစ်လာရတာ ဥစ္စာ၊ အကောင်းဆုံးနည်းလမ်းရအောင် ကြိုးစား ကြပါ မောင်ငှက်ရိုး. . .”

ကိုငှက်ရိုး ဘကြီးတိုးရဲ့ စကားကိုကြားသောအခါ သမီးအတွက် စိတ်ထိခိုက်လွန်း၍ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး ချုံးမည်းချငိုလိုက်သည်။ တိုင်နှင့်ခေါင်းနှင့် ဆောင့်၍ငိုသည်။ ငါ့သမီးကို အသားလွတ် စော်ကား ဖျက်ဆီးတဲ့အကောင် တွေ့ရာသင်္ချိုင်း ဓားမဆိုင်းဘဲ နုတ်နုတ်စင်း သတ်ပစ် မယ်ဟု ကျိန်းဝါးသည်။

ထိုနေ့က ကိုငှက်ရိုးတို့အိမ်သည် တောက်ခတ်သံ ရှိုက်ငိုသံ ကျိန်းဝါးသံနှင့် အလွမ်းမိုး. . .အရက်မိုး သည်းထန်စွာရွာခဲ့ရသည်။

နောက်ဆုံးတွင် မိခင်က အမျိုးမျိုးချော့၍ မေးမြန်းခဲ့တော့မှ ခင်မြ ဖြစ်ခဲ့ပျက်ခဲ့သည့် နေရာကို လိုက်ပြခဲ့ပြီး သူမကို အဓမ္မပြုကျင့်သွားသူ လူယုတ်မာရဲ့ အကြောင်းကို မယုံရဲယုံရဲနှင့် အခြေအနေအရ နားလည် လက်ခံခဲ့ရသည်။

သို့သော်. . .တစ်ချက်တော့ စဉ်းစားခဲ့ရပြန်သည်။

သူမရှက်၍ ကြောက်၍ အငြိမ်းအချောက် ခံရ၍များ တရား လက်သည်အစစ်ကို သိပါလျှက် ဘူးကွယ်၊ လှီးလွှဲ လုပ်ကြံပြောဆို လိုက်ပြ လေရောသလား။

ကိုငှက်ရိုးနှင့် မချွေးမက ဒီအချက်ကို အလေးအနက် စဉ်းစား





ပြီးနောက် မဟုတ်မှလွဲရော သူတို့ သမီးကို စော်ကားသူသည် ဒီရွာသား ထဲမှ တစ်ယောက်ယောက် ကျိန်းသေဖြစ်ရမည်ဟု ယုံကြည်စွဲပိုက်ထားခဲ့ လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၃၄

အရပ်က [redacted]ကောင်မပေါ်ဘဲ ကိုယ်ဝန်ရှိသည့်ကိစ္စကို အဆန်းတကြယ်ပြောဆိုကြ၏။ အချို့က ပုံကြီးချဲ့ကြသည်။ ခင်ဆုံတို့ အုပ်စုက သာ၍ဆိုးသေး၏။

အချို့က ခင်မြေ့ကိုယ်ဝန်ကို ဒီပါနှင့်ဟု စွပ်စွဲကြ၏။ ထင်ကြေးပေးကြ၏။ စွပ်စွဲထင်ကြေးပေးနိုင်သည့် အခြေအနေ အကြောင်းအရပ်များလည်း ရှိကြသည်။

တစ်ခါက ကွင်းထဲမှ ထမင်းပို့အပြန် နေ့ခင်းကြီး ခင်မြေ့နှင့်ဒီပါတို့ ရယ်ကာမောကာ ပြုံးကာရွှင်ကာ ပြန်လာကြသည်ကို လည်းကောင်း မကြာခဏ ဒီပါနှင့်ခင်မြေ့ စကားလက်ဆုံကြနေသည်ကို လည်းကောင်း မြင်ရပါများသည့်အတွက် ဒီကိုယ်ဝန်လက်သည်သည် ဒီပါပဲ ဖြစ်လိမ့်မည်ဟု ယိုးစွပ်သူက ယိုးစွပ်ကြ၏။ ဝေဖန်သူက ဝေဖန်ကြ၏။

အချို့က နေရာဌာနတောင် ခန့်မှန်းလိုက်ကြသေးသည်။





ကိုငှက်ရိုးနှင့် မချွေးမတို့ကလည်း သူတို့သမီးနှင့် ဒီပါ ရင်းရင်းနှီးနှီးရှိကြသည်မို့ ဒီပါများ ဖြစ်နေမလားဟု သံသယဝင်ကာ ဒီပါနှင့်တွေ့ဆုံပြီး ချော့မော့ မေးမြန်းခဲ့သည်။

ထိုအခါ ဒီပါက သူနှင့် ခင်မြေ့ရင်းနှီးမှုရှိသည်မှာ မှန်ကန်ပါကြောင်း သို့သော် မောင်နှမကဲ့သို့ စောင့်ရှောက်သည့် အဆင့်မှလွဲ၍ ခင်မြေ့လက်ကိုပင် တစ်ကြိမ်တစ်ခါ မကိုင်ခဲ့ဘူးပါကြောင်း မယုံလျှင် ခင်မြေ့ကို မေးကြည့်နိုင်သလို ဘုရားရှေ့မှာ သစ္စာရေသောက်၍ ကျိန်ဆိုဝံ့ပါကြောင်း မျက်နှာမကောင်းစွာဖြင့် ဆိုခဲ့သည်။

မချွေးမ မျက်ရည်ခံထိုး၍ ချော့မော့ဖြောင်းဖျ မေးခဲ့ပါသော်လည်း ဒီပါက သူသည် သစ္စာရှိသော ယောကျ်ားတစ်ယောက်ဖြစ်ကြောင်းနှင့် ဒီကိစ္စ သူလုံးဝ မဟုတ်ကြောင်းကိုသာ အကြောက်အကန် ငြင်းဆိုခဲ့ရာ မချွေးမ လက်မှိုင်ချ၍ ပြန်ခဲ့ရသည်။

ရွာထဲက ကာလသားများနှင့်လည်း ဒီပါစကားများခဲ့ရသည်။

တစ်ခါတော့ ရွာထိပ် ထန်းရည်ဆိုင်မှာ ကာလသားခေါင်း ကိုကျော်ခင်တို့က ခေါ်ယူစစ်ဆေးမေးမြန်းခဲ့သည်။

"ဒီပါ. . .ခင်မြေ့ကိစ္စက. . .ဘယ်လိုလဲကွ"

"ဘာကို ဆိုလိုတာလဲ ကိုကြီးကျော်ခင်"

"ခင်မြေ့ ဗိုက်ကိစ္စက. . .မင်းကြောင့် မို့လားလို့. . .ငါ. . .ကာလသားခေါင်း တစ်ယောက်အနေနဲ့ မေးတာ ပေါ့ကောင်"

"ဟာ. . .ဘယ်ကဟုတ်ရမှာလဲ ကိုကြီးကျော်ခင်ရ. . .စိတ်ညစ်တယ်ဗျာ၊ ကျွန်တော်နဲ့. . .လုံးဝ မဟုတ်ဘူးဗျ"

ဒီတင် ထန်းရည်သောက်ရင်း တန်းလန်းမှ သွားခေါတရုတ်ကြီးက

"မင်းနဲ့. . .မြေ့ဟောက်မ အတွဲများတဲ့လူ. . .ဒီရွာမှာ တစ်ယောက်မှ ရှိဘူးကိုယ့်လူ. . .မဖုံးနိုင်မဖိနိုင် အခြေအနေရောက်မှ ငြင်းချင်သေးလို့ . . .မင်းယောကျ်ားပဲ ဥစ္စာ ကိုယ်လုပ်ရဲရင်. . .ခံရဲရတယ်ကွ. . .ဒီပါရ"

သွားခေါတရုတ်ကြီး အပြောကြောင့် ဒီပါ ထောင်းခနဲ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ . . တရုတ်ကြီး . . . မင်းစကားကို ကြည့်ပြော . . ယောက်ျား သား . . မိန်းမလား မင်းကိုယ်တိုင် စမ်းကြည့်လို့ရတယ် . . ငါ . . မုဆိုးမ သား ဆင်းရဲသားပဲ ဒါပေမယ့် . . မကောင်းမှုမှန်သမျှ . . ဘာတစ်ခုမှ မလုပ်ဘူးကွ"

"အောင်မာ . . မင်းက . . ငါတို့ ထန်းရည်သောက်တာပါ . . စော်ကားတာပေါ့ဟုတ်လား"

သွားခေါတရုတ်ကြီး ရှူးရှူးရှဲရှဲဖြစ်ပြီး ထိုင်ရာမှ ဝုန်းခနဲထလိုက်သည်။ ဒီပါကလည်း မထူးတော့ပြီမို့ ပုဆိုးကို ပြင်ဝတ်ပြီး ရင်ဆိုင်ရန် အသင့်ပြင်လိုက်သည်။

"ဟေ့ကောင် . . နှစ်ကောင် . . အခုချက်ချင်းရပ်"

ကာလသားခေါင်း ကိုကျော်ခင်က ဟန့်တားလိုက်သဖြင့် နှစ်ဦးသား အကြည့်ချင်းပြိုင်ပြီး ရပ်လိုက်ကြ၏။

"မင်း . . မဟုတ်ရင်လည်း . . ပြီးတာပါပဲ ဒီပါ၊ ငါတို့က ကိုယ့်ရွာထဲမှာ သစ္စာမဲ့တာမျိုးနဲ့ ကျော်မကောင်း ကြားမကောင်းမဖြစ်စေချင်လို့ပါ၊ တို့ရွာမှာကလည်း ထုံးတမ်းအစဉ်အလာက ရှိနေတော့ . . တစ်နေ့နေ့ ဒီကိစ္စက အဖြေရှာကို ရှာရမယ့် ကိစ္စဖြစ်နေတာမို့ ခေါ်မေးရတာပါ၊ မင်း မဟုတ်ဘူးဆိုတာ . . နိုင်မာတို့ သိပ်အရေးကြီးတယ်၊ တော်ကြာ ခင်မြွေက မင်းပါလို့ အတိအကျ လက်ညှိုးထိုးစွပ်စွဲခဲ့ရင် . . မင်းလဲ ကိုကြီးတို့ရွာရဲ့ ထုံးစံကို နားလည်ပါတယ်နော် . . ဒီပါ"

"ကျွန်တော် . . . နားလည်သဘောပေါက်ပါတယ် . . . ကိုကြီးကျော် ခင်ရာ . . မလုပ်တာကို လုပ်ပါတယ် . . မဟုတ်တာကို ဟုတ်ပါတယ်လို့ ဆိုပြီး . . ကျွန်တော် လှည်းကျိုးဝင်မထမ်းချင်ဘူး"

"ဒါပေမယ့် မင်း . . ခင်မြွေကိုတော့ သံယောဇဉ်ရှိကယ်မို့လား"

ဒီပါ . . ကိုကျော်ခင်ရဲ့ နောက်ဆုံးမေးခွန်းကို အံ့အားသင့်သွားသည်။ အချက်က ပိုင်လှသည်။ အားလုံးက ဒီပါ့အဖြေကို ငံ့လင့်နေကြ၏။

"ပြောလေကွာ . . မင်းယောက်ျားဆို . . ယောက်ျားဆိုရင် မှန်ရာ သစ္စာစကားကို ပြောရဲမှပေါ့ကွ . . မင်း ခင်မြွေအပေါ် သံယောဇဉ်ရှိတယ်





မို့လား"

"နှမလေး . . တစ်ယောက်လို ခင်မင်စောင့်ရှောက်တာပါဗျာ . . ဒါပေ . . . မယ့်"

"ဒါပေမယ့် . . ဘာဖြစ်လဲ . . ဆုံးအောင်လုပ်ပါကွ"

"အခုလို ဖြစ်သွားတာကြီးကတော့ . . သံယောဇဉ်ရှိရှိနဲ့ ဝင်ထမ်း ရရင်လည်း အိုဗျာ . . ဒါ . . ဒါ . . တော့ . . သွားမယ်ဗျာ . . ကိုကြီးရာ"

ဒီပါ စကားကို ဆုံးအောင်မပြောနိုင်ပါ ရင်ထဲမှာ စူးရှနာကျင်နေသည်။ ခင်မြွေ့ကို အရိပ်တကြည့်ကြည့် ရှိခဲ့ပါသည်။ သံယောဇဉ်လည်း ရှိခဲ့ပါသည်။ ကြင်နာမှုနှင့် ဖေးမစောင့်ရှောက်ခဲ့ပါသည်။ ခုတော့ . . သူအရိပ် တကြည့်ကြည့် အလုံကြည့်ခဲ့ရသည့် ခင်မြွေသည် ရိုးမလိုလိုနှင့် ဆန်းလွန်း အားကြီးမှန်း မြုန်းစားချည်း သိလိုက်ရသောအခါ . .

www.burmeseclassic.com

www.burmeseclassic.com

## ၂၉

ကိုငှက်ရိုးနှင့် မချေးမတို့သည် အလုပ်ကိုပစ်၍ ခင်မြွေကိုစွက်တိုးတိုးတိတ်တိတ် ကြိတ်ပြီး စုံစမ်းရသည်။ ကျယ်ကျယ်လည်း မမေးရဲ ကိုယ့်အထုပ်ကိုယ် ဖြေသလိုဖြစ်မှာဆိုး၍ သတိနှင့်စုံစမ်းခဲ့ရသည်။ နားစွင့်ခဲ့ရသည်။

ခင်မြွေက ရေချိုးချိန်မှလွဲ၍ အိမ်အပြင်သို့ လုံးဝမထွက်တော့ဒီလိုနှင့်အချိန်သည် နှစ်ပတ်ခွဲကြာသွားခဲ့သည်။

တစ်ည ဘုရားရှိခိုးနေချိန်မှာ ဖြစ်သည်။

"ဘုတ်. . .ဘုတ်. . .ဂလုတ်. . .ဂလုတ်. . .ဘုန်း. . ."

"ဘုတ်. . .ဘုတ်. . .ဂလုတ်. . .ဂလောင်. . .ဘုံး. . ."

"ဘုတ်. . .ဒေါက်. . ."

"ဒေါက်. . .ဘုံး. . .ဘုံး. . ."

"ဟဲ့. . .ဟဲ့. . .ဘာဖြစ်တာတုံး. . .ကိုငှက်ရိုးရဲ့. . ."

အိမ်ခေါင်ပေါ်သို့ ခဲကျသံများ ကြားရသည်။ ကိုငှက်ရိုး ဘုရားရှိ





ခိုးလက်စကိုရပ်၍ နားစွင့်လိုက်သည်။ မချေးမလည်း မျက်လုံးကျယ်သွားသည်။ ခဲကျသံသည် တစ်ကြိမ်မဟုတ်၊ အကြိမ်ကြိမ်. . .။ အိမ်ခေါင်မိုးပေါ်ကိုဖြန့်ကျက်၍ကျသည်။ အိမ်ထရံကို လာမှန်သည်။ ရေတံလျှောက်ထဲကိုခဲကျသည်။

ခင်မြွေ အဆက်မပြတ် ကျလာသည့်ခဲသံများကို နားစွင့်ရင်းသူ့ရဲချောက်သည်မှတ်၍ လန့်ပြီး မိခင်နားသို့ တိုးကပ်လိုက်သည်။

ကိုငှက်ရိုး မီးခွက်ယူပြီး အပြင်သို့ ထွက်ကြည့်လိုက်သည်။

"ဘုတ်. . .ဘုတ်. . .ဒေါက်. . .ဂဲလောက်. . .ဘုံး. . ."

ခဲလုံးများသည် ဓနိခေါင်မိုးပေါ်မှသည် တံစက်မြိတ်အောက် စဥ့်အိုးပေါ်သို့ကျလာသည်။ မကြာခင် နောက်ဖေးမီးဖိုချောင်ပေါ်သို့ ခဲများ ဒလဟောကျလာသည်ကို ကြားရပြန်တော့သည်။ သူ ရင်ထိတ်သွားခဲ့သည်။

သူတို့အိမ် ခဲပေါက်ခံရပြီး ကိုငှက်ရိုးရက်လည်းရှက် ဒေါသလည်းထွက်၍ အိမ်ပေါ်ပြေးတက် ငှက်ကြီးတောင်ဓားကို ဆွဲနှုတ်ကာ အိမ်ရှေ့သို့ထွက်လိုက်သည်။

"ဟေ့. . .မအေ. . .သားတွေ ပစ်တာလဲကွ. . .ဟင်. . .သတ္တိရှိရင်ထွက်လိုက်. . .မိုက်တဲ့ကောင်. . .အိမ်ရှေ့ကနေ လာပစ်ပါကွ. . .လူလွှန်မသား. . .လူမိုက်ရိုင်းတွေရ"

"ဘုန်း. . .ဂလုံး. . ."

"ဂွမ်. . ."

"အောင်မလေး. . .လုပ်ကြပါအုံး. . .ပန်းကန်တွေ ကွဲကုန်ပါပြီတော့"

သူ ဓားကြိမ်းထွက်ကြိမ်းလိုက်မှ ခဲများက အဆက်မပြတ်ကျလာပြန်သည်။ နောက်ဖေးမီးဖိုဆောင် ဓနိကိုဖောက်၍ ခဲကျလာသဖြင့် အိုးခွက်ပန်းကန်များ မှောက်လန်ကွဲကုန်သည်။

"ဟေ့. . .လူမိုက်သားတွေ. . .လူ့တိရစ္ဆာန်တွေ ထွက်ခဲ့ပါကွ. . .ငှက်ရိုးတဲ့. . .ခဲနဲ့မပစ်ပါနဲ့. . .လူချင်းရင်ဆိုင်ချမယ်ဟေ့. . .ထွက်ခဲ့. . .သတ္တိရှိရင်ထွက်ခဲ့စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုငှက်ရိုး စားကိုင်၍ အိမ်ခြံစည်းရိုးကို ပတ်ရှာသည်။ ခြံပြင်ထွက်ပြီးနောက်ဖေး လမ်းကြားတစ်လျှောက် ခဲပစ်တရားခံကိုရှာသည်။ သည်းကြီးမည်းကြီးကို လိုက်ရှာသည်။ မည်သို့ပင် လိုက်ရှာသော်လည်း ခဲပစ်သူကို မတွေ့ရဘဲ ခဲများကသာ အဆက်မပြတ်ကျနေသည်။

အိမ်နီးနားချင်း အချို့လည်း အသံများဆူညံနေ၍ ထွက်လာကြပြီး ခဲပစ်သူများကို ဝိုင်းရှာပေးသည်။ မီးတုတ်များ ထွန်း၍ လက်နက်ဆွဲကိုင်၍ လိုက်ရှာပေးကြသည်။ သို့နှင့် ခဲအပစ်က ရပ်သွားသည်။ သူတို့ အိမ်ထဲသို့ ပြန်ရောက်ကြသောအခါ ချွေးမရဲ့ ကလော်တုတ်သံကို ကြားရသည်။ ခင်မြွေရဲ့ ကြောက်လန့်တကြား ပုန်းအောင်းရှိုက်ငိုသံကို အားလုံး ကြားမြင်ကြရသည်။

အိမ်ကို ခဲနှင့်ပစ်သည့် ကိစ္စသည် တစ်ညတည်းမဟုတ်။ သုံးညဆက်တိုက် ဖြစ်နေသည်။ အိမ်လည်း ရစရာမရှိတော့။ ခေါင်မိုး ဝနိုများ ပေါက်ပြဲပြီး ခဲတွေပုံလို့။

ထရံများ ချိုင့်ကုန်ပေါက်ကုန်သည်။ အိမ်ထဲမှာလည်း ခေါင်မိုးမှ ကျွံကျလာသည့် ခဲလုံးများ အမှုန်များနှင့် ဥဒဟို ကျဲနေ၏။ ညဘက်အိပ်ကောင်းချိန်ဆို ခဲကကျသည်။ ကျသမှ ပုဗ္ဗာကတိုက်နေသလား ထင်မှတ်ရအောင် အရပ်လေးမျက်နှာမှ ကျလာသည်။

လက်သည်ကို ရှာလို့မရ။ ရွာထဲမှာ စုံစမ်းလည်း ဘယ်သူမှ မေးမြန်းလို့မရ။ အချို့က. . .ရွာကာလသားများ လက်ချက်ဟု ထင်မြင်ချက်ပေးကြသည်။ သို့နှင့် ကိုငှက်ရိုး ညှိကြီးသန်းခေါင် ငှက်ကြီးတောင်စားဆွဲကာ အော်ဟစ်တိုင်းထွာ ဆဲရေးပြီး စားချင်းယှဉ်ရန် စိန်ခေါ်ခဲ့သည်။

ကြာတော့ အိမ်နီးချင်းများကပါ သဘောပေါက်ခဲ့သည်။

ခဲပေါက်သည့် အကြောင်းအရင်းသည် ရွာထဲမှာ ခင်မြွေလင်ကောင်မပေါ်ဘဲ ကိုယ်ဝန်ရှိသည့် ကိစ္စနှင့်ပတ်သက်၍ ရွာနာသည်၊ ရွာအမည်ပျက်သည်ဆိုကာ ကာလသားများက ခဲမိုးရွာခြင်းပဲဖြစ်သည်။

မည်သို့ဆိုစေ ကိုယ်ချင်းစာတရားမရှိကြသော မိုက်ရိုင်းစုတ်ပွဲတရားလွန်လှသည့် ရွာသားအချို့ကို ကိုငှက်ရိုးနာကျည်း ဒေါသထွက်စွာ





ဆဲရေး စိန်ခေါ်ကြိမ်းဝါးခဲ့သည်။

ဘဝသည် မထူးတော့ပြီ။

ဝေ ဘဝရောက်သည့်တိုင် အထုအနှက်က မရော့ခဲ့ကြ။ ခုတော့ တစ်ရက်မှ နှစ်ရက်ကွဲခဲ့ပြီ။ သေလိုက သေရော၊ မည်သို့ပင်စိန်ခေါ် စိန်ခေါ် ထွက်ရဲသူ တစ်ယောက်မှ မရှိဘဲ။ ခဲပစ်သူကို မသိရဘဲ သူ့အသံသာ လူတွေကြားကာ လူကြားမကောင်း မျက်နှာမပြရဲသည့်အထိ အရှက်ကွဲ သထက် ကွဲခဲ့ရသည်။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

# ၃၆

နောက်ဆုံးတော့. . .အိမ်ခဲပေါက်ခံရသည့်ကိစ္စ အရပ်ထဲ အော်ဆဲသည့်ကိစ္စ ဓားကြိမ်းကြိမ်းသည့် ကိစ္စရပ်များနှင့် ပတ်သက်ပြီး ရွာသူရွာသားများ၏ တိုင်တန်းချက်ဟုဆိုကာ ကိုငှက်ရိုးသူကြီးအိမ်ကို ရောက်ခဲ့ရတော့သည်။ သူကြီးရှေ့မှောက်မှာ ဆယ်အိမ်မှူးနှင့် ရာအိမ်မှူးများက သူ့ကို သူပုန်ဖမ်းမိသကဲ့သို့ ဝိုင်းဝန်းထားကြ၏။

"ငှက်ရိုး. . .မင်း. . .အရပ်ထဲမှာ. . .ဓားကြိမ်းကြိမ်းပြီး တစ်ရွာလုံးကို ဆဲရေးတိုင်းထွာနေတယ်လို့ လာတိုင်ကြတယ်. . .အဲ့ဒါ ဟုတ်သလား"

"ဟုတ်တယ်. . .သူကြီး"

သူက ဒေါသထွက်ထွက်နှင့် မှန်သည့်အတိုင်း ဝန်ခံလိုက်သည်။

"မင်းက. . .ဘာလို့ အရပ်ထဲ ရွာထဲမှာ ဓားကြိမ်းကြိမ်း ဆဲရေးရတာလဲ. . .ဒါ. . .အင်္ဂလိပ်မင်း ပိုင်နယ်မြေကွ. . .အုပ်ချုပ်ရေးရှိတဲ့နေရာ မင်း. . .ဘာကိစ္စကြောင့်. . .အဲဒီလို ကြိမ်းဝါးဆူပူရတာလဲ"





"ကျုပ် အိမ်ကို ရစရာမရှိအောင် အသားလွတ်ခဲနဲ့ ဝိုင်းပေါက်ကြသို့ပဲ"

"ဟ. . .မင်းအိမ်ကို. . .ဘယ်သူက. . .အသားလွတ်. . .ခဲနဲ့ဝိုင်းပေါက်ရမှာလဲ. . .မင်းနဲ့ ရန်ဖက် ဒီရွာထဲမှာရှိသလား. . .ပြောစမ်း. . .ပြောလေကွာ ဘာအကြောင်းကြောင့် သူတို့က ခဲနဲ့ပေါက်ရသလဲ. . .ပြော"

သူကြီးက သိပြီးသားကို ထပ်အရှက်ခွဲလို၍ ရာအိမ်မှူး ဆယ်အိမ်မှူးများရှေ့မှာ အချက်ပိုင်ပိုင် ထပ်မေးလိုက်သည်။

"ခဲနဲ့ မင်းအိမ်ပေါက်တော့. . .ငါ. . .ဒီရွာမှာ အုပ်ချုပ်သူ မင်းနဲ့ရဲ့ သူကြီးကွ သူကြီး၊ ဘာလို့. . .မင်းက. . .လာမတိုင်ရတာလဲ. . .ဒီမှာ ငှက်ရိုး ဘာကြောင့် အရပ်က မင်းအိမ်ကို ခဲနဲ့ပေါက်ရသလဲသိလား. . .မင်း. . .တကယ်မသိဘူးလား"

"မသိဘူး"

"ဟား. . .ဟား. . .ဟား. . .ဟား. . .၊ မသိရင်ပြောမယ် ငှက်ရိုးရေ မင်းသမီး လင်ကောင်မပေါ်ပဲ ကိုယ်ဝန်ရှိတဲ့ကိစ္စ ရွာကာလသားတွေက ရှက်လို့ ဝိုင်းပေါက်တာကွ၊ ဝိုင်းပေါက်ကြတာ သိပြီလား"

ကိုငှက်ရိုး ဒီစကားကြားရ၍ တစ်ကိုယ်လုံး တုန်လှုပ်သွားရသည်။ ဖြစ်နိုင်လျှင် ဒီအချိန်မှာ နားကန်းနေစေချင်သည်။ ဒီစကားမကြားရက်၊ ကြားလို၊ ခုတော့ သူကြီးက ပက်ပက်စက်စက် ပြောထွက်ခဲ့သည်။

"ဟော့ကောင် ငှက်ရိုး. . .ခု ငါ့အိမ်ကို အုပ်စုဖွဲ့တိုင်တာတွေ ရောက်နေပြီ ကာလသားတွေကရော ရွာသူတွေကရော ရှက်စရာကောင်းလွန်းလို့ ဒီကိစ္စကို ရှေးအစဉ်အဆက် ငါတို့ရွာရဲ့ ထုံးစံအစဉ်အလာနဲ့ညီ စစ်ဆေးအရေးယူပေးပါတဲ့. . .အခု မင်းကိုရော မင်းသမီးကိုရော တို့ ခေါ်ယူစစ်ဆေးပြီး လိုအပ်သလို မေးရတော့မယ်၊ ဒီကိစ္စက မင်းသမီး ခြံမငြိမ်လို့ ဖြစ်တဲ့ကိစ္စက အစပြုပြီး သံသရာရှည်လာတာကွ ထွီ. . .မှာ. . .ငါအမိန့်ပေးမယ်၊ နက်ဖြန်မနက် မိုးလင်းရင် မင်းတို့ သားအမိသုံးယောက် ဒီကိုလာခဲ့. . .ငါ့ရွာမှာ ဒါမျိုးမဖြစ်တာကြာပြီ မင်းတို့ လက်ထက်ကြမှ ရွာနာမည် ပျက်ရတော့ထယ်လို့. . .သံချောင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ သူကြီးမင်း"

ရာအိမ်မှူး ကိုသံချောင်းက သူကြီးခေါ်သံကြောင့် ရှေ့သို့ထွက်လိုက်သည်။

"ဒီကိစ္စ နက်ဖြန်အပြတ်ရှင်းရမယ်၊ နို့မို့ ရွာနာပြီး နာမည်ပျက်မယ်၊ ကာလသား ကာလသမီးတွေ အရှက်ရပြီး အတုခိုးမှားကုန်မယ်၊ ဒီတော့ ခင်မြွေတို့ ကိစ္စ ရွာသားလူထုစုံညီရှေ့မှာ စီရင်ရမယ်. . .၊ နက်ဖြန် မိုးလင်းရင် ရွာထဲမှာရှိတဲ့ ကာလသားအားလုံး၊ မုဆိုးဖိုအားလုံး၊ ယောက်ျားမုဆိုးမ သမျှ ငါ့အိမ်ရှေ့ကို အကုန်ဆင့်ခေါ်. . .အဲဒီမှာ ငါစီရင်မယ်၊ အဖြေမှန် တရားခံ အစစ်အမှန်ပေါ်ရင်ပေါ် မပေါ်ရင်. . .ငှက်ရိုး ငါတို့ရွာထုံးစံအတိုင်း မင်းတို့ လိုက်နာရမယ်. . .ကြားလား၊ ကိုင်း. . .မင်းတို့ ပြန်ကြတော့"

ကိုငှက်ရိုး သူကြီးအိမ်မှ ခေါင်းငိုက်စိုက်ချ၍ ပြန်လာခဲ့သည်။ ရွာထုံးစံအတိုင်း စီရင်သည်။

ရွာထုံးစံအတိုင်း စီရင်မည်တဲ့. . .

သူတို့ရွာထုံးစံသည် တိကျပြတ်သားသည်။ သည်ထုံးစံသည် ဟိုရှေးအစဉ်အဆက် ထုံးစံဖြစ်သည်။ ရွာထဲမှာ ရွာသူတစ်ဦးသည် လင်ကောင်မပေါ်ပဲ ကိုယ်ဝန်ရှိခဲ့လျှင် ရွာထဲမှာ နေခွင့်မရှိ ရွာပြင်ထုတ်ခံရသည်။

သို့မဟုတ် ဒီရွာမှ အပြီးအပိုင် ပြောင်းရွှေ့သွားရသည့် ဓလေ့ထုံးစံဖြစ်သည်။ သူ့တမိပေါက် ရွာထဲမှာ နေခွင့်မရှိသလို ရွာ့ကိစ္စတိုင်းမှာလဲ ပါဝင်ပတ်သက်စရာမလို။ ရွာထဲသို့ မဝင်ရ။ ဘာကြောင့် ဒီထုံးစံကို ချမှတ်ကျင့်ကြံရသနည်းဆိုမူ ရွာသူရွာသားများ အကျင့်စာရိတ္တပျက်မှာစိုး အတုခိုးမှားမှာစိုး၍ ဖြစ်သည်။

သည့်အတွက် မနက်ဖြန်ရောက်လျှင် ရွာသူရွာသားအားလုံးကို စစ် မေးကြလိမ့်မည်။ တရားခံကို လူသိရှင်ကြား ဖော်ထုတ်ကြမည်။ ဖော်ထုတ်နိုင်ခဲ့လျှင်တော့ ၎င်းလူနှင့် ထိမ်နေ့ပဲ ပေးစား၍ ရွာထဲမှာ နေစေရမည်။

သနွေသား တရားခံ လုံးဝမပေါ်ပေါက်ခဲ့လျှင်တော့ ရှေးရွာထုံးစံ အစဉ်အလာနှင့်အညီ သူတို့ ရွာပြင်မှာ အထီးကျန်၊ ဆက်ဆံမှုကင်းမဲ့စွာ နေကြရတော့မည်။



# ၃၇

သူကြီးဦးကျောက်ခဲ အိမ်ဝိုင်းရှေ့မှာ ဆယ်အိမ်ခေါင်းများရော၊ ရာအိမ်ခေါင်းများရော၊ ရွာထဲရှိ ကာလသားများ၊ မုဆိုးဖိုများ၊ တစ်ခုလပ် ယောက်ျားများအားလုံး ရောက်ရှိနေကြသည်။ ခင်မြွေတို့အမှုကို စီရင်မည်ဆို၍ ရွာသူရွာသားများစွာ တို့ကလည်း ကြားနာသိရှိလို၍ သူကြီးခြံဝိုင်းထဲမှာ ရောက်ရှိနေကြသည်။

အချို့က သစ်ပင်အောက်မှာ၊ အချို့က ရေတွင်းနံဘေးမှာ၊ အချို့က သစ်ငုတ်ပေါ်မှာ ဗူးစင်အောက်မှာ ထိုင်၍တစ်မျိုး၊ ထ၍တစ်မျိုး၊ တွတ်ထိုးနေကြသည်။

တန်းစီလှူပြခံရမည့် ရွာသားများက ခင်မြွေတို့သားအမိကို မေတ္တာပို့ ကျိန်ဆဲကြသည်။ ဒီမိန်းမရှုပ်သည့် အမှုသည် အခုတော့ သူတို့ ရွာသားအားလုံးကို ပတ်သက်နေသည်။

ခင်ဆုံတို့ အပျိုဝိုင်းကား တစ်ယောက်နှင့်တစ်ယောက် ခေါင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်၍ ဟား . .ဟား . .ဟီး . .ဟီးနှင့် ပွဲကျနေကြသည်။ ခင်ဆုံကား အောင်ပွဲခံသည့်ဟန်ဖြင့် ဟန်ရေးပြရင်း တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ အပုပ်ချစကားများ ပြောနေကြ၏။

မကြာခင် အိမ်ဝိုင်းထဲသို့ ဆယ်အိမ်ခေါင်းများနှင့်အတူ ကိုငှက်ရိုး မချွေးမ ခင်မြွေနှင့် ဒီပါတို့ ဝင်လာကြသည်။ သူတို့ မျက်နှာများကို မြင်လိုက်ကြရသောအခါ ကာလသားအချို့က "စောက်" ခတ်ကြသည်။ ရွာလူကြီးအချို့က သနားဂရုဏာ မျက်လုံးများနှင့် ဝိုင်းကြည့်ကြသည်။ ခင်ဆုံတို့ကတော့ ဟားတိုက်ရယ်ပြီး ထွီ. . .ထွမ် လုပ်နေကြသည်။

ခင်မြွေသည် ခေါင်းပိုင်းကလေးခြုံ၍ မိခင်လက်ကိုကိုင်ကာ ညှိုးငယ်ကြောက်ရွံ့သော မျက်နှာနှင့် ကပ်လိုက်လာသည်။

"ခုမှ ခေါင်းတွေဘာတွေ ခြုံလို့အေ. . ."

"အဟဲ. . .နိုးစားတာ လူမြင်မှာ စိုးလို့ပေါ့အေ"

"ဒါကတော့ ရှက်တာကိုအေ. . .ညည်းတို့ကလဲ. . ."

"ဒါရှက်တဲ့ ရုပ်လားဟယ်. . .ကျွတ်. . .ကျွတ်. . .ကျွတ်. . သနားစရာလေးတော်. . ."

ခင်ဆုံတို့ အုပ်စုက မကြားတကြား ရိကြသည်။ ကိုငှက်ရိုး ဒေါသထွက်သော မျက်လုံးနှင့် လှည့်ကြည့်လိုက်သောအခါ ခင်ဆုံတို့က မေးငေါ့ မေးလွှဲလုပ်၍ အချင်းချင်း မဲ့ကာ ရွဲ့ကာလုပ်ကြသည်။

"လူစုံပြီလားဟေ့"

သူကြီးက အသံဝါကြီးနှင့် လှမ်းအော်မေးလိုက်သည်။

"စုံပါပြီ သူကြီးခင်ဗျာ"

"အေး. . .လူစုံရင် ယောက်ျားအားလုံး ဟောဒီနေရာမှာ တန်းစီရပ်ကြ"

"ဟိတ်ကောင်တွေ ထွက်ကြ တန်းစီကြ"

ရွာကာလသား တစ်ခုလပ် မုဆိုးဖိုစသည်တို့သည် ရာအိမ်ခေါင်းကိုရွှေကြီး အသံကြောင့် တိုးဝှေ့ကာ တန်းစီးရပ်ကြသည်။ ရပ်ရင်း အံကြိတ်သူကကြိတ်၊ တောက်ခတ်သူက ခတ်။





"အားလုံးနားထောင်. . .အဟမ်း. . .ဒီနေ့ အားလုံးကို ခေါ်ယူ စစ်ဆေးရတဲ့ ကိစ္စက ငှက်ရိုးနဲ့ မချွေးမသမီး ခင်မြွေရဲ့ လျှို့ဝှက်ကိုယ်ဝန် ကိစ္စပဲ၊ ခင်မြွေကိုယ်ဝန်ဟာ ဘယ်သူ့လက်ချက်လဲဆိုတာ မိဘတွေလည်း စုံမ်းလို့ မရနိုင်ဘူး. .၊ ခင်မြွေကလည်း မြင်မှ မှတ်မိတယ်လို့ ဆိုတယ်၊ စစ်မေးချက်အရ ဆိုရင်တော့. . .စကားမပြောနိုင်တဲ့ ဒီကလေးမကို. . .တော ထဲမှာ တစ်စုံတစ်ယောက်က အဓမ္မပြုကျင့်သွားခဲ့တယ်၊ တစ်နည်း လိမ်လည်ညှို့ သည့်ဖျားကာမ ရယူသွားခဲ့တယ်၊ ငါတို့ ရွာသားထဲမှာ ဒီလောက်မိုက်ရိုင်း တဲ့သူ ရှိသလား. .၊ ရှိခဲ့ရင်. . .အဲဒီလူ လူပုံအလယ်မှာ အရေးယူခံရမယ် ဒါဟာ လူမဆန်တဲ့ကိစ္စ၊ နှမချင်း မစာနာပဲ ပြုကျင့်တဲ့ကိစ္စပဲ၊ ခင်မြွေက သူမြင်ရင် မှတ်မိတယ်လို့ သူ့မိဘကတစ်ဆင့် သိရတယ်. . .၊ အဲဒီလူ တန်းစီတဲ့ အထဲမှာပါရင်. . .ခင်မြွေက လက်ညှိုးထိုးပြရမယ်. . .၊ လက်ညှိုး ထိုးခံရတဲ့သူကို စစ်မေးမြန်းလို့ ဝန်ခံခဲ့ရင် အဲဒီလူ ခင်မြွေကို တရားဝင် လက်ထပ်ယူရမှာ ဖြစ်သလို သူ သူရဲဘောကြောင်စွာ. . .လျှို့ဝှက် ထိန်ချန် နဲ့ ရွာသူရွာသားများရဲ့ ဒါဏ်ခတ်မှုကိုလည်း ခံရမှာပဲ. . .မင်းတို့ အားလုံး ကြားကြလား"

"ကြားပါတယ်"

"ကြားတယ်ဗျို့"

"အဲဒီလို ဒါဏ်ခတ်မခံချင်ရင်. . .အရှက်မကွဲချင်ရင်. . .အခုထဲက ကျွန်တော် ဒီပြစ်မှုကို ကျူးလွန်မိပါတယ်လို့. . .လူကြီးစုံရာမှာ ရိုးရိုးသားသား ဝန်ခံပါ၊ ဝန်ခံခဲ့ရင် ရွာရှိလူအားလုံးက ဒီလိုနဲ့ ခင်မြွေရဲ့ မင်္ဂလာကိစ္စအဝဝကို အပ်သလို ဝိုင်းဝန်းကူညီပံ့ပိုး ကြရမယ်။ ဒီတော့. . .မင်းတို့ထဲမှာ ခင်မြွေနဲ့ ပတ်သက်ခဲ့ဖူးတဲ့သူ ရှိသလား. . .ပါသလား ပြော"

"မရှိဘူး. . ."

"မပါဘူး"

"လုံးဝမပါဘူးဗျို့"

ကာလသားများက ဝိုင်း၍အော်ကြသည်။ သူတို့အော်သံများ သည် ခြံဝိုင်းထဲမှာ ဟိန်း၍ထွက်လာသည်။ သူကြီးက သုံးကြိမ်သုံးခါ မေး



www.burmeseclassic.com

www.burmeseclassic.com



ဇ၏။ အားလုံးက သုံးကြိမ်သုံးခါလုံး မပါဘူး၊ မရှိဘူးဟု ပြောကြ၏။

"ကိုင်း ခင်မြွေ့ကို မေးမယ်. . .ခင်မြွေ. . .ဟောဒီ တန်းစီနေတဲ့ ယောကျ်ားတွေ အားလုံးထဲမှာ. . .နင့်ကို အဓမ္မ စော်ကားသွားတဲ့သူကို လိုက်ရှာ. . .၊ တွေ့ရင် ရဲရဲသာ လက်ညှိုးထိုးပြ. . .၊ ကြောက်စရာ ရှုံ့စရာ မလိုဘူး. . ငါကိုယ်တိုင် သူနဲ့ညည်းကို ပေးစားမယ်၊ ဒါမှမဟုတ် ငွေ့ေးပယ် မှုန်းရလယ်၊ ကျန်တာ ငါတို့ အရေးယူသွားမယ်၊ အဲ. . .အဲဒီလူကို လက်ညှိုး ထိုးမပြနိုင်ရင်တော့. . ." သူကြီးက ပြောလက်စကို ခဏရပ်ပြီး အားလုံးကြား အောင် အသံကိုမြှင့်၍. . .

"ကာမပိုင် လင်ကောင်မဖော်နိုင်ပဲ ရွာသိက္ခာကျအောင် ရွာသူ ရွာသားများ စာရိတ္တပျက်အောင်၊ အတုခိုးမှားအောင် ပြုလုပ်သည့်အတွက် ငါတို့ ရွာရဲ့ ရှေးအစဉ်အဆက် ထုံးစံအတိုင်း ရွာနှင်တဲ့အတွက်. . .နင်တို့ အားလုံး ရွာပြင်ထွက်နေရမယ်. . .၊ ရွာထဲကို ပြန်ဝင်စရာမလိုဘူး. . ရွာ ရဲ့ လူမှုရေးမှာ ပတ်သက်စရာမလိုဘူး. . .၊ ဒါမှမဟုတ် ဒီရွာကနေ အပြီး ပြောင်းသွားကြ ချွင်းချက်တစ်ခုတော့ ရှိတယ် ရွာပြင်မှာ နေရင်းက အဲဒီ လင်ကောင်ကို အမှန်အကန် ပြန်ဖော်ပြနိုင်ရင်. . .တောင်းပန်ရင်. . .ရွာထဲကို ပြန်အဝင်ခံမယ် ကြားလား ခင်မြွေ" ခင်မြွေ ရှက်ရွံ့ကြီးစွာဖြင့် ခေါင်းညိတ် လိုက်သည်။

"ငှက်ရိုး မင်းတို့ ရွာထုံးစံကို လက်ခံတယ်နော်"

"ဟုတ်. . .ဟုတ်ကဲ့. . .သူကြီးမင်း ခင်ဗျာ"

"ကိုင်း. . .ခင်မြွေ့. . .ခုချိန်ကစပြီး. . .တစ်ကိုယ်ချင်း လိုက်ကြည့် စစ်တော့ 'ထွက်' ခင်မြွေ ကြောက်ရွံ့ကြီးစွာ ထွက်လိုက်သည်။ သူမတစ်ခါမှ ဒီလို ယောကျ်ားသားများ မျက်နှာကို စေ့စေ့မကြည့်ဘူး. . .၊ ကြောက် နေသည်၊ ဒူးတွေတုန်နေသည်၊ တုန်လည်း တုန်လှုပ်နေသည်"

"ထိပ်ဆုံးကနေ စကြည့်. . ."

ရာအိမ်မှူးက ခင်မြွေ့ကိုခေါ်၍ ထိပ်ဆုံးမှစပြီး ကြည့်ရှုစေသည်။ တန်းစီယောကျ်ားသားများ ထဲမှာ ကာလသားခေါင်း ကျော်ခင်၊ စိန်ကုလား သွားခေါ်တရုတ်ကြီး၊ အသားမည်း အောင်စိန်၊ ဒီပါတို့ အပါအဝင်. . .





အယောက်လေးဆယ်ခန့်ရှိသည်။

သူတို့သည် ခင်မြွေ့ကို အံကြိတ်၍ကြည့်နေကြသည်။ အချို့က ကိုယ်မကျူးလွန်ရပဲ အသားလွတ် လက်ညှိုးထိုးခံရမှာ စိုး၍ တုန်လှုပ်နေကြ ၏။ အထူးသဖြင့် အာချောင်လှသည့် အသားမည်း အောင်စိန်နှင့် သွားခေါ် တရုတ်ကြီးတို့ သွေးလန့်နေကြ၏။

ခင်မြွေက ထိပ်ဆုံးနံပါတ်တစ် လူရဲ့မျက်နှာကို စတင်ကြည့်လိုက် သည်။ ဒီလူမဟုတ်. . .နောက် နံပါတ်နှစ်လူကိုကြည့်သည်. . .၊ ဒီလူ့ မျက်နှာလည်း မဟုတ်၊ နောက် သုံး. . .လေး. . .ငါး. . .ခြောက် ဆက်၍ ကြည့်ပြီး နေရာဆက်ရွှေ့သွားသည်။

ကာလသားခေါင်း ကျော်ခင့်ရှေ့ရောက်တော့ အတန်ကြာကြည့်နေ ၍ ကျော်ခင် မျက်လုံးကျယ်သွားသည်။ ရွာသူ ရွာသားတော်တော်များများ ကလည်း ထိတ်ခနဲ ဖြစ်သွားသည်။ သို့သော်. . .ခင်မြွေခေါင်းရမ်းပြီး ဆက် လျှောက်သွားခဲ၍ ကိုကျော်ခင် သက်ပြင်းချကာ ရင်အေးသွားခဲ့သည်။

အသားမည်း အောင်စိန်ရှေ့သို့ ရောက်သောအခါ ခင်မြွေ အောင် စိန့်ကို စူးစူးရဲရဲစိုက်ကြည့်လိုက်၏။ အောင်စိန် အကြီးအကျယ်တုန်လှုပ်ကာ ဒူးများတုန်လာသည်။ ဆံပင်ကလည်း ဂုတ်ပေါ်ဝဲကျ အသားကလည်း မည်း သည်။ အရပ်ကလည်း ပုပု၊ ခင်မြွေ့ရဲ့ ခြေဆုံးခေါင်းဆုံး အကြည့်မှာ သူ ချွေးများ ပြန်လာခဲ့သည်။

ရွာသူများက အသားမည်းတော့ ကျိန်းသေပြီ၊ ဒီကောင်က မိန်းမ သိပ်လိုချင်တဲ့ နှာဗူးဟု ဝိုင်း၍ ထောပနာပြုကြ၏။ ခင်မြွေသည် အသားမည်း မည်း ဂင်တိုတို၊ ဆံပင်ရှည်ရှည်မို့ အာရုံစိုက်မိသော်လည်း မျက်နှာပုံမှာ အားခုတ်ရာ အမာရွတ် ကန့်လန့်ကြီးမပါ၍. . .ခေါင်းတစ်ချက်ရမ်းပြီး နောက် တစ်ယောက်ကို ပြောင်းကြည့်လိုက်သည်။

ဒီတော့မှပဲ အသားမည်းအောင်စိန် ရင်ဝမှ အလုံးကြီးကျကာ ခင်မြွေ့ကို အတော်ဒုက္ခပေးတဲ့ မြွေဟောက်မဟု စိတ်ထဲမှာ ကြိတ်၍ကျိန်ဆဲ နေမိတော့သည်။

ဒီနောက် ဒီပါ့အလှည့်သို့ရောက်လာသည်။ အားလုံးက ဒီပါ့ကို



www.burmeseclassic.com

www.burmeseclassic.com



နိုးသေဟု မဲပေးကြသည်။ ဒီပါနှင့် ခင်မြွေသည် အကူအလူး အဆက်အ
ရှိသည်ကို တစ်ရွာလုံးသိသည်။ ဒီပါ့ရှေ့သို့ ရောက်သောအခါ ခင်
ပါးပြင်ပေါ်သို့ မျက်ရည်များ စီးလိမ့်ကျလာပြီး . . ဒီပါ့မျက်နှာကို မကြည့်
သလို ဖြစ်နေရင်းမှ ဖျတ်ခနဲ စိုက်၍ကြည့်လိုက်သည်။ ဒီပါ . . ခင်မြွေ
ကြည့်၍ စိတ်များ ဂဏှာမငြိမ် လှုပ်ရှားလာသည်။ ရင်လည်း တမမဖြစ်
သည်။

သူသည် နောက်ပိတ်ဆုံးလူဖြစ်သည်။ မတော်၍ ခင်မြွေက သူ့မျ
လက်ညှိုးထိုးပြလိုက်လျှင် ကိုယ်ကျိုးနည်းရောမည်။ ဒီရွာရဲ့ ယုံးစကာ ရိုးသ
ခွာ ဝန်မခံဘဲ နစ်နာသူ ကာယကံရှင်က လက်ဆွဲ လက်ညှိုးထိုးပြခဲ့လျှ
ငင်းလူကို ယောက်ျားမပီသသူ သူ့ရဲဘောကြောင်သူ စိတ်ဓါတ်ယုတ်
သေးသိမ်သူအဖြစ် သတ်မှတ်ပြီး ဝိုင်းဝန်းဆဲရေး ကဲ့ရဲ့ရှုံ့ချကာ နောက်
တဲ့တွေးနှင့် ဝိုင်းထွေးကြသည်အထိ . . ဒါဏ်ခတ်လေ့ရှိသည်။ ဥပဒေအ
လည်း အရေးယူခံရမည်။

သူ့ရင် တဒိုင်းဒိုင်း ခုန်လာသည်။ ရွာသူ ရွာသားများ အားလုံ
မျက်လုံးများစွာကလည်း သူတို့နှစ်ဦး မျက်နှာပေါ်မှာ ကျရောက်နေသည
နောက်ဆုံး . . ခင်မြွေက လက်ညှိုးထိုးခဲ့လျှင်လည်း . . ငါ
ကြွေးနှင့်ငါ့ကံ ရှိပါစေတော့ဟု ဆုံးဖြတ်ပြီး . . မျက်စေ့ကို စုံဖွင့်၍ ကြည့်
လိုက်လေသည်။

ဒါပေမယ့် . . ခင်မြွေသည် ဒီပါ့မျက်နှာကို တစ်ချက်မျှသာ စို
ကြည့်လိုက်ပြီး . . ချာခနဲ လှည့်ထွက်လိုက်သည်။ အလှည့်မှာ မျက်ရ
စအချို့ မြေသို့ကြွေကျခဲ့သည်။

ဒီလိုနှင့် . . . တန်းစီလူများ စုံစေ့သွားခဲ့ပြီ။

'ဘယ်နဲ့လဲ . . ခင်မြွေ . . အခု တန်းစီနေတဲ့ လူတန်းထဲ
နင့်ကို မတော်မတရားပြုသွားတဲ့လူ ပါသလား'

သူကြီးရဲ့ မေးခွန်းကြောင့် ခင်မြွေခေါင်းကို ယမ်းခါလိုက်သည်

'တောက် . . သေနာကျမကွာ . . .

ဒုက္ခပေးတဲ့ မြွေဟောက်မ . . ထွီ'





'မြန်မြန်သေသွားရင် ကောင်းမယ်ကွာ . . ဟင်း'

'သူကြီး . . ဒီအလိမ်အညာ . . မိန်းမယုတ်ကို နှင်လိုက်ပါတော့
ဗျို့။ ခုမှပဲ . . . စိုးထိတ်ထိတ်နှင့် တန်းစီအစစ်ခံရသူများ အသံထွက်နိုင်
ကြတော့သည်။ စောစောကတော့ သူ့နှိုးနိုး . . ကိုယ့်စွပ်စွဲနိုးနှင့် ရင်တွေ
ခုန်နေကြသည်။ ခင်မြွေက မပါဘူး ဝန်ခံတော့မှ အသံများ ရဲရဲထွက်ရဲ
ကြပြီး ဒေါသူပုန်ထကြတော့သည်။

'ငှက်ရိုး . . . ရှင်းရဲ့လား . . ဟေ့'

'ရှင်း . . ရှင်း . . ပါတယ် . . ခင် . . ခင်ဗျာ'

'သူကြီး . . . သူတို့ကို ရွာထုံးစံနှင့်အညီ ချက်ချင်းနှင်ပါဗျို့'

'ကျုပ်တို့ . . . သင်းတို့မျက်နှာမကြည့်ချင်ဘူးဗျ'

'အရှက်မရှိတဲ့ . . လူလိမ်လူညာတွေ . . ရွာထဲကထွက်'

ယောက်ျားများကရော မိန်းမသားအချို့ကပါ ဝိုင်းအော်ပြောဆို
ကြသည်။ ခင်မြွေစိတ်ရှိင်းမာန်ကြမ်းများ ဝင်ပူးနေကြသည့် လူအချို့ကို
ကြည့်၍ ရင်တွေခုန်ကာ ကြောက်လန့်လာသည်။ မလိုသူ မိန်းမအချို့က
ဆဲရေးတိုင်းထွာကြသည်။ ရန်ဘက်များက သွေးဆူနေသူများကို မြှောက်
ပင့်ပေးကြသည်။ သူကြီးက အားလုံးကို လက်ကာ၍ တိတ်စေသည်။

'ငှက်ရိုး'

'ခင် . . ခင်ဗျား'

'ငှက်ရိုး မင်းမြင်တဲ့အတိုင်းပဲ . . . မင်းသမီးလက်သည်ကို ဆွဲထုတ်
ပြနိုင်ဘူး။ မင်းသမီးအခြားတစ်ဦးဦးနဲ့ ဖြစ်ချင်တိုင်းဖြစ်ပြီး . . မပိုင်ဝက်
မွေးဘဲဝနဲ့ ရွာကို ဒုက္ခပေးခဲ့တာကွ၊ အခု တစ်ရွာလုံး . . အရှက်ရပြီး
ဒေါသထွက်ကုန်ပြီ . . ငှက်ရိုး . . ငါတို့ရွာသားတွေအထဲမှာ . . . အဲဒီလောက်
စိတ်ရိုင်းစုတ်ပဲ့တဲ့လူ သစ္စာမဲ့တဲ့လူ မရှိဘူးကွ။

ဒီတော့ ရွာထုံးစံအတိုင်း ကိုယ့်အပြစ်နဲ့ကိုယ် မနက်ဖန်မနက်
လင်းတာနဲ့ ရွာကနေထွက်ကြ ရွာပြင်မှာနေချင်လဲနေ . . . ဒါမှမဟုတ်
ရွာကနေ အဝေးကို ပြောင်းသွားကြ . . ဒါ ရွာထုံးစံနဲ့ ငါ့အမိန့်ပဲ'

'သူကြီး . . သူကြီးမင်း . . . ခင် . . ခင်ဗျား'



www.burmeseclassic.com

www.burmeseclassic.com

'ဘာတုန်းကွ'

'ကျွန်တော်တို့ကို . . . ဒီ. . .ဒီမှာ ခဏနေခွင့်ပေးပြီး . . . စုံစမ်းခွင့် . .ခွင့်ပေး'

'မလိုတော့ဘူး ငှက်ရိုး၊ ရွာထုံးစံကို အစဉ်အဆက် အားလုံးလိုက်နာရသလို မင်းတို့လည်း လိုက်နာပါ၊ သူများတစ်မျိုး မင်းတို့တစ်မျိုး ငါလုပ်လို့ မဖြစ်ဘူး။ ကိုင်း . .အားလုံး ပြန်နိုင်ပြီ' ကိုငှက်ရိုး သူကြီးစကားဆုံးသောအခါ ခေါင်းငိုက်စိုက်ကျသွားသည်။ ခင်မြွေလည်း ကဲ့ရဲ့ရှုတ်ချသံများအကြား မျက်နှာကိုင်၍ ရက်၍ မျက်ရည်ပေါက်ပေါက်ကျနေ၏။

ချေးမကား ရွာသူရွာသားများကို အသနားခံသော မျက်လုံးအဖြင့်ကြည့်သည်။ ပြိုင်ဘက်များ မလိုမုန်းထားသူများက အားရကျေနပ်စွာရယ်၍ ပြောင်လှောင်နေကြသည်။ သက်ကြီးဝါကြီးများက ဂရုဏာသက်စွာကြည့်ရင်း စုတ်သပ်ကြ၊ ခေါင်းယမ်းကြ၊ မျက်နှာအောက်စိုက်ကြ။

အိမ်နီးနားချင်းအချို့က ရှေးအစဉ်အဆက် အစဉ်အလာ စည်းကမ်းဖြစ်၍ စောဒက မတက်ရဲကြ။ မေတ္တာမရပ်ခံရဲကြ၊ ကိုယ့်သားသမီးဖြစ်လည်း ဒီလိုပဲ အပြစ်ပေးခံရမည်ကို သိရှိနားလည်ကြသည်။

မည်သူ့ထံမှာမှ အားကိုးစရာရှာမရသောအခါ နောက်ဆုံး အ-သည်မ ဒုက္ခသည်မ သောကသည်မ သမီးရဲ့ ပခုံးကိုအားပေးရင်း သားအ-သားအဖသုံးယောက် ရွာအိမ်ရှိရာသို့ ရှိုက်ကာငိုကာ ပြန်ခဲ့ကြလေသည်။

ခုတော့. . .လွန်ခဲ့သည့် နှစ်များစွာက ဘသူတော်ကြီး ကြ-လက္ခဏာ ဖတ်ခဲ့ဟောခဲ့သည့် စကားများသည် ဒက်ထိမှန်ခဲ့ပြီ။ အရှ-တကွဲအကျိုးနည်း ဖြစ်ရမည်တဲ့ ဟု. . . အရှက်တကွဲအကျိုးနည်းသာမ-ရွာပြင်သို့ပါ အထုတ်ခံရသည်။

♛♛♛♛♛



ရွာပြင်သို့ ပြောင်းသည့်နေ့က အိမ်နီးနားချင်းအချို့နှင့် ဒီပါတို့တဝိုင်းဝန်းကူညီကြ၏။ နှစ်ပေါင်းများစွာ ရွာထဲမှာ နေခဲ့သည့် ဒီအိမ်နှင့်ဒီရေရှာလေးကို သံယောဇဉ်ကြီးလှသည်။

အိမ်ကိုဖျက်တော့ မချေးမ မျက်ရည်ပေါက်ပေါက်ကျခဲ့ရသည်။ သီးနေသည့် ဒန့်ဒလွန်ပင်နှင့် သရက်ပင်ကို နှမြောတသစွာ ကြည့်၍ မျက်ရည်မစဲ စုပုံပြီးသည်များကို အိမ်နီးနားချင်းများက နွားလှည်းနှင့်တိုက်ပြီး ရွာပြင် နွားစားကျက်ကွင်းနားသို့ သယ်သွားကြသည်။ စားကျက်အစပ်မှာ တဲလေးတစ်လုံးကို ဆိုးလိုက်ကြသည်။

ဘကြီးတိုး၊ ဒီပါ၊ ကိုငှက်ရိုး၊ သံချောင်းနှင့် ကိုသောင်းညွန့်တို့အကူအညီလုံ့လအားကြောင့် နေမကုန်ခင် လူနေလို့ရသည့် တဲအိမ်တစ်လုံးဖြစ်သွားခဲ့သည်။ ကျန်မိန်းမသားများက အိုးခွက်ပန်းကန်အိပ်ယာများကိုနေရာချပေးကြသည်။ ခင်မြွေက အားလုံးစားဖို့ ထမင်းဟင်းချက်နေ၏။

နှစ်ပေါင်းများစွာ အတူနေလာကြသူများဖြစ်၍ စိတ်မကောင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခြေဖြင့်ရတာလေးများနှင့် ဖြေကြရသည်။ သူတို့ အဝေးသို့ အခွေအမျိုးလည်း နည်းသည်။ စရိတ်ကလည်းမရှိ။

ပြီးတော့ သူတို့မိသားစုက ဒီရွာမှာပဲ သူရင်းငှားဘဝနှင့် လုပ်ကိုင်စားသောက်လာခဲ့ဖူးသမို့ လယ်အလုပ်ကိုပဲ ကျွမ်းကျင်သည်။

ကုသိုလ်ကံကလေးတစ်ခု ကောင်းသည်ကား . . ဦးလေးသာဟန်ရဲ့ လယ်ထဲမှာ သူရင်းငှားအဖြစ် ဆက်လက်လုပ်ကိုင်ခွင့်ရနေခြင်းပင် ဖြစ်သည်။ ဦးလေးသာဟန်ကလည်း ကောင်းရှာပါသည်။ ခုပြဿနာကား မင်းတို့ရဲ့ လူမှုရေးပြဿနာသာ ဖြစ်သည်။ ငါတို့ စီးပွားရေးပြဿနာ မဟုတ်။ ငါ့လယ်အလုပ်ကို နဂိုအတိုင်း အပေးအယူနှင့် လုပ်ကြပါဆို၍ ဝမ်းသာရချေတော့သည်။

အရေးကြီးသည်က ရောဂါစွပဲဖြစ်သည်။

သူတို့ရွာ စည်းကမ်းကြီး၏။ အထူးသဖြင့် ဖိုမကိစ္စနှင့် ပတ်သက်လာလျှင် ဤဓလေ့ကို အစဉ်အဆက်လိုက်နာကြ၏။ တိုင်ရင်းတို့ ကလေးဘဝက ဤပြစ်မှုမျိုးကျူးလွန်ခဲ့သူများကိုလည်း သူတို့လိုပင် ရွာမှ နှင်ခဲ့ရဖူး၏။ ဒီကိစ္စတော့ ကျောသားရင်သားမည်သူမှ မခွဲခြား။

တစ်ရွာလုံးလိုက်နာကြသည်။ သည်အမှုမျိုးသာမဟုတ် . . . ဖိုမကိစ္စနှင့်ပတ်သက်လာလျှင် သူများမယားကြာခိုမှု၊ လင်ငယ်နေမှောက်မွေးမှု စသည့် ကျူးလွန်သူများကိုလည်း ရွာမှနှင်ထုတ်လေ့ရှိ၏။

ဒါကလဲ အားလုံးအကျင့်စာရိတ္တမယိမ်းယိုင်ရေး၊ အတုခိုးမများစေရေးအတွက် တိကျစွာလိုက်နာရသည့် တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ရပ်ရွာဓလေ့ပဲဖြစ်သည်။ ရွာပြင်မှာ ရောက်သွားသူသည် ရွာထဲကို ဘာအကြောင်းနှင့်မှ မဝင်ရ။ လူမှုရေး ရပ်ရေး ရွာရေးကိစ္စ ပါဝင်ဆောင်ရွက်ခြင်းမပြုရ။ အကြောင်းကိစ္စ ကြီးငယ်ရှိ၍ တွေ့ချင်လျှင်လည်း ရွာပြင်မှာတော့ တွေ့ခွင့်ရှိသည်။

အများအားဖြင့် ရွာက ထုံးစံအရ 'ကျဉ်' လိုက်သည်ကို ရွာသူတို့က ဆက်ဆံရမှာ အနည်းနှင့်အများတော့ ဝန်လေးကြသည်။ သူတို့လည်း ဒီပုတ်ထဲက ဒီပဲတွေပဲ နေမှာဟု ယိုးစွပ်လက်ညှိုးထိုးမှာကို စိုးရိမ်

စိတ်ကူးသစ်စာပေ



သည်။ သို့ဖြစ်၍ ရေကိုလိုသည့်အခါ အလွန်ဒုက္ခရောက်သည်။

ရေရှာဘို့အရေး ဟိုဘက်ရွာ ရေကန်ကာနေ ရေထမ်းပုံးနှင့် ထမ်းရသည်။ ဒီပုံတစ်ယောက်ကောင်း၍ သူတို့သောက်ရေတော့ မငတ်ခဲ့ရ။ ဒီပါက ထဲက ရေကန်မှ တစ်နေ့တစ်ခေါက် သောက်ရေသယ်လာပေးသည်။ ရေကတော့ ခရီးဝေးကာခပ်ရသည်မို့ ချွေတာသုံးရသည်။

မိုးတွင်းဆိုလျှင်တော့ ကိစ္စမရှိ ရေကရသည်။

အဖေက အမြော်အမြင်ကြီးစွာဖြင့် အိမ်ရှေ့မှာ ဆယ်ပေပတ်လည် ကန်ကလေးတူးထား၍ နွေအခါမိုးကျလျှင် ရေအခက်အခဲမရှိ ဖြစ်ခဲ့သည်။ ခုကတည်းက အဖေ ကြက်ကလေး၊ ဘဲကလေးမှအစ ကြို၍ မွေးမြူထားသည်။ အဖေသည် စိတ်ဆင်းရဲမှု မုန်သမျှအား အလုပ်ထဲမှာ စား၍ မြှုပ်နှံထား၏။

သို့သော် . . . အဖေ့ကို ကြည့်လိုက်လျှင် . . . အဖေသည် သခင်ကလို ရယ်ရယ်မောမော ရွှင်ရွှင်ပျပျမရှိတော့ သူ့မျက်နှာပေါ်မှာ ကျည်းစိတ်များ၊ ရှက်စိတ်များ၊ သမီးဘဝအတွက် ယူကြုံးမရစိတ်များ သည်လျှံနေသည်။ ခံစားနေရသည်။ တစ်ခါတစ်ခါ ညှို့နက်သန်းခေါင်ကျော် သို ဆေးလိပ်တစ်တိုနှင့် စဉ်းစားခန်းဝင်လေ့ရှိ၏။

ကြောခဏလည်း . . . ဟိုရွာ ဒီရွာများသို့ သွားလေ့ရှိ၏။

ဒီလိုနှင့် ရက်တို့သည် ကြာညောင်းခဲ့သည်။ ခင်မြွေပင် ကိုယ်ဝန် လွယ်တစ်မနှင့် ဖြစ်လာခဲ့ပြီ။ ကိုယ်ဝန်တစ်လွယ်တစ်မနှင့် ခင်မြွေအငြိမ် နေ၊ အမေ့လယ်ရှိရာသို့ ထမင်းသွားပို့မြဲ ပို့သည်။

အမေက မလုပ်ပါနှင့်တားပေမဲ့ ခင်မြွေလက်မခံ။ တစ်ခါတစ်ရံ ဝင်းတစ်ခုနှင့် ချောင်းစပ်မှာ ပုဇွန်ထောင်သည်။ လယ်ကအပြန် ဂဏန်း တ်တဲ့အခါ ချိတ်သည်။ သူမကြောင့် အဖေတို့ အမေတို့ ဒုက္ခရောက် သည်။

သူမ . . . ဒီမိသားစုမှာ ဝန်ပိုမဖြစ်စေရ။ တတ်နိုင်သမျှကူညီ အဖေနှင့်အမေ့ကို စိတ်ချမ်းသာစေချင်၍ အစစအရာရာ ကူညီလုပ်ကိုင် ခဲ့သည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အကုသိုလ်ကံကြွေးသည့် ဆပ်နေဆဲမှာပင်. . .တိုးရင်းပေါင်း ဝင်လာခဲ့ပြန်သည်။

တစ်နေ့. . .အဖေ. . .တောထဲမှာ ထင်းခုတ်သွားရင်း. . .ခြေဖဝါး လမုငုတ်ချွန် စူး၍ အဖျားဝင်ကာ အိပ်ယာထဲလဲတော့သည်။ ငန်းမိ အဖေနေ့စဉ် ညစဉ် ကယောင်ကတမ်းအော်နေရသည်။ နီးရာ ရရာ ဆေး များကြိတ်သွစ်၍ ထည့်ပါသော်လည်း ဒါဏ်ရာကမကျက် အနာကရင်းပြီ နေ့စဉ် အဖျားတက်နေသည်။

ဘသူတော်ကို ခေါ်ပင့်၍ပြချင်သော်လည်း ရွာထဲဝင်ရသည်မှာ မလွယ်၍ အသိ လူရင်းလူကြုံကို မျှော်နေစဉ် ဒီပါရောက်လာခဲ့သည်။

"ဒီပါ. . .ရေ"

ဒီပါ့ကို မြင်တော့ အမေရော ခင်မြွေပါ ဝမ်းသာသွားခဲ့သည် ဒီပါသည် အိပ်ယာပေါ်မှာ တဟီးဟီး တဟင်းဟင်း ညည်းပြီး. . .ကယော ကတမ်းများ ပြောနေသည့် ဦးလေးကိုငှက်ရိုးကို တွေ့လိုက်ရသောအ အံ့သြသွားခဲ့ရသည်။

"အဒေါ်. . .ဦးလေး ငှက်ရိုး. . .ဘာ. . .ဘာဖြစ်လို့လဲ. . .ဟင်

"နင့်ဦးလေး တောထဲမှာ ထင်းခုတ်သွားရင်း. . .သစ်ငုတ်စူးလို ကွယ် လူကလေး. . .မင်း. . .မင်း. . .ဘသူတော်ကို သွားပင့်ပေးစမ်းပါလာ ဟင်"

"စိတ်ချအဒေါ်. . .ဖြစ်မှဖြစ်ရလေ. . .ဦးလေးငှက်ရိုးရယ်. . .ကျွ တော်လည်း ဒီရက်ပိုင်းအတွင်း. . .ခရီးသွားနေလို့ မရောက်တာအဒေါ်. . . စိတ်ချ. . .အခု. . .ကျွန်တော် သွားပင့်လိုက်မယ်. . ."

ဒီပါ ရွာထဲသို့ လစ်ခနဲ ပြေးသွားလိုက်သည်။ ခင်မြွေ မျက်ပြ လန့်ပြီး ကိုယ်ပူအရှိန်တက်၍ တဟီးဟီး ညည်းနေသည့် အဖေ့လက်ကို ကိုင်ထားရင်း. . .အဖေ. . .အဖေနှင့် ခေါ်၍ သတိပေးနေရသည်။ အမေ က အခြေအနေ မသက်သာသည့် လင်သားကိုကြည့်ပြီး ရင်တွေတုန်ခါနေပြ

မကြာခင် ဘသူတော်ကြီး ဒီပါနှင့် လယ်ပိုင်ရှင် ဦးကြီးသာဟန်တို့ ပါရောက်လာကြသည်။ ဘသူတော်သည် ကိုငှက်ရိုးရဲ့ အဖြစ်ကို ရုတ်ချည်း





င်လိုက်ရသောအခါ အလွန်စိုးရိမ်ပူပန်သွားခဲ့သည်။ လက်ကိုကိုင်၍ အဖျား သွေးကို စမ်းလိုက်သည်။ အဖျားသွေးက ကြောက်စရာကောင်းအောင် က်နေပါလား။ လူတစ်ကိုယ်လုံးသည် မီးကင်ထားသကဲ့သို့ ရှိနေ၏။

ခြေဖဝါးမှ ဒါဏ်ရာကိုကြည့်လိုက်သောအခါ ပို၍ထိတ်သွားသည်။ ဒါဏ်ရာသည် နည်းသည့်ဒါဏ်ရာမဟုတ် အနာဝပိတ်၍ ခြေတစ်ချောင်းလုံး ယောင်ကိုင်းပွနေ၏။ ဒါဏ်ရာ၊ အဖျားနှင့် ကယောင်ကတမ်းပြောနေသည့် နာ့အခြေအနေကို ကြည့်၍ ဘသူတော် စိတ်အတော်ပျက်သွားခဲ့ရသည်။ နောက်ကျနေပါပြီ။

ရောဂါက အဆိပ်တက်ပိုးဝင်ပြီး ငန်းမန်းဝင်သွားခဲ့ပြီ။

သူ ဆေးတစ်ခွက်ကို အမြန်တိုက်လိုက်သည်။ ဆေးသည် ပါးစပ် သို့မဝင် ပါးစပ်ဟ၍မရ။ မေးစေ့ချင်နေပြီ။ သူကြိုးစား၍ သွားကိုဖြဲကာ က်ကြည့်သည်။ ဆေးပြန်အန်ထွက်လာသည်။ နောက်တစ်ကြိမ် ကြိုးစား သည် ပြန်အန်သည်။

နောက်ဆုံး ဘသူတော် ပါးစပ်ကိုဖြဲပြီး ဆေးမှုန့်များကို လျှာပေါ် င့် အာခေါင်နှစ်ဘက်သို့ လက်ညှိုးနှင့်ကော်ထည့်ပြီး ပွတ်ပေးကာ ရေနွေး အေးအေး အစက်ချတိုက်ပေးလိုက်သည်။

ကိုငှက်ရိုးသည် မေးကိုကြိတ်၍ အကြောများဆွဲနေ၏။ သူ တတ် မ်းနိုင်သမျှ အနာကို ရေနွေးနဲ့ဆေး၍ နံ့ဘေးမှဆေးကို အုံပေးလိုက်သည်။ ယောင်ကိုင်းပွနေသည့် ခြေထောက်တစ်ချောင်းလုံးကို ဆေးဖျော်၍ လူးပေး သည်။

"ဘ. . .ဘယ်. . .နဲ့. . .နေ. . .နေလဲ. . .ဘ. . .ရယ်"

"အင်း. . .အခြေအနေကတော့ အတော်လွန်နေပြီ. . .သမီးရယ် န်းဖမ်းပြီး မေးပါစေ့စပြုနေပြီ"

"ရှင်. . .ဒါ. . .ဒါ. . .ဆို. . .ဒါဆို"

"အိမ်း. . .အဘ တတ်နိုင်သရွေ့ ကြိုးစားလုပ်ပေးခဲ့တယ်၊ စော ာကသာသိရင် ဒီလောက်ဝေဒနာ မဆိုးဝါးနိုင်ပါဘူးကွယ်. . .အချိန်က နောက်ကျနေပြီကွယ့်. . .ဟောဒီဆေးမှုန့်ကို ညအိပ်ယာဝင်ခါနီး ဝင်အောင်



www.burmeseclassic.com

www.burmeseclassic.com



တိုက်. . .ဒါကို မကြာခဏလူးပေး. . .အညှော်မမိစေနဲ့. . .ဒီည အတက်က
သက်သာမယ်. . .အကယ်၍. . .သိပ်တက်နေရင်တော့ ကံတရားပဲ
အကြောင်းရှိရင်. . .ဒီပါနဲ့. . .အခေါ်လွှတ်လိုက်. . .ကြားလား”

“ဟုတ်. . .ဟုတ်ကဲ့. . .ဘ. . .သူတော်”

ပြန်ခါနီး ဘသူတော်က ခင်မြွေ့ကို လိမ်လိမ်မာမာနေဖို့
သည်။ ဦးလေးသာဟန်က လိုအပ်လျှင်သုံးဖို့ ငွေအချို့ပေးသွားသည်။ ပြ
နီး ဘသူတော်က သမီးတစ်နေ့ စကားပြန်ပြောနိုင်လိမ့်မယ်. . .ဇော
အချိန်လည်း နီးလာပါပြီ. . .ဘုရား၊ တရားကို ဂရုစိုက်လုပ်. . .ကုသိုလ်ကော
မှု များများလုပ်ဟုဆိုကာ ဆေးလွယ်အိတ်ကြီးလွယ်၍ ဦးလေးသာဟန်
ပြန်သွားခဲ့လေသည်။



ကံကြမ္မာမှန်တိုင်းသည်. . .မွှေခဲ့ပြီ. . .။

ညသန်းခေါင်ယံခန့်မှာ. . .ကိုငှက်ရိုးဆုံးသွားခဲ့သည်။ မချွေးမနှင့်
ခင်မြွေ့သည် အလောင်းကိုဖက်၍ လှိုက်လှဲသည်းထန်စွာ ငိုခဲ့ရသည်။

ခုတော့. . .အားကိုးရာ ကျေးဇူးရှင် ရွှေတောင်ကြီး ပြိုကျသွားခဲ့
ပြီ။ ဒီကျေးဇူးရှင် လင်သားကို အားကိုး၍ သူတို့အပေါ်မှဲ အထီးကျန်ရပ်ဝန်း
မှာ ရဲစိတ်မွေး၍ မှီခိုနေထိုင်ခဲ့ရသည်။

အခု. . .အားကိုးရာမဲ့ခဲ့ပြီ. . .။ ခင်မြွေ့ စကားမပြောနိုင်ပေမယ့်
အဖေ့အလောင်းကိုဖက်ကာ. . .လိမ့်၍ လူး၍ငိုသည်။ ဒါ. . .ငါ့ကြောင့် ငါ
ကြိုးလ်မွှေလို့ အဖေတို့ အမေတို့ပါ. . .ဘဝဆိုးခဲ့ရတာဟု. . .ယုံမှတ်ပြီး
ရင်ကိုထု၏။ ခေါင်းကို ထု၏။ တိုင်နှင့်ဆောင့်၍ ငို၏။

နောက်ဆုံး ဒေါ်ချွေးမက လင်အပူကိုထား၍ ကိုယ်ဝန်ဆောင်
သမီးလုပ်သူရဲ့. . .ဒေါသနှင့် စိတ်ထိခိုက်မှုများကို အတင်းချော့၍ ထိန်းခဲ့ရ
သည်။ သမီး. . .မလုပ်နဲ့. . .ကလေးပါ ထိခိုက်မယ်ဆိုကာ. . .ဆွဲရလွဲရ



www.burmeseclassic.com

www.burmeseclassic.com



ထိန်းရတော့သည်။

မိုးလင်းတော့ ဒီပါရောက်လာသည်။ ကိုငှက်ရိုး ဆုံးမှန်းသိရသော အခါ ဒီပါသည်. . .ခင်မြွေတို့နှင့်ရော၍ မျက်ရည်ကျခဲ့ရသည်။ သည့်နောက် ကိုငှက်ရိုးရဲ့ အရင်းနှီးဆုံး သူငယ်ချင်းများနှင့်. . .ဘသူတော်ကို သွားရောက် အကြောင်းကြားရသည်။

ကိုသံချောင်းတို့. . .ကိုသောင်းညွန့်တို့. . .ဦးလေးသာဟန်တို့နှင့် ဘသူတော်ပါရောက်လာကြတော့မှ. . .အလောင်းမြေကျရေးကိစ္စကို တိုင်ပင် ဆောင်ရွက်ကြရတော့သည်။

သုံးရက်မြောက်တော့. . .ကိုငှက်ရိုး အသုဘကို ရွာပြင်သုသာန်မှာ သဂြိုဟ်ခဲ့သည်။ အဲဒီ အသုဘချသည့် နေ့က. . .မချွေးမ. . .ခင်မြွေ၊ ဒီပါ ဘသူတော်၊ ကိုသံချောင်း၊ ဦးသာဟန်၊ ကိုသောင်းညွန့်နှင့်. . .ရွာလူကြီး နှစ်ဦးခန့်မှအပ. . .ရွာထဲက ဘယ်သူမှ လိုက်မပို့ခဲ့ကြ. . .။

# ၄၀

လောကဓံသည်. . .သူတို့မိသားစုကို အကြိမ်ကြိမ်နှိပ်စက်ခဲ့၏။ အကုသိုလ်ဝဋ်ကြွေးကား. . .ယနေ့တိုင် မကုန်နိုင်သေး။ ရှိစေတော့. . . လောကဓံနှင့် သူတို့. . .ကြာတော့ ရင်းနှီးခဲ့ပြီ. . .။ သန်းခေါင်ထက် ညဉ့်နက်တော့။ ကြမ်းရှသော လောကဓံကို သူတို့ ကြံ့ကြံ့ခံ၍ ရင်ဆိုင်ရမည်။

ကိုငှက်ရိုး မရှိပေမယ့်. . .သူတို့ စိတ်ဓါတ်လုံးဝမကျခဲ့။ ဘဝက နှံလာခဲ့ပြီမို့ အရာရာ လက်မြှောက်အရှုံးပေး၍ မဖြစ်သေး။

မချွေးမ ဝမ်းရေးနှစ်ရေးအတွက် ကောက်စိုက်သည်၊ စပါးရိတ် သည်၊ တောထဲဓားတစ်ချောင်းနှင့်ထဲဝင်၍ ထင်းခုတ်သည်။ ရာသီပေါ်သီးနှံ များ လိုက်ခူးပြီး ရွာနီးချုပ်စပ်မှာ လည်ရောင်း၍ ဆန်နှင့်လဲသည်။

ခင်မြွေကလည်း ကိုယ်ဝန်ရင့်လာသည့်တိုင် အငြိမ်မနေ၊ အမေက ဘာမှမလုပ်နှင့်သမီးဟု တားမြစ်သည့်ကြားမှ ထမင်းချက်သည်၊ လယ်စပ် ားမှာ ကန်စွန်းရွက်လိုက်ခူးသည်။ ယက္ကင်းတစ်လက်နှင့် ပုဇွန်ထောင်သည်။

တစ်ခါတစ်ခါ မကြာမကြာ ဒီပါကလည်း ဟင်းကလေးများ



www.burmeseclassic.com

www.burmeseclassic.com



လာလာပို့သည်။ အချိန်ရလျှင် သောက်ရေ သုံးရေခပ်ပေးခဲ့သည်။ သူကည
ဖေါ်ရ၍ ခင်မြွေတို့ တစ်အားတက်ရသေး၏။ နို့မို့မလွယ်။

သူတို့ဘဝကို ရဲရဲရင်ဆိုင်ခဲ့သည်။

သူမ မာနနဲ့ယုံကြည်မှုကို အခိုင်အမာ တည်ဆောက်ခဲ့သည်
သူမရဲ့ ဘဝတစ်လျှောက်လုံးမှာ ပြိုင်ဘက်များရှိသည်။ မလိုသူများရှိသည်
သူတို့က မိမိတို့ဘဝပျက်ခဲ့သည်ကို ဝမ်းသာကောင်း ဝမ်းသာနေကြပေလိ
မည်။

ဒါကြောင့် ဒီဘဝတိုက်ပွဲမှာ ငါလုံးဝ လက်မြှောက်အရှုံးပေး
မဖြစ်သေး။ ငါ ဒီကလေးကို ရအောင်မွေးဦးမယ်။ ဗိုက်ထဲက အပြစ်မဲ့ကလေး
ကို သူ မရက်စက်ချင်။ ဒီကလေးလည်း ဘဝကုသိုလ်ကံ ခေါ၍ဆိုးခဲ့သည်
သူမသည် သန္ဓေသားကို အရှက်မျက်ရည်တို့ဖြင့် လွယ်ခဲ့ရသည်။ လူ
ကတည်းက မျက်ရည်ကို အဖော်ပြုခဲ့ရသည်။ ကဲ့ရဲ့အရှုံချခံရသည်။ အရှ
တစ်ကွဲဖြစ်ခဲ့ရသည်။ အနှိမ်ခံရသည်။ ရွာပြင်မှာ နေခဲ့ရသည်။ အ
အဖေလည်း ဆုံးပါးကွယ်လွန်ပြန်ပြီ။ ဒါ ဒီသန္ဓေသားကြောင့် ဖြစ်ခဲ့ရသည်
နောက်ဆက်တွဲ ဆိုးအမွေများ ဖြစ်သည်။

ဒါပေမယ့်. . .သူမ ဒီသန္ဓေသားကို မမုန်းရက်၊ မရက်စက်ရက်
ဥပက္ခာမပြုရက်၊ ဒီကလေးကို အောင်မြင်ရဲ့ရဲ့စွာ မွေးဖွားနိုင်ဖို့ သူမအမေ
အတူ ရုန်းကန်ရှာဖွေခဲ့သည်။

တစ်နေ့. . .သူမ စဉ်းစားခဲ့သည်။

အဖေရှိစဉ်ကလည်း မကြာခဏ ပြောပြဖူးသည့်စကားရှိသည်
သူမသည်. . .မြွေဝင်စားတဲ့. . .သူမကို သန္ဓေရဖို့ ရွာစွန်လှေဆိပ်က ရွှေ
ညောင်ပင်မှာ သွားရောက် သားသမီးဆုပန်ခဲ့ကြသည်တဲ့။ အဲဒီက အပြန်
အမေသည် မြွေများအိပ်မက် မက်ခဲ့ပြီး တစ်ကောင်သောမြွေက အမေ
နေချင်တယ်ဆိုကာ နှင်ထုတ်သည့်ကြားက အမေ့ချက်ကိုဖောက်၍ ဗိုက်ထ
ဝင်သွားခဲ့သည်ဟု အိပ်မက် မက်ပြီးနောက် မကြာခင် သူမကိုသန္ဓေ
သည်တဲ့။

ဒါကြောင့်များ သူမ မြွေမြင်ရင် မကြောက်လေရော့သလား





ငါနှင့် မြွေများသည် လွန်ခဲ့သည့် ဘဝများက အဆွေအမျိုးတော်ခဲ့ရော့သလား
မြွေတွေကလည်း ယနေ့တိုင် သူနှင့်တွေ့လျှင် လုံးဝရန်မပြု။ သူမ လက်ဝါး
နှစ်ဖက်ပေါ်က မွေးရာပါ အနက်စက်များပါသည့် စက်ဝိုင်းနှစ်ခုရဲ့ အစွမ်း
ကြောင့်လား။ သူမနှင့် ရန်ဖြစ်သူများကို သူမစိတ်ဆိုး၍ ကိုက်လိုက်လျှင်
မြွေဆိပ်တက်သကဲ့သို့ ဖြစ်ကုန်ကြသည်ကလည်း အလွန့်ကို တိုက်ဆိုင်
ထူးဆန်းအံ့သြစရာ ဖြစ်နေ၏။

ဒါကြောင့် အဖေနှင့်အမေက သူမကို ရွှေညောင်ပင် ရုက္ခစိုး
အဘိုးပေးသည့် ကလေးဟုလည်း ဆိုကြသည်။ အခုသူတို့ မှီခိုအားကိုးရာ
မဲ့နေကြသည်။

သူမ ဘုရားတရားကို ဆည်းကပ်ကိုးကွယ်၏။ သူမ အခုပျင်း၍
တောင် သွားစရာ လည်စရာနေရာမရှိ။ ရွာထဲမှာနေစဉ်က ပျင်းလျှင် ဘုရား
ကျောင်းဝန်းထဲသွားပြီး ပန်းရေချမ်းကပ်ကာ ကုသိုလ်ကောင်းမှု ပြုခွင့်ရသည်။

သူမ နှစ်သက်လေးစား ဖွဲလန်းခဲ့ရသည့် နဂါးရုပ်ထုကြီးကို အားရ
ပါးရပွတ်သပ်ပြီး အင်အားသစ်များနှင့် ကြည်နူးခွင့်ရသည်။ အခု ဒီနေရာ
သစ်သို့ရောက်မှ ဘယ်မှသွားစရာ အခွင့်အရေးမရှိတော့။ ရှိသည့်နေရာက
တစ်နေရာပဲရှိတော့သည်။

အဲဒါက. . .လှေဆိပ်က. . .ရွှေညောင်ပင်။

ရွှေညောင်ပင် ရုက္ခစိုးအဘိုးသည် အဖေတို့အပြောအရ သူတို့ရဲ့
ကျေးဇူးရှင်ဖြစ်သည်။ အဲဒီကို သွားချင်သည်။ ငယ်ငယ်က အဖေတို့အမေတို့
နှင့် ပန်းရေဆီမီး ကုသိုလ်ပြုရင်း မကြာခဏရောက်ခဲ့ရသည်။

သည့်နောက် တုံ့ဆိုင်းတွေဝေမနေတော့ဘဲ ရလာသည့်ပန်းအချို့
ကို သန့်ရှင်းစွာရေဆေးလိုက်ပြီး ပုဆိုးပိုင်းလေးခေါက်၍ ခေါင်းပေါ်တင်ကာ
ရွှေညောင်ပင်ရှိရာသို့ ထွက်လာခဲ့လိုက်သည်။ ကွမ်းနှစ်ရာညက်ခန့် လျှောက်
မိသောအခါ လှေဆိပ်သို့ရောက်တော့သည်။

လှေဆိပ်မှာ လူအနည်းအကျဉ်းပဲရှိနေသည်။ သူမ အရိပ်အာဝါ
သ ကောင်းလှသည့် ရွှေညောင်ပင်အောက်သို့ ဝင်လိုက်သည်။ ရှသည်
အေးမြသွားခဲ့သည်။ ရွှေညောင်ပင်အောက်မှာ ခရီးသွားလင်မယားထမင်းစား



www.burmeseclassic.com

www.burmeseclassic.com



နေကြ၍ ခပ်လှမ်းလှမ်းမှာ သူတို့ကလေး ဖြစ်ဟန်တူသည့် ကလေးနှစ်ဦးလည်း ကစားနေကြသည်။

ရွှေညောင်ပင်အောက်က ယိုင်ရွဲ့ရွဲ့ နတ်ကွန်းစင်ပေါ်မှာ တစ်တောင်ခန့်ရှိသော အဘိုးအိုတစ်ဦး တုတ်ထောက်ရပ်နေသည့် ရုပ်ထုတစ်ခုရှိနေသည်။ ရုပ်ထုသည် မိုးဒဏ်၊ လေဒဏ်၊ ရေဒဏ်ကြောင့် အရောင်ပျက်၍ နဂိုရုပ်ပင် မပေါ်ချင်တော့၊ ရွှေချထားခြင်း အလျှင်းမရှိ၊ နံ့သာများ ဖျန်းထားလို့လားမသိ။ အဖြူစက်များ ရုပ်ထုမှာ စွန်းထင်နေ၏၊ ပန်းအိုးမှာလည်း ပန်းများက နွမ်းနေ၏။ ဦးစွာ ခင်မြွေ နွမ်းလျှနေသည့် ပန်းများကို စွန့်ပစ်လိုက်ပြီး ယူလာသည့်ပန်းအသစ်နှင့် လဲလိုက်သည်။ ပါလာသည့် ငှက်ပျောသီးနှစ်လုံးကို ကျောက်ခုံပေါ်ရှိ ပန်းကန်အပဲ့ထဲမှာ တင်လိုက်သည်။ အနီးသောက်တော်ရေအိုးမှ သောက်တော်ရေအသစ်ကို ပြန်လဲလှယ်တင်လိုက်သည်။

သည့်နောက် ကျောက်ခုံရှေ့မှာ ရှိသေစွာထိုင်လိုက်ပြီး စိတ်ထဲမှ စကားပြော၍ ဆုတောင်းလိုက်သည်။

"အဘိုးရကွဲစိုးကြီးရှင့် . . သမီးတော်ကြီး မခင်မြွေ . . အဘိုးအား သောက်တော်ရေချမ်း . . ပန်းသစ်သီးများဖြင့် တတ်အားသမျှ ဒါနပြုပါတယ် အဘိုး . . သမီးသည် အဘိုး၏ဆောင်မမှုကြောင့် လူ့ဘဝမှာ လူဖြစ်ရသူ ဖြစ်ပါသည်။ လူ့ဘဝမှာနေရသည့်တိုင် စကားလည်း မပြောနိုင်။ အရုက်တကွဲ အကျိုးနည်းလည်း ဖြစ်ခဲ့ရ၊ လူ့အသိုင်းအဝိုင်းနှင့်လည်း မနေရ၊ အဖေနဲ့လည်း သေကွဲကွဲပြီး . . နေ့စဉ် မျက်ရည်နှင့်မျက်ခွက် ဖြစ်ခဲ့ရပါသည် အဘိုး။ သမီး ဒီဒုက္ခဆင်းရဲမှ ရှင်လျှက်သော်လည်းကောင်း၊ သေလျှက်သော်လည်းကောင်း လွတ်မြောက်ချင်ပါသည်။ သို့ဖြစ်၍ ဤဒုက္ခဆင်းရဲမှ အဘိုး ကယ်နိုင်ရင် ကယ်မတော်မူပါ အဘိုး . . ။ အဘိုး နှလုံးစိတ်ဝမ်း အေးချမ်းမြေ့ပါစေ၊ သုံးဆယ့်တစ်ဘုံသား အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းပါစေ . . . မလိုသူတို့လည်း အမျက်ပြေကြပါစေ၊ ဘဝ၏ ဖြစ်ရပ်မှန် များလည်း အမြန် ပေါ်ပေါက်ပါစေ အဘိုး။

သူမညောင်ပင်အောက်မှာ ငြိမ်သက်စွာထိုင်၍ မျက်စိကို စုံမှိတ်ကာ အတန်ကြာ အာရုံခံပြီး မေတ္တာပို့နေမိသည်။ မေတ္တာပို့နေစဉ်မှာပင်





သူ့ဦးခေါင်းမိုက်ခနဲ ဖြစ်သွားသည်။ သူမ မျက်စေ့ မဖွင့်ချင်တော့။ လူသည် သည်နေရာမှ အခြား အိပ်မက်ကမ္ဘာဆီသို့ ရောက်သွားသလို ခံစားနေရသည်။

မျက်လုံးထဲမှာ မီးခိုးငွေ့များကို မြင်နေရသည်။ တောတွေကို မြင်နေရသည်။ သူမ လှုပ်ကြည့်သည် လှုပ်၍မရ။ ဘာဖြစ်ပါလိမ့် . . သို့သော် သူမနှစ်မျောအာရုံထဲမှာပင် . . မေတ္တာများကို စဉ်ဆက်မပျက် ပို့လွှတ်နေမိသည်။

ရီဝေလွင့်မျောနေသော အာရုံထဲမှာ မြွေကြီးတစ်ကောင်ကို လှစ်ခနဲ မြင်လိုက်ရသည်။ မြွေကြီးက ရောမမြွေကြီး . . ပြီးတော့ အဘိုးအိုတစ်ယောက်ရဲ့ စကားပြောသံများကို ကြားနေရသည်။ ဘာတွေပြောနေမှန်းမသိ . . လက်ညှိုးငေါက်ငေါက်ထိုး၍ ဆုံးမစကား ကဲ့သို့သော စကားများကို ပြောနေသည်ဟု ထင်မိသည်။

ခဏနေတော့ ရီဝေမိန်းမောသော စိတ်များ၊ အိပ်မက်များ . . အာရုံသဏ္ဌာန်များ လွင့်မျော ပျက်ပြယ်ကာ နဂိုမူလစိတ်ကို ပြန်ရခဲ့သည်။ သိရသည့် အချိန်မှာပဲ လေမတိုက်ဘဲနဲ့ ညောင်ကိုင်းအချို့ တစ်ဝုန်းဝုန်း လှုပ်နေကာ ကစားနေသည့် ကလေးနှစ်ယောက်သည် လန့်ဖြန့်၍ ထမင်းစားပြီး ထိုင်စကားပြောနေကြသည့် သူတို့မိခင်ရှိရာသို့ ပြေးသွားကြသည်။

မကြာခင် စူးရှကျယ်လောင်သော မြွေတွန်သံကို သူတို့ကြားနေရသည်။ လင်မယားနှစ်ဦးလည်း လေမတိုက်ပဲလှုပ်သည့် သစ်ကိုင်းသစ်ရွက်များကို ကြည့်၍လည်းကောင်း . . ရုတ်တရက် မြွေတွန်သံကြားရ၍လည်းကောင်း . . လန့်ဖြန့်ထကာ ကလေးများလက်ဆွဲ၍ ရေဆိပ်သို့ ပြေးကြသည်။

ပြေးသွားရင်း တန်းလန်းမှ ခင်မြွေ့ကို မျက်စောင်းထိုးကြည့်ပြီး နှဲ့ဟဲ့ . . ဖွဟဲ့ . . ဟု ဆိုမြည်ရင်း . . လှေဆိပ်သို့ ပြေးဆင်းသွားကြသည်။

မြွေတွန်သံ ကြားရ၍ ခင်မြွေပျော်သလို ရှိသွား၏။ သူမ ထိုင်ရာမှ ထ၍ အရပ်လေးပါးသို့ လိုက်ကြည့်သည်။ တွန်တာကတော့ ဒီနားက၊ သို့သော် . . လိုက်ကြည့်တော့လည်း မြွေနှင့်တူသော ဘာကောင်မှမတွေ့။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် ညောင်ပင်ဝန်းကျင်ကို ပတ်ရှာသည်။ အဲဒီမှာ မမျှော်လင့်ပဲ အဘိုးအိုတစ်ဦးကို တွေ့ရသည်။ အဘိုးအိုသည် တောင်ဝှေးတစ်ချောင်းကိုကိုင်၍ ထိုင်နေ၏။ အသက်က ခုနှစ်ဆယ်ခန့်ရှိ၏။ ပိတ်ဖြူ ပုဆိုးနှင့် ယောဂီအင်္ကျီလက်ရှည် ဝတ်ထားသည်။ ခေါင်းပေါင်း အဖြူပေါင်းထားသည်။ မေးအောက်မှာ မုတ်ဆိတ်မွေးဖြူဖြူရှည်ရှည်များက တွဲလျောင်းကျနေသည်။

စောစောက သူ ဒီအဘိုးအိုကို မတွေ့. . .။ အေးလေ. . .စောစောက ဒီဘက်လှည့်မကြည့်မိလို့ နေမှာပေါ့။

အဘိုးအိုက သူမကို ပြုံးပြီးကြည့်နေ၏။ အဘိုးအိုမျက်နှာကို ကြည့်ရင်း ခင်မင်ရိုသေလေးစားစိတ်များ ထိန်းမရဖြစ်လာခဲ့သည်။

"အဘိုး"

သူမ စိတ်ထဲကနေ ခေါ်လိုက်မိသည်။ ဒီမှာ အံ့ဩစရာကောင်းသည်က အဘိုးသည် သူမစိတ်ထဲက ခေါ်လိုက်သည်ကို သိသည့်အလား ဟေ. . .ဟု ထူးလိုက်ရာ ခင်မြွေ အရမ်းအံ့ဩသွားရသည်။

"လုံမလေး လာအုံး"

အဘိုးရဲ့ ကြင်နာသော ခေါ်သံကြောင့် အဘိုးရှေ့သို့ တိုးသွားလိုက်သည်။

"လုံမလေး ဆုတောင်းနေတာကို အဘိုးဒီနားက ကြားနေရပါတယ်"

"အင်း. . ."

သူမ ဆုတောင်းခဲ့တာက စိတ်ထဲကပဲ ဆုတောင်းခဲ့တာ။ ဒါကို အဘိုးဘယ့်နှယ့်လုပ် သိနေပါလိမ့်. . .။သူမ ပို၍အံ့ဩသွားသည်။

"အင်း. . .ငါ့သမီး လုံမလေး. . .ဒုက္ခတွေရောက်နေသကိုး"

ဒီစကားတွေကို ကြားရသောအခါ ခင်မြွေ အလိုလိုဝမ်းနည်းလာ၍ မျက်ရည်များ ပါးပေါ်သို့ စီးကျလာသည်။ သူမရဲ့ ဘဝမှာ ဒီလိုကြင်နာစကားများ အဘသူတော်မှလွဲ၍ မည်သူ့ထံမှ မကြားရ. . .။ ခုလို ကြင်နာစကား ကြားရတော့ ရင်ထဲမှာ လှိုက်ပြီးငိုချင်လာ၍ ငိုချလိုက်သည်။

"တိတ်ပါ. . .လုံမလေးရယ်. . .သမီးဆုတောင်း မကြာခင်ပြည့်လာ





ပါ. . .သမီးကလည်း လူ့ဘဝထဲ လာချင်၊ နှင့်မိဘများကလည်း လိုချင်

င်း. . .ဘဝတွေ သံသရာလည်ကြသလို. . .ကိုင်း. . .လုံမလေး ပြန်တော့

ကြာခင် သမီးဆန္ဒပြည့်ဝပါလိမ့်မယ်. . .လုံမက သူတော်ကောင်းမလေး

ဒီကနေ့ပြုရသည့် ကုသိုလ်ကြောင့်. . .လုံမလေး. . .ဒုက္ခဆင်းရဲမှ

င်းဝေးပါစေ။ ကိုင်း အဘိုးလည်း သွားစရာရှိလို့ သွားလိုက်အုံးမယ်"

အဘိုး ဘယ်မှာနေသလဲလို့ သူမမေးဆိုင်းသည်။ သို့သော် စကားက ပြောနိုင် ခင်မြွေ အဘိုးကို ရိုသေစွာ ထိုင်ကန်တော့လိုက်သည်။ အဘိုးသည် တုန်ကယင်နှင့် ထရပ်ပြီး လှေငါးဖက်ခန့်ရှိသော ညောင်ပင်ဘက်သို့ တွေ့ဝင်သွားသည်။

သူမ လေတိုက်၍မြည်သော ညောင်ရွက်ချင်းထိတို့သံကို နားနှင့် ထောင်းရင်း အိမ်ပြန်ရန် လှည့်လာလိုက်သည်။

"ဟင်"

စောစောက သူစကားပြောပြီး ခုလေးတင် ညောင်ပင်တစ်ဖက်သို့ ပြည့်ထွက်သွားသည့် အဘိုးအိုသည် မရှိတော့ သူမ တောင်မြောက်ဝဲယာ လိုက်ရှာကြည့်သည်။ အရိပ်အယောင်မျှ မတွေ့။ အံ့ဩနေ၏။ ဘယ်များ ရောက်သွားပါလိမ့်။

ထိုစဉ် ဟို. . .ဝေး. . .ဝေး ပြပြမှာ လမ်းလျှောက်သွားနေသည့် တစ်ဦးသဏ္ဌာန်ကို တွေ့မြင်ရသည်။ သဏ္ဌာန်ကတော့ အဘိုးအိုတစ်ဦး လျှောက်သွားနေသည့် သဏ္ဌာန်၊ စောစောက သူမနှင့် စကားပြောနေသည့် အဘိုးအိုတော့ ဖြစ်မယ်မထင်။

စောစောက အဘိုးက ခုလေးတင် ထသွားတာဥစ္စာ။ ပြီးတော့ အဘိုးက တုန်တုန်ချိချိ ဒီလောက်ကြီးမမြန်နိုင်။ သူမ စိတ်ထဲမှ တွေးမရအောင် အံ့ဩနေသည်။ အကယ်၍များ ဤအသက်အရွယ်နှင့် အဲသည့်လောက် မြန်သွားနိုင်သည်ဆိုလျှင် ထိုအဘိုးအိုသည် အံ့ဖွယ်အဘိုးအိုပါတကား။

www.burmeseclassic.com

www.burmeseclassic.com



"အခု နေချင်သေးရဲ့လား ဟင် . ."

"ဟီး . .ဟီး . .ဟီး . .ဟီး . ."

"အေးလေ. . .ဝဋ်ရှိတော့လည်း ကုန်အောင် ကျေအောင် ဆပ်ရမှာ ကိုးကွဲ့. . .ကိုင်း . .ကိုင်း . .မငိုနဲ့တော့. . .။ လုံမလေးက သူတော်ကောင်း လေးပါလေ. . .၊ သူတော်ကောင်းမလေးကို အဘိုးနေခွင့်ရသည့် အခိုက် ကြည့်ခဲ့မယ်ကွဲ့. . .၊ ဒီမှာလုံမရဲ့. . .လာမယ့်လာပြည့်နေ့ မိုးလင်းရင် လမှုပင့်တော့စပ်က ကသစ်ပင်ကြီးအောက်ကို လုံမလေးလာခဲ့။ အဲဒီရောက် ရင်. . .ကသစ်ပင်အောက်က ကျင်းထဲမှာ မြွေကြီးတစ်ကောင် လုံမလေးတွေ့ လိမ့်မယ်. . .၊ မကြောက်နဲ့ သိလား . . .၊ မြွေကြီးထွက်သွားတာနဲ့. . . ကျင်းထဲက တွေ့သမျှ ပစ္စည်းလိုသလောက်ယူသွား . . .၊ ထုခွဲရောင်းချစား ကုသိုလ်ကောင်းမှုများ မပြတ်ပြု. . .ဘဝဟောင်းနဲ့ ဘဝသစ်က ဘိုးဘွားမိဘ များ ဆွေမျိုးသားချင်းများကို ဆုတောင်း အမျှဝေ. . .ကြားလား . ."

ခင်မြွေ. . .အဘိုးရဲ့ နှုတ်မှ တစ်လုံးချင်း ထွက်လာသည့် စကားလုံး များကို မှတ်သားရင်း အဘိုးကို အံ့ဩသလို ငေးကြည့်နေသည်. . .။

ခင်မြွေ မျက်ရည်စက်လက်နှင့် ခေါင်းကို ညိတ်လိုက်သည်။

"လုံမကို မှာချင်တာက. . .လူ့ဘဝသက်တမ်းဆိုတာ တိုတောင်း တယ်ကလေးရဲ့၊ ဒါကြောင့် . . .လူ့ဘဝလေးရသည့် အခိုက် ဒါန၊ သီလ၊ ဘာဝနာပြုပါ. . .၊ အဲဒါမှ. . .ဘဝကူးကောင်းပြီး မြတ်သောဘုံဘဝ ဘုံဌာနမှာ ခုလို ဒုက္ခဆင်းရဲ သောကများနဲ့ ကင်းဝေးပြီး ငြိမ်းချမ်းစွာနေရမယ်ကွဲ့။ လူ့ဘဝမှာ လူအဖြစ်နဲ့ ပြန်၍ သံသရာလည်ခဲ့ရင်လည်း . . .ကောင်းသော အကျိုးနဲ့ လူဖြစ်ရမယ်ကွဲ့. . .၊ ဒါကြောင့်. . .ဘုရား၊ တရား၊ သံဃာ မမေ့ နဲ့. . .၊ မကြာခင် လုံမလေး . . .စကားပြန်ပြောနိုင်ပါစေ. . .ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်များ . . .စောင့်ရှောက်မိုင်းမတော်မူပါ. . .ခင်ဗျား . . ."

အဘိုးသည်. . .သူပြောချင်. . .မှာချင်သည်များကို ပြောပြီးနောက် သူမ ဦးခေါင်းကို သုံးကြိမ်သုံးခါ လက်ဝါးနှင့်သပ်ကာ. . .ထွက်သွားခဲ့သည်။ သူမ. . .တရွေ့ရွေ့သွားနေသည့် အဘိုးနောက်သို့. . .ပါးစပ်မှ အော်ခေါ်ရင်း လိုက်သည်။



၄၁

ညပက်ရောက်တော့ အလွန်ထူးဆန်းသည့် အိပ်မက်ထစ်ခုကို ခင်မြွေမက်သည်။

အိပ်မက်ထဲမှာ. . .မနက်က တွေ့ခဲ့ရသည့် ယောဂီဝတ်အဘိုးအိုနှင့် ရုပ်ဆင်းသ ဏ္ဍာန် ထပ်တူနီးပါးတူသော အဘိုးအိုတစ်ဦးရယ်၊ ပိတ်ဖြူခေါင်း ပေါင်းကြီး ပေါင်းလို့ ထုံးစံအတိုင်း တောင်ဝှေးကြီးထောက်လို့ ရောက်လာ သည်။

သူက ခင်မြွေ့ကို သရက်ပင်အောက်မှ လက်ယပ်ခေါ်နေသည်။ သူမ အဘိုးရှေ့သို့ရောက်သောအခါ အဘိုးရဲ့ မျက်နှာကိုစေ့စေ့ကြည့်ပြီး ရှေးဘဝက တော်စပ်ခဲ့ဖူးသည့် ဆွေမျိုးသားချင်းအလား သတိတရဖြစ်ကာ မျက်ရည်များ စီးကျလာသည်။

"အင်း . . .လုံမလေး . . .လုံမလေး . . .သွားချင်လိုက်တဲ့လူ့ဘဝ အခုပျော်စရာတွေနဲ့ ညည်းကြုံရရဲ့လားကွယ် လုံမရဲ့. . .ဟင် . ."

ခင်မြွေ အဘိုးရဲ့စကားဆုံးတော့ ရှိုက်၍ငိုသည်။ အဘိုးလည်း ပြောရင်း ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်. . .အဘိုးက လှည့်ရှုမျှ မကြည့်တော့။ မြန်လွန်းလှသည်. . .။ မျက်စေ့အောက်မှာပင် မှုန်ဝါးဝါး. . .အခိုးအငွေ့သ ဏ္ဍာန်များဖြစ်ကာ. . .ကွယ်ပျောက်သွားခဲ့သည်။

သူမ. . .နှုတ်မှ အသံပီသအောင် မထွက်နိုင်သော်လည်း 'အဘိုး' ဟု အားကုန်အော်ခေါ်လိုက်သည်။ အဆက်မပြတ် အော်ခေါ်နေသည်။ အဘိုးကြားနိုင်မည့် ထင်ရာကို မှန်းဆ၍ အော်ခေါ်နေမိသည်. . .။

"အဘိုး . .အဘိုး . ."

"ခင်မြွှေ. . .ခင်မြွှေ. . ."

"အူး . .ဝါး . .အူး . .ဝါး . ."

စူးစူးအစ်အစ် အော်သံကြောင့် မချွေးမ. . .ခင်မြွှေကို လှုပ်နှိုးလိုက်သည်။ ခင်မြွှေ အူးဝါး . .အူးဝါး အော်ရင်းမှ. . .လန့်နိုးလာသည်။ သူမ ငုတ်တုတ်ထထိုင်လိုက်သည်။ အမေက မီးခွက်ကို ထွန်းလိုက်ပြီး ဘာဖြစ်တာလဲလို့ စိုးရိမ်တကြီးမေးနေသည်။

ခင်မြွှေ ဝဲယာတောင်မြောက်သို့ လိုက်ရှာကြည့်နေမိသည်။ ကဲလားကို ဖြူးကနဲ ဖွင့်ပြီး. . .ဓားကြီးစွာဖြင့် သရက်ပင်အောက်သို့ လှမ်းကြည့်လိုက်သည်။ အမေသည်. . .သူမ ဘာဖြစ်နေသည်ကို. . .အဓိပ္ပါယ်နားမလည်ပဲ. . .နောက်မှ လှမ်းကိုင်လှုပ်ကာ. . .တမေးထဲ မေးနေသည်. . .။

အပြင်မှာ လရောင်က ဖြာကျနေသည်။ သရက်ပင်အောက်မှာ ဘယ်သူမှ မရှိ။

"ဟဲ့. . .ခင်မြွှေ. . .ဘာဖြစ်လို့တုံး . .သမီး . ."

သူမ. . .ရေသောက်ချင်လာ၍ အမေ့ကို. . .ရေသောက်ချင်ကြောင်း လက်ဟန်နှင့်ပြလိုက်သည်။ အမေခပ်ပေးသော ရေကို သောက်ပြီးနောက် အိပ်မက်ကို သူမဖာသာ သူမ. . .ပြန်စဉ်းစားကြည့်မိ၏။

အိပ်မက်ရဲ့ အစရော အဆုံးရောကို. . .သူမအမှတ်ရနေသည်. . ရွှေညောင်ပင်အောက်မှာ ကြုံခဲ့ရသည့် အဘိုးကိုလည်း သတိရနေသည်။ ရွှေညောင်ပင်မှာ တွေ့ခဲ့ရသည့် အဘိုးနှင့် အိပ်မက်ထဲမှ တွေ့ရသည့် အဘိုးသည် ရုပ်ဆင်းသ ဏ္ဍာန်မှအစ တပ်အပ်နီးပါးတူလွန်းလှသည်။





သူတို့ နှစ်ဦးစလုံး ပြောသွားခဲ့သည့် စကားများသည် အံ့ဩဘနန်းကြယ်ဖွယ် ကောင်းလှသည်။ အိပ်မက်ထဲက အဘိုးက. . .ကသစ်ပင်အောက်ကို လာခဲ့တဲ့. . .။

သူမ. . .ကိုယ့်အဓိပ္ပါယ်နှင့်ကိုယ် လက်ခံကာ. . .ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ဘုရားစင်ရှိရာသို့ လက်အုပ်ချီကန်တော့လိုက်သည်။ သည့်နောက် ရွှေညောင်ပင် အဘိုးရုက္ခစိုးရှိရာသို့ ရည်မှန်း၍ မေတ္တာပို့လိုက်သည်။

ပြီးမှ. . .ကျေနပ်အားရသောဟန်နှင့်. . .အမေ့ကိုယ်လုံးကို အားရပါးရဖက်ပြီး. . .အမေ့ပါးကို နမ်းလိုက်သည်။ မချွေးမသည်. . .ထူးဆန်းသောသမီးရဲ့ အပြုအမူကြောင့် အံ့ဩနေရသလို. . .ထူးထူးခြားခြား ညကြီးသန်းခေါင်ကျော်မှ ပြုံးပြုံးရွှင်ရွှင် ရှိနေ၍ ဝမ်းလည်းသာခဲ့ရသည်။

"လန့်လိုက်ပါဘိ. . .ခင်မြွှေရယ်. . .ညည်းဖြစ်မှုဖြင့် အထိတ်တလန့်ချည်းပဲ. . .ဘာဖြစ်မှန်း . .မသိဘူး . .ကဲ. . .အိပ်တော့. . .ပြန်အိပ်တော့. . .အိပ်မက်မက်နေတာလား . ."

"အင်း . ."

"အိပ်မက်က. . .ကြောက်စရာကောင်းလို့လား . ."

"ဟင့်အင်း . ."

"နင့်အဖေ လာတွေ့လို့လား . ."

"ဟင့်အင်း . .ဟင့်အင်း . ."

"ဒါဖြင့်. . .ဘယ်သူ. . .လာပြန်ပြီလဲ. . ."

သူမခေါင်းကို ရမ်းလိုက်သည်။ အိပ်မက်ထဲမှာ အဖေမဟုတ်တာတော့ သေချာသည်။ သူမ ဝမ်းသာကြည်နူးဟန်ဖြင့် အိပ်ယာပေါ်သို့ အသာလှဲလိုက်သည်။ အမေသည် မျက်လုံးများမှေးပြီး ဝမ်းသာကြည်နူးနိုင်ပြနေသည်။ သမီးလုပ်သူရဲ့ နဖူးဆံစလေးများကို ကြင်နာစွာပွတ်သပ်ရင်း အဖေမဲ့သည့် ကိုယ်ဝန်ဆောင်သမီးကို အစွမ်းကုန်တတ်စွမ်းနိုင်သမျှ ကြင်နာမှုပေးခဲ့သည်။

သူမသည်. . .အပျိုစင်ဘဝတုန်းကကဲ့သို့ မျက်နှာပေါ်က အဖြူအလှများက သန့်စင်နေဆဲ ပါးလေးတွေမို့နေဆဲ နှုတ်ခမ်းလေးများ ထွဲနေဆဲ၊

www.burmeseclassic.com

www.burmeseclassic.com



[illegible] ကို မှတ်လိုက်သည်။ ပါးသည် နှုတ်ခမ်းသို့ နှုတ်ကျွတ်သန့်နေသဲ၊ [illegible] ပြီးနောက်. . .မီးခွက်ကို ဟူးခနဲ မှုတ်၍ငြိမ်းလိုက်သည်။

♛♛♛♛♛

## ၄၂

ဒီနေ့. . .တပေါင်းလပြည့်နေ့ဖြစ်သည်။

တပေါင်းလပြည့်နေ့ရောက်တိုင်း ရွာထဲမှာ နေခဲ့စဉ်က ရွာဦးစေတီသို့သွားခဲ့မြဲဖြစ်သည်။ အဲဒီမှာ ပန်းရေချမ်း ဆီမီးကပ်လှူသည်။ နဂါးရုပ်ရှေ့မှာ မေတ္တာပို့၍ ဆုတောင်းစကားများ ဆိုခဲ့သည်။

အခု. . .အဲဒီကို သွား၍မရတော့။

အဲဒီ ရွာထဲက စေတီအစား. . .ရွာပြင်မှာရှိသည့်. . .ရွှေညောင်ပင်အဘိုးကွန်းစင်မှာပဲ. . .ဒါနအမှု. . .ကုသိုလ်အမှုများကို ပြုရတော့သည်။

အဲဒီမှာ ပန်းရေချမ်း လဲလှယ်သည်။ ခရီးသွားများ သန့်ရှင်းစွာ ားနေနိုင်ရန် အမှိုက်သရိုက်များကို လှဲကျင်းသည်။

ဒီနေ့လည်း. . .ရွှေညောင်ပင်ရှိရာသို့ ရောက်လာခဲ့ပြီ. . .ညောင်ရေ းများ ပန်းပေါင်းများစွန့်၍ ပန်းသစ်နှင့်လဲပြီး သောက်တော်ရေအိုးကို ည့်သည်။ ဆီမီးထွန်းပေးသည်။ ပြီးနောက် ရွှေညောင်ပင်မှာ ရှိကြသည့် ရှိုလ်များအားလုံးနှင့် 'သုံးဆယ့်တစ်ဘုံ'သားများကို အမျှပေးဝေသည်။

ဘဝပေါင်းက တော်စပ်ခဲ့ဖူးသော အဆွေအမျိုးများ အမိအဖများ



www.burmeseclassic.com

www.burmeseclassic.com



ကို အမျှပေးဝေသည်။ ကိစ္စအားလုံးပြီးတော့ အိမ်သို့ပြန်လာလိုက်သည်။

အပြန်ခရီးတွင် နောက်ဘက်ဆီမှ လိုက်လာသည့် ခြေသံကို ကြားလိုက်ရသည်။ အသံက လူနှစ်ယောက် သုံးယောက်လိုက်လာသည့် ခြေသံမျိုး သို့နှင့် သူမလှည့်ကြည့်လိုက်သည်။ ဟော. . .ခြေသံများက ပျောက်သွားသည်။ ရှေ့သို့ ပြန်လှည့်၍ဆက်လျှောက်သည်။ ခြေသံများက နောက်က နောက်က လိုက်လာနေပြန်သည်။ လှည့်ကြည့်ရင် . . .ဘာမှ မတွေ့ရ။

သူမ ကြက်သီးမွေးညင်းများထ၍ ခပ်သုတ်သုတ် လျှောက်လိုက်သည်။ ဗိုက်ကခံနေ၍ စိတ်ထင်တိုင်း လျှောက်၍မရ။ အမေသင်ခဲ့ဖူးသည့် ဘုရားဂုဏ်တော်တစ်ပိုဒ်ကို နှုတ်မှ အသံမထွက်ရွတ်လိုက်သည်။ သည့်နောက် ခြေသံများ ဝေး၍ကျန်ခဲ့တော့သည်။

အိမ်ရောက်သောအခါ အမေက လပြည့်နေ့မို့ ဘုရားကို အကျ အနဆွမ်းကပ်ပြီး ဘုရားရှိခိုးနေသည်။ အမေ့ရဲ့ ဘုရားစာရွတ်သံများသည် နားထောင်ရတာ နားအရသာရှိလှသည်။ ဘုရားရှိခိုးပြီးတော့ အမေက နောက်သို့လှည့်၍

"သမီး. . .ဘယ်သွားနေတာလဲ"

သူမက ရွှေညောင်ပင်ရှိရာသို့ လက်ညှိုးထိုးပြလိုက်သည်။

"ဗိုက်က မနည်းတော့ဘူးအေ့. . .သိပ်လျှောက်သွားမနေနဲ့"

သူမက ကိစ္စမရှိဟု လက်တာပြလိုက်ပြီး အမေ့ကို သူမနှင့် လိုက်ခဲ့ရန် ခေါ်လိုက်သည်။

"ဘယ်တုန်း. . .ခင်မြွေရယ်. . .ခုပဲ. . .ပြန်ရောက်တယ်. . .ခု ပြန်ထွက်မလို့လား"

သူမ အမေ့လက်ကိုဆွဲ၍ ဟို လယ်ကွင်းရှိရာသို့ လက်ညှိုး ထိုးပြလိုက်သည်။ မိခင်ဖြစ်သူ မျက်လုံးကျယ်သွားသည်။

"ကွင်းထဲကို. . .ဘာလုပ်ဖို့တုန်း"

သူမက တစ်စုံတစ်ဦး ကြားမှာစိုးသည့်အလား ပါးစပ်မှာ လက်ညှိုး ကပ်၍ "ရှူး" ဟု လုပ်ပြကာ ခုပဲသွားရန် မိခင်လက်ကိုဆွဲလိုက်သည်။





မချွေးမသည် သူမအဖြစ်ကိုကြည့်၍ တစ်ခါတစ်ခါ ရူးချင်သလို ဖြစ်ခဲ့ရသည်။ ဒီကလေးမသည် ကိုယ်ဝန်ရကာနီးကတည်းက ထူးဆန်းခဲ့လိုက် သည်မှာ. . .သားသည်မိခင်ဖြစ်ကာနီး အထိ ထူးဆန်းနေဆဲဖြစ်သည်။

"နောက်နေ့မှ သွားပါလားအေ. . ."

"ဟင့်အင်း. . .ဟင့်အင်း"

သူမက မိခင်လက်ကိုဆွဲ၍ မရမနေခေါ်နေသဖြင့် နောက်ဆုံး မထူးပါဟုဆိုကာ သားအမိနှစ်ဦး ရွာပြင် ဟို လယ်ကွင်းရှိရာသို့ ပုဆိုးတစ် ထည်စီ ခေါင်းအုပ်ပြီး ထွက်လာခဲ့လိုက်သည်။

နေရောင်ခြည် ပူအားကောင်းနေသည်။ ကွင်းလေသုန်သုန်က တိုက်ခတ်နေ၏။ ကွင်းထဲမှာ စပါးရိုပ်ပြီးအချိန်မို့ လူရှင်းနေ၏။ သူတို့ ဦးတည်နေသည်မှာ လမုပင်ချောင်းရိုးရှိရာသို့ဖြစ်၏။ လမုပင်ချောင်းရိုးအရပ် သည် လူသူအသွားအလာ အလွန်နည်းသည့်အရပ် ဖြစ်၏။

သည်နေရာသည် ဒီရေရောက်သစ်ပင်များ ပေါက်ရာ ချောင်းကမ်း ပါး မှာရှိ၏။ မြွေဆိုးများပေါ၏။ ဘယ့်နှယ့်လုပ်ပြီး ဒီနေရာကိုမှ ဒီကောင်မလေး ဦးတည်ခေါ်သွားနေပါလိမ့်။

ဆိုရလျှင် သည်နေရာဝန်းကျင်ကို တော်ရုံတန်ရုံလူ မသွားရဲ ကြ။ သည်နေရာမှာ ဘယ်သူမှ လယ်သွားမနုတ်ကြ။ နွားလည်း မကျောင်း ကြ။ သတ္တိကောင်းသူ အချို့သာ ထင်းလိုလျှင် သွားခုတ်တာ ပဲရှိသည်။ ခု ခင်မြွေက ဗိုက်ကြီးတပြဲသားနှင့် လှုပ်လှုပ်လှုပ်လှုပ်သွားနေသည်။

မချွေးမ ဘေးမှ ထိန်းမ၊ ဖေးမ လိုက်နေရသည်။

မကြာခင် သူမတို့ခြုံများ၊ လမုပင်များ ထူသည့်နေရာထူ ကျဲသည့် နေရာကျဲ ပေါက်နေသည့် ချောင်းစပ်သို့ ရောက်လာသည်။ ခင်မြွေသည် တောင်မြောက်လေးပါးကို လိုက်ကြည့်နေ၏။

အိပ်မက်ထဲမှာ အဘိုးပြောတာက ကသစ်ပင်အကြီးကြီးတဲ့။ သူမ ကသစ်ပင်အကြီးကြီးကို လိုက်ရှာကြည့်သည်။ ဟော. . .ဟိုဘက်မှာ ကသစ် ပင်ကြီးတစ်ပင် အကိုင်းအလက်များက ဆူးများဖြင့်ဖြာလို့။

ခင်မြွေဝမ်းသာအားရဖြင့် ထိုအပင်ကြီးကို လက်ညှိုးထိုးပြပြီး ဝမ်း



www.burmeseclassic.com

www.burmeseclassic.com



သာနေသည်။ ပြီးနောက် မိခင်၏လက်ကိုဆွဲ၍ ခပ်သုတ်သုတ်သွားတော့သည်။

မချေးမ သမီးကိုကြည့်၍ အံ့ဩနေ၏။ ဒီနေရာကို ကိုငှက်ရိုးနှင့် နွားပျောက်ရှာရင်း သုံးကြိမ်ခန့်ရောက်ခဲ့ဖူးသည်။ အချို့က ဒီနေရာသည် ကြမ်းသည်ဟု ဆိုကြသည်။ သူရဲခြောက်သည်။ ဥစ္စာစောင့်များ တွေ့ရသည်ဟု. . .ဆိုကြသည်။

တစ်ခါများ နွားပျောက်လိုက်ရှာသည့် ကိုလှသောင်း. . .။ ဒီနေရာကနေ အလွန်လှပသည့် အမျိုးသမီး သူစိမ်းတစ်ယောက်က လက်ယပ်လှမ်းခေါ်၍ နွားပျောက်မရှာတော့ပဲ ပြန်ပြေးခဲ့ရ၏။

ကိုတိုးစိန်ကြီးတစ်ယောက်လည်း . .။ ထင်းခုတ်လာရင်း . .။ မွှေးမွှေးကြိုင် နံ့သာနံ့များက တစ်လှည့်။ စူးဝါးသော လူသေပုတ်နံ့များ တစ်လှည့် ရှူရှိုက်ခဲ့ရပြီ။ လူမမာညည်းသံကြီး မျိုးကြားရ၍ ထင်းမခုတ်ရဲပဲ ထွက်ပြေးခဲ့ရပြီး။ အိမ်မှာ သုံးရက်ခန့် လန့်ဖျားဖျားခဲ့ရသည်။

မချေးမ လန့်နေ၏။ ခင်မြွေကား လုံးဝ ကြောက်စိတ်မပြ။

သူတို့နှစ်ဦး ကသစ်ပင်အောက်သို့ ရောက်သောအခါ ခင်မြွေက ခဏဟု လက်ပြပြီး ကသစ်ပင်အိုကြီးကို လှည့်ပတ်၍ လိုက်ကြည့်လိုက်သည်။ သည်မှာပဲ. . .ခနိုပင်များကို လေတိုး၍ တရှဲရှဲတဝုန်းဝုန်း အပင်ချင်း အပင်ချင်း ရိုက်သံများကို ကြားလိုက်ရသောအခါ မချေးမပို၍ သွေးလန့်လာသည်။

သို့ရှိစဉ် . .သင်းပျံ့ထုံသင်းလှသော နံ့သာရနံ့များ အနီးဝန်းကျင်မှာ လှိုင်လာ၍. . .မချေးမ ဥစ္စာစောင့်တွေလာသည် မှတ်ကာ။ မြေမှုန်နှင့် နဖူးတို့၍ ဘုရားစာများရွတ်လိုက်၏။

ခင်မြွေကား . .နဖူးမှ ချေးများကို သုတ်ရင်း . .ခဏနားယိုက်သည်။

"ရှီ . .ရှီ . .ရှီ . .ရှီ"
"ရှီ . .ရှီ . .ရှီ . .ရှီ"
"အမလေး . .မြတ်စွာဘုရား . .ကယ်တော်မူပါ. . ."





မချေးမ ရုတ်တရက်ချည်း အနားကပ်၍ မြွေတွန်သံများကို ကြားလိုက်ရသဖြင့် လန့်ခုန်ပြီး ခင်မြွေနံဘေးသို့ ကပ်လိုက်သည်။ ခင်မြွေက မြွေတွန်သံကြားရသောအခါ အရမ်းကို ဝမ်းသာသွားခဲ့သည်။

မြွေတွန်သံကြားလျှင် ကြောက်စရာမလို။ မြွေများသည် သူမရဲ့ ယယ်ပေါင်းမိတ်ဆွေ အချစ်တော်များဖြစ်သည်။ သည့်နောက် မိခင်ကို သစ်မြစ်ဆုံပေါ်မှာ ထိုင်နေခဲ့ဆိုပြီး . .မြွေတွန်သံကြားရာ ဘက်သို့ လှမ်းသွားရန် ပြင်လိုက်သည်။ အမေက သူမ့ရဲ့လက်ကို စိုးရိမ်ကြီးစွာဆွဲ၍ မသွားပဲ အိမ်ပြန်ရန် ထိတ်ထိတ်လန့်လန့်နှင့် ပြောနေသည်။

ခင်မြွေကား . .မပူနှင့်ဟု လက်ကာပြရင်း . .မြွေတွန်သံရှိရာသို့ ပြေးသွားလိုက်သည်။

ထိုစဉ် ကသစ်ပင်အောက်ကျင်းထဲမှ နက်ပြောင်ရှည်လျားလှသည့် မြွေဟောက်ကြီးတစ်ကောင်သည် တရှူးရှူး အသံပေးကာ. . .ကျင်းထဲမှ အပြင်သို့ ထွက်လာသည်။ မြွေဟောက်ကြီးသည် ခင်မြွေကို မြင်သောအခါ ပါးပျဉ်းကြီးထောင်ခွက်၍ ယိမ်းကသလို ကပြီး တွန်သံပြု၏။

မြွေဟောက်ကြီး ပါးပျဉ်းခွက်၍ လှုပ်နေသည်ကို မြင်တော့ ခင်မြွေ ကပါအလိုလို ကချင်သလို မရိုးမရွဖြစ်လာခဲ့သည်။ အိပ်မက်ထဲက အဘိုးပြောသည့်အတိုင်း မြွေကြီးကို မြင်နေရပြီ။ သူမ ယိမ်းထိုးလှုပ်ရှား နေသည့် မြွေကြီးရဲ့ ရှေ့မှာ လက်ဝါးနှစ်ဘက်ကို ထောင်ပြလိုက်သည်။ မြွေကြီးလက်ဝါးနှစ်ဘက်ပေါ်မှ အမည်းစက် စက်ဝိုင်းနှစ်ခုကို စိုက်ကြည့်ပြီး ဦးခေါင်းကို ညိတ်တုံ့သက်တုံ့ပြု၏။

မချေးမကား ခင်မြွေနှင့် မြွေဟောက်ကြီး ယိမ်းကသလို ကြည်နူးနေသည့် မြင်ကွင်းကို မျက်စိရှေ့မှာ မြင်လိုက်ရသောအခါ အသည်းတယားနှင့် ထိတ်လန့်ကြောက်ရွံ့လျက် မကြည့်ရဲတော့သောကြောင့် မျက်စိစုံမှိတ်ရင်ကိုလက်နှင့်ဖိရင်း . .ဘုရားသာတ နေမိတော့သည်။

ဒါနှင့်အတူ ကွင်းပိုင်၊ တောပိုင် တောင်ပိုင်တို့အား . .အမှားများရှိခဲ့ပါက ခွင့်လွှတ်ပါရန်နှုတ်မှ ထပ်၍တောင်းပန်လိုက်မြန်သည်။

မကြာမီ မြွေဟောက်ကြီးသည် လမုတောဘက်သို့ တိုးဝင်



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားတော့၏။ သည့်တော့မှ ခင်မြွေက အဘိုးလမ်းညွှန် ပြောဆိုခဲ့သည့်အတိုင်း မြွေကျင်းထဲသို့ ငုံ့ကြည့်လိုက်သောအခါ မျက်လုံးနှစ်လုံးဝိုင်းစက် အံ့သြခဲ့ရတော့သည်။

သို့နှင့် မိခင်လုပ်သူကို ဝမ်းသာအားရ လက်ယပ်ခေါ်လိုက်သည်။ မချွေးမက လန့်၍မလာရဲဟု လက်ခါခါ၊ ခေါင်းရမ်းရမ်းလုပ်သည်။ အတန်တန်ခေါ်တော့မှ မဝံ့ရဲဝံ့ရဲနှင့် ခင်မြွေအနီးသို့ ကပ်လာလိုက်သည်။ ခင်မြွေက ကျင်းထဲသို့ လက်ညှိုးထိုးပြ၍ ငုံ့ကြည့်လိုက်ရာ . .

"ဟယ် . . .ငွေ . . .ငွေ . . .ဒင်္ဂါးတွေ . . ."

"အင်း . . .အင်း . . .အဟီး . . .ဟီး . . ."

"ငွေဒင်္ဂါးတွေ အများကြီးပဲ . . .ဒါ . . .ဒါ . . .ဘယ်သူ့ . . .ဥစ္စာလဲ ဟင် . . .ဟင် . . .သမီး . . ."

ခင်မြွေက သူမရဲ့ရင်ပတ်ကို ပုတ်၍ သူ့ပစ္စည်းဟု ဖြူးရယ်ပြီး ပြောလိုက်သောအခါ မချွေးမ အကြီးအကျယ် အံ့သြပြီး ခင်မြွေကို အထူးအဆန်းလို ကြည့်နေမိတော့သည်။

သည်မှာ . . .ခင်မြွေက ငွေဒင်္ဂါးပြားများကို ကောက်ကိုင်၍ ကြည့်လိုက်သည်။ ဒင်္ဂါးပိုက်ဆံများက အသစ်ကျပ်ချွတ်အတိုင်း ဖြူဖွေးဝင်းပြောင်နေသည်။ သူမ ဘာလုပ်ရမှန်းမသိတော့။ အိပ်မက်ထဲမှာ . . .အဘိုးက . . .မြွေကြီးထွက်သွားသည်နှင့် မြွေကျင်းထဲက တွေ့သည့်ပစ္စည်းများကို လုံမနိုင်သလောက် လိုချင်သလောက် ယူသွားဟု ဆိုသည်။ ခုတွေ့နေပြီ . . သို့သော် မယူရဲသေး။ ယူလို့မှဖြစ်ပါ့မလား။

ထိုစဉ် နားထဲသို့ စကားပြောသံတစ်သံဝင်လာသည်။

"ယူလိုက်လုံမလေး ဒါ လုံမလေးဖို့ ယူ . . . ယူ . . ."

ကြားလိုက်ရသောအသံကား အိပ်မက်ထဲမှ အဘိုးရဲ့ အသံပဲဖြစ်၏။ သူမ အသံလာရာသို့ လှည့်ကြည့်လိုက်သည် အဘိုးအနားမှာမရှိ။ အသံတော့ သူမတစ်ယောက် အသေအချာကြားရသည်။ စိတ်များစွဲလန်းနေလို့လား။

ဟော . . .ဒုတိယအကြိမ် အသံကြားရပြန်ပြီ။ သူမ ဖြစ်ချင်ရာဖြစ်





ကျင်းထဲသို့ လက်ကိုနှိုက်လိုက်သည်။ ငွေဒင်္ဂါး လက်တစ်ဆုပ် ပါလာခဲ့သည်။ သည့်နောက် ပါလာသည့် အဖေ့ပုဆိုးဖြန့်ခင်း၍ ငွေဒင်္ဂါးများကို အားရဝမ်းသာ ကောက် ကောက်ထည့်လိုက်သည်။

အမေကာ . . .မကောက်နဲ့။ မကိုင်နဲ့။ ကြောက်စိတ်၊ လန့်စိတ်၊ စိုးရိမ်စိတ်ဖြင့် တစ်ကိုယ်လုံး တုန်နေသည်။ ခင်မြွေ ငါးကြိမ်ခန့် ကောက်ပြီးနောက် ပုဆိုးကို အထပ်ထပ်ပတ်လိမ်ထုပ်ပြီး ရင်ခွင်မှာပိုက်၍ ထလိုက်သည်။

"ရှီ . . ရှီ . . ."

"ရှီ . . ရှီ . . ."

မြွေဟောက်ကြီး သူ့ကျင်းရှိရာသို့ ပြန်လာနေသည်။ ခင်မြွေက ရှေ့တည့်တည့် နားဆီရောက်လာသည့် မြွေကြီးကို မေးငေါ့ပြလိုက်ရာ . . မြွေကြီးက လူကဲ့သို့ ဦးခေါင်းကိုညိတ်ပြီး သူ့ကျင်းရှိရာသို့ အေးအေးဆေးဆေး ပြန်ဝင်ပြီး ခွေနေလိုက်သည်။

ခင်မြွေက မြွေကြီးရှိရာသို့ လေးစားစွာ ဦးညွှတ်နှုတ်ဆက်လိုက်သည်။ သူတို့ လှူပ်ရှားမှုများကို ဘယ်သူများမြင်နိုင်မလဲဆိုပြီး သောဘီကို အကဲခတ်လိုက်သည်။

သည်နားပတ်ဝန်းကျင်မှာ လူကင်းနေ၍အော်သေးသည်။ သည့်နောက် မိခင်လက်ကိုဆွဲကာ ငွေဒင်္ဂါးထုပ်ပိုက်၍ ခပ်သွက်သွက်ခြေလှမ်းများဖြင့် တဲအိမ်ရှိရာသို့ ပြန်လာခဲ့တော့သည်။

နောက်ပိုင်း ဘာတွေဘယ်လို ဖြစ်လာမည်ကို မသိရပေမယ့် ခင်မြွေအရမ်းပျော်နေမိသည်။ အဖေများသာရှိရင် ဘယ်လောက်ဝမ်းသာလိုက်မလဲ။ အဖေ့ကိုသတိရသည်။ မချွေးမလည်း အိမ်နှင့်နီးလာတော့ လန့်လန့်နှင့်ပင် ရင်ထဲမှာ ဝမ်းသာလုံးဆို့နေသည်။

ငွေဒင်္ဂါးများဒီနေရာမှာရှိနေသည်ကို ခင်မြွေဘယ်လိုများသိနေပါလိမ့် ဒါတွေက ဘယ်သူ့ပစ္စည်းတွေလဲ . . . ရှေးတုန်းက လယ်သမား ဆင်းရဲ ချမ်းသာကြီးများမြှုပ်ဖွက်ထားခဲ့သည် ပစ္စည်းတွေများလား သူခိုးသူဝှက်တွေ လာစွန့်ဖွက်ထားသည့် ပစ္စည်းများလား။



www.burmeseclassic.com

www.burmeseclassic.com



ခင်မြွေလည်း မိခင်နည်းတူတွေးသည်။ အို . . သူတို့ကလာခိုးတာ မဟုတ်။ အိပ်မက်အရပေး၍လာယူတာဥစ္စာ အတိအကျကို ခေါ်ပေး၍လာယူ ရတာဥစ္စာရယ်။

♛♛♛♛♛

# ၄၃

ဆိုရလျှင်တော့ ထိုနေ့ထိုရက် ထိုအချိန်မှစတင်၍ ခင်မြွေတို့ သားအမိကြီးစွာသောဒုက္ခဆင်းရဲများစွာမှ လွတ်မြောက်ခဲ့ရတော့သည်။

စားရေးသောက်ရေးမပူရတော့။ မြွေကျင်းထဲမှ ငွေဒင်္ဂါးပြား (၇၅) ပြားတိတိရခဲ့သည်။ အချို့ကို သားအမိနှစ်ယောက် မြို့ပေါ်သို့ စွန့်စွန့်စားစား သွားရောက်၍ ရောင်းချခဲ့ရာ ငွေစက္ကူအတော်များများရခဲ့သည်။ အချို့ကို အိမ်အောက်မှာ ကျင်းတူး၍ မြှုပ်ထားလိုက်သည်။

ရင်းငွေများဖြင့် အိမ်မီးဖိုဆောင်အတွက် လိုအပ်သည့်ပစ္စည်းများ ကို ဝယ်ခြမ်း၍ ရွာသို့သယ်လာခဲ့သည်။

အခြားမြို့ရွာသို့ ပြောင်းရွှေ့ရန်စိတ်ကူးရှိပါသော်လည်း ဒီနေရာ သည် ခင်မြွေ့အဖေခေါင်းချခဲ့သည့်နေရာ အချစ်ဆုံးအားကိုးစရာ ရွှေ ဘောင်ကြီးပြိုလဲခဲ့သည်နေရာဖြစ်နေသည်။ ဘဝဖွံ့ဖြိုးမှု၏ ဘူမိနက်သန် သည်း ဖြစ်နေသည်။

ဒီအိမ် ဒီနေရာကိုရောက်မှ သူတို့ကံဇာတာတက်ခဲ့ပြီ။ ပြီးတော့ ညည်ရေသည့်မြွေသည် သူ့ယောက်ျား စားမဦးချ လယ်မြေလုပ်ပြီး ခေါ်းချ



www.burmeseclassic.com

www.burmeseclassic.com



သည့်မြေ။ ခင်မြွေလည်းဒီနေရာကို သံယောဇဉ်ဖြစ်ခဲ့ပြီး ဒီရွာဒီအရပ်က လူအတော်များများက သူတို့ကို မုန်းကြသော်လည်း သူတို့အဖို့က ဒီရပ်ဒီရွာကို တွယ်တာခဲ့သည် သံယောဇဉ်ကြီးခဲ့သည်။

ဒီအရပ်သည် သူမတို့မျက်ရည်ကျခဲ့ရာ အရှက်ရခဲ့ရာ အရပ်ဖြစ်ခဲ့သလို သူမတို့ကြီးပွားချမ်းသာရာ အရပ်လည်းဖြစ်နေသည်။

ဒါကြောင့် သည့်မွေးရပ်မြေမှပဲ အပြီးတိုင်ခေါင်းချနေသွားပြီး ကုသိုလ်ကောင်းမှုပြုတော့မည်ဟု ဆုံးဖြတ်ချက်ချကြသည်။ အိမ်ကိုလည်း အသစ်ပြင်ဆောက်လိုက်သည်။

ခင်မြွေတို့ရုပ်ချည်း အခြေအနေကောင်းလာသည်ကို မြင်ရသောအခါ ဒီပါ အံ့ဩခဲ့ရသည်။ ဒီပါရောက်သွားတော့ သားအမိနှစ်ဦးက မြို့မှဝယ်လာသည့် စားကောင်းသောက်ဖွယ်များကို ချကျွေးကြ၏။ အစားအသောက်ကောင်းများက ဒီပါ တစ်ခါမှ မစားဘူးသည့် စားချင်စရာများ မုန့်တွေကစုံလှသည်။ ယိုတွေလည်းပါသည်။ ကိုင်လိုက်သည်နှင့် ရနံ့များက မွှေးကြိုင်နေသည်။

"ဒေါ်လေး . . ဒေါ်လေးတို့ . . . အဆင်ပြေတာ ဝမ်းသာတယ်ဗျာ ဘယ်လိုလုပ်ပြီး အခြေအနေကောင်းကြတာလဲ . . ."

ဒီပါက တကယ်ကို လိုက်လိုက်လှဲလှဲဝမ်းသာလွန်း၍ မေးလိုက်ခြင်းပဲဖြစ်သည်။

"ဪ ဟော ဒီလိုပါ၊ လူကလေးရယ် . . . မင်းညီမက မြို့ကဘုရားဖူးချင်လှဆိုလို ရှိစုမဲ့စုနဲ့ ဘုရားဖူးသွားခဲ့တာပဲဟော့ ကံများကောင်းချင်တော့ သူ့အဖေအမျိုးတွေနဲ့ ဘုရားမှာသွားဆုံပြီး ဇာတ်ပေါင်းကြရော ဆိုပါစို့ကွယ် အဲဒီ ဒို့များဘဝကို သိသွားပြီး ဆွေမျိုးတွေ တစ်ယောက်တစ်လက် ပိုင်းဝန်းကူညီထောက်ပံ့ကြလို့ နည်းနည်းပါးပါး အဆင်ပြေတာပါပဲ လူကလေးရယ်" စားနော်စားစား အားမနာနဲ့ဟဲ့ . . ခုမှပဲ . . . ကျွေးနိုင်ရတာဟော့။

"စားမယ် ဒေါ်လေး . . စိတ်ချ . . ဒါဆိုလည်းဒေါ်လေးရာ ဒီနေရာမှာ ဒေါ်လေးတို့ နေရတာ အခက်အခဲတွေနဲ့ ကျဉ်းကျပ်လာပါတယ်





မြို့ပေါ်ပဲ ပြောင်းကြပါတော့လားဗျာ။ ဒီ မေးခွန်းက မေးကြမည့် မေးခွန်းဖြစ်သည်။ အခု တစ်ယောက်က စမေးပြီ။

"အေးကွဲ့ ပြောင်းတော့ ပြောင်းမှာပေါ့ ကွယ်၊ ဒါပေမဲ့ ဒီနေရာက နှင့်ဦးလေး ကိုငှက်ရိုးခေါင်းချတဲ့ နေရာဖြစ်လို့ အပြင် . . မင်းနှမ ခင်မြွေက နေပါဦး အမေရယ်ဆိုလို့ . . . ဆိုင်းနေတာကွဲ့၊ မြို့က အမျိုးတွေကလည်း သူတို့နဲ့လာနေကြဖို့ ပြောပါရဲ့ကွယ်၊ တစ်နေ့နေ့တော့ ပြောင်းရမှာပါပဲ . . မောင်ဒီပါရေ . ."

ဒေါ်ဆွေးမက ရှေ့ရေးအစီအစဉ်ကိုခင်းပြသည်။ ခင်မြွေမျက်နှာပေါ်မှာ ယခင်ကလို ပင်ပန်းနွမ်းနယ်မှုများမတွေ့ရတော့၍ . .ဒီပါ ဝမ်းသာကြည်နူးခဲ့ရသည်။ အပြန်မှာ . . . ခင်မြွေက . . . သူ့အတွက်လက်ဆောင်ဆိုလားအသားကောင်းသည့် စွပ်ကျယ်လက်ပြတ်လေးတစ်ထည်ပေးလိုက်ရာ ဒီပါ ဝမ်းသာလွန်း၍ စွပ်ကျယ်အင်္ကျီကို အထပ်ထပ်အခါခါနမ်း နေမိ၏။ ညှိုး

သူ့အဖြစ်ကိုကြည့်၍ ခင်မြွေလည်းပျော်ရွှင်နေ၏။ စွပ်ကျယ်အသစ်ကလေး မိတ်သားရနံ့လေးသင်းနေသည်။ ငါ ဒီအင်္ကျီကို အလှူအတန်းမှ ဝတ်မယ် ခင်မြွေဟု ပြောလိုက်တော့ ခင်မြွေကပြုံး၍ ခေါင်းညိတ်ခဲ့လေသည်။

ခဏနေပြီး ဒီပါ ခင်မြွေတို့ အိမ်မှ ပြန်ထွက်လာခဲ့လိုက်သည်။ ဒီပါရဲ့ ကောင်းမှုကြောင့် ရွာထဲမှာ ခင်မြွေတို့အခြေအနေကောင်းလာသည့် သတင်းသည် လွင့်သွားခဲ့သည်။

ဒီသတင်းကို ကြားရတော့ ခင်ဆုံတို့ အာကျယ်ခင်စိန်တို့အုပ်စု အံ့ဩသွားကြ၏။ ဟုတ်ပါ့မလားဟု တီးတိုးမေးကြ၏။ တစ်နေ့ ရွာပြင်လမ်းမှာ ခင်မြွေကိုမြင်ရမှသူတို့ တကယ်ယုံကြည်သွားခဲ့ရသည်။

ခင်မြွေသည် ယခင်ကလို နွမ်းနွမ်းချိချိ မှိန်မှိန်ပါးပါးမဟုတ် သန့်ရှင်းသော အဝတ်အစားများနှင့် ရွာထဲမှာ တော်ရုံမိန်းမမဝယ်နိုင် သည့်ဖိုက်ဖုံးအင်္ကျီနှင့် သနပ်ခါးပေါ်မှာ ပေါင်ဒါတွေဘာတွေနှင့် အပူအပင်မရှိသော မျက်နှာနှင့်။

ဒီလို ထူးခြားသော ပြောင်းလဲမှုများကို မြင်လိုက်ရသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာစိတ်မပွားနိုင်တော့ပဲ တစ်မျိုးလှည့်၍ ဆိုတော့သည်။

"မဟုတ်မှလွဲရောအေ့. . . သင်းရဲ့ တိတ်တိတ်ပုန်းလင်ကြီးက လျှို့ဝှက်ထောက်ပံ့နေတာပဲနေမှာ. . ."

"ဟုတ်တယ်တော့. . . ခင်ဆို့ . . ညည်းထင်ကြေးလွဲမယ်မထင်ဘူး . . . ကန်စွန်းရွက်ရေလုံပြုတ် စားနေတဲ့မိန်းမက. . . နေ့ချင်းညချင်း အရောင်ထွက်နေတယ်ဆိုတာ တစ်ယောက်ယောက်ကမှ မထောက်ပံ့ရင် ဘယ်လှည်းသမားက. . . လာထောက်ပံ့မလဲ အေ့. . ."

"လူကောင်းဆိုရင်. . . တော်ပါသေးရဲ့တော့. . .တော်ကြာ. . . လူဆိုးဓားပြသူပုန်များဖြစ်နေရင်. . . အကုန်ထောင်ထဲရောက်ကုန်ဦးမှာတော့ ငါတို့တော့. . . ကြောက်ပါတော်"

"ဟွန်း စောင့်နားထောင်ပါဦးအေ့. . .တော်ကြာ ကျော်မကောင်း ကြားမကောင်းကြားရပါ့မယ်။ ဒီပါဆိုတဲ့ကောင်းကလည်း ဘယ်နေ့ နဖားမှန့်တော့ခံရမလဲ မသိဘူး"

ဖြစ်ကြပြန်ပါပြီ

သူတစ်ပါး ကုန်းကောက်စရာ မရှိအောင်ခင်းရဲ့ဘောဘဝပျက်တုန်းကလည်း နိမ့်ပါးသည်ကိုကြည့်၍ နှစ်ပြားမတန်အောင် ကဲ့ရဲ့ရှုံ့ချခဲ့ကြ လည်း သူတို့ပဲ ဖြစ်သည်။

ယော အခု သူတို့ကသိုလ်ကံ အကြောင်းတရားနှင့် သူတို့ အဆင်ပြေလာသည်ကို မြင်ကြရပြန်တော့လည်း မုဒိတာ လုံးဝမပွားနိုင်ပဲ ထင်ကြေးတွေပေး၍ အပုပ်ချကြပြန်သည်။ မည်သို့ပေဖန် ပေဖန် ကဲ့ရဲ့ရှုံ့ချ ရှုံ့ချ ခင်မြွေတို့က ပန်းပန်မပျက်တော့။

ရွာထဲက အသိအပေါင်းများ ခင်မင်ရင်းစွဲများ ဖြစ်ကြသည့် ကိုသောင်းညွှန့်တို့ ကိုရွှေတို့ ကိုသံချောင်းတို့ကလည်း လာရောက် လှည့်ပတ် မေးကြမြန်းကြသည်။ ခင်မြွေတို့သားအမိ စားနိုင်စားသောက်နိုင် ရှိလာ သည်ကိုကြည့်၍ ဝမ်းသာအားကျကြသည်။ ပျော်ကြသည်။

တစ်နေ့ ခင်မြွေ ဒီပါအကူအညီနှင့် လက်သမားတစ်ဦးကို ခေါ်ပြီး ရွှေညောင်ပင်ရှိရာသို့ လာခဲ့ကြသည်။ ဒီပါက ရှာဖွေလို့ရသည့် သစ်တိုသစ်စ





များကို ထမ်းလာခဲ့သည်။ သည့်နောက် ယိုင်ရွဲ့ပျက်စီးနေသည့် အဘိုးအ ရက္ခစိုးကြီးနတ်ကွန်းကို အကောင်းတိုင်းဖြစ်အောင် ပြုပြင်လိုက်သည်။ အမိုးအကာများလည်း လုပ်ပေးခဲ့သည်။

ပုံနေသော ညောင်ရေအိုးနေရာမှာ အိုးသစ်များဖြင့် လဲလှယ်လိုက်သည်။ ပန်းသပြေသစ်များ ထိုးလိုက်သည်။ မကြာခင်အချိန်အတွင်း ရွှေညောင်ပင်အဘိုး ကွမ်းစင်လေးသည် မြင်ရသူ ရောက်လာသူတိုင်း ကြည့်ချင်ရှုချင် လှျူဒါန်းကုသိုလ်ပြုချင်စဖွယ်ကလေး ဖြစ်လာခဲ့သည်။

အဘိုးရုပ်ထုလည်း မိုးထဲနေအောက် နေစရာမလိုတော့ မိုးလုံလေလုံဖြစ်သွားခဲ့သည်။ ခင်မြွေနားလည်ခဲ့သည်မှာ သူမတို့ ဒီလို မပူမပင်ကြောင့်မကျ နေရခြင်းမှာ ရွှေညောင်ပင်အဘိုးရဲ့ ကျေးဇူးပါလိမ့်မည်ဟု ယုံကြည်သက်ဝင်နေမိသည်။

သို့ဖြစ်၍ အဘိုးရဲ့ကျေးဇူးကို တတ်နိုင်သမျှ ဆပ်နေခြင်းလည်း ဖြစ်သည်။ ခင်မြွေတို့သားအမိကို ရွှေညောင်ပင် ရုက္ခစိုးနတ်မင်းကြီး စောင့်ကြည့်ရှုနေမှာပဲဟု ထင်ကြေးပေးကြပြန်၏။ သားဆုပန်တုန်းကလည်း မကြာခင် ခင်မြွေကိုယ်ဝန် ထူးဆန်းစွာရရှိခဲ့ရသည်ကို သူတို့သိနေကြသည်။

ခင်မြွေတို့တောင် ဒီလိုလုပ်လို့ ဒီလိုကြီးပွားရင် ငါတို့လည်း အဲဒီလို လုပ်ကြမယ်ဆိုကာ ရွှေညောင်ပင်ရုက္ခစိုး နတ်ကွန်းထံလာ၍ လှူကြတန်းကြ လုပ်နေသည်။ ဆုတွေတောင်းကြသည်။

မချွေးမတို့ သားအမိက မြို့ကပြန်လာကတည်းက သင်္ကန်းဒွိစုံပါ ယူလာခဲ့သည်။ သည့်နောက် ရွာဦးကျောင်းဆရာတော်ကိုပင့်ကာ ကွယ်လွန်သူလင်အား ရည်စူး၍ အမှတ်တရ သွမ်းသင်္ကန်းများ ဝတ္ထုငွေ များ ကပ်လှူ ခဲ့သည်။ သားအမိနှစ်ဦး လှူဒါန်းမှုအစုစုအား အမျှဝေခဲ့သည်။ အဲဒီနေ့က သင်္ကန်းကပ်လှူပွဲမှာ ကိုသောင်းညွှန့်တို့လင်မယား ကိုသံချောင်းတို့လင် မယား ဦးလေးသာဟန်နှင့် ဒီပါ ဘသူတော်တို့သည်လည်း လာခဲ့ကြ သည်။

သက်တော်ရှည်ဆရာတော်ကြီးသည် မခင်မြွေကိုကြည့်၍ ဝမ်းသာ စကားဆို၏။ ကုသိုလ်ကောင်းမှုအကြောင်း ကံကြောင့်ဖြစ်ရသော ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တရားကို ဟောပြောသည်။ ဘသူတော်က ခင်မြွေတို့ရဲ့ အပြောင်းအလဲ တိုးတက်မှုကိုကြည့်၍ ဝမ်းသာတပြုံးပြုံးဖြစ်နေသည်။ သူလွန်ခဲ့သည့် တစ်ချိန်က ဟောခဲ့သည့်ဟောချက် ခုဒက်ထိမှန်နေပြီကိုး။ ဆရာတော်က ပြန်ကြွခါနီး၌ ခင်မြွေ ကုသိုလ်ကောင်းမှု များများလုပ်ကွယ့် ဒါမှ ဒကာမလေး နောင်ဘဝမှာ ဒီအဖြစ်မျိုးမှ လွတ်မြောက်လိမ့်မယ်ကွယ့်နော်ဟု ဆုံးမစကားဆို မိန့်ကြားခဲ့သည်။

ထိုနေ့က သူတို့တဲအိမ်ကလေးသည် ရယ်သံမောသံများဖြင့် ဝေစည်နေ၏။ တစ်ချိန်က စကားပြောရာမှာ အတန်ငယ် ဝန်လေးကြသော ရွာထဲမှ ရွာသူရွာသားများနှင့် သက်ကြီးအချို့ကပင် ကွင်းထဲမှာသွားရင်းလာရင်း တွေ့လျှင် မေးငေါ့ခေါင်းဆတ် နှုတ်ဆက်မှုသာ ပြုခဲ့သည်။ အချို့သော ရင်းနှီးသူများက ဈေးမှာ ငှားမှာစုံး၍ တွေ့လျှင် နှုတ်မှုမဆက်ဘဲ မျက်နှာလွှဲသွားကြသည်။

ခုခင်မြွေတို့ စိုစိုပြေပြေ အဆင်ပြေပြေကလေး ဖြစ်သည်ကို တွေ့မြင်ကြသောအခါ သူတို့ကစ၍ လိုက်လံဝမ်းသာဟန်နှင့် နှုတ်ဆက်ကြ၏။ "နင့်အမေနေကောင်းလား" မေး၏။ "ငါတို့လည်း သတိရပါတယ်ဟု" ဆိုကြ၏။

'လာလည်ဦးမယ်ဟေ့'...လည်းပါ၏။ အချို့က သွားရင်းလာရင်း မောရှိုဟုဆိုကာ ရေဝင်သောက် ခဏနားရင်း အကဲခတ်ကြ၏။

တစ်ချိန်က ရွာစည်းကမ်းဖောက်ဖျက်မှုနှင့် ရွာပြင်ထုတ်ခံရသည့် သူတို့မိသားစုသည် ဆေးဖော်ကြောဖက် လုပ်မယ့်သူမရှိခဲ့။ အခုလို လမ်းကြုံလို့ပဲ ဝင်ဝင်၊ မောလို့ပဲ ရေဝင်သောက်သောက်၊ ဘယ်လိုနေကြသလဲ သိချင်၍ အကဲခတ်ပဲလာလာ၊ ဖော်ဖော်ရွေရွေပဲ ဆက်ဆံခဲ့သည်၊ ဧည့်ဝတ်ကျေပွန်စေခဲ့သည်။

အိမ်မှာရှိတာလေးချ၍ ရေနွေးကြမ်းဖြင့် ဧည့်ခံသည်။ အချို့ကို စားပြီးမှ ပြန်ပါဟု ဖိတ်မန္တကကပြုသည်။ လာလည်ကြသော ရွာသူရွာသား များသည် အံ့သြကြ၏။ ဝမ်းသာကြ၏။ တစ်ချို့ကတော့ မဲ့ရွဲ့ကြဆဲ၊ မျက်စောင်းထိုးကြဆဲ၊ စကားအတင်းဆိုကြဆဲ၊ သမုတ်ကြဆဲ။





မိမိတို့ စီးပွားညစ္စာတိုးတက်လာမှုမှာ အဓိကကျေးဇူးရှင်များရှိသည် ကို ခင်မြွေတို့ သားအမိနားလည်သည်။ ပထမက ရတနာသုံးပါးပဲဖြစ် သည်။

ဒုတိယက ရွှေဘြောင်ရက္ခစိုးကြီးနှင့် အိပ်မက်ထဲမှာ ထူးဆန်းသော အဘိုးအိုဖြစ်သည်။ ပြီးတော့ ဘသူတော်ရဲ့ ကျေးဇူးတွေလည်းပါသည်။

ဒါကြောင့် ဥပုသ်နေ့ရောက်တိုင်း ရွာကျောင်းကို ဒီပါနှင့် ဆွမ်းအုပ် တစ်အုပ်ပို့ခဲ့သည်။ ရွှေဘြောင်ပင်အဘိုးကိုလည်း ဆွမ်း၊ ပန်း၊ ဒါနများ ပြုခဲ့သကဲ့သို့ ကသစ်ပင်အောက်မှ မြွေကြီးရှိရာသို့သွားပြီး မြေအိုးနှင့် နွားနို့များ ထည့်ယူ၍သွားရာ မြွေကြီးသောက်ရန် ပို့ပေးခဲ့သည်။ တစ်ကြိမ်မှာတော့ မြွေကြီးသည် ကျင်းထဲမှထွက်၍ နွားနို့အိုးထဲမှ နို့များကို အငမ်းမရသောက် နေသည်အား ခင်မြွေတွေ့ရပြီး ကြည်နူးဝမ်းသာဖြစ်ခဲ့ရသည်။

အချိန်သည် တရွေ့ရွေ့ကူးပြောင်းလာခဲ့၏။

တစ်နေ့တော့ အဲဒီနေ့က စနေနေ့နံနက်ပိုင်း ခင်မြွေ အိမ်ခေါင်းရင်း ဒရက်ပင်အောက်မှာ လမ်းလျှောက်နေရင်း ဝမ်းဗိုက်ထဲမှာ ရစ်၍ နာလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝမ်းသွားချင်သလိုလိုဖြစ်၍ အိမ်သာသွားသော်လည်း မသွား။ သည်မှာ ဗိုက်ထဲကကလေးက လှုပ်လွန်းအားကြီးနေ၏။ သို့နှင့်သူ၏မိခင်ထံသွားပြီး ဗိုက်ထဲကနာနေကြောင်း ခြေဟန်လက်ဟန်နှင့်ပြလိုက်သည်။

"ဗိုက်နာလို့လား သမီး . . "

"ရှိုးရှိုးနာတာလား . . .ကလေးလှုပ်လို့လား . . "

သူမအထဲက ကလေးလှုပ်သည့်ဟန်ကို လုပ်ပြလိုက်ရာ . .

"မွေးများ မွေးချင်လို့လား မသိဘူးဟဲ့"

"အား . .အား . . .အား . . .အီ . . .အီ . . .ကျွတ် . . .ကျွတ်"

"မဟုတ်မှလွဲရော ခင်မြွေရေ ညည်းမွေးချင်နေပုံရတယ်၊ အိမ်ပေါ်တက်စမ်း အမေလူကြုံရှာပြီး ဒေါ်မြချစ်ကို ခေါ်ခိုင်းလိုက်မယ်"

ဒေါ်ချွေးမ ထမိန်ပြင်ဝတ်ကာ လယ်ကွင်းထဲသို့ထွက်လာပြီး အသိကလေးတစ်ယောက်အား လက်ယပ်ခေါ်၍ လက်သည်ဒေါ်မြချစ်ကို ခေါ်ပေးပါရန် မုန့်ဖိုးပေးပြီးလွှတ်လိုက်သည်။ ကလေးက ဟုတ်ကဲ့ကြီးကြီးဟုဆိုပြီး ရွာထဲသို့ ပြေးဝင်သွားသည်။

ခင်မြွေသည် စုပ်သတ်ရင်း တိုင်ကိုကိုင်၍ ငြီးနေသည်။ ချက်နားမှ တစ်စတစ်စရစ်၍ နာလာသည်။ လူကြုံအဆင်ဆင့်ပြောလိုက်၍ ကိုသောင်းညွန့်မိန်းမ မခင်ကြို၊ သံချောင်းမိန်းမ မချို့နှင့် သိန်းရှင်တို့ပါ ရောက်လာသည်။

သူတို့ကလည်း ကလေးလေးငါးယောက် မွေးဖူးသူများဖြစ်၍ ခင်မြွေ့အခြေအနေကိုကြည့်ကာ မွေးချင်လို့ဆိုကြသည်။ မိန်းမချင်း စကားများဖြင့် ခင်မြွေ့ကိုဝိုင်းမေးကြသည်။ ခင်မြွေကလည်း ခေါင်းညိတ်သည်။

သည့်နောက် လိုရမယ်ရ ရေနွေးအိုးတည်ကြသည်။ သည်တွင် လက်သည်ဒေါ်မြချစ် သဘက်ကလေးကို ခေါင်းပေါ်တင်၍ရောက်လာသည်။

"ဟဲ့ ချွေးမ၊ ညည်းသမီး ဗိုက်နာလို့ဆို . . "

"ဟုတ်တယ် အမေချစ်ရဲ့ . . .မြန်မြန်ကြည့်ပေးပါအုံးတော့ . . "

ဒေါ်မြချစ်အိမ်ပေါ်တက်ပြီး ခင်မြွေ့ကို ဖျာပေါ်မှာ လှဲစေကာ စစ်ဆေးလိုက်သည်။

"ဟုတ်တယ် . . .မွေးတော့မယ် . . .ရေနွေးအိုးတို့ ဘာတို့ အနီးတို့





အသင့်ပြင်ထား ရွာသူများ ချက်ချင်းအလုပ်များသွားကြသည်၊ အိမ်ပေါ်သို့ ရေသယ်သူက သယ်၏။ ရေနွေးဆူ၍ အအေးခံသူက ခံ၏။ ဒေါ်ချွေးမက မွေးခန်းကို အရေးပေါ်ပြင်ပြီး အနီးများ စမ့်နက်ထုပ်များ နန္ဒင်းများ အဝတ်ပိုင်းများကို ချပေးလိုက်သည်။

ခင်မြွေသည် နာလွန်းလှ၍ လက်ကိုဆုပ်ညှစ်ပြီး အော်နေ၏။ ရွာသူများက ဘေးမှထိန်းပြီး နဖူးဆံပင်တွေကို သပ်ပေးလိုက်၊ ပုခုံးကိုညှစ်၍ အားပေးလိုက်နှင့် လုပ်နေသည်။

ဒေါ်မြချစ်သည် အရွယ်နှင့်မလိုက် ကြီးမားလွန်းလှသည့် အပျိုဗိုက်ကို ဂရုစိုက်၍ကိုင်ခဲ့သည်။ အချိန်တန်ကြာသည်အထိ မီးမဖွားနိုင်သေး ချွေးပေါက်များလည်း ကျနေ၏၊ အံကြိတ်ရလွန်း၍ သွားတွေလည်းနာနေပြီ။

ရွာသူတို့က အံမကြိတ်ရန် နံဘေးမှ တဖွဖွသတိပေးနေရသည်။

"အား . . .အား . . .အီး . . .အီး . . . "

ခင်မြွေအော်ရင်း ညှစ်ရင်းမောလာသည်။ ညှစ်နိုင်စွမ်းအားများကျ၍ မျက်လုံးလေး လှန်လှန်ပြီး အနီးရှိလူများကို အားကိုးတကြီး မော့ကြည့်နေရှာသည်။ မချွေးမသည် သမီးမျက်နှာကိုတစ်လှည့်၊ လက်သည်ဒေါ်မြချစ်မျက်နှာကိုကြည့်ရင်း စိုးရိမ်ကြီးစွာဖြင့် "ဘယ့်နှယ့်လဲဟု" မေးဆတ်ပြလိုက်သည်။

ဒေါ်မြချစ်လည်း နဖူးမှာချွေးပြန်နေပြီ။ သူ့သက်တမ်းတစ်လျှောက် ဒီလောက် လက်ဝင်သည့် မီးနေသည်မျိုး မတွေ့ဖူးဘူး။ အပျိုဗိုက်ဆိုတော့ ပိုဆိုးသည်။ ကြာတော့ စိတ်ပူချင်သလိုရှိလာသည်။

"ခင်မြွေ စိတ်ကိုမလျှော့နဲ့ ဒီတစ်ခါ နာလာရင် ကြိုးစားပြီးညှစ်လိုက်သမီး"

"အား . . .အ . . .အ . . . "

"ညှစ် . . .ညှစ် . . .ခင်မြွေ . . .ညှစ်ဟဲ့ . . .ရတော့မယ် . . .ညှစ် . . ညှစ် . . "

"ရပြီဟေ့"

လက်သည်ဒေါ်မြချစ်က မိခင်ဝမ်းမှာ ထွက်လာသည့် မွေးညီးကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲယူကြည့်လိုက်သည်။ ကြည့်ရင်း သူမမျက်လုံးပြူးကျယ်ဝိုင်းစက်သွား သည်။ ထွက်လာသည့် ကလေးကို ရွာသူတို့လက်သို့ ပြောင်းပေးလိုက်၏ ရွာသူနှစ်ဦးသည် ကလေးရဲ့မျက်နှာကိုကြည့်ပြီး လန့်အော်မလိုဖြစ်သွား ကြ၍ ဒေါ်မြချစ်က "ရှူး"ဟု သတိပေးကာ မျက်နှာတိ မျက်နှာထားပြ ဟန့်လိုက်ရသည်။

သူတို့ကလေးကိုကြည့်၍ တုန်လှုပ်ထိတ်လန့်နေကြသည်။

သည်မှာ ဒေါ်မြချစ်က မီးနေသည်ကိစ္စများကို ကုန်စင်သန့်ရှင်း အောင် ပြုလုပ်နေစဉ် မီးနေကူများအားလုံး ပို၍အံ့ဩစရာကောင်းသော အဖြစ်အပျက်တစ်ခုကို မျက်ဝါးထင်ထင်နှင့် နားဆတ်ဆတ်ကြားလိုက်ရကာ အားလုံးကြက်သေသေ အံ့အားသင့်ကုန်ကြသလို ပြောမပြနိုင်အောင်လည် ဝမ်းသာသွားကြသည်။

ထိုနေ့ နံနက်က အံ့ဩစရာအဖြစ်အပျက်သုံးခုကို ရှေ့ဆင့်နောက် ဆင့် အားလုံးမြင်တွေ့ကြရတော့သည်။

ပထမ အံ့ဩစရာအချက်က ခင်မြွေဝမ်းမှမွေးလာသည့် ကလေး၏ မျက်နှာပေါ်မှာ ကြောက်စရာကောင်းသည့် ကန့်လန့်ဖြတ်ဓါးခုတ်ရာကဲ့သို့ အမာရွတ်ကြီးတစ်ခု ပါလာခြင်းဖြစ်သည်။

၎င်းအမာရွတ်ကြီးသည် ဘယ်ဘက်မျက်လုံးပေါ်မှသည် နာခေါင်း ကို ကန့်လန့်ဖြတ်ပြီး ညာမေးရိုးအောက်သို့ နက်ရှိုင်းစွာထိုးဆင်းသွားသည်။ ဓါးခုတ်ရာကဲ့သို့သော အမာရွတ်ဖြစ်ရာ မြင်ရသူများ လန့်ဖြန့်တုန်လှုပ် သွားကြသည်။

ဒုတိယ အံ့ဩစရာအဖြစ်အပျက်က ခင်မြွေသည် မီးဖွားပြီးပြီးချင်း နှုတ်ဖျားမှ "အမေ"ဆိုသည့် စကားကို ပထမဦးဆုံး ပီသစွာပြောဆိုလိုက် ခြင်းဖြစ်ကာ. . .

တတိယ ထူးခြားချက်က ခင်မြွေရဲ့ရင်သွေးလေးသည် ယောကျ်ား လေးဖြစ်သော်လည်း အပြင်သို့ရောက်ပြီး မကြာခင် အသက်မရှိတော့ခြင်း ဖြစ်သည်။

♛♛♛♛♛

# ၄၅

လက်သည့် ဒေါ်မြချစ်၊ မခင်၊ မချိုနှင့် သိန်းရှင်တို့ မီးနေကူ ရွာသူများရဲ့ အကျိုးဆောင်မှုကြောင့် ခင်မြွေမီးဖွားသည့်သတင်း ကလေး အဖတ်မတင်သည့် သတင်း . .ကလေးမျက်နှာပေါ်မှာ ဓါးခုတ်ရာ ကန့်လန့် ဖြတ် အမာရွတ်ကြီးပါသည့်သတင်း. . .ပြီးတော့ ခင်မြွေစကားပြန်ပြောနိုင် သည့် သတင်းများသည် ရွာထဲမှာ တောမီးပမာ ချက်ချင်းပျံ့နှံ့သွားခဲ့သည်။ ဟိုးလေးတကျော်ကျော် ဖြစ်သွားခဲ့သည်။

ကြားရသူအားလုံး ခင်မြွေစကားပြန်ပြောနိုင်သည်ဆို၍ အံ့ဩသွား ခဲ့သလို ဝမ်းသာလို့လည်း မဆုံးနိုင်ကြ။ မချွေးမက ဝမ်းသာမဆုံးဖြစ်နေစဉ် သူ့သမီးက သူ့ကို"အမေ"ဟု ပီပီသသခေါ်သည့်အသံကို ပထမဆုံးအကြိမ် ကြားလိုက်ရသောအခါ အံ့ဩဝမ်းသာလွန်း၍ မျက်ရည်များကျပြီး ခင်မြွေပါးကို ဖက်နမ်းလိုက်သည်။

ရှာဦးကျောင်းမှ ဘုန်းတော်တစ်ချိန်က ဟောခဲ့သည့် ဟောချက် သည် မှန်လိုက်လေစွ။ အရုက်တကွဲ အကျိုးနည်းဖြစ်မယ်တဲ့။ လူရွှေနှံ့ ကင်းကွာနေရမယ်တဲ့။ မြွေကိုနိုင်သူ ဖြစ်လိမ့်မယ်တဲ့။ ကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မီးဖွားပြီး ပြန်စကားပြောလိမ့်မယ်တဲ့။

ဘာသူတော်ဟောချက်များ ဒက်ထိမှန်လွန်း၍ ဘာသူတော်ပညာအစွမ်းကို အံ့မခန်းဖြစ်ခဲ့ကြသည်။ တစ်ရွာလုံးကလည်း ခင်မြွေစကားပြောနိုင်သည်မှာ ဟုတ်ရဲ့လားဟု သံသယဝင်ကြသည်။

ခင်ဆုံတို့ အပျိုပိုင်းကဆို ဒီကိစ္စကို စိတ်ဝင်စားသလို ကိုကျော်ခင်တို့ ကာလသားအုပ်ကလည်း လှုပ်လှုပ်ရှားရှားဖြစ်ကာ စုံစမ်းမေးမြန်းကြတော့သည်။ မဖြစ်နိုင်ဘူး လောင်းကြေးစားကြေးပင် စိန်ကြသည်တဲ့. . .။

လက်သည်ဒေါ်မြချစ်က အမှန်တကယ်ဟုတ်ကြောင်းနှင့် မယုံလျှင်သူ့အိမ်သွား စကားပြောကြည့်ပါလားဆိုမှ အားလုံးတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ဘယ်လိုမှတွေးမရအောင် အထူးအဆန်းတွေတော့ဖြစ်ကုန်ပါပြီဟု ဆိုကြလေသည်။

ခင်မြွေပြန်စကားပြောနိုင်သည့်သတင်း ဒီပါကြားရသောအခါ ရေထမ်းလက်စကို ပစ်ချ၍ ရွာပြင်သို့ပြေးထွက်ခဲ့တော့သည်။ သူ့အမေမုဆိုးမကြီးက မသွားနဲ့ကောင်လေး. . .မီးဖွားနေတယ်ဟု အော်လိုက်သည့်တိုင် ဂရုမစိုက်ဘဲ ပြေးလာခဲ့လိုက်သည်။

အိမ်ရှေ့သို့ရောက်သောအခါ အဝတ်လျှော်နေသည့် ဒေါ်လေးမွေးမကို ဦးစွာတွေ့လိုက်ရသည်။

"ဒေါ်လေး. . .ဒေါ်လေး. . .ဟောဟဲ. . .ဟောဟဲ. . ."

"ဟဲ့. . .ဒီပါ. . .ဘာများမောကြီးပန်းကြီး ဖြစ်လာရတာတုန်းဟဲ့"

"ဒေါ်လေး. . .ခင်. . .ခင်မြွေ. . .စကားပြောနိုင်ပြီဆို. . .ဟုတ်လား"

"ဟုတ်တယ်ဟေ့. . .နင့်နှမစကားပြောနိုင်ပြီ. . .ဒီပါရေ. . ."

"ဟာ. . .ဝမ်းသာလိုက်တာဗျာ. . .အခုကျွန်တော်နဲ့ သူစကားပြောလို့ရမလားဟင်. . ."

"ရှူး. . .တိုး. . .တိုး. . .ခင်မြွေအိပ်နေတယ်. . .၊ နောက်နေ့မှလာလူလေးရဲ့နော်. . ."

"ဟုတ်. . .ဟုတ်ကဲ့ ဒေါ်လေး. . .၊ ကျုပ်ဝမ်းသာတယ်ဗျာ. . .အရမ်းကို ဝမ်းသာတယ်ဗျသိလား. . .ဟီး. . .ဟီး"

စိတ်ကူးသစ်စာပေ



ဒီပါဝမ်းသာလွန်း၍ အူမြူးနေသည်။ သည့်နောက် ဒီအကြောင်းကိုရွာထဲရှိ အိမ်တိုင်းစေ့သို့ လိုက်ပြောမည်ဆိုကာ သုတ်ခြေတင်၍ ပြန်ချလာသည်။

♛♛♛♛♛

www.burmeseclassic.com

www.burmeseclassic.com

## ၄၆

ခင်မြွေစကားပြောနိုင်သည့် အချိန်မှစ၍ စကားများကို မမောနိုင်မပန်းနိုင်ပြောတော့သည်။ အဲဒီမှာ အဖေ့ကို သတိရကြောင်းလည်းပါသည်။ သူမအပေါ် ရွာကရွာသူတွေ စိမ်းစိမ်းကားကား အထင်လွဲနေသည့်အကြောင်းလဲပါသည်။

ဒီပါသည် ခင်မြွေပြောနေသည့်စကားများကို နားထောင်ရင်း ပီတိများဖြစ်နေ၏။

"ခင်မြွေ မမောဘူးလားဟင်"

"မမောသေးဘူးဟ. . .၊ ငါသိပ်စကားပြောချင်နေတာ. . . အနှစ်နှစ်ဆယ်နီးပါးရှိတော့မယ်. . .ခုမှပြောရတော့တယ်. . .ပြောစရာတွေက အများကြီးဥစ္စာ. . ."

"ရော့. . .ရော့. . .ရေလေးဘာလေးသောက်ပါအုံး"

"ဟယ်. . .ဒီပါနော်. . .နင်နော်. . .ဟင်း. . ."

ခင်မြွေက ဒီပါကို လက်သီးဆုပ်နှင့်ရွယ်၍ ထုဟန်ပြင်လိုက်ရာ ဒီပါက ကိုယ်ကိုယိမ်း၍ စတာနောက်တာပါ ခင်မြွေရယ်. . .နင့်ကိုငါ ကြောက်





တာပါဟု ပြောလိုက်သည်။

"ဘာကြောက်တာလဲ. . .ပြောနော်. . .မှန်မှန်ပြော. . ."

"ကြောက်ရတာက ငယ်ငယ်ကတည်းက နင်ကမြွေဆိုမကြောက်ဘူး. . ."

"အင်. . ."

"ပြီးတော့ မြွေမြင်ရင် အရှင်ဖမ်းရဲတယ်. . ."

"ပြီးတော့ရော. . ."

"နင်ကိုက်ရင် အကိုက်ခံရသူဟာ မြွေဆိပ်တတ်သလို ညို့မည်းပြီး မူးမေ့သတိလစ်မတတ် ဖြစ်ရတယ်. . ."

"ဒါပဲလား. . ."

"ဒေါသထွက်ရင်. . .အသားတွေမည်းပြီး မျက်လုံးက သရဲမျက်လုံးလို. . ."

"ဟယ်. . .တိရိစ္ဆာန်ကောင်. . .ကဲ. . .ကဲ. . .ငါ့မျက်လုံးကိုများ သရဲမျက်လုံးတဲ့၊ ကဲပြောအုံး. . .ပြောအုံး"

သူမက ထိုင်ရာမှထ၍ ဒီပါ့ကျောကုန်းကိုထုသည်။ ဒေါ်ချွေးမက သူ့သမီးမျိုသိပ်ထားရသည့် စကားတွေကို ခုမှကုန်စင်ပြောနိုင်၍ ဝမ်းသာပီတိများဖြစ်ကာ ကျေနပ်ပျော်ရွှင်နေ၏။

သူ့သမီး အအမဟုတ်တော့ပါ. . .။

အခု ခင်မြွေစကားပြောနိုင်ခဲ့ပြီ. . .။

သို့နှင့်. . .တစ်နေ့ ဘသူတော်ကိုဖိတ်ကာ ဘသူတော်ကျေးဇူးများ လွန်းလှ၍ ပိတ်ဖြူပုဆိုး စားကောင်းသောက်ဖွယ်များဖြင့် ကန်တော့ခဲ့သည်။ သက်တော်ရှည်ဆရာတော်ကြီးအတွက်လည်း ဘသူတော်မှတစ်ဆင့် ဝတ္ထုငွေများ လှူဒါန်းသည်။ သည်မှာ ဘသူတော်က

"ခင်မြွေ. . ."

"ဘ. . ."

"သမီး အားလုံးကို အမှတ်ရပြီလား. . ."

"ဟုတ်ကဲ့. . .ရပါပြီ ဘ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ခင်မြွှေ ဘယ်ကလာတာလဲ သိလား . ."

"သိကြောင်းပါ ဘ. . ."

"ကိုယ့်အစွမ်းအစတွေရော သိရဲ့လား . ."

"သိပါတယ် ဘ. . ."

"သာဓု. . .သာဓု. . .သာဓု. . .ကိုယ့်ဘဝအကြောင်း ကိုယ်သိရင် ကောင်းမှုကုသိုလ်များများလုပ်. . .ဘာဝနာမှုများများလုပ်. . .ကြားလား လုံမလေး . ."

ဘသူတော်က ခင်မြွှေ့မျက်နှာကို စိုက်ကြည့်ပြီး ဆိုသောအခါ ခင်မြွှေကဟုတ်ကဲ့ဘ ဟုဆိုခဲ့၏။

ဘသူတော်ပြန်သွားပြီးနောက် ရွှေညောင်ပင် ရုက္ခစိုးရှိရာသို့သွားပြီး စားဖွယ်သောက်ဖွယ် မွှေးနံ့သာ ပန်းရေချမ်းများ ယူသွားပြီး ဒါနပြုကာ နှုတ်မှအသံထွက်၍ မေတ္တာပို့စကားများဆိုခဲ့သည်။

လမ်းမှာတွေ့ရသည့် ရွာထဲကလူတွေက ခင်မြွှေ့ကိုနှုတ်ဆက်ကြ၏။ ခင်မြွှေရဲ့ စကားပြောသံကို တစ်ကယ်ကြားရသောအခါ သူတို့လည်း ဝမ်းသာကြ၏။ ရွာအပျိုခေါင်း မစိန်ကား ဝမ်းသာလွန်း၍ခုန်နေ၏။

တစ်သားမွေးပြီးမှ သွေးသားသန့်စင်၍ တစ်သွေးလှလာသောကြောင့် ခင်မြွှေ့ကိုယ်လုံးသည် ဖွံ့ဖွံ့ဖြိုးဖြိုး မိုးမိုးမောက်မောက်နှင့် ပို၍ကြည့်ကောင်းနေသည်။ ကြွားကြွားထည်ထည်လည်း ရှိလာသည်။ ကျော်ခင်တို့ ကာလသားအုပ်စုက အလှသွေးသစ်လောင်းခဲ့သည့် ခင်မြွှေ့ကိုတွေ့ပြီးသောအခါ ထန်းရည်ဝိုင်းမှာ ခွက်လှည့်မော့ပြီး ချီးမွမ်း၍မဆုံးနိုင်ကြ။ ခင်မြွှေ့အသံကို စောင်းသံဟု ချီးမွမ်း၍ ခင်ဆုံ့အသံကို မောင်းကွဲသံဟု ရင်ဖွင့်ကြ၏။ ရင်ဖွင့်ရင်း သူကြီးနဲ့ ဆယ်အိမ်ခေါင်းများ လှမ်းကြည့်ရသည်။ နို့မို့ဆို ထိတ်တုံးစာ မိအုံးမယ်။

"ခင်မြွှေက အပျိုတုန်းကထက်အောင် လှနေပါတယ် ပေါက်ခေါ်ရဲ့"

"အဟီး. . .အလှမှ တစ်ရစ်နေတာပဲ. . .ဟိုဒင်း. . .ကြီးကလည်း"

"ဘာဟိုဒင်းလည်း သွားခေါ်ရဲ့"

"ဟို. . .ဟို. . . ဟိုဒင်း. . ."





"ဝါး. . .ဟား. . .ဟား. . .ဟား"

"သေချင်းဆိုးကောင်တွေ. . .တော်တန်တိတ်. . .ငါအမိန့်ပေးမယ် ဗျား"

"အမိန့်ရှိပါ ကာလသားခေါင်းမင်းခင်ဗျာ"

အားလုံးက ကိုကျော်ခင်ရဲ့ မူးကြောင်ရူးကြောင် အမိန့်သံကြောင့် ကပျာကရာ လက်အုပ်များချီ၍ မြေပြင်မှာ ခစားကာ အမိန့်သံနာခံဟန်လုပ်ကြ၏။

"အဟမ့်. . ."

"အဟွတ်. . ."

"ဟွတ်. . ."

"ဘယ်ကောင်လဲကွ အဟွတ်လို့အော်ပြီး အီးပေါက်တာ. . ."

"တဲတွေးသီးပြီး အီးထွက်သွားလို့ပါ ကိုကြီးကျော်ဘုရား. . .၊ ဘုရားကျွန်တော်မျိုးများ ကိုယ်တော်ကြီးအား မင့်မရဲ သံတစ်ပွင့်မှမျက်လုံးဝင်၍ မလျှောင်ရဲပါ ကိုကြီးကျော်ဖုရား. . ."

ထန်းရည်ကလေးတွေနေသည့် ဇာတ်ရူးမင်းသားရူး အောင်စိန်က မင်းသားအသံနှင့် ပင့်လေသည်ရှိသော် ရူးကြောင်မူးကြောင် ကာလသားခေါင်းသည် အလိုလိုဘဝင်များမြင့်သွားပြီး သဂြာလ. . .

"အိမ်း. . .ဆေးအုန်းသီးရွာကို အပိုင်စားရသည့် ငါ ကာလသားခေါင်းကျော်ခင် အမိန့်တော်မှတ်မယ်. . .၊ နာခံကြစေ. . .၊ ငယ်ကျွန်တော်ကြီးများ. . ."

"မှန်ပါ. . .၊ ကာလသားခေါင်းမင်း ခင်ဗျာ. . ."

"နှမတော်လေး ခင်မြွှေသည် သားရတနာတစ်ယောက် မီးရှူးသန့်စင်ဖွားမြင်ပြီးသည့် အချိန်မှစ၍ ရွှေနှုတ်တော်မှ စကားတော်များလည်း ပြန်လည်မြွက်ဟနိုင်ပြီ ဆိုပါလား မောင်မင်းများရဲ့"

"မှန်ပါ ကိုယ်တော်ကြီးဖုရား"

"ဒါပြင် ပျိုစင်ဘဝကထက် အသားအရေ ဝင်းပါစိုပြေ ကလှပြီး ခသစ် ပိုမိုမျစ်မျစ်နှင့် ကျစ်လစ်တင့် စံပယ်. . .အဲ. . .အဲ. . .ဟုတ်ပေါင်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဖွံ့ထွားတင်ကား ပေါင်တံများတဲ့တိ၊ ရင်အုပ်ကချို၊ မျက်လုံးတော် ပလီတီတီနှင့် သူမဇါ်ရယ်သံကြားသောအခါ ငါတော်မြတ်. . .အူအသည်းများ ပြောင်းဆန်အောင် ယားလာသကွယ့်. . .မောင်မင်းများရဲ့. . .''

''ယားရင်. . .ခွေးလှယားသီး ဖျော်ရေသောက်ပါဖရား. . .''

''သယ်. . .ဘယ်ကောင်လဲကွ အဲဒါ. . .''

''သည်းခံပါဖရား. . .မလိမ်မိုး မလိမ္မာ. . .ခွက်ကျော်သောက်သည့် ကိုယ့်တော်ညီဘွား. . .ဂွတ်ထော်ရှည်းစား. . .မောင်စိန်ကုလားပါဖရား''

''ပမာမခန့်နဲ့ ခေါင်းပြတ်သွားမယ်. . .မောင်မင်းများရဲ့၊ ဒီတစ်ကြိမ်တော့ ရှိပါစေတော့၊ ဒီနေ့ကစ၍ ခင်မြွေ့ကို မည်သူမျှ မျက်စောင်းထိုး၍ မကြည့်ရ တခြားရွာသားများ လားလားမျှမသိရ၊ ခင်မြွေသည် မင်းတို့ကာလသားဝဲစား၊ ပဲစားအကြိုက်မဟုတ်. . .မင်းကြိုက်စိုးကြိုက် ကာလသားခေါင်းကြိုက်ဖြစ်စေရမည်၊ နက်ဖြန်မှစ၍ ခင်မြွေ့အိမ်ရှေ့မှာ သဲဖြူခင်း ရာဇမတ်ကာ တစ်သောင်းတန်တဲ့ ဒေါင်းလံစိုက်မယ်၊ ကန့်ကွက်မယ့်သူများ ရှိကြသေးသလားဟဲ့. . .''

''မရှိကြောင်းပါ ကာလသားခေါင်းမင်း ဘုရား''

''အိမ်း ထိုသို့ကန့်ကွက်မဲ့သူလည်း မရှိ၊ ပြိုင်ဖက်လည်းမရှိသဖြင့် ညီဘွားငယ်ကျွန်တို့အား. . .မင်္ဂလာဦးစကား နိဒါန်းသွားအဖြစ်. . .ဟော့ငပိန်. . .'' ဒီမှာစိတ်ညစ်လွန်းပြီး တိုင်မှီမှိုင်နေသော ထန်းရည်ဆိုင်ပင်ရှင် ငပိန်က ယောင်အအနှင့်

''ခင်ဗျာ. . .ကိုကြီးကျော်''

''သယ်. . .ဘယ်ကောင်လဲကွ၊ ကိုကြီးကျော်ဆိုတာ ပြန်ထုးစမ်း ငပိန်. . .''

ငပိန်အမူးသမားများနှင့် ဆက်မပြိုင်ချင်တော့၍–

''ဖ. . .ဖရား. . .''

''ငါငယ်ကျွန်တော်များအား ညွှန်ခံဖို့ သောက်တော်ထန်းရည်ငါးအိုးနှင့် အမဲခြောက်နားတိုးပြီး ယောက်ျားတန်ခိုးပြမှာမို့ မောင်မင်းငပိန် ရွှေလက်နှင့်ဆက်. . .''





''သင့်မြတ်တော်မူကြောင်းပါ ဘုရား. . .''

''ဖြောင်း. . .ဖြောင်း. . .ဖြောင်း. . .ထူ''

''ပြောင်တူ. . .ပြောင်တူ''

''ထိုနေ့က မိုးဖွားပြီးစ ခင်မြွေ့အလှကို မြင်ကြရကုန်သော ကာလသားခေါင်းနှင့် အမူးသမားနောက်လိုက်တို့သည် ဥမ္မာဒန္တီကို တွေ့ခဲ့ရသော ပု ဏ္ဏားတစ်သိုက်လို မူးမိုက်ရာက ရင်မီးထကာ အလှအိပ်မက်. . .ဘဝအိပ်မက်များမက်၍ ဗလွတ်ရွတ်တမျှားပြောပြီး ရူးကြလေတော့သတည်း''

www.burmeseclassic.com

www.burmeseclassic.com

## ၄၇

ခင်မြွေသည် တစ်သားမွေးပြီးမှ ပို၍လှလာ၏။ ထူးခြားခန့်ကြဲ့သော ဘာဝများကို ဖြက်သန်းခဲ့ပြီး။ စကားပြန်ပြောနိုင်သည့် ဘသို့ ရောက်သောအခါ အားလုံးက ခင်မြွေတို့သားအမိကို စိတ်ဝင်စားကြသည်။ လူတော့ လူပေပဲ ဒါပေသည့် ဆန်းကြယ်ဖြစ်စဉ်များနှင့် လူ။

သက်ကြီးအချို့ကဆိုလျှင် ခင်မြွေတို့သားအမိကို ဂရုဏာ သက်ဝင်ကြ၍ ရွာထဲသို့ ပြန်ခေါ်လျှင်ကောင်းမည်ဟု သူကြီးကို စကားစ ကြည့်ကြ၏။

သူကြီးက ရွာဓလေ့ထုံးစံစည်းကမ်းဖြစ်နေ၍ သူ့ခင်ပွန်းကို ထုတ်ဖော်ပြောပြနိုင်လျှင် ရွာကိုကန်တော့ပွဲပေး၍ တောင်းပန်၍ ပြန်ဝင်နိုင် သည်။ လက်ခံနိုင်သည်ဟု ဆိုသည်။ ဒီလိုမှမဟုတ်ဘဲ စွတ်၍သနား၍ ဆိုပြီး လက်ခံလိုက်လျှင် နောင်လူများကို ဆိုဆုံးမရခက်သွားမည်။ အကျင့် တန် အတင့်ရဲကုန်ကြလိမ့်မည်ဟု ဆို၏။

ထိုသတင်းများသည် ခင်မြွေ့နားထဲသို့ရောက်ခဲ့သည်။ ခင်မြွေ သည် ထုံးဓလေ့စည်းကမ်းနှင့် ပတ်သက်၍ မှားသည်မှန်သည် မဝေဖန်ခဲ့။ ဒါက အစဉ်အဆက်လိုက်နာခဲ့ကြသည့် ကိုယ့်ရပ်ရွာဓလေ့ စည်းကမ်းထုံးစံ





ပြောချင်တာ တစ်ချက်ပဲရှိသည်။ မိမိသည် လော်လီဖောက်ပြား၍ အကျင့် ပျက်ခဲ့ခြင်းမဟုတ်။

ဒီအကြောင်းကို ပြန်ပြောရရင်လည်း ဘယ်သူမှလည်း ယုံလိမ့် မည်မဟုတ်။

"သမီး . . .ကို. . .အမေ . . .မေးစရာရှိတယ် သမီးရယ်"

"ဘာလဲ. . .ဟင်၊ အမေ. . ."

"သမီးဟို. . .ဟို. . .ဟိုဒင်း. . .၊ဒေါ်ချွေးမ. . .သားအမိခြင်းပေမယ့် အားနာသလိုဖြစ်နေသည်"

"ဘာလဲ. . .အမေရဲ့၊ အမေ့စကားက ကိုးလို့ကန့်လန့်ကြီး . ."

"ဒီလိုပါ သမီးရယ်. . .၊ နွားနဲ့မနွာ ဖဝါးနဲ့နွာဆိုတဲ့ စကားလိုပဲပေါ့ အမေတို့သားအမိခြင်းပဲ သိချင်တာက သမီးကို စော်ကားသွားတဲ့ လူကို သမီးမှတ်မိလား . ."

ခင်မြွေအမေရဲ့ မေးခွန်းကြောင့် မျက်နှာချက်ချင်းရဲသွားခဲ့သည်။ ခင်လုပ်သူက သမီးမကြိုက်သည့် စကားမှန်းသိ၍ ဆက်မေးရကောင်းနိုး မေးရကောင်းနိုး စဉ်းစားနေသည် . . .။ ည့်။

"အင်း . . .သိတယ် . . ."

"သိတယ်. . .ဒါဖြင့်. . .သူ. . .သူ. . .ဘယ်သူလဲဟင်"

"မသိဘူး . ."

"အို. . .သမီးကလည်း. . .သိတယ်လဲပြောရဲ့၊ မသိဘူးလဲပြောရဲ့"

"အမေ"

"ဘာလဲ. . .သမီး. . ."

"အမေ သမီးကိုချစ်ရင် ဒီအကြောင်း နောင်ဘယ်တော့မှ မမေးပါ နဲ့ အမေ၊ ဒီ ဒီအကြောင်းကို. . .ပြန်သတိရတိုင်း သမီးရှက်လည်းရှက် တယ်၊ ရင်ထဲမှာလဲ နာကျည်းရတယ်၊ ဒေါသလည်း ထွက်တယ်၊ တောက် တစ်နေ့ပြန်ဆုံကြသေးတာပေါ့ဟာ"

"သမီး . . .သမီး ဘယ်သူ့ကိုကျိန်းနေတာလဲဟင်"

"မမေးနဲ့တော့ အမေရယ် . . .၊ သမီးအိပ်တော့မယ် . . ."



www.burmeseclassic.com

www.burmeseclassic.com



ခင်မြွေမျက်ရည်များသုတ်၍ ထိုင်ရာမှထပြီး အိပ်ခန်းထဲသို့ ဝင်သွားတော့သည်။ ဒေါ်ချွေးမက ငါမေးလိုက်လို့ စိတ်မကောင်းဖြစ်သွားပြီနဲ့ တူပ ရဲ့ဟု တွေးရင်း သမီးအခန်းရှိရာသို့ ဝင်လာလိုက်သည်။ စိတ်ညစ်ညစ်နှင့် အိပ်ပျော်သွားခဲ့သည့်ညက ခင်မြွေထူးဆန်းသော အိပ်မက်တစ်ခုကို မိုးလင်းခါနီး မြင်မက်ခဲ့ရပြန်သည်။ အိပ်မက်ထဲမှာ အဘိုးအိုကို ပြန်တွေ့ရသည်။ ခင်မြွေက အဘိုးကို ရုတ်ချည်းတွေ့မြင်ရသောအခါ ဝမ်းသာအားရဖြင့် "အဘိုး" ဟုခေါ်ရင်း ခြေစုံကိုဖက်ထားလိုက်သည်။ အဘိုးသည် တပြုံးပြုံးဖြင့်နေသည်။

"လုံမ. . .ဆုတောင်းပြည့်ခဲ့ပြီမဟုတ်လား . ."

"ဟုတ်ကဲ့ အဘိုး . ."

"အခု. . .လုံမစကားပြန်ပြောနိုင်ခဲ့ပြီ"

"ဟုတ်ကဲ့. . ."

"လုံမ. . .လုံမလေးဟာ. . .မြွေကိုနိုင်သူ မြွေနဲ့အကျိုးပေးကောင်းသူကွယ့်"

"ရှင်. . ."

"လုံမလေးကို. . .မြွေတွေက ချစ်ခင်စောင့်ရှောက်နေတယ်၊ ဒါက မြွေတွေအပေါ်. . . လုံမထားခဲ့သည့် မေတ္တာစွမ်းအင်ကြောင့်ပဲ၊ ပြီးတော့ လုံမက. . . မြွေဝင်စားဘဝကလာတဲ့ကလေးလေ ခုချိန်ကစပြီး . .သမီး . အနာဂါတ်အတွက်. . .အံဘွယ်မြင့်ခဲ့စရာရှိတယ်. . ."

"ဘာလဲဟင်. . .အဘိုး . .ဘာများပါလိမ့်"

"အခု. . .သမီး လက်ဝါး . .ဖြန့်ကြည့်လိုက်စမ်း . ."

"ဟယ်. . ."

ခင်မြွေအမူမဲ့ အမှတ်မဲ့နေခဲ့လိုက်၍ ဒီဖြစ်စဉ်ကိုသတိမထားမိ အခု အဘိုးပြောမှ သတိထားမိပြီး မိမိလက်ဝါးနှစ်ဖက်ကို ဖြန့်၍ အနီးကပ်ကြည့်လိုက်သောအခါ မွေးရာပါ အမည်းစက် စက်ဝိုင်းအတွင်းမှာ အရုပ်နှစ်ခုကို တွေ့လိုက်ရသည်။ သူမအံ့သြခြင်းဖြင့်–

"လာ. . .ခဲ့ ဒီကိုလာခဲ့. . ."





အဘိုးရဲ့အမိန့်ကြောင့် . .ခင်မြွေ လက်ဝါးနှစ်ဖက်ဖြန့်၍ အဘိုးရှေ့သို့ တိုးလာလိုက်သည်။ ခင်မြွေညာလက်ဝါးကို သူ့ဘယ်လက်ဝါးနှင့် ရိုက်သလို ဘယ်လက်ဝါးကိုလည်း ညာလက်ဝါးနှင့် ရိုက်ပြီး လက်အုပ်ချီစေသည်။

သည့်နောက် နှုတ်မှ မန္တာန်လိုလို၊ ဂါထာလိုလိုရွတ်နေသည်။ ရွတ်ဆို၍ပြီးသောအခါ "သမီး . .အစွမ်းအစတွေပြဖို့ အချိန်ကျပြီ. . . လူတွေရဲ့အမုန်းကို ပြေပြီး အမုန်းထဲကမေတ္တာ၊ သစ္စာကိုပြန်ရအောင်လုပ်ရတော့မယ်. . .သမီးဟာ ထူးဆန်းသော ပါရမီရှင်တစ်ဦးပဲ လူ့ဘဝမှာနေစဉ်အခိုက်. . .သမီးပတ်ဝန်းကျင်က ဒုက္ခရောက်သူလူအပေါင်းများရဲ့ အသက်ကို ကယ်နိုင်သမျှကယ်ရမယ်. .၊ ကူညီစောင့်ရှောက်ရမယ်. . .၊ ခုချိန်ကစပြီး သမီးလက်အစုံသည် ဆေးတစ်လက်ဖြစ်နေပြီ၊ အဲဒီလက်နှစ်ဖက်နဲ့ အထူးသဖြင့် မြွေကိုက်သူ၊ ပယောဂဝင်သူ၊ အပမှီသူများကို ကုသပေးရော . . အဘိုးပြန်မယ်. . .နောင်ကို အဘိုးနဲ့သမီး ပြန်တွေ့ကြဖို့ အခြေအနေက ပေးချင်မှပေးလိမ့်မယ်. . .၊ သမီးလိမ္မာအောင်နေပါ၊ ကုသိုလ်ပြုပါ၊ ကောင်းမှုပြုပါ၊ အဘိုးပြန်မယ်. . ."

အဘိုးသည် သူ့လက်စုံကိုလွှတ်၍ ဖြန်းခနဲ ပျောက်သွားခဲ့သည်။ သူမကအဘိုးဟု အော်ခေါ်လိုက်သည်။ အော်ရင်းနှင့်အတူ အိပ်ယာမှ လန့်နိုးလာခဲ့သည်။ သူမအော်လိုက်သံကြောင့် အမေလည်း နိုးလာပြီး သားအမိနှစ်ဦး ငုတ်တုတ်ထထိုင်သည်။ ဘာဖြစ်ပြန်ပြီလဲဟု အမေက မေးသည်။ သူမ မပြောနိုင်သေး အဘိုးပြောသွားသည့် စကားများကိုသာ ပြန်စဉ်းစားနေလိုက်သည်။ သည့်နောက် လက်ဝါးနှစ်ဖက်ကို အမှောင်ထဲမှာ အသာအယာ ပွတ်လိုက်ပြီး ရင်ထဲမှာ ကျေနပ်ဝမ်းသာသလိုဖြစ်လာခဲ့သည်။

ပြီးမှ မီခင်ကိုဖက်၍ အိပ်ယာပေါ်ပြန်လှဲချလိုက်သည်။ အဲဒီနေ့ မိုးလင်းပိုင်းမှာ နှစ်ခြိုက်စွာပြန်အိပ်ပျော်သွားခဲ့သည်။ မိုးစင်စင်လင်းမှပဲ နိုးတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၄၈

မကြာမီ. . .တစ်ရွာလုံး အံ့ဩသွားခဲ့ရသည့် ဖြစ်စဉ်တစ်ခုကို ခင်မြွေကိုယ်တိုင် ပါဝင်သရုပ်ဆောင်ခဲ့ရတော့သည်။ ခင်မြွေလည်း သူမကိုယ် သူမ အဲဒီလောက်အစွမ်းထက်မယ်လို့ မထင်ရိုးအမှန် ဒါပေမယ့် အိပ်မက်ထဲမှာ အဘိုးရဲ့ဆုံးမသြဝါဒကို နာခံသည့်အနေဖြင့် လူသားချင်းစေတနာထားကာ ရုတ်တရက် ကူညီလိုက်ခြင်းပဲဖြစ်သည်။

သို့သော်. . .သူမရဲ့ ကူညီလိုက်မှုက သူမရဲ့ဘဝကို 'တာ'သွားစေခဲ့သည်။

အဲဒီနေ့က ကောင်းကင်မှာ မိုးတွေညို့နေသည့်နေ့. . .

အိမ်မှာတို့စရာမရှိ၍ ကန်စွန်းရွက်ကောင်းကောင်းရသည့် ဦးရွှေတို့ လယ်ထိပ်က ရိုးကလေးသို့ ခမောက်ဆောင်းပြီး ထွက်လာလိုက်သည်။

ဒီရိုးဆက်ကလေးမှာ ကနဖော့အရိုးပွပွကြီးတွေရော၊ ကန်စွန်းရွက်တုတ်တုတ်ကြီးတွေရောရှိသည်။ ခင်မြွေက ကန်စွန်းရွက်ကို မကျည်းမှဲ့နဲ့ပြုတ်၍ တို့စားရတာကြိုက်သည်။ သို့နှင့်. . .ရိုးစပ်ကလေးမှာ စိမ်ပြေနပြေ ခူးနေလိုက်သည်။





ထိုစဉ် ရေမျက်နှာချင်းဆိုင်ဆီမှ ခင်ဆုံ၊ မိဒေါင်းနှင့် အာကျယ်ခင်စိန်တို့ကလည်း ခံတောင်းကိုယ်စီနှင့် အော်ကြီးဟစ်ကျယ် စကားများပြောဆိုရင်း . .ရယ်ရင်း၊ ဟီလာတိုက်ရင်း လာနေကြသည်။ ဘာမှမကြာလိုက် ခင်ဆုံရဲ့ ထိတ်လန့်တကြားအော်သံကို ကြားလိုက်ရတော့သည်။

"အား"

"ဟဲ့ . . .ဘာဖြစ်တာတုံး . . .ခင်ဆုံ"

"ငါ့. . .ငါ့. . .ခြေထောက်ကို. . .ကိုက်. . .ကိုက်"

"အမလေး . .မြွေကြီး . .လာကြပါဦး . . .၊ လာကြပါဦးတော့. . ဒီ. . .ဒီမှာ ခင်ဆုံ့ကို. . .ပိုး . . .ပိုး . . .ထိလို့. . ."

"အမလေး . .အမလေး . .ခင် . . .ခင် . . .စိန်"

ခင်စိန်က. . .ခင်ဆုံ့ကို ကြောက်လန့်စိုးရိမ်ကြီးစွာနှင့် ပွေ့ထားလိုက်သည်။ ခင်ဆုံအဆိပ်ဒဏ်ကြောင့် မဟာန်နိုင်ဘဲ. . .လဲကျလာသည်။

"ဦးရွှေတို့. . .ကိုသောင်းညွှန့်တို့. . .လာကြပါဦး . . .လာကြပါဦး"

"လာပြီ. . .ဟေ့. . .လာပြီ. . .ဟ. . ."

ခင်ဆုံ ကန်သင်းရိုးပေါ်မှာ ခြေဆင်းရင်း အသားများတုန်နေသည်။ ခြေခွကြားမှ သွေးများယိုစီးကျနေ၏။

"ဟိုမှာ. . .ဟိုမှာ"

တစ်ယောက်က ကျစ်စာပုံဘေးမှ မြွေကိုလက်ညှိုးထိုးပြလိုက်သည်။ ကိုရွှေက ခင်ဆုံ့ကို ဝိုင်းပွေ့လိုက်သည်။ တစ်ယောက်က ကျင်းထဲဝင်သွားသည့်မြွေကို တုတ်နဲ့ဝိုင်းထိုးရင်း၊ သတ်ရန်လုပ်နေသည်။ ခင်ဆုံက ပြင်းထန်သော မြွေဆိပ်ကြောင့် ပါးစပ်မှ အမြှုပ်ထရင်း မျက်ဖြူဆိုက်လာတော့သည်။ ခြေထောက်လည်း အဆိပ်ဒဏ်ကြောင့် မြှောက်မရတော့ဘဲ တစစညို့မည်းလာခဲ့သည်။ အာကျယ်ခင်စိန်က အော်ရှိုက်သည်။ မိဒေါင်းက ခင်ဆုံ့အမည်ကို တစ်ကြော်ကြော်အော်ခေါ်ရင်း လှုပ်၍မေးနေသည်။

"ခင်ဆုံ. . .ခင်ဆုံ. . ."

"ဦးရွှေလုပ်ပါဦး၊ ခေါ်လို့မရတော့ဘူး . .ဟီး . .ဟီး"

"ဟဲ့ တေရွတ် ဦးလေးကျောက်ခဲတို့ကို အမြန်ပြေးခေါ်စမ်း . ."



www.burmeseclassic.com

www.burmeseclassic.com



သွားခေါ်တရုတ် ရွာထဲသို့ပြေးဝင်သွားသည် ခင်ဆုံသည် မျက်ဖြူလန်နေသည်။ ဘယ်ညာလူးလိမ့်နေသည်။ ခင်မြွေ သူတို့အဖြစ်ကိုကြည့်၍ မနေနိုင်တော့။ မြွေကိုက်သည်ဆို၍ သူမစိုးရိမ်သွားသည်။

သည့်နောက် သူတို့အုပ်စုရှိရာသို့ ခင်မြွေပြေးချလာပြီး လူအုပ်ကို လက်နှင့်တွန်းဖယ်လိုက်သည်။ အာကျယ်ခင်စိန်သည် အရေးထဲမှ ခင်မြွေ့ကို ရုတ်ချည်းတွေ့လိုက်ရသောအခါ ဒေါသထွက်များ၍ တွန်းနှင်လွှတ်လိုက်သည်။

ခင်မြွေက ခဏလေး ငါကြည့်ပါရစေဟုပြောရင်း ခင်ဆုံ့အနီးသို့ တိုးလိုက်သည်။

"ခင်မြွေ နိုင်လုပ်တတ်လို့လား"

"ခင်မြွေ့အကြောင်းသိသည့် ကိုရွှေက ခင်မြွေ့ကိုမေးလိုက်သည်။ ခင်မြွေ့အာရုံထဲမှာ ဒီကိစ္စသူမ ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်နေမိသည်။ အာရုံထဲမှာ တစ်စုံတစ်ဦးကလည်း ကူညီလိုက်ဟု နှိုးဆော်နေသလို ခံစားလိုက်ရ၏။ အထူးသဖြင့် အဘိုးရဲ့အသံမျိုး နားထဲကြားနေရသည်။ ထူးတော့ ထူးဆန်းနေ၏။ သို့နှင့် ကိုရွှေ့အမေးကို ခေါင်းညိတ်လိုက်သည်"

ဒီမှာ ကိုရွှေတို့ ကိုသောင်းညွန့်တို့က နင်တို့ခဏသားဖယ်ကြဟု ပြောရင်း ခင်မြွေ့ကို ရှေ့တိုး၍ကြည့်စေသည်။

ခင်မြွေသည် ခင်ဆုံ့ခြေထောက်မှ မြွေကိုက်ဒဏ်ရာကိုကြည့်ပြီး ရုတ်ချည်း လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်သည်။ ပြီးနောက် လက်အုပ်ချီ၍ သစ္စာစကားဆိုလိုက်သည်။ ဒါနဲ့အတူ ကျေးဇူးရှင်အဘိုး ရွာဦးကျောင်းမှ နဂါးရုပ်ထုတို့အား အာရုံခံ၍ ကွင်းပိုင်၊ တောင်ပိုင်များကိုပါ မချန် မေတ္တာပို့လိုက်သည်။

ပွတ်နေသည့် လက်ဝါးနှစ်ဖက်သည် ဖျစ်ဖျစ်မြည်လာသည်။ ရွာသူတွေက ခင်မြွေ့လုပ်ပုံကို တအံ့တသြကြည့်နေကြသည်။ ခင်မြွေက လက်ဝါးနှစ်ဖက်ပူလာသောအခါ မြွေကိုက်သည့်ဒဏ်ရာကို ညာလက်ဝါးတစ်လှည့် ဘယ်လက်ဝါးတစ်လှည့်နှင့်အုပ်၍ သပ်ချလိုက်သည်။ မြွေများကို မေတ္တာစကားဆို၍ ယခုအဆိပ်ကိုလည်း ပြန်ထုတ်ယူရန် မေတ္တာရပ်ခံသည်။ ၎င်းနောက် အဆိပ်များကို လက်နှင့်အုပ်ယူရင်း အပြင်သို့ လက်နောက်ပြန်





လွှတ်ပစ်လိုက်သည်။

မြင်ကွင်းထဲမှာ ညိုမည်းနေသောအရေများနှင့် ညစ်ထေးသောအရေများ ဒဏ်ရာဝမှအန်ကျလာသည်။ မြင်ရသူများ အံ့သြကုန်ကြ၏။ သည့်နောက် ခင်မြွေက ညိုမည်းနေသည့် ပေါင်ရင်းမှစ၍ လက်နှင့်ညှစ်ချ သပ်ချလိုက်သည်။ အဆိပ်ရေနှင့်ရောနေသော သွေးညှစ်များသည် စိမ့်၍ စိမ့်၍ အန်ကျလာသည်။ ခင်မြွေကလည်း လက်နှင့်သပ်၍ချသည်။ ခဏနေသောအခါ သွေးမည်းများ ကုန်သလောက်ရှိသွားခဲ့သည်။

ခင်ဆုံရုတ်တရက် လူးလွန့်လာ၏။ အားလုံး ဟယ် ဟယ် ဟာ ဟု အာမေဋိတ်များပြုကာ ဝမ်းသာသွားကြသလို ခင်မြွေ့ကိုလည်း ထူးဆန်းသော မိန်းမတစ်ယောက်အဖြစ် ဝိုင်းကြည့်နေကြသည်။ ခင်မြွေကား လက်အုပ်ချီရင်း နှုတ်မှ မေတ္တာစကားများ၊ သစ္စာစကားများကို အဆက်မပြတ် ရွတ်နေဆဲဖြစ်သည်။ ခင်ဆုံ့တစ်ကိုယ်လုံးကို ဆေးဆရာကဲ့သို့ သပ်ချပေးလိုက်ရာ ခင်ဆုံ လွန်းလွန့်လာပြီး 'အမေ' ဟု ခေါ်လိုက်သည်။

"ခင်ဆုံ. . .ခင်ဆုံ. . .သတိရပြီလား သူငယ်ချင်း. . ."

"ခင်. . .ခင်. . .စိန်. . .ရေ. . .ရေပေးပါ. . ."

"နင် သတိရပြီနော် ဝမ်းသာလိုက်တာ. . .ခင်ဆုံသတိရပြီမို့လား ဟင်"

"အင်း. . .အင်း. . .ရ. . ရပြီ. . ."

"နင်ဖြည်းဖြည်းထ. . .ရပ်ကြည့်စမ်း. . .ရပ်ကြည့်စမ်း"

ခင်စိန်နှင့် မိဒေါင်းတို့က တွဲထူလိုက်သည်။ ခင်ဆုံမျက်လုံးကို ဖွင့်ကြည့်ပြီး ထရပ်လိုက်သည်။ သည်မှာ. . .ခင်မြွေ့မျက်နှာကို မမျှော်လင့်ပဲ တွေ့ရပြီး လန့်သွားသည်။

"ဟင်. . .ခင်. . . မြွေ. . .ခင်. . .မြွေ. . .နင်. . .နင်. . .ငါ့ကို. . ငါ့ကို"

ခင်ဆုံဒေါသများဖြစ်လာပြီး ခင်မြွေ့ကို လက်ညှိုးငေါက်ငေါက်ထိုးတော့ရာ အားလုံးက ဝိုင်း၍တားရ ရှင်းပြရတော့သည်။ ခင်စိန်ကလည်း အဖြစ်အပျက်ကို ရှင်းပြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဆုံ. . .ခင်ဆုံ. . .နင်. . .နင်. . .ခင်မြွေ့ကို အထင်လွဲမစောနဲ့ အုံး သူကုပေးလို့ နင်အသက်ချမ်းသာရတာ. . .သူသာလုပ်မပေးခဲ့ရင် နင်လောက်ဆို. . ."

"ဟင်. . .ငါ့ကို. . .ခင်မြွေ့ကုပေးခဲ့တာ. . ."

"ဟုတ်တယ်. . ."

"ဟုတ်တယ်. . .ခင်ဆုံရေ. . .ခင်မြွေ့ကောင်းလို့ နင်ပြန်ရှင်တာပေါ့. . ."

ခင်ဆုံ၊ ခင်စိန်တို့ ကိုရွှေတို့ရဲ့ ထောက်ခံစကားများ၊ ရှင်းပြချက်များကို ကြားရသောအခါ အကြီးအကျယ်အံ့သြသွားခဲ့ရသလို. . .ခင်မြွေ့ကို ကြည့်၍လည်း ကျောထဲမှ စိမ့်သွားခဲ့ရသည်။

"ငါ့ကို. . .ဒီကောင်မများ မြွေနဲ့တိုက်ပြီး. . .သူ့ပညာစွမ်းကိုပြချင်လို့ ခုလိုပြန်ကုပေးခဲ့ရောသလား. . .၊ သို့သော်. . .သူအသက်ချမ်းသာရခြင်းသည် ခင်မြွေ့ကြောင့်ဟု အားလုံးက ဆိုရင်းကျေးဇူးတင်စကားများ ဝိုင်းဆိုနေကြသည်။ ဝမ်းသာအားရခေါ်ကြ၊ ပခုံးဖက်ကြ၊ လက်ဆွဲကြလုပ်နေကြသည်။

သည်မှာ ခင်မြွေ့က မြွေကျင်းကို တုတ်နှင့်ထိုးတူးဆွနေသူများထဲသို့ သွားရောက်ပြီး မြွေကို မသတ်ရန် မေတ္တာရပ်ခံလိုက်သည်။ အချို့က သတ်မည် ဟု ဆိုကြ၏။

ခင်မြွေ့က အနူးအညွတ်မေတ္တာရပ်ခံတော့မှ မြွေသတ်ရန် အစီအစဉ်ကိုစွန့်လွှတ်လိုက်ကြသည်။ အမှန်က ထိုနေ့က သူတို့သည် မိန်းမတန်မဲ့ မဟုတ်ကဟုတ်က ပြောလာကြသည့်အတွက် ကွင်းမကြိုက်၍ ဖြစ်တာဟု နောက်ပိုင်း ဝေဖန်ပြောဆိုသူများကြားရသည်။

သွားခေါ်တရုတ်ကြီးပြေးခေါ်၍ သူကြီးနှင့်သူကြီးကတော်ကြီးရော အမျိုးတွေရော ငိုကြီးချက်မနှင့် အပြေးရောက်လာကြပြီး ခင်ဆုံကိုမေးမြန်းပွေ့ဖက်ကြတော့သည်။

အားလုံးက ခင်ဆုံမြွေကိုက်ခံရပြီး သတိလစ်မလိုဖြစ်နေစဉ် ခင်မြွေ ဟင်းရွက်ခူးရာမှ ထလာပြီး သစ္စာဆိုကာ လက်ဝါးနှင့်သပ်ချကုပေးခဲ့သော





ကြောင့် အဆိပ်များထူးဆန်းစွာပြန်ထွက်လာပြီး ခင်ဆုံပြန်ကောင်းလာခြင်း ဖြစ်ကြောင်းဝိုင်းပြောပြကြသောအခါ သူကြီးဦးကျောက်ခဲမိသားစုသည် ခင်မြွေကိုအံ့သြသောမျက်လုံး၊ ကြောက်လန့်သောမျက်လုံးတို့နှင့် ကြည့်နေကြတော့၏။

သည်မှာကိုရွှေက လူရှင်းခြင်း အကြောင်းသိမို့ အားလုံးသံသယကင်းစေရန် အများရှေ့မှာ မေးခွန်းတစ်ခုမေးလိုက်သည်။

"ခင်မြွေ. . . တူမက မြွေကုနိုင်လို့လား"

ခင်မြွေက ခပ်တည်တည်ပဲ ဟုတ်ကဲ့ဟု ဆိုလိုက်သည်။

"ဘယ်တုန်းက သည်ပညာတွေတတ်လာတာလဲ"

ဒီမေးခွန်းဆုံးတော့ ခင်မြွေက သူ့လက်ဝါးနှစ်ဖက်ကိုအများရှေ့မှာ ဖြန့်ပြလိုက်သည်။

'ဟယ်'

'ဟာ'

အားလုံးမြင်လိုက်ရသည်ကား ခင်မြွေ့လက်ဝါးပြင်နှစ်ဖက် အရေပြားပေါ်မှာ ပါးပြင်းထောင်နေသည့် မြွေရုပ်နှစ်ရုပ်နှင့် အမဲစက် စက်ဝိုင်းနှစ်ခုပဲ ဖြစ်သည်။ ၎င်းလက်ဝါးပေါ်မှ မြွေရုပ်နှစ်ရုပ်သည် မကြာခင်ကမှ ထူးဆန်းစွာပေါ်လာသော မြွေရုပ်များဖြစ်သည်။

လက်ဝါးပေါ်က အစက်စက်ဝိုင်းများကား မွေးကတည်းကပါလာသည့် 'အာဏာစက်' များဟု ဘသူတော်ပြောဖူးသည်။ လျှာပေါ်မှာလည်းရှိပါသေးသည်။

ဒီလက်ဝါးပေါ်မှ မြွေရုပ်များ၏ စွမ်းရည်နှင့်အဘိုးချီးမြှင့်ခဲ့သော သမားလက်သည် ဒီဌချက်ချင်း မြွေကိုက်သူကို ကုသပေးနိုင်ခဲ့သည်ပြီး ခင်မြွေအရမ်းဝမ်းသာခဲ့ရသည်။ ဒီလက်ဝါးနှစ်ဖက်နှင့် အဘိုးကဆေးကုတဲ့၊ မြွေကိုက်သူမှန်သမျှကိုကူညီတဲ့၊ အဘိုးဆန္ဒအတိုင်းလုပ်ခဲ့သည်။ အောင်မြင်သည်။ ပျော်လိုက်တာ။

သူမ သည်လက်နှစ်ဖက်နှင့် ဖြစ်နိုင်လျှင်အပြစ်မဲ့လူကောင်းများရဲ့ ဒုက္ခဝေဒနာများကို ကယ်တင်ပါမည်။ ကူညီပါမည်ဟု သံဓိဋ္ဌာန်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခု မြွေဟောက်မ၊ ငန်းတော်ကျားမ၊ မြွေအလမွာယ်မ၊ ကဝေမ၊ စုန်းမ ဟု အမည်မျိုးစုံအတပ်ခံခဲ့ရသည့် မိမိသည် ကိုယ့်ကိုတူးတူးခါးခါးမုန်းနေသည့် သူ၏ အသက်တစ်ချောင်းကို မေတ္တာသစ္စာနှင့် ကုသပေးနိုင်ခဲ့ပြီ။

သူမအိမ် အပြန်လမ်းကား . .။

♛♛♛♛♛

၄၉

ခင်မြွေ မြွေနိုင်သည့် သတင်းနှင့် မြွေကိုက်ဝေဒနာကိုကုသပေးနိုင်သည့်သတင်းသည် ရွာထဲမှာသာမက၊ ရွာနီးဝန်းကျင်မှာ ပျံ့နှံ့၍ သွားခဲ့သည်။ ခုတော့ . . ခင်မြွေ့ကို ပါရမီရှင်ဟုဆိုကြပြန်သည်။

ခင်ဆုံသည် သူ့အအသက်ကိုကယ်ခဲ့သည့် သူမမုန်းတီးလုသောအလုပ်ပြိုင်ဘက်ခင်မြွေအပေါ် ရန်လိုမှုများလျော့ပါးခဲ့ရသည်။ အားလုံးက ခင်မြွေ့ စိတ်သဘောထားကိုနားလည်စပြုလာသည်။ သို့သော် . . ခင်မြွေသည် မွေးကတည်းကအဆန်းတကြယ်ဖြစ်ရပ်များနှင့်မွေးခဲ့ပြီး . . လူ့ဘဝတစ်လျှောက်ကျိုရလျှို့ဝှက်ချက်များနှင့်အဆန်းတစ်ကြယ်ရပ်တည်နေသောကြောင့် ကြောက်လည်းကြောက်ကြသည်။ သိပ်လည်းအရောတဝင်မလုပ်ရဲကြသေး။ အားလည်း အားကိုးကြသည်။

ယခုအခါ ရွာနီးဝန်းကျင်မှာ ပိုးထိ (မြွေကိုက်) လျှင် ခင်မြွေ့ကိုပဲ လာ၍ပင့်ခေါ်ကြသည်။ ခင်မြွေသည် အဘိုးချီးမြှင့်သောလက်ဝါးနှစ်ဖက်ဖြင့် မြွေဆိပ်များကို သစ္စာဆိုကာ မေတ္တာစိတ်မွေးကာ ဖြေချပေးခဲ့သည်။

---



www.burmeseclassic.com

www.burmeseclassic.com



ရွာတွင်းရှိ မြွေဆိုးများကိုလည်း ရွာသူ ရွာသားတို့အား ရန်မပြုရန် မေတ္တာပို့ခဲ့သည်။ အဲဒါကြောင့်လားမသိ ရွာထဲမှ မြွေကိုက်ခံခဲ့ရသည့် သူများ ပျောက်ပါးသွားကာ မရှိသလောက်ဖြစ်ခဲ့ရသည်။ ရွာသူ ရွာသားတို့ မြွေဆိုးများကို အတွေ့ရနည်းလာ၏။

ခင်မြွေကလည်း မြွေသည်ရန်သူမဟုတ်ကြောင်း ကြွက်နှင့်အခြားပိုးမွှားများကိုစားသည့် သတ္တဝါဖြစ်ကြောင်း သူတို့ကို မနှင့်မထိ ရန်မပြုသမျှ မြွေများက လူကိုရန်ပြုခဲကြောင်းအချို့သော မြွေသူတော်ကောင်း၊ မြွေထူးမြွေဆန်းများသည် လူကိုပင်ကူညီတတ်ကြောင်း။

အချို့မြွေများသည် လူတို့၏မေတ္တာပို့လွှတ်သည်များကို ခံစားနားလည်ကြကြောင်းသို့ဖြစ်၍ မြွေကိုတွေ့လျှင်မသတ်ကြဘဲ မေတ္တာပို့ပါ။ အဝေးသို့သွားပါဟု ပြောကြရမည်ဖြစ်ကြောင်း။

ကွင်းထဲ၊ တောထဲ၊ တောင်ထဲမှာအပိုင်အဆိုင်အစောင့်အရှောက်များ... အချို့သောအပိုင်အဆိုင်ပုဂ္ဂိုလ်များသည် ယုတ်ရင်းကြမ်းတမ်းသော အပြုအမူ၊ အကြမ်းအတမ်းများကိုမကြိုက်ကြကြောင်း စသည်ဖြင့် ပြောပြလိုက်ရသည်။

သို့နှင့်... ခင်မြွေကိုလူတော်တော်များများ လေးစားခဲ့ကြသည်။ ခင်မြွေရဲ့အတိတ်ဘဝကို စာနာသနားလာခဲ့ကြသည်။ ခင်မြွေရဲ့သစ္စာနှင့် မေတ္တာတရား၊ ကိုယ်ကျင့်တရားကို ယုံကြည်မှုရှိလာကြသည်။

ယခုအခါ... ခင်မြွေသည် ရွာထဲသို့ရွာစည်းကမ်းထုံးစံအရဝင်ခွင့် မရသော်လည်းလူမှုရေးကိစ္စများမှာ တရားဝင်ပါဝင်ဆောင်ရွက်ခွင့်မရပါသော်လည်း၊ ခင်မြွေတို့အိမ်သို့ကားရွာထဲကလူများ အဝင်အထွက်ရှိလာကာ ဧည့် မပြတ်ခဲ့။

သူကြီးဦးကျော်ခဲလည်း သူ့သမီးခင်ဆုံရဲ့အသက်ကို ကယ်တင်သည့်မိန်းကလေးဖြစ်ကြောင်း သိရသောအခါ ခင်မြွေအပေါ်တစ်ချိန်တစ်ခါက ပက်ပက်စက်စက်ပြောခဲ့မိသည်များအားနောင်တရချင်သလိုရှိခဲ့သည်။

ဒါကြောင့် ရွာထုံးစံစည်းကမ်းလေ့အရ ခင်မြွေကိုရွာထဲအဝင်မခံနိုင် သေးသော်လည်း တစ်နေ့နေ့ တစ်ချိန်ချိန် အမှန်တရားပေါ်ပေါက်လာ





ပြဿနာများရှင်းလင်းသွားကာ ခင်မြွေတို့မိသားစု ရွာထဲသို့ပြန်ဝင်ခွင့်ရလိမ့်မည်ဟုယုံကြည်၏။ မျှော်လည်း မျှော်လင့်ခဲ့၏။

ရွာသူ ရွာသားများက ခင်မြွေတို့နှင့် ရင်းရင်းနှီးနှီးသွားရောက်တွေ့ဆုံဆက်ဆံနေသည်ကိုလည်း မရှုစိတ် သိပ်မဖြစ်တော့။

ရွာထဲက ကာလသားများကား ခင်မြွေကို အခုမှ ပိုးချင်ပန်းချင်နေကြသည်။ ခင်မြွေသည် ယခုအခါ အစွမ်းကုန်ပွင့်နေသည့် ပန်းဖာလာကဲ့သို့ ဘားကားစွင့်စွင့် ထွားထွားဖွံ့ဖွံ့နှင့် လှချင်တိုင်းလှနေသည်။ အချို့ကာလသားများကား ဒီပါနှင့်ပင် အဖော်လိုက်လာ၍ စကားဖွဲ့ကြ၏။

ဒီပါပင်လျှင် ဤမျှရင်းနှီးနေသည့်တိုင် ခင်မြွေစိတ်ဆိုးမှာကို မပြုရဲ။ သူနှင့်ခင်မြွေသည် အတွေ့အဆုံများခဲ့၏။ ခင်မြွေကလည်း သူ့ကိုခင်၏။ လာလျှင် မျှော်သည်။ ဒီပါကလည်းတစ်နေ့မှမတွေ့ရလျှင်မနေနိုင်။ ညနေတိုင်းလာလာလည်၏။ ကြာတော့ ဒီပါတစ်ခါစတစ်ခါစကားပြောရင်း ခင်မြွေ့အလှမှာ အာရုံနစ်မျောသွားခဲ့ရသည်။

တစ်ကြိမ် စကားပြောနေရင်းတန်းလန်း သူမရဲ့အလှမှာ နစ်မျောသွားနေမိသည်။

'ဟဲ့ကောင် ဒီပါ'

'ဟင်... အင်း... အင်း...'

'နင်ဘာငေးကြည့်နေတာလဲ... နင့်ကိုငါ မေးနေတာကြာလှပြီ'

'ဟင်... နင်ငါ့ကိုမေးနေတယ်... ဘာမေးနေတာလဲဟင်'

'ပြန်ရင်... နင်အမေအတွက် ငါးခြောက်ကလေးယူသွားလို့ ပြောတာကို အင်းမလုပ်အဲမလုပ်နဲ့ ငေးကြည့်နေတယ်... နင်ဘာဖြစ်နေတာလဲ'

ဒီပါ သူခိုးလူမိသလို ရှက်ကိုးရှက်ကန်းနှင့် အင်းအဲဖြစ်နေသည်။

'ဟို... ဟို... ဟာ'

'ဘာကိုလဲပြော... ပြောနော်...'

'ဟို... ဟာ... နင်ကခုမှ ပိုလှလာတယ်လို့ပြောမလို့'

'ဟင်'



www.burmeseclassic.com

www.burmeseclassic.com



ခင်မြွေရင်ထဲမှာ သိမ့်ခနဲဖြစ်သွားသည်။ ဒီပါမပြောစဖူး ဒီနေ့မှ စကားဆန်းတွေ့ အပြောထူးနေသဖြင့် သူမရင်ဖိုသွားသည်။

'သူ့ဘာသာသူလုတာ ဘာဖြစ်လဲ'

'အဲ. . . အဲ. . . အဲ့ဒီလိုလုတာကိုကြည့်ပြီး . .'

ခင်မြွေ ဒီပါ့နှုတ်ခမ်းဖျားမှ ထူးခြားသော စကားလုံးများကို နားထောင်ရင်း ရင်ထဲမှာလှုပ်လှုပ်နွေးနွေးဖြစ်လာသည်။ သူမဘဝမှာ အခြားသူတစ်စိမ်းများက ကပ်၍၊ ရိ၍၊ ထေ့၍ လှသည်၊ ချောသည်ဟု ပြောသည်ကို မကြာခဏကြားခဲ့ရဖူးသည်။

ကြားရတိုင်း မကြားချင်ယောင်ဆောင်ခဲ့၏။ ဒီတစ်ခါ ဒီပါက သူမလှကြောင်းနှင့် ဒီအလှကိုကြည့်ပြီး မျက်နှာရိပ်မျက်နှာကဲပျက်နေသည်ကို မြင်ရသောအခါ ရင်ခုန်စရင်ဖိုစပြုလာသည်။ သို့ဖြစ်၍ သူဘာများပြောရမည်ကို စိုက်ကြည့်ပြီး နားစွင့်ကြည့်လိုက်သည်ကို ဒီပါက ရုတ်တရက်လန့်သွားပြီး

'ခင်. . . ခင်မြွေ. . . စိတ်. . . မ. . .ဆိုး. . . ပါနဲ့ဟာနော်. . . လှတာကိုကြည့်ပြီး. . . အဲ. . . အဲ. . . ဟို. . . ကြည့်လို့ကောင်းတယ်လို့ ပြောချင်လို့ပါနော်. . . နော် ဒီပါ သူမရဲ့ အကြည့်ကိုကြောက်သည်။ ဒီမိန်းကလေးသည် အဲဒီလို စိုက်ကြည့်ပြီး စိတ်ဆိုးခဲ့လျှင် အသားများ မည်းကြုတ်ပြီး ဒေါသထွက်ရန်ပြုသည်ကို ကြောက်သည်။

ခင်မြွေကား. . . သူမရဲ့အကြည့်ကို ကြောက်၍ စကားအဖျားရှူးသွားသည့် ဒီပါ့ မျက်နှာကိုကြည့်ကာ သနားလည်းသနားသွားသည်၊ စိတ်လည်းညစ်သွားခဲ့ရပေသည်။

♛♛♛♛♛

ခြော်

ဘယ်

၆

ယခုအခါ ခင်မြွေအသက်ပင် နှစ်ဆယ်ဝန်းကျင်ရောက်ခဲ့ပါပြီ၊ သူမမြွေကိုက်ခံရသည့်သူ့အတော်များများ၏အသက်ကို ကယ်နိုင်ခဲ့၏။ သူ့ဂုဏ်သတင်းသည် ကျော်ဇောစပြုခဲ့သည်။ လူချစ် လူခင်လည်းပေါ်များလာခဲ့သည်။

သူမမှာ ပြင်းပျသောဆန္ဒတစ်ခုရှိသည်။ ထိုဆန္ဒကား. . . ရွာဦးကျောင်းထဲကနဂါးရုပ်တုရှိရာသို့ သွားချင်သော ချဥ်ခြင်းပဲဖြစ်သည်။ သို့သော်. . သူမ သွားခွင့်မရခဲ့၊ ဆရာတော်ကြီးကိုလည်း သွားဖူးချင်သည်။

စိတ်ထဲမှာလည်း အခုတစ်လော နေရုံထိုင်ရတာ မရှင်းမရှင်းကြီးဖြစ်နေသည်။ ရင်လေးနေသလိုလို. . တစ်ခုခုကိုပူပန်မှုရှိသလို ဖြစ်နေသည်။ အိပ်မက်ဆိုးတွေကလည်း ခဏခဏမက်သည်။ အိပ်မက်နိမိတ်တွေက မကောင်းလှ။

ခါတိုင်းအဘိုးက အိပ်မက်ထဲလာ၍ အားပေးစကားများ ပြောခဲ့

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အခုအဘိုးလည်း အိပ်မက်ထဲသို့ မလာတော့။ အဘိုးဘယ်များ ရောက်နေလဲမသိ။ သူမရဲ့ ဘဝအစစ်အမှန်ကို နားအလည်ဆုံးသူများမှာ အိပ်မက်ထဲက အဘိုး၊ ဘသူတော်၊ ပြီးတော့ ရှာဦးကျောင်းဆရာတော် ဘုရားကြီးပဲ ဖြစ်သည်။

သူတို့ကို စိတ်နှင့်စကားပြော၍ရသည်။ သူတို့စိတ်ထဲက အကြောင်းကိုလည်း ခင်မြွေသိနေသလိုလိုရှိသကဲ့သို့၊ သူတို့ကလည်း ခင်မြွေ့ရင်ထဲက အဖြစ်အပျက်များ၊ ခံစားချက်များ၊ အတိတ်ဘဝများကို စိတ်နှင့်သိနေသူများဖြစ်နေသည်ဟု ခင်မြွေအလိုလို ယုံကြည်နေမိသည်။

တစ်ညှ. . .

ဘဝကိုအဆုံးအဖြတ်ပေးတော့မည့် ထူးဆန်းသော အိမ်မက်သော မက်ခဲ့ရသည်။ အိမ်မက်သည် ထိန့်လန့်ခြင်း၊ ကျေနပ်ခြင်းများနှင့် စိုက်ပြနေ၏။

အိပ်မက်ထဲမှာ သျှောင်တစောင်းနှင့် လူမည်းမည်းကြီးသုံးယောက် ရောက်လာပြီး ခင်မြွေ့ကို သူတို့နှင့် လိုက်ခဲ့ဖို့လာခေါ်ကြသည်။ ဤလူကြီးသုံးယောက်သည် ခင်မြွေငယ်စဉ် အဖေတို့နှင့်ရှာဦး ကျောင်းဝင်းထဲ ဝင်ရောက်ဖူးမျှော်ခဲ့စဉ်က သန်လျက်ထမ်း ဘီလူးရုပ်တုကြီး နောက်မှာ ဘွားခနဲမြင်လိုက်ရသည့် သျှောင်တစောင်းနှင့် လူမည်းကြီးသုံးယောက်ဖြစ်သည်။ သူတို့က ခင်မြွေ့အနားကိုရောက်လာပြီး . .

'နင်ငါတို့နဲ့လိုက်ခဲ့ပါ. . .'

'ဟင့်အင်း . . ကျွန်မ မလိုက်နိုင်ဘူး . . မလိုက်နိုင်ဘူး . .'

'မလိုက်လို့မဖြစ်ဘူး . . နင်လိုက်ခဲ့ရတော့မယ်. . .'

'အို . . . မလိုက်ဘူး . . မလိုက်ဘူး . .'

ခင်မြွေက ဆွဲမလို လွဲမလို လုပ်နေကြသည့် လူကြီးသုံးယောက်ကို အကြောက်အကန်ငြင်းလွှတ်နေမိသည်။

'ဘာဖြစ်လို့မလိုက်ချင်တာလဲ နင့်အပေါ်လူတွေက ကောင်းလို့လား'

'ကောင်းကောင်း မကောင်းကောင်း မလိုက်ဖူး. . . ကျွန်မမှာလုပ်





စရာ ကိစ္စတွေရှိသေးတယ်. . .'

'ဘာကိစ္စလဲပြော. . အဲဒီကိစ္စမပြောနိုင်ရင် ငါတို့က ဖွတ်ခေါ်မှာပဲ'

မပြောနိုင်ရင်ဖွတ်ခေါ်မှာပဲတဲ့။ မြတ်စွာဘုရား . . . ဘယ်ကိုများ ခေါ်သွားကြမှာပါလိမ့်။ သူတို့က အရုပ်မြင့်မြင့် ဗလကောင်းကောင်းကြီးတွေ ခင်မြွေ့ကို ပါးစပ်ပိတ် ပွေ့ချီသွားရုံနှင့် ပါသွားနိုင်သည်။ ခင်မြွေအရမ်းစိုးရိမ် သွားခဲ့သည်။

'ရှင်တို့. . . ရှင်တို့. . . ဘယ်ကလဲ. . . လူဆိုးတွေလား . .'

'ငါတို့ ဘယ်ကလဲမမေးပါနဲ့. . . နင်အခုလိုက်မှာလား . . နောက်မှလိုက်မှာလား ဒါပဲပြော. . .'

'ကျွန်မမှာ. . . အလုပ်တစ်ခု ကျန်သေးတယ်. . .'

'ဘာလဲပြော. . . ငါတို့ဘယ်လို ကူညီရမလဲ. . . ပြောသာပြော'

သည်မှာ သျှောင်တွဲတွဲနဲ့ အသက်ကြီးကြီးလူကြီးက သူတို့ဘယ်လိုကူညီရမလဲဟု ပြောနေသဖြင့်ခင်မြွေအားတက်သွားသည်။

'ကျွန်မ. . . ကျွန်မကို အရှက်တကွဲအကျိုးနည်းအောင်လုပ်ခဲ့တဲ့ လူ လောကထဲ မျက်နှာမပြရဲအောင်လုပ်ခဲ့တဲ့ လူယုတ်မာကို ဖော်ထုတ်ချင်တယ်၊ သူ့ကိုကလဲ့စားချေခြင်တယ်၊ ကျွန်မရဲ့ဂုဏ်သိက္ခာကို ပြန်အဖတ်သယ်ချင်တယ်. . .'

"ကောင်းပြီ. . .ဒါဆိုငါတို့ ကူညီခဲ့မယ်. . .နင်ပါးစပ်ဟစမ်း . ."

"ဘာလုပ်မလို့လဲ. . .ကျွန်မကို အခုမခေါ်ပါနဲ့. . .မဖမ်းကြပါနဲ့"

'မဖမ်းပါဘူး . . .မခေါ်ပါဘူး။ ပါးစပ်သာ ဟစမ်းပါ'

ထိုနှင့် ဝိုင်းထားသည့်လူကြီးသုံးယောက်အကြား ပါးစပ်ကို မဝံ့မရဲနှင့် ဟပေးလိုက်မိသည်။ သည်မှာ အသက်ကြီးကြီး လူမည်းကြီးက ပါးစပ်ထဲသို့ ပုစွန်ခြောက်အရည်ကဲ့သို့သော အရာကိုထည့်ပေးလိုက်ရင်း မျိုချလိုက်ဟု အမိန့်ပေးရာ သူမကြောက်ကြောက် လန့်လန့်နှင့် မော့ချလိုက်သည်။ ရှိန်းရှိန်းနှင့် ရင်ထဲသို့ ဝင်သွားပြီး ထူးဆန်းသော အာနိသင်တစ်မျိုး ခံစားလိုက်သကဲ့သို့ ရှိသွားသည်။

'အဲဒါ . .အဲဒါ . .ဘာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အဆိပ် . . ."

"ဟာင်" ရှင်တို့ . . .ရှင်တို့ . . .ကျွန်မကို . . .လုပ်ကြံကြတာပေါ့ ဟုတ်လား သူမပါးစပ်ကိုဟ၍ လက်ညှိုးထိုးပြီး အန်ရန်ပြင်လိုက်သည်။ လူကြီးက လက်ဝါးကာရင်းမှ

"ဟား . .ဟား . .ဟား . . .ဟား . .အ,လိုက်၊ ရှိုးလိုက်တဲ့ ကလေးမနှယ် . .ဒါကြောင့်လည်း နင်နေရာတကာခံနေရတာပဲ နင့်ကိုငါတို့က မလုပ်ကြံပါဘူး နင်ကမြွေဝင်စားပဲ အဲဒီအဆိပ်ဟာ နင်ရန်သူကိုအနိုင်တိုက်ရာမှာ အင်အားကောင်း လက်နက်ကောင်းအဖြစ် . .အသုံးပြုဖို့ ငါတို့က ချီးမြှင့်ခဲ့တာပါ၊ ကိုင်း . .နေခဲ့တော့ . . .ကလေးမ ဒီညနှစ်ခြိုက်စွာ အိပ်ပျော်ပါစေ၊ အသက်ကြီးကြီး လူမည်းကြီးက သူမ၏ဦးခေါင်းကို ညာလက်ဖြင့် သုံးကြိမ်သပ်ချလိုက်ပြီး သူ့လူများကို ခေါ်၍ ဟိုး . .အဝေးသို့ထွက်ခွာသွားသည်။ တရွေ့ရွေ့ကျောခိုင်း ထွက်ခွာသွားနေသည့် သျှောင်းတစောင်း လူကြီးသုံးဦးကို ကြည့်ပြီး ဝမ်းနည်းသလိုလို ဖြစ်လာသည်။

ရုတ်တရက်တွေ့ ရုတ်တရက်ခင်ပြီး ရုတ်တရက်ပဲ ခွဲခွာရသော်လည်း နှစ်ပေါင်းများစွာကကာ ရင်းနှီးခဲ့သည့် သွေးသားဆွေမျိုးများနှင့် ခွဲခွာရဘိသကဲ့သို့ ရင်ထဲမှာ တလှပ်လှပ်ဖြစ်ပြီး ခံစားခဲ့ရသည်။ ဘာဖြစ်လို့ပါလိမ့် သူတို့ဟာ ငါ့ဆွေမျိုးသားချင်းများ တော်စပ်ခဲ့ရော့သလား၊ တွေးရင်း တွေးရင်း သူမ၏ပါးပြင်ပေါ်သို့ မျက်ရည်လုံးများစီးလိမ့်ကျလာခဲ့သည်။ သူတို့သည် နောက်ပြန်လှည့်မကြည့်ပဲ အရှေ့စူးစူးသို့ သွားနေကြသည်။

အဲဒီညက သူမလုံးဝလန့်မနိုးခဲ့ပါ။ အိပ်မက်ထဲမှာ သူတို့ပြန်သွား၍ ကြေကွဲစွာခံစားနေရသော်လည်း အဓိကရည်မှန်းချက်အတွက် တန်ဖိုးရှိ သော အကူအညီရခဲ့သဖြင့် ရင်ထဲမှာ ကျေနပ်သလိုလို . . .ဝမ်းသာသလိုလို ဖြစ်နေကာ မိုးလင်းသည့်တိုင် တစ်စက်ကလေးမနိုးဘဲ နှစ်ခြိုက်စွာအိပ်မော ကျခဲ့လေသည်။

''နီမေ

၅၁

သားအမိနှစ်ယောက် ဘုရားရှိခိုးပြီး . . .ငါးခြောက်ဖုတ်ဆီဆမ်းနှင့် ရေနွေးကြမ်းထိုင်သောက်ရင်း ကိုယ့်အတွေးနှင့် ကိုယ်ရှိနေကြသည်။

မချွေးမ တစ်ချက်တစ်ချက် သမီးလုပ်သူကို အကဲခတ်သလိုကြည့်နေမိ၏။ ခင်မြွေ အခု ရက်ပိုင်းအတွင်း မှိုင်တိုင်တိုင်ဖြစ်နေသည်၊ တစ်ခါတစ်ရံ တစ်ယောက်တည်း ဘာတွေပြောနေမှန်းမသိ တောက်ခတ် လိုက်၊ ခေါင်းရမ်းလိုက်၊ အံကြိတ်လိုက်နှင့် မူမမှန်သလိုဖြစ်နေ၏။

မအေလုပ်သူ အနားရောက်သွားသည်နှင့် ပြောလက်စ စကားလုပ်ရှားလက်စအမူအရာများကို ရပ်ပစ်လိုက်တော့သည်။

ဟို တစ်နေ့ကလည်း သရက်ပင်အောက်မှာ တစ်စုံတစ် ယောက် နှင့် စကားပြောနေသလို၊ အခြေအတင်ပြောနေသလို ရှိပြီး . . တောက်ခတ်



www.burmeseclassic.com

www.burmeseclassic.com



ၾကိမ္းဝါးေနေၾ။ ခင္ေျမြဘယ္သူႏွင့္မ်ား စကားမ်ားေနပါလိမ့္ဟု လွမ္းၾကည့္ေတာ့ . . .သူအနားမွာ ဘယ္သူမွမရွိ တစ္ေယာက္တည္း။

ခုလည္း . . .မအေနႏွင့္ အတူထိုင္ေနလ်က္ ဘာေတြစဥ္းစားေနသည္မသိ . . .ေငးလို႔။

"သမီး . . .ဘာေတြမ်ား စဥ္းစားေနတာလဲ သမီး"

"အေမ . . ."

ခင္ေျမြေလးကန္ေသာ အသံႏွင့္ မိခင္ကိုလွမ္းေခၚလိုက္သည္။ ၾကည့္လိုက္ေတာ့ ခင္ေျမြပါးျပင္ေပၚမွာ မ်က္ရည္မ်ားစီးက်ေနသည္ မေမွ်ာ္လင့္ပဲေတြ႔လိုက္ရေသာအခါ မေခြ်းမထိတ္ထိတ္ျပာျပာ ျဖစ္သြားခဲ့သည္။

"သမီး . . .သမီး . . .ဘာျဖစ္လို႔မ်က္ရည္က်ေနရတာလဲ ဟင္ဟင္"

"သမီးနဲ႔ . . .အေမ . . .မၾကာခင္ . . .ခြဲရေတာ့မယ္ . . .အေမ"

"အို . . .နိမိတ္မရွိနမာမရွိ သမီးရယ္ . . .မေျပာေကာင္းမဆိုေကာင္း ဖြဟဲ့ . . .ေလြ႔ပါေစ . . .ဖယ္ပါေစ . . .ဖြ . . .ဖြ"

သမီးလုပ္သူ အေျပာေၾကာင့္ မေခြ်းမ မ်က္စိမ်က္ႏွာပ်က္ကာ တုန္လႈပ္သြားခဲ့သည္။

"အခုတေလာ . . .အိပ္မက္ေတြမေကာင္းဘူး . . .အေမ . . .အဲဒါနဲ႔အတူ . . .သမီးအရွက္ကိုခြဲခဲ့တဲ့ အစမွသမားႏွင့္ ရင္ဆိုင္ေတြ႔ရေတာ့မယ္လို႔ သမီးမ်က္စိထဲမွာေရာ . . .စိတ္ထဲမွာေရာ . . .သိေနသလိုလို . . .ျဖစ္ေနတယ္"

"သမီးအရွက္ကိုခြဲခဲ့တဲ့ အစမွသမား . . .ကို . . .ဟုတ္ . . .ဟုတ္ . . .လား . . .သူ . . .သူ . . .ဘယ္သူလဲ . . .၊ သူ . . .သူ . . .ဘယ္မွာေနလဲလို႔ . . .အေမ့ကိုေျပာစမ္းပါအံုး . . .သမီးရဲ႕ . . ."

"သင္း . . .ဘယ္မွာေနတယ္ဆိုတာ . . .သမီးလံုးဝမသိဘူးဒါေပမယ့္ . . .သမီး သူ႔မ်က္ႏွာကို ေနာင္ဘဝေရာက္သည့္အထိ မွတ္မိေနတယ္"

"ဘယ္လိုပံုစံလဲ . . .တို႔ရြာသား အစုထဲကပဲလား။ ရွာနီးခ်ဳပ္စပ္ကလား"





"မဟုတ္ဘူး . . .ဒီရြာကမဟုတ္ဘူး။ ရွာနီးဝန္းက်င္ကလည္း မျဖစ္ႏိုင္ဘူး။ သူ႔ပံုစံက . . .မ်က္ႏွာေပၚမွာ ကန္႔လန္႔ျဖတ္ ဓားခုတ္ရာအမာရြတ္ႀကီးရွိတယ္ . . .၊ ေမွးၿပီးေသသြားတဲ့ ကေလးရဲ႕မ်က္ႏွာေပၚက . . .ဒဏ္ရာအမာရြတ္ႀကီးမ်ိဳးပဲ၊ ဆံပင္ကအရွည္ႀကီး လူက ဂင္တိုတို ဗလေကာင္းေကာင္း မည္းမည္းတုတ္တုတ္ အဲဒါ မွတ္မိတယ္၊ သူနဲ႔သမီး မၾကာခင္ရင္ဆိုင္ရေတာ့မယ္လို႔ . . .သမီး အာ႐ံုထဲမွာ နိမိတ္ေတြျမင္ေနတယ္ . . .အေမ"

"သမီးရယ္ . . .သမီးအတိတ္အေၾကာင္းေတြကို စဥ္းစားၿပီးေတြးေနလို႔ ေနမွာပါေအ . . .အိပ္မက္ဆိုတာကလည္း ဂေယာက္ဂယက္ဥစၥာ . . .ေကာင္းတဲ့အတိတ္ေကာက္မွ နိမိတ္ေနာက္မွာ အေရာင္လာဆိုတဲ့ စကားရွိသားဥစၥာ၊ ေကာင္းတာေကာက္မွေပါ့၊ ၿပီးေတာ့ . . .ၿပီးခဲ့တဲ့ေနာက္ေၾကာင္းေတြကိုလည္း ေမ့ပစ္လိုက္ပါ . . .သမီးရယ္ . . .ဟို အတိတ္ဘဝ ဝဋ္ေၾကြးပါခဲ့လို႔ ဒီဘဝအေက်ဆပ္ရတာပဲလို႔ ဘုန္းဘုရားႀကီးမိန္႔ခဲ့သားပဲ . . .၊ အခုသမီးဆပ္ခဲ့ၿပီးၿပီပဲ . . .ေမ့ပစ္လိုက္ပါေတာ့ . . ."

"အေမ"

"ဘာလဲ . . .သမီး"

"အခု . . .သမီး အနစ္နစ္ဆယ္ျပည့္ၿပီေနာ္"

"ေအးေလ . . .သမီးရဲ႕၊ အဲဒါ ဘာျဖစ္လဲ၊ ဘာလဲ . . .သမီး အိမ္ေထာင္ျပဳခ်င္လို႔လား"

"ဟင့္အင္း . . .မျပဳခ်င္ပါဘူး . . .၊ သမီး . . .သ . . .မီး . . .အေမနဲ႔ မၾကာခင္ . . .ခြဲ . . .ခြဲရေတာ့မယ္ . . .အေမရဲ႕၊ သမီးႀကိဳျမင္ေနတယ္ . . .အဟင့္ . . .ဟင့္ . . .ဟီး . . .ဟီး . . .ဟီး . . .၊ အေမနဲ႔ခြဲရေတာ့မယ္ . . . ဟီး ဟီး . . .ဟီး . . ."

ခင္ေျမြ မိခင္ကိုဖက္၍ ဝမ္းပမ္းတနည္း ရွိုက္ႀကီးတငင္ငိုခ်လိုက္သည္။ ေဒၚေခြ်းမ စိုးရိမ္အံ့ၾသစြာျဖင့္ . . .သမီးကို က်စ္က်စ္ပါေအာင္ ျပန္ဖက္ထားရင္း . . .မ်က္ရည္မ်ား ၿဖိဳင္တူက်လ်က္မွ–

"မဟုတ္တာေတြ . . .သမီး . . .ရယ္ . . .မေျပာေကာင္းတာေတြေျပာေနျပန္ၿပီ . . .အ႔ေမေတာ့ . . .႐ူးရေတာ့မယ္ . . .သမီးရဲ႕ . . .ဟီး . . .ဟီး"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ အမေရယ်. . .အမေ. . .မငိုပါနဲ့. . .နော်၊ သမီး မပြောတော့ပါဘူး စိတ်ချပါ. . .ကဲ. . .အမေ. . .သမီးတို့အိပ်ကြစို့. . ."

အိပ်ခန်းထဲသို့ မိခင်ကြီးကို တွဲ၍ခေါ်ခဲ့လိုက်သည်။ ဦးစွာ အမေ့ရဲ့ ခြေနှစ်ဖက်ကို ဆုပ်နယ်သမှုပြုသည်. . .။ မိခင်ကြီးက. . .သမီးအလိမ္မာရဲ့ ပြုစုယုယမှုအား သာဓု. . .သာဓု. . .သာဓုဟုဆိုရင်း. . .အိပ်ပျော်သွားခဲ့သည်။

မိခင်ကြီးအိပ်ပျော်သွားသောအခါ. . .ခင်မြွေခြေရင်းမှနေ၍ ရှိသေစွာ လက်အုပ်ချီပြီး ဦးသုံးကြိမ်ချ ကန်တော့လိုက်သည်။ ကန်တော့ရင်းမှလည်း ပါးပြင်ပေါ်သို့ မျက်ရည်များတသွင်သွင် စီးလိမ့်၍ကျလာခဲ့သည်။ အမေမနိုး မှာစိုး၍ သူ မရှိုက်ခဲ့. . .ကြိတ်၍ငိုခဲ့သည်။

"သြော်. . .အမေ. . .အမေ. . .ငါ့အပေါ်. . .အပြစ်တစ်စိုးတစ်စေ့မှ မမြင်ခဲ့တဲ့ အမေ. . .ဒုက္ခမျိုးစုံကို ခါးစည်းရင်ဆိုင်ခဲ့တဲ့အမေ. . . ငါ့ကြောင့် ဖြစ်ခဲ့ရတဲ့ အရှက်တရားကို ထပ်တူထပ်မျှ မျှဝေခံစားခဲ့တဲ့အမေ. . .၊ လူ့ဘဝမှာ. . .သမီးတို့ ဆုံတွေ့ရတာအချိန်တိုတောင်းလိုက်တာ အမေရယ်၊ သမီးမကြာခင် အမေနဲ့. . .ခွဲ. . .ရလိမ့်မယ်လို့. . .မြင်နေ၊ သိနေတယ် အမေ. . .ဟင့်. . .ဟီး. . ."

သူမ. . .အမေ့နံဘေးမှာ အသာလှဲချလိုက်သည်။ သည့်နောက် စောင်ကို ရင်ဘတ်ပေါ်တင်လိုက်သည်။ အမေနှင့်အတူ ရုန်းကန်လှုပ်ရှားပြီး ဘဝရင်ဆိုင်ခဲ့သည်များကို တစိမ့်စိမ့်ပြန်တွေးရင်း. . .။

♛♛♛♛♛

# ၁၂

ညသည်. . .ငြိမ်သက်စွာလှဲလျောင်းနေ၏။ သားအမိနှစ်ဦး အိပ်မောကျနေစဉ် အိမ်ရှေ့ဆီမှ တံခါးကိုလက်နှင့် ပုတ်နိုးနေသည့် အသံမျိုးကြားရသည်။ မချွေးမ ဆတ်ခနဲ နိုးသွားခဲ့သည်။ တံခါးပုတ်သံနှင့်အတူ တံခါးကို တွန်းနေသည့်အသံလည်း ကြားလိုက်ရသဖြင့်. . .သားအမိနှစ်ဦး နိုးလာခဲ့ကြသည်။

"ဘယ်သူလဲ. . .ဟေ့. . ."

ဒေါ်ချွေးမက အိပ်ယာထဲမှ လူးလဲထ၍မေးလိုက်သည်။

"ကျုပ်တို့ပါ. . .ဦးသူတော်လွှတ်လိုက်လို့ပါ. . .တံခါးဖွင့်ပါအုံး"

ဦးသူတော်လွှတ်လိုက်၍ ဆိုသောကြောင့် ဒေါ်ချွေးမ ငေါက်ခနဲ ထထိုင်ပြီး မီးခွက်ကိုထွန်းလိုက်သည်။ ခင်မြွေလည်း ထထိုင်လိုက်သည်။ အချိန်မတော် ဘာသူကော် ဘာကိစ္စများအရေးပေါ်လာလို့ပါလိမ့်. . .သူမ မီးခွက်ကို စားပွဲပေါ်မှာတင်လိုက်သည်။

ဆရာတော်များ. . .ပျံတော်မူသွားလို့လား. . .တွေးရင်း၊ တံခါးကို ဂျက်ဖြုတ်လိုက်သည်။

---



www.burmeseclassic.com

www.burmeseclassic.com



"အဖွားကြီး . . တိတ်တိတ်နေ . . မအော်နဲ့"

"ဟင် . . ရှင် . . ရှင် . . တို့ . . ."

"အသံမထွက်နဲ့လေ . . သေသွားချင်လို့လား . . နှစ်ယောက်စလုံး ထိုင်လိုက်"

ကျောချမှ ဓါးပြမှန်းသိတော့သည်။ လူဆိုးနှစ်ဦးအနက် ဆံပင်ရှည်ရှည် ဂင်တိုတိုနှင့် ဓါးမြှောင်ကိုင်ထားသူက . . ဒေါ်ချွေးမရင်ဝကို ဓားဦးချွန်နှင့်တေ့ထားရင်း ထိုင်ခိုင်းလိုက်သည်။

တစ်ယောက်သော လူဆိုးက ခင်မြွေ့ကို ဓားရှည်နှင့်မိုး၍ ထိုင်ခိုင်းသည်။ နှစ်ဦးစလုံး၏မျက်နှာမှာ လက်ကိုင်ပုဝါလို အဝတ်များစည်းထားသည်။

"အဘွားကြီး . . ခင်ဗျား . . ရထား . . စုထားတဲ့ ပစ္စည်းတွေ ဘယ်မှာလဲ . . အခုထုတ်ပေး"

ဒေါ်ချွေးမကြောက်လွန်း၍ အသားများတုန်နေသည်။ ခင်မြွေကတော့မကြောက် ဘယ်လိုရင်ဆိုင်ရရင်ကောင်းမလဲဆိုတာ စဉ်းစားပြီး အလစ်အငိုက်ကို ချောင်းနေလိုက်သည်။

"မ . . မ . . ရှိ . . ပါဘူး . . ရှင်"

"ဟာ . . ညာအုံး . . ကိုင်း . . ကိုင်း"

"ဖျန်း . . ဖျန်း . ."

"အား . . အမလေး . . တော့"

တစ်ယောက်သော လူဆိုးက ဒေါ်ချွေးမကျောကုန်းကို ဓါးပြားနှင့်ရိုက်ချလိုက်ရာ နာကျင်လွန်းလှ၍ အသံထွက်အော်ရင်း မှောက်လျက်လဲကျသွားသည်။ ခင်မြွေ အမေ့ကိုကုန်းပွေ့ပြီး မလုပ်ကြပါနဲ့ရှင် . . ဟု ငိုကြီးချက်မနှင့် တောင်းပန်သည်။

"နင်တို့နှစ်ယောက်စလုံး . . မသေချင်ရင် . . ပစ္စည်းဝှက်ထားတဲ့နေရာကိုပြော . . ပြောလေ . . ကဲဟာ"

"ဘုံး . ."

"အားမလေး . . တော့"

ဂုင်တိုတိုနှင့် လူဆိုးက ခင်မြွေ့နံကြားကို ခြေဦးနှင့်ပိတ်ကန်လိုက်





ရာ ခင်မြွေမီးခင်ကြီးပေါ်သို့ မှောက်လျက်လဲကျသွားပြန်သည်။ ထိုစဉ် လူဆိုးတစ်ဦး၏ မျက်နှာမှာ စည်းထားသော လက်ကိုင်ပုဝါမျက်နှာဖုံးသည် ရုတ်တရက်ပြုတ်ကျသွားခဲ့ရာ ခင်မြွေသူ့မျက်နှာကို မီးခွက်အလင်းရောင်ဖြင့် မြင်လိုက်ရပြီး . . လွန်စွာအံ့အားသင့်သွားရတော့သည်။

သူ . . .

သူ . . .

ခင်မြွေ သုံးနှစ်သုံးမိုးနီးပါးခန့်မျှ မျှော်လင့်စောင့်စားခဲ့ရသည့်သူ ခင်မြွေသူ့မျက်နှာပေါ်မှ ကန့်လန့်ဖြတ် အမာရွတ်ဓားခုတ်ရာကြီးကို မီးရောင်ဖြင့် မြင်တွေ့လိုက်ရသောအခါ ခင်မြွေ့ရင်ထဲမှာ ဒိတ်ခနဲ ဖြစ်သွားပြီး လွန်ခဲ့သည့် ကာလတစ်ခုက ထမင်းမို့အပြန်တောထဲမှာ ရာဂ အမှောင်ကြီး ဖုံးလွှမ်းကျရောက်ခဲ့သည့် မြင်ကွင်းကို ဖျတ်ခနဲ ပြန်မြင်လိုက်ရသောအခါ ရင်ထဲမှာ လှိုင်းတံပိုးများ ထကြွလာခဲ့တော့သည်။

ထို့အတူ . . ခင်မြွေရဲ့ သွေးကြောများ . . အရိုးများနှင့် ခန္ဓာကိုယ်တစ်ခုလုံး သွေးများဗလောင်ဆူနိုးကြွလာကာ . . ခင်မြွေ့စိတ်သည်အလိုလိုငယ်စိတ်များ ဝင်လာခဲ့တော့သည်။

အသွေးအသားများ မြွေတစ်ကောင်လို စိတ်ရိုင်းဝင်လာခဲ့သည်။ ပေါက်ချင်ကိုက်ချင်သလို ဖြစ်လာခဲ့ပြီး . . လူဆိုးတစ်ဦးက အခန်းထဲသို့ဝင်၍ လက်နှိပ်ဓာတ်မီးနှင့် ပစ္စည်းများကို ရှာဖွေနေသည်။

ဓားခုတ်ရာနှင့်လူဆိုးက ခင်မြွေ့ကို ဒုတိယအကြိမ် ပိတ်ကန်လိုက်သောအခါ . . ခင်မြွေ ဒေါသသည် နာကျင်လွန်း၍ ငယ်ထိပ်သို့တက်သွားခဲ့သည်။

ထုံးစံအတိုင်း . . ဒေါသပေါက်ကွဲလာသောအခါ . . ဖြူဖွေးနုမွတ်သည့် ခင်မြွေ့အသားအရေသည် ချက်ချင်း မြွေဟောက်တစ်ကောင်ကဲ့သို့ မည်းနက်မှောင်လာကာ အသွေး အသား အကြောများလူးလွန့်လာခဲ့ပြီး မျက်လုံးအစုံလည်း မီးကျီခဲလို နီရဲလာခဲ့သည်။

လက်ဝါးနှစ်ဖက်သည် တုန်ခါလာ၏။ ရင်သည် လှိုက်လာ၏။ ခင်မြွေ သူမရဲ့လက်ဝါးနှစ်ဖက်ကို ဖြန့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးထဲမှာ လက်ဝါးနှစ်ဖက်ပေါ်မှ မြွေရုပ်နှစ်ရုပ်သည် အသက်ဝင်လှုပ်ရှားနေသည်ကို သူမတွေ့လိုက်ရသည်။

ခင်မြွေအလစ်မှာ ဓားခုတ်ရာအမာရွတ်နှင့် လူဆိုးရဲ့ ခြေထောက်တစ်ဖက်ကို ဆွဲလှန်လိုက်ရာ. . .လူဆိုးသည် မဟန်နိုင်တော့ဘဲ၊ ခင်မြွေ့ရဲ့ နံဘေးမှာ လဲအကျ ခင်မြွေပါးစပ်မှ မြွေဆိုးတစ်ကောင်လို ဖူးခနဲ အသံထွက်လိုက်ရင်း လူဆိုးကိုဝင်၍ နပန်းလုံးလိုက်သည်။

လူဆိုးက ခင်မြွေ့ကို ဓားနှင့်ထိုးရန် လက်ကိုမြှောက်လိုက်သည်။ ခင်မြွေက ဓားကိုင်လက်ကို သူမရဲ့ညာလက်ဖြင့် ဆီးတားဆုပ်ကိုင်ရင်း လုံးထွေး သတ်ပုတ်ရာမှ လူဆိုးရဲ့ လည်ပင်းသွေးကြောကို သွားနှင့် အံကြေပြတ်အောင် ကိုက်ချပစ်လိုက်သည်။

"အား . .အား . . .အ. . .အ. . ."

လူဆိုးသည် မြွေဆိုးတစ်ကောင် အကိုက်ခံရဘိသကဲ့သို့ မျက်လုံးထဲမှာ မီးများပွင့်ကာ ဓားလည်းလွတ်ကျသွားခဲ့သည်။ ပါးစပ်နှင့်လည်ချောင်းမှ နီရဲသောသွေးများသည် ပန်း၍ထွက်လာခဲ့သည်။ ကြောက်စရာကောင်းသည့် သူ့မျက်နှာကြီးသည် ပြူးကျယ်သောမျက်လုံးအစုံနှင့် အော်ဟစ်လူးလွန့်ရင်း . .တဖြည်းဖြည်း မျက်နှာအသားများ မည်းညိုလာကာ တွန့်လိမ်ကောက်ကွေးရင်း . . .ငြိမ်သက်သွားတော့သည်။

အိမ်ရှေ့မှ ထွေးလုံးသတ်ပုတ်သံများ အော်ဟစ်ညည်းညူသံများကြောင့် သေတ္တာကို ဓားနှင့်ကလန့်ဖွင့်ပြီး ရရာပစ္စည်းများ စုထည့်နေသော လူဆိုးသည် ဓားရှည်နှင့်အိမ်ပြင်သို့ ထွက်လာလိုက်သည်။ သည်မှာ သူ့အဖော်ရဲ့ ဆိုးဝါးလှသော မြင်ကွင်းကို တွေ့မြင်သွားပြီး ခင်မြွေ့ကို ဓားရှည်နှင့် ခုတ်ပိုင်းချလိုက်သည်။ ခင်မြွေ့မှာ လူစိတ်မရှိတော့ပါ။ ကူးဆန်းစွာ ခင်မြွေသည် ဖေါ်သထွက်နေသည့် မြွေဟောက်တစ်ကောင်ကဲ့သို့ ပါးစပ်မှ တဖူးဖူးမှုတ်ရင်း လူဆိုးရဲ့ ဓားခုတ်ချက်များကို မြွေတစ်ကောင် တိမ်းရှောင်နေသကဲ့သို့ ယိမ်းကာနွဲ့ကာ ဝပ်ကာ၊ ဖယ်ကာ၊ ရှောင်တိမ်းနေသည်။

ဒေါ်ချွေးမသည် သမီးဖြစ်သူရဲ့ မကြုံစဖူး တုံ့ပြန်မှုများကို နှဖူးတွေ့ဒူးတွေ့မြင်ရသောအခါ. . .မအော်မိပဲ လန့်၍၊ တွေ၍၊ ငေး၍ . .ထရံမှာ





ကပ်ကာ အံ့အားသင့်စွာ ကြည့်နေမိတော့သည်။

တစ်ချိန်တွင် . .ရှောင်ရင်းတိမ်းရင်းမှ လူဆိုးထိုးလိုက်သည့် ဓားချက်သည် ခင်မြွေရဲ့ ရင်ဝကို မမျှော်လင့်ပဲ ထိုးစိုက်၍ဝင်သွားတော့သည်။

"စွပ် . . ."

"အား . . .အ. . .အ. . .အား . . .အ. . .အ. . ."

"သမီး . . .သ. . .မီး . . .ခင် . . .မြွေ . . ."

လူဆိုးသည် ခင်မြွေရဲ့ ရင်ဝမှာ စူးနစ်နေသောဓားဦးကို ခြေနှင့်ကန်၍ ဆွဲနုတ်ရန်ပြင်လိုက်စဉ် . .ခင်မြွေက လူဆိုးရဲ့ခြေထောက်ကို ဆောင့်ကန်လိုက်ရာ. . .လူဆိုး သူ့နံဘေးသို့ မှောက်လျက်လဲကျလာခဲ့သည်။

သည်မှာ ခင်မြွေက. . .လူဆိုးခေါင်းကို လှမ်းဆွဲလိုက်ပြီး လည်ပင်းသွေးကြောအား သွားနှင့်မလွတ်တမ်း ကိုက်ဖြတ်လိုက်၏။ လူဆိုးသည် အသံနက်ကြီးဖြင့် စူးစူးဝါးဝါးအော်ဟစ်ရင်း လည်ပင်းမှဒဏ်ရာကို [illegible]နှင့် အုပ်လိုက်သည်။ နီရဲသောသွေးများသည် လူဆိုးရဲ့ လက်ချောင်းများကြားမှာ ပန်း၍ စီး၍ကျလာသည်။

"အဲဒါ . . .အဲ . . .ဒါ . . .ခင် . . .မြွေ . . .ဟ . . .ခင်မြွေ . . .မြွေ . . .ဝင်စား . . .ခင်မြွေတဲ့ . . .လူယုတ်မာ . . .တွေ . . .သေ . . .ကြ . . .သေ . . .ကြ"

ခင်မြွေ ပါးစပ်မှ တစ်လုံးချင်းရေရွတ်ရင်း ရင်ဝမှ ဓားကိုညာလက်နှင့် ဆွဲနုတ်လိုက်သည်။ သွေးများ ပန်းထွက်လာခဲ့သည်။ သူမဒဏ်ရာကို လက်ဝါးဖြင့် အုပ်ထားရင်းမှ လန့်ပြီး ကြက်သေသေနေသည့် မိခင်ကြီးကို မောပန်းကြီးစွာ လှမ်းခေါ်နေသည်။

ဒေါ်ချွေးမ ခုမှ အသိများပြန်ဝင်လာကာ. . .'သမီး' ဟု အော်ဟစ်ငိုယိုရင်း အဝတ်တစ်စုနှင့် သမီးရင်ဝမှဒဏ်ရာကို ဆို့ပိပေးခဲ့ပြီး အိမ်ပြင်ထွက်၍ ရွာဘက်သို့မျက်နှာမူကာ. . .အသံကုန်ဟစ်အော် အကူအညီတောင်းလိုက်သည်။

ရွာစည်းရိုးနှင့် သူမတို့အိမ်သည် တစ်ခေါ်သာသာမျှသာ ဝေးသည့်အပြင် တိတ်ဆိတ်သောညဘက်ဖြစ်သည့်မို့ သုံးလေးကြိမ်ခန့် အလန့်



www.burmeseclassic.com

www.burmeseclassic.com



တကြား အော်ဟစ်လိုက်သောအခါ ရွာထဲမှ လူအချို့ . . .မီးတုတ်များ၊ လက်နှိပ်မီးများ၊ မှန်အိမ်များ ကိုင်မြှောက်၍ လက်နက်ကိုယ်စီနှင့် ပြေးထွက်လာကြသည်။ သူကြီးကိုယ်တိုင် သေနတ်ဆွဲ၍လာခဲ့၏။

သူကြီးနှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ ရွာသူရွာသားများသည် အိမ်ပေါ်မှာ ပိုးလိုးပက်လက် . . .တွန့်လိန်၍ အသက်ထွက်နေကြသော လူနှစ်ယောက်မြင်ကွင်းနှင့် ရင်ဝမှာ သွေးချင်းချင်းနီပြီး . . .မောဟိုက်ပန်းလျက်ဖြစ်နေသည့် ခင်မြွေ၏ဖြစ်အင်ကို မြင်လိုက်ရသောအခါ အားလုံးထိတ်လန့်အံ့ဩ စိုးရိမ်ကုန်ကြသည်။

လူဆိုးနှစ်ယောက်ကား မြွေဆိုးအကိုက်ခံရသူတို့ပုံပမာ . . .အသားအရေများ မည်းညိုပြီး . . .ပါးစပ်၊ နှာခေါင်း၊ လည်ချောင်းများမှ ညစ်မည်းမည်းသွေးများ စီးအန်ကာ အသက်ပျောက်နေကြ၏။

ဒေါ်ချွေးမက ဖြစ်ကြောင်းကုန်စင်ကို အတိုချုံး၍ ရှင်းပြနေစဉ် –

"အ. . .မေ. . .အား . . .အ. . .အ. . ."

"သမီး . . .ခင်မြွေ. . .သတိထား . . .သမီး . . ."

"သ. . .သူ. . .သူ. . .ကြီးမင်း . . ."

"ခင်. . .မြွေ. . .စိတ်ကိုတင်းထားတူမ. . .ဟေ့. . .အောင်ဘုတို့ သာဟန်တို့. . .လှည်းယဉ်အမြန်ပြင်ကြ. . .ခင်မြွေကို မြို့ဆေးရုံအမြန်ပို့ရမယ်. . .လုပ်ကြ. . ."

"အ. . .ဘ. . .သူ. . .ကြီးရယ်. . .ကျွန်. . .မ. . .မနေ. . .ရ. . .တော့. . .ပါဘူး. . .အား. . .အ. . .အ. . .မသေ. . .ခင်မှာ. . .အဖြစ်အပျက်အမှန်. . .ကို. . .ကျွန်. . .မ. . .ပြော. . .ခဲ့ပါရစေ. . .အဘ. . .တို့ရယ်"

"ဘာပြောချင်လို့လဲ. . .သမီးရယ်. . .ငါ့တူမကြီး ဘာများပြောချင်လို့လဲ. . .ပြော. . .ပြော. . .ပါ. . .ဟေ့. . .လှည်းအမြန်လုပ်ကြပါကွယ်"

"အ. . .ဘ. . ."

"သမီး"

"ကျွန်မ. . .ဘဝ. . .ကို. . .အရှက်. . .ကွဲအောင်. . .လူရာ. . .မဝင်အောင်. . .အစွန့်အပယ်ခံ. . .ဘဝ. . .ရောက်အောင်. . .ယုတ်မာ





ရက်. . .စက်. . .ခဲ့. . .တဲ့. . .တရားခံ. . .ဟာ. . .ဟော. . .ဟို မျက်နှာ . . .ပေါ်. . .က. . .အား . . .တား. . .ခုတ်. . .ရာ. . .အမာ. . .ရွတ်နဲ့. . .သေ. . . သေနေတဲ့. . .လူ. . .ပါ. . .ပဲ. . .အဘ. . .သူ. . .သူ. . .ကျွန်မကို. . . တော. . .ထဲ. . .မှာ. . .အဓမ္မ. . .ပြုပြီး. . .ထွက်. . .ပြေး . . .သွားခဲ့. . . တာပါပဲ. . .သူ. . .ကို. . .အခု. . .ကျွန်မ. . .ထုတ်ဖော်. . .ပြောပြ. . .နိုင်ခဲ့ပါပြီ. . .အဘ. . .တို့ရယ်. . .ကျွန်မတို့. . .မိသားစုအပေါ်. . .ထားခဲ့ကြတဲ့. . .ဒထာကြေး. . .ကျေ. . .ကျေ. . .ကြပါတော့. . .အဘရယ်. . .သမီး . . . သမီး . . .သွား . . .သွား . . .တော့. . .အေး. . .အား . . .အင့်"

"ခင်မြွေ. . .ခင်မြွေ"

ခင်မြွေတစ်ချက်ရှိုက် ကြို့ထိုးရင်း . . .ဖက်ကျိုးကျသွားခဲ့သည်။ ဒေါ်ချွေးမရဲ့. . .ဟစ်၍အော်ငိုလိုက်သောအသံသည် ရောက်ရှိနေသူများအားလုံး၏ ရင်နှလုံးကို ဆို့နစ်သွားစေခဲ့ပါသည်။ သူကြီးနှင့် ရွာသူရွာသားများအားလုံးလည်း ခင်မြွေ့ရဲ့ ဘဝအဖြစ်အမှန်ကို သိရှိသွားကြကာ နောင်တရနမြော တသ၍ မဆုံးနိုင်ကြ။

ဓားခုတ်ရာ အမာရွတ်နှင့် လူဆိုးကား နာမည်ကြီးဝရမ်းပြေးတစ်ဦးဖြစ်မှန်း နောက်ပိုင်းကျမှ ရဲဘက်ကပြောပြ၍ သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သူမျှ မြွေကြီးကို မောင်းမထုတ်ရဲကြ။ မြွေကြီးကလည်း အလောင်းစင်နား ရောက်လာသူများကို လုံးဝအန္တရာယ်မပြု. . .။ သင်္ဂြိုဟ်မည့်နေ့ မနက်ရောက်မှ ပြန်ဆင်း၍သွားခဲ့သည်။

တစ်ခါ သုသာန်မှာ မြေမြှုပ်သင်္ဂြိုဟ်ပြီး ပြန်လာကြတော့ သချိုင်းကုန်းတစ်ဝိုက်မှာ မြွေအကောင်တော်တော်များများရဲ့ တစ်ပြိုင်နက်နီးပါး တွန်သံများကို အတန်ကြာ ကြားနေရခြင်းဖြစ်သည်။ သို့သော်. . .မြွေနှင့်တူသည့် တီကောင်တစ်ကောင်ကိုသော်မျှ. . .မည်သူမှမတွေ့ကြ။

ဤထူးဆန်းသော အံ့ဖွယ်ဖြစ်ရပ်များကား နောက်နှစ်ပေါင်းအတန်ကြာသည့်တိုင် ဆေးအုံးသီးရွာနှင့် ရွာနီးချုပ်စပ်မှပြောလို့ မဆုံးနိုင်ကြ။

ရက်လည်ဆွမ်းသွတ်ပြီးနောက်. . .တစ်ရွာလုံးက ဒေါ်ချွေးမကို ရွာထဲက အရင်အိမ်နေရာမှာပဲ. . .ပြန်နေဖို့ စီစဉ်ဆောင်ရွက်ပေးကြသည်။ သို့နှင့်. . .ဒေါ်ချွေးမ ရွာထဲသို့ပြန်ရောက်လာခဲ့သည်။ ဒေါ်ချွေးမသည် ကျန်ရှိနေသေးသော ငွေဒင်္ဂါးများကို ရောင်းချထုခွဲပြီး ရွာဦးကျောင်းမှာ သီလရှင်ကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းကာ ကိုယ်တိုင်လည်း သီလရှင်ဝတ်ခဲ့၏။ ကွယ်လွန်သူ ခင်ပွန်းနှင့် သမီးအတွက် ကောင်းမှုကုသိုလ်များကိုလည်း မပြတ်ပြုလုပ်၍ အမျှပေးဝေခဲ့သည်။

၅၃

ခင်မြွေ့ အသုဘချသည့်နေ့က အလွန်စည်ကားလှသည်။ ဆေးအုံးသီးတစ်ရွာလုံးသာမက သူမဆေးကုပေးခဲ့သည့် ရွာအချို့က လူများပါ လိုက်လံပို့ဆောင်ကြသည်။ သင်္ဂြိုဟ်သည့်နေ့က ခင်မြွေ့ခေါင်းထိပ်ဘက်မှ သူကြီးကရပ်ပြီး ထူးခြားသော အမိန့်ပြန်စကားကို ဆိုခဲ့သည်။

သူကြီးဦးကျောက်ခဲက. . .ခင်မြွေ့မှာ အပြစ်မရှိပါကြောင်း၊ ခင်မြွေ့ကို မိမိတို့ရွာစည်းကမ်းဓလေ့ကို လိုက်နာသူ ရွာသူအစစ်အမှန်အဖြစ် အသိအမှတ်ပြုပါကြောင်းနှင့် ဘဝ ဝဋ်ကြွေးတစ်ခု ကုန်ဆုံးခဲ့ပြီ ဖြစ်သည့်အတွက် ဤနေ့၊ ဤရက်၊ ဤအချိန်အခါမှစ၍ သင့်ရာဘဝ. . .အလိုရှိရာဘဝသို့ လွတ်လပ်စွာ သွားနိုင်ပါကြောင်း အမိန့်ပြန်ဆိုခဲ့လေသည်။

မသင်္ဂြိုဟ်ခင်. . .ရွာပြင်မှာ အလောင်းစင်ထားစဉ်က ထူးဆန်းအံ့ဖွယ်ကောင်းလှသည့် ဖြစ်ရပ်တစ်ခု ရွာသူရွာသားများ မြင်တွေ့လိုက်ကြရသည်။ အခြားမဟုတ်. . .ခင်မြွေ့ခေါင်းပေါ်မှာ မြွေကြီးတစ်ကောင် သုံးရက်တိုင်တိုင်ခွေ၍ နေခြင်းပင်ဖြစ်သည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

# ၅၄

တစ်ညသော သန်းခေါင်ယံအကျော်မှာ သီလရှင်ဒေါ်ခေမာဝတီ တစ်ဖြစ်လည်း . .ဒေါ်ချွေးမကို ကွယ်လွန်သူသမီးခင်မြွေက အိပ်မက်လာပေး ခဲ့သည်။ အိပ်မက်ထဲမှာ သမီးဖြစ်သူ ခင်မြွေသည် တစ်ခေါင်းလုံးပန်းများ ဝေအောင်ပန်လျှက် လှပသောအကျီအဝတ်အစားများကို ဝတ်ဆင်ကာ အမွှေးနံ့တကြိုင်ကြိုင်နှင့် ရှိနေ၏။

"သမီး"

"အမေ"

ဒေါ်ချွေးမ သမီးဟု. . .ရင်ထဲမှ လှိုက်သံ. . .ငိုကြီးချက်မသံနှင့် အော်ခေါ်လိုက်သည်။ သူ့နံဘေးမှာ လူတစ်ယောက်လည်း ပါလာသည်။ သေသေချာချာကြည့်လိုက်သောအခါ ကွယ်လွန်သူလင်ယောက်ျား ကိုငှက်မိုး ဖြစ်နေသည်ကို အံ့သြဝမ်းသာစွာ တွေ့လိုက်ရသည်။

"ကို. . .ငှက်. . .မိုး. . ."





"ချွေး. . .မ"

ဒေါ်ချွေးမ လင်ဖြစ်သူနှင့် သမီးဖြစ်သူကို ပြေးရှာဖက်လိုက်သည်၊ သို့သော် ကိုင်၍တွယ်၍မရ လေကိုဖမ်းရသကဲ့သို့ ဖြစ်နေ၏။ အကြိမ်ကြိမ် အော်ခေါ်၍ လှမ်းကိုင်ပါသော်လည်း အချည်းအနှီးသာဖြစ်၏။ သည်မှာ ခင်မြွေက လက်ကာရင်း အမေသမီးနဲ့ အဖေအတွက် အပူနဲ့ သောကမ ရောက်ပါနဲ့. . .အမေပြုသမျှ. . .ကောင်းမှုကုသိုလ်ရဲ့ အမျှပေးဝေမှုကို သမီးတို့ သားအဖသာဓုခေါ်ရင်း အကျိုးခံစားခွင့်ရခဲ့ပါပြီ. . .။ သမီးတို့ မြင့်မြတ်တင့် တယ်တဲ့ ဘုံဘဝကို ရောက်ခဲ့ပါပြီအမေ. . .။ အမေတရား မမွှနဲ့ ဖြေသိမ့် ပြီး ပျော်မွေ့ရစ်ပါတော့ဟု ဆို၏။

ကိုငှက်မိုးကား. . .သူမကို. . .ပြုံးပြုံးကြီးစိုက်ကြည့်ရင်း . . လက်ပြနှုတ်ဆက်နေ၏။

မကြာခင် သွားတော့မယ် အမေဟုဆိုကာ ဖခင်လက်ကိုဆွဲရင်း မှုန်ဝါးဝါးနှင့် ပျောက်ကွယ်သွားခဲ့လေသည်။

နံနက်မိုးလင်းတော့ ညကမက်ခဲ့သည့် အိပ်မက်အကြောင်းကို ဘိုးသူတော်အဘစိမ်းအား ပြောပြလိုက်သောအခါ အဘသူတော်က ကွမ်းဝါး ရင်းမှ. . .

"ဆရာကြီးတို့ သားအမိ သားအဖသုံးယောက် လွန်ခဲ့သည့် အချိန်မေဒင်လာမေးကတည်းက ဦးသူတော်ကြိုဟောခဲ့သားပဲ. . .ဆရာကြီး ရယ်. . .အထူးသဖြင့် ခင်မြွေသည် ဘဝတစ်ခုကနေ ခဏလာဝင်စားတာလို့ ပြောခဲ့တယ်. . .နဂါးနက္ခတ်နဲ့ မွေးခဲ့တော့ မြွေအကျိုးပေးမယ်. . .သူ့လက်ဖဝါး နှစ်ဖက်မှာ အစက်အပိုင်းတွေပါတယ်. . .ယောက်ျားဖြစ်ရင် မြွေနိုင်တဲ့ နာမည် ကျော် မြွေအလိမ္မာယ်ဆရာ ဖြစ်နိုင်တယ်လို့ ပြောခဲ့သားပဲ. . ."

သူစကားပြန်ပြောနိုင်မယ့် အချိန်နဲ့ အသက်နှစ်ဆယ်အရွယ်မှာ အနေအထိုင် သတိထားရမယ်လို့ ရှေ့ဖြစ်ကိုလည်း ကျုပ်သိသင့်သလောက် ဆင်ဆင် ချင်ချင်နေနိုင်အောင် ကျုပ်ရဲ့ ဂမ္ဘီရပညာ၊ ဗေဒင်နက္ခတ်ပညာ မနောအာရုံအသိ ပညာနဲ့ ကြိုပြောခဲ့ပါတယ်။

အခု သူဘဝသစ်ရှိရာကို ရောက်သွားပါပြီ. . .သူ့ရဲ့ ကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုများကြောင့်လည်း . .ပဏ္ဍုပွန်နောက်ဆုံးနေ့ မတိုင်ခင်မှာရော . . သံသရာမှာရော . .သင့်တင့်လှပသွားခဲ့ပါပြီ။ ဒါကြောင့် ရှင်တော်မြတ်ဘုရားက ဟောခဲ့သားပဲ . . . ဘ၀သံသရာတဲ့ . .။ အဖန်ဖန်လည်ပတ်နေတဲ့ လောကဝဲဩဂထဲမှာ ကျုပ်တို့ ဆရာကြီးတို့ ကုသိုလ် အကုသိုလ်ကံကြောင့်၊ သေခါနီး အစွဲအလမ်းကြောင့်၊ ဘ၀သံသရာမှာ တိရိစ္ဆာန်ဖြစ်လိုက်၊ လူဖြစ်လိုက်၊ ပြိတ္တာတစ္ဆေဖြစ်လိုက်နဲ့ အမျိုးမျိုး အသစ်တစ်ဖန် ဖြစ်ခဲ့ရတာယ်။

အသစ်တစ်ဖန်ဖြစ်ရင် ဒုက္ခသံသရာပဲ၊ ဝဋ်တွေပဲ၊ အဲဒီဒုက္ခတွေ ချုပ်ငြိမ်းမှ သံသရာတွေ ချုပ်ငြိမ်းမှ၊ အဖန်ဖန်အခါခါလည်နေရတဲ့ ဘ၀ အကြွေးပြတ်မှ နိဗ္ဗာန်ကို တွေ့ရရောက်ရမှာပဲ . .။

နိဗ္ဗာန်သွားတဲ့လမ်း . .သံသရာပြတ်တဲ့လမ်း ရှိတယ်၊ ဆရာကြီး အဲဒါ ဒါနသီလနှင့် ဘာဝနာ၊ ဝိပဿနာပဲ . . ၊ ဝိပဿနာက နောက်ဆုံး ခရီးသွားရထားပဲ . .။ ဒီရထားကြီးစီးပြီး သံသရာကို သံယောဇဉ်ဖြတ်လို့ နိဗ္ဗာန်ကို မျက်မှောက်ပြုကြပါစို့ ဆရာကြီးရယ် . .နော် . .။

ပြီးပါပြီ။

BURMESE CLASSIC .com

စိတ်ကူးသစ်စာပေမှ ထုတ်ဝေသော စာအုပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

## ဘာသာပြန်ရုပ်ပြများ

| စဉ် | စာအုပ်အမည် | စာရေးသူ | မှတ်ပုံတင်ပြုချက်အမှတ် |
|---|---|---|---|
| ၁ | လူသန်ကြီးဟု | သက်ဦးလွင် | ၇၄၃/၂၀၀၄(၈) |
| ၂ | စူပါမင်း၊ အခြားကမ္ဘာမှဧည့်သည် | သက်ဦးလွင် | ၇၁၈/၂၀၀၄(၈) |
| ၃ | စူပါမင်း၊ ကမ္ဘာဖျက်သတ္တဝါကြီး ဒွန်းမ်စဒေး | သက်ဦးလွင် | ၇၁၉/၂၀၀၄(၈) |
| ၄ | လင်းနို့လူသား | သက်ဦးလွင် | ၈၆၉/၂၀၀၄(၉) |
| ၅ | စူပါမင်းအတု ဘစ်ဇာရို | သက်ဦးလွင် | ၉၀၈/၂၀၀၄(၉) |
| ၆ | သူရဲကောင်းများစွာ | သက်ဦးလွင် | ၁၀၄၉/၂၀၀၄(၁၁) |
| ၇ | မျိုးဆက်သစ်အမွေ | သက်ဦးလွင် | ၁၀၄၈/၂၀၀၄(၁၁) |
| ၈ | ပင့်ကူမယ် | သက်ဦးလွင် | ၃၀၀၀၉၄၀၅၀၂ |

## ဝတ္ထုများ

| စဉ် | စာအုပ်အမည် | စာရေးသူ | မှတ်ပုံတင်ပြုချက်အမှတ် |
|---|---|---|---|
| ၁ | ရွှေပြည်မှာ ဇာနာရီ အပါအဝင် ဖြစ်ရပ်ဆန်းကြယ်ဝတ္ထုတိုများ | ကလောင်စုံ | ၅၀၀၃၆၁၀၅၀၃ |
| ၂ | ရွှေနေမလေး မေစံရှားနှင့် ပတ္တမြားဖြစ်သွားတဲ့ သွေး | နေစိုးသော် | ၁၂၇၈/၂၀၀၄(၁၁) |
| ၃ | သူစိမ်းစကား ကျိန်စာလှားနှင့် ဖြစ်ရပ်ဆန်းကြယ်ဝတ္ထုတိုများ | ကလောင်စုံ | ၅၀၀၅၀၆၀၅၀၄ |
| ၄ | မြွေဝင်စား မခင်နွေနှင့် ဖြစ်ရပ်ဆန်းကြယ်ဝတ္ထုတိုများ | ကလောင်စုံ | ၅၀၀၅၉၁၀၅၀၅ |
| ၅ | အစွမ်းထက်သော ရှေးစင်တစ်ခွက်နှင့် ဖြစ်ရပ်ဆန်းကြယ်ဝတ္ထုတိုများ | ကလောင်စုံ | ၅၀၀၅၄၇၀၅၀၅ |
| ၆ | မြွေအလမ္ပာယ်ကျောက်ခဲနှင့် ဖြစ်ရပ်ဆန်းကြယ်ဝတ္ထုတိုများ | ကလောင်စုံ | ၅၀၀၅၉၀၀၅၀၅ |

www.burmeseclassic.com